
www.burmeseclassic.com

ဆွေဆွေအောင်

# မချစ်လို့လား



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၆၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၆၃၀၆၀၅
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၆ ခုနှစ် ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနုပညာအနုပညာဝါးဝါးအဝါအဝင် မီဘာနှစ်ပါးဖြစ်သို့ ပေဖေနှင့်မေမေ အားရစ်နှင့်နှစ်တည်မြဲသည့်ရွှေ သနိ့ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာ ဖြစ်ရပါ လိုက်။

ညီနောင်၊ အမည်၊ ဇာတ်လမ်းနှင့် ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဆွေဆွေအောင်**



# ၁

စိန်ပန်းပွင့်နီနီများကြောင့် ဤပတ်ဝန်းကျင်တစ်ခုလုံး ပေါ်လွင်လှပနေခြင်းလား။ ဂျူတီကုတ်ဖြူဖြူလေးများနှင့် သွားလာလှုပ်ရှားနေကြသော ဆေးတက္ကသိုလ် (၂) ကျောင်းသူကျောင်းသားများကြောင့် ထင်ရှားနေသလော။

ဒါမှမဟုတ် မီးခိုးရောင်နှင့် အဖြူရောင်တို့ဖြင့် ဆေးသုတ်ထားသော ကြီးမားလှပခေတ်မီသည့် ငါးထပ်အဆောက်အအုံကြောင့်လား၊ ထိုအဆောက်အအုံကြီးတစ်ဝိုက်တွင် အဆောင်အသွယ်သွယ် ကွန်ကရစ်လမ်း အသွယ်သွယ်တို့လည်းရှိသည်။ ထိုအရာအားလုံးကိုစုစည်းလျှင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ။

စိန်ပန်းပွင့်နီနီများနှင့်အပြိုင် ဂျူတီကုတ်ဖြူဖြူများနှင့်အပြိုင် အစိမ်းရောင်စစ်ယူနီဖောင်းများနှင့် သွားလာလှုပ်ရှားနေကြသော တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများကို ပိုမိုတွေ့ရှိနိုင်ပါသည်။ ဤအနီးတစ်ဝိုက်သည် စစ်တပ်များများရှိသလို စစ်ဆေးရုံရှိသလို၊ စစ်ဆေးရုံတွင်လူနာများမှာလည်း စစ်သား

www.burmeseclassic.com



စစ်ဗိုလ်များသလို ကုသပေးသူများမှာလည်း တပ်မတော်ဆရာဝန်များ၊ တပ်မတော်သူနာပြုများ၊ စစ်သူနာပြုအမျိုးသမီးများဖြင့် သွားလာလှုပ်ရှားသည်ကများသည်။

ထိုကဲ့သို့ စစ်ရောင်စိမ်းစိမ်းနှင့် စိန်ပန်းနီနီများကြားတွင် ဂျူတီကုတ်ဖြူဖြူလေးများဖြင့် သွားလာလှုပ်ရှားနေသူများမှာ 'ဖြူ' တို့လိုဆေးတက္ကသိုလ် (၂) ၏ ကျောင်းသူကျောင်းသားများသာဖြစ်ပါသည်။

'ဖြူစင်' တို့လိုဆေးပညာသင်ယူနေဆဲ ကျောင်းသူကျောင်းသားများအတွက်ကား လူနာရှိရာဆေးရုံသို့ မျက်စိနောက်မတတ်၊ ချောင်းပေါက်မတတ်သွားရပါသည်။

ဆေးကျောင်းသူကျောင်းသားများအတွက် အထောက်အကူအပေးဆုံး ကုန်ကြမ်းသည် ရောဂါဝေဒနာအမျိုးမျိုးခံစားနေရသည့် လူနာပင်မဟုတ်လော။ ဆေးပညာကိုရှာမှီးရာတွင်ကျောင်းသင်ခန်းအတွင်း၌သာ သင်၍မပြီးပါ။ စာသင်ခန်းတွင်ဆရာ၊ ဆရာမများသင်ကြားပို့ချသော လက်ချာများ၊ လက်တွေ့များနှင့်သာမပြီးပါ။

ထို့ကြောင့် ကုန်ကြမ်းများရှိရာ ဆေးရုံသို့သွားရပါသည်။ အခုဆိုလျှင် 'ဖြူစင်' နောက်ဆုံးနှစ်အပိုင်း(ခ) Final Part (II) ၏နှစ်စကို တက်ရောက်သင်ကြားလေ့လာနေပြီဖြစ်သည်။ ထုံးစံအတိုင်း 'ဖြူစင်' နံနက်စောစောထ၊ ရေမိုးချိုးပြီးစာကျက်သည်။ ထို့နောက်နံနက်ရှစ်နာရီတွင် အဝတ်အစားလဲ၊ ဂျူတီကုတ်ထပ်ဝတ်၊ လွယ်အိတ်လွယ်ပြီး သီတာဆောင်မှစစ်ဆေးရုံရှိရာ ထွက်ခဲ့ခြင်းဖြစ်သည်။





ဆေးရုံကြီးဂိတ်ဝနှင့် မလှမ်းမကမ်းတွင် ဆေးရုံဝင်းထဲမှထွက်လာသော စစ်ဂျစ်ကားတစ်စီးနှင့် 'ဖြူစင်' ဝင်တိုးမလိုဖြစ်သွား၍ စစ်ကားကလည်း ရှောင်သလို 'ဖြူစင်' ကလည်း ရှောင်လိုက်ပါသည်။ စစ်ကားထဲမှလှမ်းကြည့်ကြသလို 'ဖြူစင်' လည်း အမှတ်မထင်ပြန်လှည့်ကြည့်မိသည်။

စစ်ကားထဲမှမျက်နှာတစ်ခုနှင့် မျက်လုံးတစ်စုံသည် 'ဖြူစင်' ၏ မျက်နှာကိုတအံ့တဩလိုလို၊ မြင်ဖူးတွေ့ဖူးသလိုလို ကြည့်နေမိပါသည်။ အညိုရောင်သမ်းသောမျက်လုံးနှင့် မျက်တောင်ထူထူများ၊ နှာတံချွန်ချွန်နှင့် မထူမပါးနှုတ်ခမ်းက ပြုံးနေသယောင်ယောင်။ သည်မျက်လုံးမျက်ခုံးပိုင်ရှင်သည် 'စာနည်'။

အခြားအံ့ရာများပြောင်းလဲချင် ပြောင်းလဲသွားမည်၊ အရည်ကြည်ယုက်သန်းနေသော မျက်လုံးညိုများနှင့် နှာတံချွန်မြမြကတော့ 'စာနည်' ကိုအလွယ်တကူ မှတ်မိစရာလေးတွေ့ရယ်ပါ။

သို့သော်အစိမ်းရောင်စစ်ယူနီဖောင်းနှင့် ပခုံးပေါ်ကရွှေရောင်ကြယ်ပွင့်များကြောင့် 'ဖြူစင်' စဉ်းစားတွေးတောရပြီ။

နောက်ဆုံး 'စာနည်' နှင့်တူသော စစ်ဗိုလ်တစ်ယောက်သာဖြစ်ရမည်ဟုတွေးပြီး မျက်နှာလွှဲကာထွက်ခဲ့မိသည်။ မကောင်းဘူးလေ။ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို လှည့်ပြန်ငေးရခြင်း၏အကြောင်းအရင်းကိုမသိဘဲ ထင်သလိုဝေဖန်မည့်ပါးစပ်များကို ကြောက်ရပါသည်။ ထို့ကြောင့်စိတ်ထဲမှ ဗဝေဇဝါအတွေးကိုဖြတ်၍ ခွဲစိတ်ကုသဆောင်ရှိရာသို့ထွက်ခဲ့မိသည်။

'ဖြူစင်' အတော်ဝေးဝေးရောက်မှ စစ်ဂျစ်ကားလေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြောင်းသိရသည်။ 'ဖြူ' တို့ဆေးကျောင်းသူဆေးကျောင်းသားများအတွက် စာသင်ချိန်၊ လေ့လာချိန်၊ လက်တွေ့ဆင်းချိန်တွင် တခြားတွေးတောစရာများကို ခေါင်းထဲမှအတတ်နိုင်ဆုံး ဖယ်ထားတာအကောင်းဆုံးဖြစ်ရသည်။

အဆောင်ပြန်ရောက်၍ ရေမိုးချိုးပြီးသည်နှင့် ကျဉ်းကျဉ်းကျပ်ကျပ်အခန်းထဲရှိ ကုတင်ထက်ဝယ် အနားယူရင်း စဉ်းစားမိလေသည်။ 'ဇာနည်' အကြောင်းကိုပေါ့။ 'ဇာနည်' ပဲဖြစ်ပါစေလို့ဆုတောင်းမိသည်။ သို့သော် မဖြစ်နိုင်ဘူးဟုလည်း တွေးမိပြန်သည်။ 'ဇာနည်' ကို စစ်ဗိုလ်ကြီးဖြစ်သွားအောင် ဘယ်သူတွေကများ ဆုံးမဩဝါဒပေးကြားသွားနိုင်ပါလိမ့်။

'ဇာနည်' အကြောင်းစဉ်းစားရင်း ရင်ထဲတွင်ဒေါပွသလိုလိုခံစားရသည်။ ရယ်ချင်သလိုလိုလည်းဖြစ်မိသည်။ တကယ်ဆိုးတဲ့ 'ဇာနည်' ပါပဲ။





## ၂

မြူမှုန်တို့ကတဖြည်းဖြည်း ကျဆင်းနေသည်။ ညို့ဆိုင်းနေသော တောင်ဝိုင်းလေယာဉ်ကွင်းနှင့် တက္ကသိုလ်အရုံတပ်ရင်းနှင့် မနီးမဝေးတွင်ဖြစ်သည်။

"ဟေ့ကောင်မလေး ဘာလုပ်နေတာလဲ"

ရေကန်အစပ်တွင်ထိုင်၍ ရေထဲမှအရိပ်များကို ငေးနေသော 'ဖြူစင်' လန့်၍တုန်သွားမိသည်။ ဆတ်ကနဲမတ်တပ်ရပ်လိုက်မိသည်။ သူ့ကိုတစ်ခါမှ မမြင်ဖူးခဲ့ပါ။ မျက်လုံးလေးပြူး၊ မျက်တောင်ရှည်လေးတဖျတ်ဖျတ်ခတ်ပြီး တအံ့တဩကြောက်သလိုလို၊ လန့်သလိုလို ပြူးတူးပြဲတဲ့ 'ဖြူစင်' ကိုတစ်ဖက် ကန်အစပ်ကုန်းကမူမြင့်မြင့်ပေါ်မှ ခါးထောက်၍ရပ်ကြည့်နေသည်မှာကောင်လေးတစ်ယောက်ဖြစ်ပါသည်။ စစ်ဘောင်းဘီအရှည်တို

www.burmeseclassic.com



ဒူးဆစ်ခန့်အထိ လိပ်တင်ထားသလို လက်ထဲတွင်လည်း လေးခွတစ်ခုကိုကိုင်ထားသည်။

သူ့ဆံပင်ကဆီမလူးထားသဖြင့် နီကြောင်ကြောင်ဖြစ်နေသလို မဖြီးထားသဖြင့်ရှုပ်ပွ၍ စုတ်ဖွားဖွားဖြစ်နေသည်။ မတော်ထွာရော်လုကြီးစွပ်ကျယ်ကိုဝတ်ထားသဖြင့် ယိုင်ရွဲ့နေသည်။ သူ့မျက်လုံးက ဆီမလူးသောသူ့ဆံပင်နှင့်အမြိုင် ညိုနေသည်။ မျက်ခုံးမျက်တောင်ထူ၍လားမသိ၊ သူ့မျက်လုံးတဝိုက်တွင်နက်ပြီး အကြည့်စူးလွန်းသည်။

ခပ်ပါးပါးနှုတ်ခမ်းကို အစ်ဖက်တည်းတွင်ရှုံ့တွပြီး စုကပ်ထားသဖြင့် သူ့မျက်နှာမှာအမြင်ကတော်စရာကောင်းလှပါသည်။ သူ့အသက်မှာ 'ဖြူစင်' ၏အသက်နှင့်ရွယ်တူမဖြစ်လျှင်တောင် တစ်နှစ်၊နှစ်နှစ်ထက်ပိုမကြီးနိုင်ပါ။ ကိုယ်လုံးကိုယ်ထည်က ထွားသည်။

"ဘာလုပ်နေတာလဲလို့ မေးနေတာမကြားဘူးလား"

'ဖြူစင်' မျက်မှောင်ကြုတ်လိုက်မိသည်။ သူကမဲကြီးကြီးကျယ်ကျယ်လာမေးနေရသေးသည်။ 'ဖြူစင်' က ဒီနေရာမှာမွေးဒီနေရာမှာကြီးပြီး ဒီရေအိုင်နားကိုနေ့တိုင်းရောက်တတ်သူ။ သူကဖြင့် ဘယ်ကနေဘယ်လို ရောက်လာမှန်းဖြင့် မသိဘဲနှင့်။

"မေးနေတာ မကြားဘူးလား"

သူက ဝေါက်ငမ်း၍မေးသည်။ 'ဖြူ' ကဖြင့် သူ့ကိုမကြောက်ဘဲနှင့် အခြောက်တိုက်လာဝေါက်ငမ်းနေရသေးသည်။

"ကြားသားပဲ"

"ကြားရင်ဖြေပါလားဟ"





"မဖြေနိုင်ပါဘူး... ဘာဖြစ်လို့ဖြေရမှာလဲ"

သူ့ကိုခါးတစ်ဖက်ထောက်၍ ပြန်အော်လိုက်သည်။

"အောင်မာ နင်တော်တော်စွာပါလား"

"ဘာဖြစ်လဲစွာတော့ ဟွန်း"

"တွေ့လား ဟောဒီမှာ"

သူက 'ဖြူ' ကို အံကြိတ်၍လက်သီးထောင်ပြသည်။ 'ဖြူ' ကလည်းလက်ထဲတွင်ကိုင်ထားသည့် ဝါးတုတ်ကလေးကို လေထဲတွင် တဝီဝီမြည်သွားအောင်ရစ်ဝဲဝှေ့ယမ်းပြလိုက်၏။ မူလအရောင် ဘာအရောင်မှန်းမသိရသော အတွင်းခံချွေးခံအကျီကို တစ်ထပ်တည်းဝတ်ထားသည်။ လုံချည်မှာလည်း အနားသားတွေပြဲ၍ ဒူးဆစ်ခန့်အထိ ခပ်တိုတိုဝတ်ထားသည်။

ဆံပင်ကိုချိုးစောင်းတစ်ဖက်တစ်ချက်တွင် ကြက်တောင်စည်းထားသည်။ စိမ်းမှောင်နေသော ဤတောတောင်ချုံကျိုချုံကြားတွင် သူမ၏အသားမှာဖြူဝင်းနေသည်။ မျက်လုံးပြူးပြူး၊ မျက်ခုံးထူထူ၊ မျက်တောင်ကော့ကော့နှင့်နှာတံပေါ်ပြီး နှုတ်ခမ်းက မထူးမပါးဖြစ်သည်။

ကြီးလာရင်တော့ အတော်ချောမည့်ကောင်မလေး။ ရုပ်ကလေးချောသော်လည်း ဖြူဖျော့ဖျော့ဖြစ်နေသော်လည်း စိတ်ဓါတ်ကတော့ ပျော့ညံ့ပုံမရ၊ မျက်လုံးလေးအပေါ်ကပ်၊ နှုတ်ခမ်းလေးတင်းတင်းစေ့ရင်း ပမာမခန့်ပြန်ကြည့်နေပုံကိုကြည့်ရင်သိနိုင်သည်။

"ဟော့ မသွားနဲ့ဦး... နေဦး"

ဤသို့ပြောရင်း ကောင်လေးက 'ဖြူစင်' ကိုလှမ်းပြော



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"နင်ဒီကို ဘာလာလုပ်တာလဲ"

တကယ်သိချင်၍ မေးခြင်းဖြစ်သည်။ ဤတောတောင်ကြား လူသူအသွားအလာမရှိသောနေရာသို့ သည်ကောင်မလေး ဘာလာလုပ်သနည်း။

"သိချင်လို့မေးနေတာ... ဖြေပါလားဟ... ဘာပေကတ်ကတ်လုပ်နေတာလဲ"

"ဒီနေရာကိုငါနေ့တိုင်းလာနေကြ... မေးခြင်းမေးရင်နင့်ကိုငါကမေးရမှာ... နင်သာဒီနေ့မှဒီနေရာကိုရောက်လာတာ သိရဲ့လား"

"အေး ဒီနေ့မှဒီရောက်ဆို ငါတို့စောစောကလေးကမှ တပ်ကိုပြောင်းလာတာ"

"ယူတီစီထဲလား"

"ဟုတ်တယ်... နင်ကောတပ်ကလား"

"ဟုတ်ဘူး... တပ်ဟိုးဘက်ရွာထဲက"

"ဘာလာလုပ်တာလဲ"

"ဝက်လာကျောင်းတာ"

"ဝက် ဟုတ်လား"

"ဟုတ်တယ်... ဟော 'ဖြူမ' ယို ယို ယို"

ပြောပြောဆိုဆို ချုံဖုတ်တစ်ခုကြားမှတစ်ခုကြားသို့ ဖြူဖြူဝဝ့ပုပုကွကွနှင့် တလိမ့်လိမ့်ပြေးထွက်သွားသော 'ဖြူမ' ဆိုသောဝက်မနောက်သို့ လူမကလေးအပြေးလိုက်သွားသည်ကို ကြည့်ရင်း 'ဓာနည်' ကျန်ရစ်ခဲ့သည်။





မုန့်ဆိုင်တွင်ဖြစ်သည်။

"တပ်ထဲကို ဆာဂျင်တစ်ယောက်ပြောင်းလာတယ်ဆို"

မုန့်လာဝယ်သူတပ်ထဲမှ အမျိုးသမီးအား ဆိုင်ရှင်ကမေးခြင်းဖြစ်သည်။ ထိုအနီးတွင် 'ဖြူစင်' လည်းရှိနေသည်။ ကျောင်းသွားခါနီးသူငယ်ချင်းကို လာစောင့်ခြင်းဖြစ်သည်။ ထိုစဉ်တပ်ထဲကိုလူသစ်ပြောင်းလာတယ်ဆိုသောစကားကြောင့် မိမိနှင့်တွေ့ခဲ့သောဘုကျကျကောင်မလေးတို့မိသားစုများလားဟု မသိမသာနားစောင်နေမိသည်။

"ဟုတ်ပါတော်... ပြောင်းလာတာမှ ကျုပ်တို့အိမ်ဘေးကိုတင်ပါပဲ... စိတ်များတောင်ညစ်ပါရဲ့... ပြောင်းလာတာမှတစ်ပတ်မပြည့်သေးဘူး... သောင်းကျန်းလိုက်ကြတာလွန်ရော"

"ဘာဖြစ်လို့တုန်းရှင့်"

"လင်မယားနှစ်ယောက်ကလည်း ရန်ဖြစ်လိုက်ကြတာ... တစ်နေ့တစ်နေ့ ဘယ်နှစ်ခါမှန်းမသိဘူး... လင်ရောမယားရော ခပ်ငယ်ငယ်ခပ်ချော်ချော်ကလေးတွေပါပဲ... ဒါပေမဲ့ရုပ်နဲ့မလိုက်အောင်ကြမ်းတမ်းရက်စက်လိုက်ကြတာ... ရန်ဖြစ်ပြီဆိုငယ်ကျိုးငယ်နာအကုန်ဖော်ပြီးပြောကြရော...ယောကျ်ားကအရက်သောက်ပြီး ကြမ်းကြမ်းတမ်းတမ်းဆဲတတ်ဆိုတတ်ရိုက်တတ်ပုတ်တတ်တယ်... မိန်းမကတွေ့သမျှပစ္စည်းတွေနဲ့ ပြန်ပေါက်တာ...တဒုန်းဒုန်းတဒိုင်းဒိုင်းနဲ့အေ ကောင်မကရုပ်လှသလို ပညာလည်းပညာတတ်ပဲ... ဓာတ္တုသိုလ်မှာ သုံးနှစ်လားမသိဘူးနေခဲ့ဖူးတယ်"

"ဟုတ်လား ဘွဲ့ရအောင်ယူပြီး လင်ကောင်းသားကောင်းရှာယူတာမဟုတ်ဘူး... မိုက်လိုက်တဲ့ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ဖြစ်တဲ့အချိန်တွေသာပါ... ပြန်တည့်သွားတော့လဲ သူတို့ လောက်ချစ်တဲ့လင်မယား ဒီကမ္ဘာမှာရှိပါ့မလား့ထင်ရတယ်"

"မတည့်အတူနေ ဆိုသလိုပေါ့"

"စိတ်အကုန်ဆုံးကတော့ သူ့သားအကြီးလေးပဲ"

"ဘာဖြစ်လို့လဲ"

"ဆိုးလိုက်တာကမ်းကုန်ရောပဲ... အနီးတဝိုက်က မာလကာပင်တွေလည်း အကင်းကအစမကျန်အောင် ခူးစားပစ်တယ် မွေးထားသမျှကြက်တွေ ဝက်တွေ ဘဲတွေကိုလည်း အားအားယားယားလောက်လေးခွနဲ့ပစ်နေတာ... တချို့ခြေကျိုးလက်ကျိုးဖြစ်ကုန်သလို တချို့လည်းပျောက်ကုန်တယ်... သူချက်စားပစ်တာနေမှာပေါ့"

"ဘယ်အရွယ်လောက်မို့တုန်း"

"ဟိုကောင်မလေးလောက် ရှိမှာပေါ့"

မလှမ်းမကမ်းတွင်ထိုင်နေသော 'ဖြူစင်' ကိုမေးငေါ့၍ပြောခြင်းဖြစ်သည်။

"ဩော် 'ဖြူစင်' တို့လောက်ဆို ဆယ့်နှစ်ဆယ့်သုံးလောက်ရှိမှာပေါ့"

"ဟုတ်တယ် အဲသလောက်ပဲ... ကိုးတန်းတောင်ရောက်နေပြီပဲ"

"အံမယ် စာကျတော့တော်သားပဲ"

"ရုပ်ကလေးတွေလည်းအချောသား... နာတံကလေးတွေဆိုတင်းထားသလား အောင့်းမေ့ရတယ်... နာမည်က 'ဇာနည်'





တဲ့"

'ဖြူ' ကျောင်းသွားစရာရှိ၍ လူဆိုးအကြောင်းဆက်နားထောင်ချင်သေးသော်လည်း ထွက်ခဲ့ရသည်။ သွားနေကြလာနေကြနေရာများ၊ သည်နေရာတစ်ဝိုက်သည် မိမိအတွက်စုံတောမြိုင်ပင်။ တစ်ခါတလေရသမျှသီချင်းတွေအော်ဆိုပြီး ကချင်လျှင်ကနေလိုက်သေးသည်။ သမြေညီညီနုနုကလေးတွေလည်းချိုးသည်။ ပွင့်သမျှပန်းလည်း ခေါင်းတွင်ဆံ့အောင်ပန်သည်။

ယခုတော့မိမိပိုင်ဆိုင်ပြ ဤနယ်ပယ်သို့ နှောင့်ယှက်မည့်ရန်သူတစ်ယောက် ဝင်ရောက်လာပြီ။ ထို့ကြောင့်ရေအိုင်ဘက်အထိမသွားတော့ဘဲ သည်ဘက်ချုံပုတ်နှင့်ကာမှတစ်ဝိုက်တွင်သာ အနေများပါသည်။

"ဟော့"

ဟော ပြောပြောဆိုဆို လူဆိုးရောက်လာပြီ။

"နင်ပျောက်လှချည်လားဟ... ငါညနေတိုင်း နင်လာမလားလို့စောင့်သေးတယ်... ဘာလို့မလာတာလဲ"

'ဖြူစင်' မဖြေ။ သူ့ကိုတစ်ချက်ကြည့်ပြီး နောက်ထပ်မကြည့်တော့။ သူ့ပုံစံကတော့ ဘာမှထပ်မထူးခြားပါ။ ဟိုတစ်ခါလိုညစ်ပတ်ပေရေနေသည်။ ဟိုတစ်ခါအဝတ်အစားနှင့်ပင်။

ကျောင်းဝတ်စုံနွမ်းနွမ်းကလေးနှင့် ခေါင်းတွင်ပန်းပေါင်းစုံထိုးသိပ်ပန်ထားသော 'ဖြူ' အနားသို့ကောင်လေးလျှောက်သွားပြီး...

"နင်ကျောင်းနေလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်တန်းလဲ"

"ရှစ်တန်း"

"အမယ် ဘယ်ဆိုးလို့လဲ... ငါ့ထက်တစ်တန်းပဲငယ်တယ်"

'ဖြူ' က မျက်လုံးလေးစွေ၍ကြည့်သည်။

"ဟိုတစ်ခါလိုထွက်ပြေးမသွားနဲ့ဦး... ငါပျင်းလွန်းလို့ နင်နဲ့စကားပြောချင်တယ်"

သူပျင်းတာနှင့် သူ့ကိုအပျင်းပြေမိမိက ဆိုင်စကားပြောပေးရဦးမတဲ့။

"တကယ်ပဲ ငါဖြင့်ရှောက်ခါစတစ်ရက်နှစ်ရက်ကဆို ပျင်းလွန်းလို့ထွက်ပြေးချင်စိတ်တောင်ပေါက်တယ်... အင်း အခုတော့သဘောကျပါတယ်... လေယာဉ်ကွင်းနဲ့နီးတာကိုပေါ့... အိမ်ကထိုင်ကြည့်တာနဲ့ ကွင်းထဲလေယာဉ်ကြီးတွေဆင်းတာ တက်တာကိုပေါ့"

'ဖြူ' တော့မပျင်းပါ။ ဤနေရာဒေသတစ်ဝိုက်လောက် ဘယ်လိုနေရာမျိုးက ပျော်စရာကောင်းဦးမည်နည်း။ တောင်ဝိုင်းတောင်တန်းကြီးက စိမ်းလို့စိုလို့။ တောင်စောင်းတရှောက်မှာ စေတီပုထိုးတွေနဲ့စည်ကားလှသလို၊ တောင်ဝိုင်းရွာအမြေပြန့်တွင် လေယာဉ်ကွင်းကို လှပစွာတွေ့နိုင်သလို၊ ဟိုဘက်ခပ်လှမ်းလှမ်း ဆက်လျှောက်လျှင် မော်လမြိုင်ကောလိပ်ကြီးက ခမ်းနားပါ့ဘိ။

'ဖြူ' ကတော့ မညီညာသော ကုန်းကမူအနိမ့်အမြင့်လေးများ၊ ဟိုနားတစ်စုသည်နားတစ်စုနှင့် ပုတာတုချုံဖုတ်လေးများ ရေအိုင်စမ်းချောင်းများသည် ဘယ်လောက်ချစ်စရာကြည်နူးစရာ





ကောင်းသနည်း။

"နင်နဲ့ငါနဲ့ ညနေတိုင်းဒီမှာဆုံရအောင်"

"အို... ဘာလုပ်ဖို့တုန်း"

"စကားတွေဘာတွေပြောရအောင်ပေါ့ သူငယ်ချင်းဖြစ်သွားပြီပဲ"

"အို... နင်နဲ့သူငယ်ချင်းမဖြစ်ချင်ပါဘူး"

"ဘာဖြစ်လို့တုန်းဟ"

"အို... နင်က လူဆိုးပဲ"

"ငါလူဆိုးလို့ နင်ကဘာကြောင့်ပြောတာလဲ"

"သူများအိမ်ကပစ္စည်းတွေခိုးစားတယ်... ဖန်းဗင်တွေချက်ပစ်တယ်... ကြက်တွေ... ဝက်တွေကိုခဲနဲ့ပစ်တယ်... ဒီလိုလူကိုလူဆိုးလို့မခေါ်ရင် ဘာကိုခေါ်ရမလဲ"

'ခါနည်'က မျက်မှောင်ကြုတ်၍...

"နေပါဦး... နင်က ဒါတွေကိုဘယ်လိုလုပ်သိလဲ"

"ဘယ်လိုမဲသိသိပေါ့... အဲလောက်ဆိုးတဲ့လူနဲ့မခင်ချင်ပါဘူး"

"သိပ်ကြီးကျယ်မနေနဲ့... တခြားမှာဆိုးပေမယ့်နင်နဲ့မဆိုးရင်ပြီးတာပဲပေါ့ဟာ... လာစမ်းပါ... ထိုင်စမ်းပါ"

လက်ကိုဆွဲ၍ ကန်နံဘေးတွင် ထိုင်လိုက်ခြင်းဖြစ်သည်။

"နင်ဘယ်မှာနေလဲ"

"ရွာထဲမှာပါဆို"

"ငါလိုက်လည်မယ်လေဟာ"

"ဟာ... မလိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟ"

"အဖေတို့... အမေတို့... အစ်ကိုတို့ဆူမှာပေါ့"

"ဟ ဘာဆိုင်လို့ဆူရမှာလဲ... ရိုးရိုးခင်လို့လိုက်လည်တာပဲ... နင်တို့အဖေအမေကလည်း သူ့သမီးနံ့ပြီစုတ်ကို အပျိုကျနေတာပဲ... အူတိုလိုက်တာ"

ထိုစကားကြောင့် ဖြူ ရင်ထဲတွင်ရှက်သလိုလို ဒေါကန်သလိုလိုဖြစ်သွားပြီး မျက်နှာကလေးပုပ်၍ နှုတ်ခမ်းစူထားသည်။

"နင်တို့အိမ်က တကယ်ရက်စက်တာပဲ"

"ဘာကိုလဲ"

"နင့်ကိုပေါ့... မိန်းကလေးငယ်ငယ်ကလေးကိုများ တောကြိုတောင်ကြားမှာ ဝက်ချောင်းခိုင်းရတယ်လို့... တခြားလူကိုခိုင်းပါလား"

"ဒီတောဒီတောင်ဟာ ငါ့အတွက်ဘာမှကြောက်စရာမရှိဘူး... ပျော်တောင်ပျော်သေးတယ်... ငါ့လိုပဲ ဝက်တို့ ဘဲတို့လာကျောင်းတဲ့သူတွေပုံလို့... ငါ့မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိတယ်... သူတို့ကကောလိပ်ကျောင်း တက်နေတော့ စာတွေကျက်နေရလို့ မအားကြဘူး... ငါ့အလုပ်က တခြားဘာမှသိပ်မရှိဘူး... ညနေဝက်တွေသိမ်းပြီး ခြံထဲထည့်ယုံပါ"

"နေပါဦး... ဝက်တွေမွေးပြီး ဘာလုပ်ဖို့လဲ"

"ဟဲ့... ရောင်းစားဖို့ပေါ့"

"ဘယ်သူက ဝယ်မှာလဲ"

"ဝယ်ကြတာပေါ့... ဝက်သားရောင်းတဲ့ဆိုင်တွေကပေါ့"

"နင့်ဝက်တွေဝသလောက် နင်ကတကယ်ပိန်တာပဲ"





"ဝက်တွေက ဝမှာ ထွားမှဝယ်ကြမှာ... အဲဒါမှ ပိုက်ဆံရမှာ... ဒါကြောင့် သူတို့တွေကိုအစာများများ ကျွေးနေရတာ"

"နင်တို့မှာ ဝက်ဘယ်နှစ်ကောင်ရှိလဲ"

"အကောင်ကြီးလေးကောင်... အသေးဆယ်ကောင်လောက်ရှိတယ်"

"ဟ ဒါဆိုရင် နင်တို့ဟာ သူဌေးပဲဟ"

"ဘယ်ကလာသူဌေးရမှာလဲ ဒါတွေတစ်ခါတစ်ခါရောင်းရင်နှစ်ချီပြီးကြာတာ... မရောင်းရခင်ကြားထဲမှာ ကိုယ်ကအထွက်ချည်းပဲ... သူတို့ကို ဝအောင်ဖီးအောင်ကျွေးနေရတာ"

"နင်တို့အလုပ်က တကယ်ရယ်စရာကောင်းတာပဲ"

"ဘာဖြစ်လို့လဲ"

"သြော်... စေတနာရှိလို့ကျွေးတာမှ မဟုတ်ဘဲ... အကောင်ကြီးအောင်... ဝအောင်ဖီးအောင်... ရောင်းပန်းလှအောင် အချိန်စီးပြီး ပိုက်ဆံပိုရအောင် ကျွေးရော... အချိန်စီးတော့ ပိုက်ဆံများများရရော... နင်တို့ဆီက ဝယ်သွားတဲ့အကောင်တွေကိုသတ်ပြီးတော့ရောင်း... စားတဲ့လူတွေက ဝယ်စား... ဒီတော့နင်တို့က အစာဝအောင်မှ ကျွေးတာမှမဟုတ်ဘဲ... မြန်မြန်သတ်အောင် ရောင်းပန်းလှအောင် ကျွေးတာဆိုတော့ ကုသိုလ်ဘယ်ရမလဲ"

ထိုစကားကြောင့် ဖြူ မျက်နှာလေး ပျက်နေရှာသည်။ အမှန်တိုင်းပြောရလျှင် ဖြူ တို့အိမ်မှာကို ပြဿနာရှိနေသည်။ ဤဝက်မွေးခြင်း၊ ကြက်မွေးခြင်းအလုပ်ကို ဘိုးဘိုးက လုံးဝမကြိုက်။ သူများအသက်ကိုသတ်ပြီးမှ စားရသည့်ထမင်းလည်း မျိုမကျဟု အဘိုးမကြာခဏပြောသည်။ အဘိုးကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသားငါးမစားဘဲ သက်သတ်လွတ်သာစားသည်။

"'ဖြူစင်' တို့လည်း ဘယ်လုပ်ချင်ပါမလဲ"

ဒါပေမဲ့ ကိုယ့်အကြောင်းနဲ့ကိုယ်လေ။ချို့တဲ့နွမ်းပါးသော မိသားစုတစ်စုအနေဖြင့် ငွေပိုငွေလျှံရှာရတာ မလွယ်ပါ။ အဖေသည် ခြံအလုပ်သမားတစ်ယောက်မျှသာ။ အမေသည် အဖေ့ခြံမှ ထွက်သော အသီးအနှံများကိုလည်းရောင်းရသူ။ ထိုမှရသောငွေဖြင့် 'ဖြူစင်' တို့မိသားစု စား၍မင်မလောက်။ မိသားစုခြောက်ယောက်ရှိရာတွင် သုံးယောက်မှာကျောင်းသူကျောင်းသား။

'ဖြူစင်'၏ အထက်တွင် အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိလေသည်။ အကြီးဆုံးအစ်ကိုကြီး 'သောင်းလွင်'မှာ မော်လမြိုင်ကောလိပ်တွင် သင္ချာမေဂျာနောက်ဆုံးနှစ် ကျောင်းသားအဖြစ် ပညာဆည်းပူးနေသလို အစ်မ 'မမြင့်ရီ' ကလည်း မော်လမြိုင်ကောလိပ်တွင်ဝင် ဒုတိယနှစ်ရောက်နေပေပြီ။ 'မမြင့်ရီ' နှင့် 'ဖြူစင်' နှစ်ယောက်ကြားတွင် ကလေးတစ်ယောက်သေဆုံးသွားသည်။

အဖေသည် သူကိုယ်တိုင်ပညာတတ်တစ်ယောက်ဖြစ်ချင်ပါလျက်နှင့် မဖြစ်ခဲ့ရသည့်အတွက် သားသမီးများကိုမဖြစ်မနေပို့ခဲ့ခြင်းဖြစ်သည်။ တစ်လတစ်လရသော အဖေ့လုပ်ခ၊ အမေ့လုပ်ခနှင့် မောင်နှမသုံးယောက်ကို ကျောင်းထားဖို့ဆိုတာ မစဉ်းစားရဲပါ။ ထို့ကြောင့်ကြက်အကောင်ပေါက် ဘဲအကောင်ပေါက်လေးများကို ဈေးပေါပေါနှင့်ဝယ်၊ အစာကျွေး၊ အကောင်ကြီးလာသောအခါ ရောင်းချခြင်းမှစ၍ ပိုက်ဆံစုကာ ကျောင်းစရိတ်အတွက် ရှာဖွေခဲ့ကြသည်။





ထိုမှ ဝက်အကောင်ပေါက်နှစ်ကောင်ကို ဝယ်ယူနိုင်အောင်အတော်ကြိုးစားခဲ့ရပြီး ကိုကြီးရှစ်တန်းကိုးတန်းလောက်မှစ၍ တစ်နှစ်တစ်တန်းတက်တိုင်း ကျောင်းစရိတ်လိုသောအခါငွေရေးကြေးရေး အလွန်ကျပ်တည်းလွန်းသောအခါမျိုးတွင်ထိုမွေးထားသော တိရစ္ဆာန်များကိုရောင်းချခြင်းဖြင့် ထွက်ပေါက်ရှာခဲ့ခြင်းဖြစ်သည်။

ဆင်းရဲသားအများစုနေထိုင်သော 'ဖြူစင်' တို့ပတ်ဝန်းကျင်ဝယ် ပိုက်ဆံမရှိ၍ စားစရာမရှိ၍ ငြီးငြူသောအသံများသည် လေလှိုင်းကြားဝယ် လွင့်မျော၍နေမည်ထင်သည်။ အထူးသဖြင့် 'ဖြူစင်' သည်ခွေးလေးကြောင်လေးကအစ ကြက် ဝက် တွဲနွား အားလုံးကိုကြင်နာသနားတတ်သူ။ 'ဓာနည်' နှင့် ယခုလို စကားလက်ဆုံမပြောခင် အချိန်အတွင်း သူမ ရှည်ဝေးဝေးမစဉ်းစားမိပါ။

ဝက်ကလေးတွေ ကြက်ကလေးတွေ အစားကျွေးရင်းပြေးရင်းလွှားရင်းဖြင့် ပျော်ရွှင်ကျေနပ်မိသည်။ ငိုရတာတော့ခဏခဏပေါ့လေ။ မိမိနှင့်အတူပြေးလွှားဆော့ကစားခဲ့သော ကြက်နှင့် ဝက်ကလေးများကို ရောင်းချဖို့ခွဲခွာရသော အချိန်မျိုးများတွင်လူကြီးတွေမသိအောင် ထိတ်တိတ်ကျိတ်ငိုရစမြဲ။

"ဟော့ နင်ဘာတွေစဉ်းစားနေတာလဲ"

ငေးငိုင်တွေဝေသွားသော 'ဖြူစင့်' ကို 'ဓာနည်'က တအံ့တသြကြည့်၍မေးခြင်းဖြစ်သည်။ သူမ ခပ်တည်တည်မျက်နှာလေးဖြင့် 'ဓာနည့်' တစ်ကိုယ်လုံးကိုဖြတ်ကနဲကြည့်ရင်း အိမ်ကနေထွက်ပြေးသွားသည်။ လူဆိုးလေး 'ဓာနည်' တစ်ယောက် 'ဖြူစင်'



www.burmeseclassic.com

www.burmeseclassic.com



နှင့်တွေ့မှ အောင့်သက်သက်ကျန်ရစ်ခဲ့သည်ကများပြီ။ နောက်နေ့များတွင် နောက်နေ့များ သူမရောက်မလာတော့။





## ၃

'ဖြူစင်' ကိုးတန်းရောက်ပြီ။ 'မမြင့်ရီ' လည်း အိမ်နှင့် သိပ်မဝေးလှသော မော်လမြိုင်ကောလိပ်သို့ ရူပဗေဒဘာသာတွဲ ဒုတိယနှစ် ကျောင်းသူအဖြစ်တက်ရောက်နေပြီ။ ထိုအချိန်မျိုးတွင် 'ဖြူစင်' တို့အိမ်၌ ငွေရေးကြေးရေးအလွန်အခက်ခဲတွေ့တတ်ပါသည်။ညီမ ငယ်နှစ်ယောက်အတွက် ကိုကြီးအလုပ်တစ်ခုရဖို့ အပြေးအလွှား ရှာနေရသည်။

အမေနှင့်လည်း ခြံထဲတွင်ကူညီရသည်။ ဝက်တွေပြန် သိမ်းရင်း 'ဖြူစင်' သပြေပင်ကို သပြေညွန့်လေးများ မကျိုးမပဲ့ အောင် အသာကိုင်ပြီးအညွန့်စုပြုံထွက်သော အကိုင်းအရင်းတို့ပါ မှားမနှင့်ခုတ်ဖြတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့တုန်းဟ… အများကြီးခုတ်ပြီး"

"ရောင်းဖို့ပေါ့"

မိမိရောက်လို့မှမကြာ 'ဇာနည်' ရောက်လာသည်။ 'ဇာနည်' နှင့်မိမိတွေ့တာမြင်တာ တစ်နှစ်ခန့်ရှိပြီဖြစ်သော်လည်း သိပ်မခင်မင်ကြသေးပါ။ စကားပြောလျှင်ကြွပ်ဆတ်ဆတ်မာကျော ကျောနိုင်သော မျက်နှာပေါက်ဆိုးရှာသော 'ဇာနည်' ကိုအားလုံးက ကဲ့ရဲ့ပြစ်တင်ပြီး အပေါင်းအသင်းသိပ်မလုပ်ကြဟု သတင်းကြားရသည်။ သူ့ကိုကြောက်၍ ရှောင်ရှားကြသည်။

'ဖြူ' ကတော့ ကြောက်လည်းမကြောက်၊ ခင်လည်းမခင် ပုံမှန်ပါပဲ။

"ဘာလဲ… ဝက်တွေ ကြက်တွေသတ်ရောင်းပြီးတော့ ရတဲ့အကုသိုလ်ကို သပြေပန်းရောင်းလို့ရတဲ့ကုသိုလ်နဲ့ ချေမလို့လား"

'ကြည့်' အဃ်လော်ကမ်းမှုန်းစရာကောင်းလိုက်သနည်း။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအမှုန်းခံချင်သူ။

"နင်ဟာ၄လမေးရင်မဖြေဘူး… အူကြောင်ကြောင်နဲ့… ဘယ်လိုကောင်မလေးမှန်းမသိဘူး"

"ပြောသင့်တဲ့စကားဆို အမြဲပြန်ပြောတာပဲ… တော်ကာ သလိုနှိမ်သလိုပြောရင်တော့ ဘာမှပြန်ပြောမှာ မဟုတ်ဘူး"

"ဝါးခြမ်းပြားက အလှကြီးပါလား"

'ဇာနည်' က ဖြူဖြူ ပိန်ပိန်ပါးပါး ပြားပြားချပ်ချပ်လေး ရှိနေသော 'ဖြူ' ကို ဝါးခြမ်းပြားနှင့် နှိုင်း၍ခေါ်သည်။ 'ဖြူစင်' ကမျက်စောင်းထိုးကြည့်ရင်း…





"နင့်ကို… ဒါကြောင့်လူတွေမုန်းတာ"

"မုန်း… ဘာဖြစ်တုန်း … ငါက ဂရုမစိုက်ဘူး"

"ပြည့်သူ့ချဉ်ဖတ်"

"ချဉ်ဖတ် ဘာဖြစ်လဲ… လူတိုင်းချဉ်ဖတ်နဲ့ ကင်းကွာနိုင်သလား… ချဉ်ဖတ်ပါတဲ့နေ့ဆို ထမင်းစားပိုမမြိန်ဘူးလား… ချဉ်ဖတ်ဆိုတဲ့ကောင် တစ်နေ့ဘာဖြစ်လာမလဲ စောင့်ကြည့်ကြသိ

"ဟာ ဟ… တစ်နေ့ချဉ်ဖတ်ဘာဖြစ်လာမလဲ စောင့်ကြည့်ကြတဲ့… အခုတောင် ပြည်သူ့ချဉ်ဖတ်ဖြစ်နေသေး… နောက်ဆိုရင် တဖြည်းဖြည်းပုပ်သိုးပြီး အမှိုက်ပုံးတို့ အမှိုက်ကျင်းပဲရောက်မှာပေါ့"

ဘာမေးပွဲ

"အောင်မယ်… နံပြည်စုတ်… ဝါးခြမ်းပြားကမျှင် မျက်သာ တဖြည်းဖြည်းအကုသိုလ်တွေများပြီး မိုးကြိုးပစ်ခံရ အစ်မသချိုင်းကုန်းရောက်ရင်ရောက်… ဒါမှမဟုတ် တဖြည်းဖြည်း ဆင်းရဲပြီး ဝါးခြမ်းပြားကနေ နှီးပြားဖြစ်ပြီး မြေကြီးရောက်မှာ"

"ဘာဖြစ်လဲ… နင်လည်းတစ်နေ့သေရမှာပဲ… လူဆိုတာ မွေးပြီးရင် သေမယ့်နေ့ကိုစောင့်နေရတာပဲ"

"နင်စာမေးပွဲအောင်လား"

"အင်း နင်ကော"

"အောင်တယ်"

"နင်က ဆိုးသာဆိုးတယ်… စာမေးပွဲကျတော့ အောင်သားပဲ"

"နေပါဦး… ဓါတ္တာဘာဆိုးသလဲ"

"ကိုယ့်ဟာကိုယ်သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုယ်ငါတော့ မဆိုးဘူးထင်တာပဲ"

"ဟား ဟား လိမ်ကြီး"

"ဒီလိုလား"

'ဓာနည်' လိမ်သွားသလို ကုန်းကွကွ၊ဟားဟားကားယား မျှာကိုပြလိုက်သဖြင့် 'ဖြူ' မျက်လုံးလေးတွေ ပိတ်သွားအောင် ကော့ညွှတ်သွားလေးများလစ်ဟ၍ အားရပါးရရယ်သည်။

"ဟား ဟား... အဟား ဟား"

'ဓာနည်' ကလည်းရယ်သည်။ ရယ်ရင်း 'ဖြူစင်' ကိုသ မိသည်။ ဝါးခြမ်းပြားလေလို ပြားချပ်နေသော်လည်း သူမ ပုံမှန်ပါး အရေနှင့် မျက်နှာလေးမှာ လန်းဆန်းသစ်လွင်လှပနေ

"နှင့် နာမည်... ဘယ်လိုခေါ်လဲ"

ခဏခဏတွေ့သော်လည်း ယခုမှနာမည်မေးမိသည်။

"ဖြူစင်"

"အံမယ်... နာမည်ကတစ်မျိုးပါလား... အင်း နှင့်နာမည် နဲ့ ရုပ်နဲ့လိုက်တော့လိုက်သား... ဘယ်သူပေးတာလဲ"

"အဘိုး"

"နှင့်အဘိုးက တယ်ခေတ်မီပါလား... ဘာဖြစ်လို့အဲဒီလို ပေးတာလဲ"

"နှင်းတွေဖွေးနေတဲ့အချိန် ဖြူဖြူဖွေးဖွေး မွေးလာလို့တဲ့"

"နှင်ကရုပ်ကလေးလှတာပဲ... အပျိုဖြစ်လာရင် ရုပ်ရှင် မင်းသမီးလုပ်ပေါ့... ဒါဆိုနင်တို့ စက်တွေမွေးစရာမလိုတော့ဘူး ပေါ့... ချမ်းသာပြီပေါ့"





"သွား..."

'ဖြူစင်' လက်ထဲမှ တုတ်ပြင်ရှည်ကိုး ရုတ်တနင်းလှမ်း ရိုက်မိသည်။ သိပါသည်။ 'ဖြူစင်' ၏သူငယ်ချင်းများသည် 'ဖြူ စင်' နှင့် သက်တူရွယ်တူတွေဖြစ်သော်လည်း 'ဓာနည်' ပြောသလို အပျိုလည်းဖြစ်ကုန်ကြပြီ။ ရှိုးစမိုးတွေလည်းထုံးပြီး ဆောင်လေး တွေကိုရှောင်ဖယ်ဖယ်၊ ရုက်တက်တက်ဖြစ်နေကြပြီ။ ယခုချိန်ထိ ရှင်မီးအကျီဘဝက မတက်သေးသော 'ဖြူ' ကိုသူတို့အံ့သြကြ သည်။

အားလုံး၏အလယ်တွင် 'ဖြူ' သည် ကလေးအဖြစ်ကျန် နေခဲ့။ အဲ ပြောင်းလဲလာတာ နည်းနည်းတော့ရှိသည်။ စာမေးပွဲ အောင်၍အတန်းကြီးလာခြင်း၊ အရပ်ရှည်ထွက်လာခြင်းနှင့် မျက် နှာလေးအနည်းငယ် ပြည့်ဖောင်း၍လာခြင်းပါပဲ။ အမေတို့ အစ်မ တို့ကတော့ 'ဖြူ' ကိုကြည့်ပြီးခပ်တိုးတိုးပြောကြသည်။

"သူကအမေတူတာ အစ်မရဲ့... ရှေ့နှစ်ဆိုအပျိုဖြစ်မှာ သေချာတယ်"

'ဖြူစင်' မျက်မှောင်ကြုတ်၍ နားမလည်သလိုဖြစ်လာခဲ့ ရသည်။

"နှင် ဒီကိုနေ့တိုင်းလာဟာ"

"ဘာလုပ်ဖို့တုန်း"

"နှင်နဲ့ စကားပြောရတာပျော်စရာကောင်းလို့... တခြား ကောင်မလေးတွေကို ကြည့်လို့မရဘူး"

ပြောစကားအရဆိုလျှင် မိမိကိုတော့ကြည့်လို့ရသည်ပေါ့ ပျော်ရမှာလား။ သူ့ အထင်ကြီးမှုကို ခံရသည်အတွက် မိမိတော



www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေဘာတွေ မြင့်ရဦးမှာလား။

"တကယ်ပဲဟာ... ရိုးရိုးတန်းတန်းခင်ချင်လို့ စကားပြောရင်ပဲ... သူတို့ကိုကိုက်စားမှာကျနေတာဝဲ... မသိချင်ယောင်ဆောင်တဲ့သူနဲ့... မကြားချင်ယောင်ဆောင်တဲ့လူနဲ့"

"နင့်ကိုကြောက်လို့နေမှာပေါ့"

"ကြောက်ရအောင် ငါကဘာလုပ်မှာမို့လို့လဲ... ဒါနဲ့နင့်ကိုပြောရဦးမယ်... ငါဟာ နင့်ထက်တစ်နှစ်ကြီးတယ်... ဒီတော့ငါ့ကို နင် နင်နဲ့ မပြောနဲ့... နားထောင်လို့မကောင်းဘူး... ငါ့နာမည် 'စာနည်' "

"သိသားပဲ... နင့်ရောက်ကတည်းက သိနေသားပဲ"

"ဘယ်လိုလုပ်သိနေတာလဲ"

"နင်ကနာမည်ကြီးပဲဟာ... နင့်သတင်းငါတို့ရပ်ကွက်အထိမွှေးကြိုင်လို့"

"ဒါကြောင့် နင်ငါ့ကိုကြောက်ပြီး ဒီဘက်ကိုမလာတော့တာလား"

"မဟုတ်ပါဘူး... ဘာလို့ကြောက်ရမှာလဲ"

"အေး မကြောက်နဲ့... နင့်ကိုငါက ခင်ပြီးသားပဲ... စိတ်ချနင်ကငါ့ကို ဘာမှမလုပ်ရင် ငါလည်းနင့်ကို ဘာမှမလုပ်ဘူးသိလား"

'ဖြူစင်' မဖြေ၊ ကြောင်တောင်တောင် ပြန်ကြည့်နေသည်။

"အေး နင့်လိုတစ်ခုမကြိုက်တာက နင်ဟာတစ်ခါတလေ ဘယ်လိုဖြစ်တာလဲ... အုကြောင်ကြောင်နဲ့... ပြောနေတာကိုကြား





လျက်နဲ့ ဘာမှပြန်မပြောဘူး"

ထိုစဉ်ခြေသံတစ်ခုနှင့်အတူ 'ဖြူစင်' ၏အမေရောက်လာသည်။

"ဟင် နင်တို့ဘာလုပ်နေကြတာလဲ"

နှစ်ယောက်စလုံးကို မျက်လုံးဖြင့် ကြည့်မေးခြင်းဖြစ်သည်။ စောစောကပြုံးရွှင်နေသော 'စာနည်' မျက်နှာသည် မှုန်ကုတ်ကုတ်ဖြစ်သွားသည်။

"ဟဲ့ 'ဖြူစင်' ငါမေးနေတယ်မဟုတ်လား"

"စကားပြောနေတာပါမေမေ"

"စကားပြောစရာနေရာရှားသလား... သွား အခုပြန်... မင်းလည်းနောက်ကိုငါ့သမီးနဲ့လာပြီး စကားပြောစရာမလိုဘူး"

'ဖြူစင်' စိတ်မကောင်းဖြစ်သွားမိသည်။ အမေက 'ဖြူစင်' ခေါင်းကို ခေါက်၍၎င်း၊ ဗိုက်ခေါက်ကို လိမ်ဆွဲ၍၎င်း၊ ကျောပြင်ကို ထု၍၎င်း၊ ဝက်မောင်းသလို မောင်းပြီးခေါ်ခဲ့သည်။ ထိုမြင်ကွင်းကို ရှုးရှုးရဲရဲကြည့်၍ ကျန်ရစ်ခဲ့သူက 'စာနည်'။ အားလုံး၏အလယ်တွင် ငုတ်တုတ်ကုပ်ကုပ်ထိုင်နေရသူက 'ဖြူစင်'။ ဘေးအိမ်တွေကြားမည်ဆိုး၍ တိုးတိုးတိတ်တိတ်ဆူနေခြင်းဖြစ်သည်။

"ဒီကောင်လေးဘယ်လောက်ဆိုးတယ်ဆိုတာ နင်သိလျက်နဲ့ ဘာလို့လူမမြင်သူမမြင်မှာ သွားစကားပြောနေရတာလဲ 'မိဖြူ' "

'မမြင့်ရီ' ကပြောခြင်းဖြစ်သည်။

" 'ဖြူ' ဟိုးတုန်းကတည်းက သွားနေကျပဲ... ဝင်တွေသွားသိမ်းရင်း အဲဒီဘက်ရောက်တာပဲ... ငယ်ငယ်ကတည်းကသွား



www.burmeseclassic.com

www.burmeseclassic.com



နေတာအားလုံးသိသွားနဲ့... သူနဲ့လည်း ခုမှစကားပြောတာမဟုတ်ဘူး... မနှစ်ကတည်းက သူရောက်ခါစကတည်းက စကားပြောကြတာပဲ"

"အေး နောက်ကိုအဲဒီဘက်မသွားနဲ့... သူနဲ့လည်းစကားမပြောနဲ့... မခေါ်နဲ့... ကြားလား'

"ဘာဖြစ်လို့တုန်း"

"ဟဲ့ ဒီလောက်ဆိုးသွမ်းတဲ့ကောင်ကို မခေါ်စေချင် မပြောစေချင်ရင် မခေါ်နဲ့မပြောနဲ့ပေါ့... နောက်တစ်ခါတွေ့ရင်အသေပဲ"

အိမ်ကမကြိုက်သဖြင့် ဖြူ သိုဘက်ကိုမသွားတော့။ မတွေ့ရလို့တော့ ဘာဖြစ်မှာမို့လို့လဲ။ ကျောင်းခြင်းမတူ၍ မတွေ့ရသော်လည်း တစ်ခါတစ်ခါ 'ဇာနည်' တစ်ယောက် ဖြူ တို့ရွာဘက်သို့ မျက်စိလည်လမ်းမှား၍ရောက်လာတတ်သည်။ အိမ်ရှေ့မှဖြတ်သွားတိုင်း 'ဇာနည်' ကလှည့်ကြည့်သွားသလို၊ ဖြူစင်ကိုတွေ့လျှင် ရယ်ပြုံးပြသွားတတ်သည်။

မိဘကိုဘာအနှောင့်အယှက် ဘာဒုက္ခမှမပေးသဖြင့် 'ဇာနည်' ကိုခင်မင်နေခဲ့ဖြစ်ပါသည်။ အစ်ကိုကြီးနှင့် မမတို့ကတော့ ဖြူ ကိုစာကြိုးစားဖို့အမြဲသိပေးနေတတ်သည်။ တစ်ရွာလုံးကလည်း ဖြူ တို့မိသားစုကို အထင်ကြီးကြသည်။ အားကိုးကြသည်။ လေးစားကြသည်။ အနှုတ်တော့မှာ လူချောလို့ပဲခေါ်လေမလား။

ပညာတတ်သားသမီးတွေရှိသော်လည်း ငွေနှင့်ပတ်သက်ရင် အမြဲတမ်းဘိုင်ကျနေတတ်သည်ကများသည်။ ဖြူ ကိုး





တန်းရောက်သည့်နှစ်သည် မွဲပါသည်ဆိုမှ ပြာပုံတိုးသောနှစ်ဝင်ဖြစ်သည်။ ဝက်နှစ်ကောင်သေသည်။ တစ်ကောင်က ကားတိုက်ခံရ၍ တစ်ကောင်ကရောဂါဖြစ်၍။ စားမေးပွဲဖြေခါနီးတွင် အဘိုးမမာမကျန်းဖြစ်ရာမှ အသည်းအသန်ဖြစ်လာသည်။ အသက်ကလည်း ခုနစ်ဆယ်နီးပြီးကိုး။

ဝက်တစ်ကောင်ကို မတန်တဆနှင့်လျှော့ရောင်းလိုက်ရသည်။ အဘိုးကသူ့ကိုပိုက်ဆံအကုန်ခံ၍ ဆေးမကုဖို့ပြောသည်။ သူ့အသက်ချမ်းသာရာရဖို့ သူများအသက်အသေခံပြီး ဆေးမကုဖို့ပြောသည်။ နောက်ဆုံးဆေးရုံတင်ဖို့ဝင်မလွှယ်။ နေမကောင်းဖြစ်စဉ်က သွားရောက်ပြသသော ညနေပိုင်းဖွင့်ထားသည့် ဆေးခန်းမှဆရာဝန်ကို အကူအညီတောင်းသောအခါ အင်တင်တင်လုပ်နေသည်။

ငွေမက်သည့် ဆရာဝန်မှန်းသိသာလွန်းသည်။ တစ်ခါတလေ လမ်းမလျှောက်နိုင်လောက်အောင် ရောဂါပြင်းနေသူများ သေလုမျောပါးဖြစ်နေသူများအတွက် အိမ်လိုက်ကုဖို့ ဝင့်သောအခါတွင်လည်း ခြေကြွခကောင်းကောင်းမရလျှင် မျက်နှာပြောင်တိုက်၍ မလိုက်ဘဲနေတတ်သည်။ ထိုဆရာဝန်နှင့်ပတ်သက်ပြီး မသေသင့်ဘဲသေရသော လူလေးငါးခြောက်ယောက်ထက်မနည်းတော့။

ထိုကြောင့် အနည်းငယ်ပိုဝေးသော ဆေးခန်းတစ်ခုပြောင်းကုသောအခါတွင်လည်း သိပ်မထူးခြားလှ။ တံကင်ယူပြီးညနေကတည်းက ထိုင်စောင့်နေရသော ဝေဒနာရှင်များဆုံထားခဲ့၍ ခြေကြွခများများရသော လူနာရှင်နောက်သို့ကောက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပါအောင် လိုက်သွားတတ်သည်။ တစ်ခါတလေတော့လည်း ဆွေမျိုးမလို၊ ကျေးစူးမကင်းသူများဟု အကြောင်းပြကာ လိုက်သွားတတ်သည်။

ထို့ကြောင့် 'ဖြူ'တို့ပတ်ဝန်းကျင်တစ်ခုလုံး ဖျားမှာနာမှာ တောင်ကြောက်နေခဲ့ကြသည်။ ဖျားခြင်း၊ နာခြင်းဝေဒနာကို ခံစားရခြင်းနှင့်အတူ မိမိငွေများအပေါ်စေတနာခေါင်းပါးလှသော အသပြာဆရာဝန်များကို စိတ်နာကြသည်။ ယခုလည်း အဘိုးကို ဆေးရုံတင်ခွင့်ရဖို့အရေး ငွေပေးမှဖြစ်မည်။ ဆည်ငွေကိုမပေးလျှင် မိမိတို့ဘာနှင့်ဆေးရုံကို သွားကြမည်နည်း။ ဆေးဝယ်ရမည်။ ကားခ၊ စာတ်စာ။

ဆေးရုံတစ်ခါတက်လျှင် လူမင် ဗုန်းသလို၊ ငွေလည်း ကုန်လှပါသည်။ နောက်ဆုံးမိမိတို့ဘက်ကမင် အရှုံးပေးပြီးသူ တောင်းသောငွေကို ပေးလိုက်ရသည်။ 'ဖြူစင်' ထိုဆရာဝန်ကြီး၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့် ချောမောသန့်ပြန့်သော လူကြီးတစ်ယောက်ဖြစ်ပါသည်။

အမေတို့နှင့်သက်တူရွယ်တူ ရှိမည်ဖြစ်သော်လည်းဆံဦးထောပတ်ကိုစား၊ တိုက်ကြီးထဲနေ၊ ကားပေါ်ကသွားကြသူများမို့ ဖြူသောအသားမှာ ပန်းနုရောင်ပြေးပြီး ပြည့်တင်းနုးညံ့နေသည်။ ရွှေကိုင်းတပ်ထားသော ပါဝါမျက်မှန်၏မှန်သားမှာ အညိုရောင်ဖြစ်သည်။ ဆေးခန်းရှေ့တွင် ရပ်ထားသောကားမှာ ပြောင်လက်ရဲတွတ်နေသည်။ အရင်ကထိုဆရာဝန်ကြီးကိုကြည့်ပြီး အလွန်အထင်ကြီးမိသည်။





သူ့မျက်နှာပြုံးပြုံးကိုကြည့်ပြီး ကျက်သရေရှိ၍ သဘောကောင်းမည့် ပုဂ္ဂိုလ်ကြီးဟုထင်ခဲ့မိသည်။ ခုတော့ 'ဖြူ'တို့တစ်ရွာလုံး အသပြာဆရာဝန်ကြီးကို ရွံရှာမုန်းတီးမိကြသည်။ မုန်းတီးမိကြသည်နှင့်အမျှ မိမိတို့ရွာထဲမှာ ဆရာဝန်တွေဖြစ်လာရင်သိပ်ကောင်းမှာပဲဟု တွေးမိကြသည်။ သားသမီးများကို ပညာကောင်းစွာသင်ပေးကြသည်။

သို့သော် သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့တွေ အသီးသီးရခဲ့ကြပါသည်။ ဆရာဝန်ဖြစ်ဖို့အလားအလာတော့ သိပ်မတွေ့ရသေးပါ။ ဘွဲ့ရပြီးရွာမှာ ပြန်လာနေသူကခပ်နည်းနည်း။ မြို့တက်ကုန်သည်ကများသည်။ ထို့ကြောင့် ရွာခံလူကြီးများ ဒေါပွကြသည်။ 'ဖြူ'တို့မိသားစုကို ချီးမွမ်းသည်မှာ ပညာတတ်ဖြစ်သွားသော်လည်း ရွာကိုခင်တွယ်သော ကိုကြီးကြောင့်ဖြစ်သည်။

နံနက်ခင်းခြံထဲဆင်း၊ နေ့ခင်းရုံးသွားပြီး ညပိုင်းတွင် အခမဲ့ကျူရှင်ဖွင့်ပေးသူ ကိုကြီးကို တစ်ရွာလုံးက ချစ်ကြ၊ ခင်ကြ၊ လေးစားကြသည်မှာ မဆန်း။ ဆေးရုံပေါ်ရောက်တော့လည်း အိတ်ထဲက ငွေမထွက်လျှင်ဘာယ်ဟာမှမပြီးပါ။ ဟိုလူ့မျက်နှာချိုသွေးရ၊ သည်လူ့မျက်နှာချိုသွေးရဖြင့် မျက်နှာငယ်လှပါသည်။ ဆရာဝန် ဆရာမများ၏မျက်နှာကို အားကိုးတကြီးကြည့်မိသော 'ဖြူ' ရင်ဝယ် အားငယ်မှုများဖြစ်မိသည်။

ဘိုးဘိုးရောဂါက မသက်သာပါ။ အားကိုးတကြီး ကြည့်မိသူ ဝေဒနာရှင်များ အားငယ်သွားလောက်အောင် မျက်နှာများ တင်းလှသည်။ ရွာမှာသံစူးသောဒဏ်ရ ဖြင့် မေးခိုင်ရောဂါပိုး ဝင်ပြီး မသေသင့်ပဲသေဆုံးသွားသော ကျောင်းနေဖက်သူငယ်ချင်း

www.burmeseclassic.com



မတစ်ဦးအတွက် 'ဖြူ' တို့အားလုံးငိုကြွေးကြသည်။ အဘိုးလည်း တစ်ပတ်ခန့်အကြာတွင် ဆုံးသွားသည်။





## ၄

အဘိုးကိုလွမ်းသလို၊ သူငယ်ချင်းမကိုလည်း သတိရနေဖြစ်သည်။ ဝက်ခြံဘေးတွင် ထိုင်ငိုင်နေသော 'ဖြူ' ကို ကိုကြီး တခေါ်ဆုံးမသည်။

"'ဖြူ' ဘာထိုင်လုပ်နေတာလဲ"

"ပျင်းလို့ပါ"

ခေါင်းကိုငုံ့၍ ပြီးလွယ်စီးလွယ်ဖြေမိသည်။

"ကိုကိုကြီးကို ညာလို့မရဘူးနော်"

မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် အစ်ကိုဖြစ်သူကို လှည့်ကြည့်မိသည်။

"နင် အဘိုးကိုသတိရနေတာမဟုတ်ဘူးလား"

'ဖြူ' ခေါင်းမညိတ်ဘဲ မျက်လွှာချလိုက်သည်။ ပါးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဥတို့က တလိမ့်လိမ့်စီးကျသွားသည်။

"နားထောင်... ကိုကိုကြီးပြောမယ်... ဟောဒီသတင်းစာ ကြည့်စမ်း"

ကိုကြီးလှမ်းပေးသော ကြေငြာသတင်းစာကိုကြည့်မိသည်။ နာရေးကြော်ငြာများပါသည့် နေရာတွင်ဖြစ်သည်။

"အဲဒီထဲမှာ သေတဲ့လူတွေရဲ့နာမည်တွေ... အလုပ်အကိုင်တွေ... အသက်တွေလျှောက်ဖတ်စမ်း"

အသက်ခုနစ်ဆယ်အရွယ်က နှစ်ယောက်၊ ငါးဆယ်ကျော်အရွယ်က လေးယောက်၊ သုံးဆယ်ကျော်က လေးယောက် နှစ်ဆယ်ကျော်အရွယ်ကသုံးယောက်၊ ကလေးပေါက်စများလည်းပါသည်။ ဆရာဝန်မပေါက်စ၊ ရဲဘော်၊ စစ်ဗိုလ်ဖြစ်စ၊ ဗိုလ်ကြီး၊ ဘွဲ့ရကျောင်းဆရာမ၊ အင်ဂျင်နီယာ၊ ကျောင်းသူ၊ အစုံပါပဲ။

"သေခြင်းတရားဆိုတာ တားဆီးပိတ်ပင်လို့ရတာမဟုတ်ပဲ... ငါ့ညီမ... အဆင့်အတန်း အရွယ်ရယ်လို့ရွေးမနေဘူး... သေနေ့စေ့ရင်သေကြတာပဲ... ဘိုးဘိုးဆိုရင် အသက်ခုနစ်ဆယ်ပြည့်ကာနီးပြီ... လူ့လောကမှာ ဝ,အောင်နေသွားရပါတယ်ကွာ"

"'ညီထွေး' ကိုသနားလို့ပါ... မသေသင့်ဘဲသေသွားရတယ်... သူတို့က 'ဖြူစင်' တို့ထက် ဆင်းရဲတော့ဆေးရုံတင်ဖို့ ဆေးကုဖို့ကအစ မတတ်နိုင်တော့ အချိန်မီမကုသနိုင်တော့ မသေသင့်ဘဲသေရတာပေါ့... 'ညီထွေး' ဟာ သိပ်စာတော်တာ... တစ်နေ့မှာ ပညာတတ်တစ်ယောက်ဖြစ်လာမှာ... သူဆရာဝန်လည်း သိပ်ဖြစ်ချင်နေတာ... သူသေသွားတာ သိပ်နစ်နာတာပဲ"

"ရွာအတွက်လူတော်တစ်ယောက်ဆုံးရှုံးလို့ နစ်နာတယ်





ဆိုရင် မှန်တာပေါ့ 'ဖြူ'... ဒါပေမဲ့ ရွာထဲမှာ ကျန်တဲ့လူတွေကရော လူကောင်းလူတော်တွေ မဟုတ်တော့ဘူးလား... ရွာအတွက်... တိုင်းပြည်အတွက် အသုံးမကျတော့ဘူးလား... 'ညီထွေး' စာတော်သလို 'ဖြူ' လဲတော်တာပဲ... 'ညီထွေး' ဆရာဝန်ဖြစ်ချင်သလို 'ဖြူ' ရောမဖြစ်ချင်ဘူးလား... ပြောစမ်း ကိုကြီးကို"

"'ဖြူ' အရည်အချင်းလောက်နဲ့ဖြစ်မယ်မထင်ပါဘူး"

"အေး အဲဒီစိတ်ဓာတ်တွေကြောင့် ခက်နေတာပေါ့...စစ်မရောက်သေးဘူး မြားကုန်နေပြီဆိုတာနဲ့ မတူနေဘူးလား... ကိုယ့်ကိုယ်ကိုမှ အထင်မကြီးရင် တခြားလူကတော့ အထင်ကြီးဦးမလား... ငါတို့ရဲ့ဗုဒ္ဓဂေါတမဟာ လူသားစစ်က ဘုရားဖြစ်သွားတာဟာ... ကိုယ်လိုချင်တဲ့ပန်းတိုင်ရောက်ဖို့ကတော့ မဖြစ်မနေ နဲ့ လုံ့လ ဝီရိယနဲ့ကြိုးစားသွားရတာချည်းပဲပေါ့... မကြိုးစားဘဲ ဘယ်အရာကိုမှ မရဘူး... သူများတွေတောင်ဖြစ်ရင် ကိုယ်ကဘာလို့မဖြစ်ရမှာလဲ"

"ကိုကြီးရာမဖြစ်နိုင်တာတွေ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့"

"ဘာကိုမဖြစ်နိုင်တာလဲ"

"ရှီးရှီးတန်းတန်း ကောလိပ်လေးတက်ဖို့တောင် အဖေတို့ အမေတို့ မျက်ဖြူစိုက်မတတ်ရှာနေရတာ... 'ဖြူ' ဆေးကျောင်းတက်ရင် အားလုံးထမင်းငတ်ကုန်မယ်"

"ဒါနင့်အလုပ်မဟုတ်ဘူး... နင်အခုမှကိုးတန်းပဲရှိသေးတာ... နောက်နှစ်ဆယ်တန်းမှာ 'မြင့်ရီ' နောက်ဆုံးနှစ်... နင်ဆယ်တန်းအောင်မယ့်နှစ်မှာ နင့်အစ်မကျောင်းပြီးပြီ... သူ့အတွက်ကျောင်းစရိတ်သက်သာသွားသလို သူ့ဆီကလဲ အထောက်အပံ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရဦးမှာပဲ... နောက်ဆုံးငါတို့ရွာထဲကရွာသူရွာသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်စည်းရုံးရိုင်းပင်းတယ်ဆိုတာ နင့်အသိပဲ... နင့်မှမဟုတ်ဘူး... ရွာထဲက ဘယ်သူ့သားသမီးပဲဖြစ်ဖြစ် ဆေးကျောင်းတက်ရမယ်ဆိုရင် ဝိုင်းဝန်းထောက်ပံ့ဖို့ တိုင်ပင်ပြီးသား"

"ဟုတ်လား'

"ဟုတ်တယ်... တစ်ယောက်မဟုတ်ဘူး... ဘယ်နှစ်ရောက်ဆေးကျောင်းရောက်မလဲ... စတ်မှုရောက်မလဲ... နောက်ဆုံးဆယ်တန်းအောင်လို့ ကောလိပ်ဆက်မတက်နိုင်ရင် ထောက်ပံ့ကူညီနိုင်အောင် ရပ်ကွက်လူကြီး... ရွာလူကြီးနဲ့တိုင်ပင်ပြီးပြီ... နောက်ပြီးအစိုးရဆီက တကယ်စာတော်ပြီး တကယ်ချို့တဲ့တဲ့ ကျောင်းသားကျောင်းသူတွေကို ထောက်ပံ့ကြေး ပညာသင်စရိတ် ထုပ်ပေးသေးတာပဲ ဟာ"

'ဖြူ' မျက်နှာလေးကြည်လင်လာသည်။

"နင်တို့ကမှ အခွင့်အရေးရှိပြီးမကြိုးစားရင် ငါတို့ဆင်းရဲသားလူတန်းစားကို ကယ်တင်မယ့်သူပေါ်လာမှာ မဟုတ်တော့ဘူး တွေ့တယ်မဟုတ်လား... ရွာမှာ ဆရာဝန်တစ်ယောက်ဖြစ်ဖြစ် ထွန်းထွန်းရှိမနေတော့ တကယ်တမ်းအခက်ခဲနဲ့ ရင်ဆိုင်လာရတော့ ဘယ်လောက်မျက်နှာငယ်သလဲ... ငါတို့တုန်းက ဒီအတွေးဒီစိတ်ဓာတ်တွေမရှိလို့ မကြိုးစားခဲ့မိတာကို တကယ်နောင်တရမိတယ်... ဒါကြောင့်တတ်နိုင်တဲ့ပညာနဲ့ တတ်နိုင်တဲ့ဘက်ကကူညီနေတာပဲ"

" 'ဖြူ' အတန်းထဲမှာ အဆင့်ငါးလောက်မှ ရတာ...





ဆရာဝန်ဖြစ်ဖို့ ဉာဏ်မီပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ... နင်သိပ်မကြိုးစားပဲနဲ့တောင် ဒီလောက်စာတော်နေတာ... နင်သာတကယ်ကြိုးစားလိုက်ရင် သူများထက်မသာရင် ပြောချင်တိုင်းပြော... အထူးသဖြင့် နင် အချိန်အခြေအနေအကုန် အခါခွင့်သင့်နေတယ်... အချိန်ရှိသေးတယ်"

"အင်း..."

'ဖြူ' သက်ပြင်းချသည်။ သူ့ကိုသူ ယုံကြည်စိတ်ချပုံမရ။

"နင်တခြား ဘာမှမပူနဲ့... ငါတို့ရှိတယ်... လိုအပ်သမျှ ငါလုပ်ပေးမယ်... ဒီမှာ 'ဖြူ' "

"အင်း ကိုကြီး"

"လူဆိုတာ ယုံကြည်ချက်... ရည်မှန်းချက်ရှိရတယ်... အောင်မြင်တဲ့ရည်မှန်းချက်ရောက်ဖို့ မှန်ကန်တဲ့ယုံကြည်ချက်ရှိရတယ်... ကိုယ့်ကိုယ်မှ မယုံကြည်ရင် ဘာမှဖြစ်မှာမဟုတ်ဘူး နင့်စိတ်ထဲမှာ သူများဖြစ်အောင်လုပ်တာကို ငါဖြစ်အောင်လုပ်မယ်လို့ဆုံးဖြတ်... နောက်ဆုံး နင်တကယ်ကြိုးစားလျက်နဲ့မှ ဖြစ်မလာရင်တော့ နင့်မှာအပြစ်မရှိဘူး... အဆင့်အတန်းမမြင့်မားလို့ ဆင်းရဲချို့တဲ့လို့ မျက်နှာငယ်နေတဲ့ တို့ရွာကိုနင်မတိုးတက်စေချင်ဘူးလား... ကိုယ်လည်းအကျိုးရှိမယ်... သူများလည်းအကျိုးရှိမယ့် အလုပ်တစ်ခုကို နင်မလုပ်နိုင်ဘူးလား"

" 'ဖြူ' ကြိုးစားပါမယ့် ကိုကြီး"

"အေး ကြည့်မဟာ အနေအထိုင်... အပြောအဆို... အမြဲ အမှုစိတ်ထားကအစ တခြားမိန်းကလေးတွေနင့် မတူဘူးဆိုတာ ကိုကြီး ငယ်ငယ်လေးကတည်းက သိတယ်... ဖြစ်ကိုဖြစ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ... ငါ့ညီမအတွက် ကိုကြီးဂုဏ်ယူစမ်းပါရစေ... ငါ့ညီမရဲ့ ကြိုးစားမှုဟာ တစ်ဦးတစ်ယောက် တစ်ရပ်တစ်ရွာတည်းအတွက် မဟုတ်ဘဲ လူသားအာလုံးအတွက် ဖြစ်ကိုဖြစ်ကိုဖြစ်စမ်းပါစေ... တခြားလိုအပ်မယ့်ကိစ္စတွေ ကိုကြီးတို့လူကြီးတွေတာဝန်ထား ကြားလား"

"ဟုတ်ကဲ့ ကိုကြီး"

"စိတ်ချလိုက်မယ်နော်"

"စိတ်ချပါကိုကြီး 'ဖြူစင်' ကိုယ်တိုင်ကြိုးစားချင်တာပါ"

"အေး အေး... ဒါမှငါ့ညီမကွ"

မောင်နှမ နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် ခါးချင်းဖက်၍ အိမ်ဘက်ကိုလမ်းလျှောက်ခဲ့ကြသည်။ 'ဖြူစင်' မျက်နှာတောတောကလို ညှိုးငယ်မနေတော့ဘဲ တက်ကြွနိုးကြားစိတ်များဖြင့် လန်းဆန်း၍နေသည်။ နှနယ်ငယ်ရွယ်သူတို့၏စိတ်ဓာတ်သည် ပုံသွင်းရာဘက်သို့ လွယ်လင့်တကူပါတတ်သည်က ထုံးစံ။

နဂိုကလည်း တော်ပြီးသားဖြစ်၍ အစ်ကိုဖြစ်သူကသံပတ်တင်ပေးလိုက်သောအခါ 'ဖြူစင်' တစ်ယောက် ကျောင်းရယ် အိမ်ရယ်၊ စာကြည့်တိုက်စားပွဲရယ်တွင်သာ အချိန်လုနေရပြီ။

"စာလိုက်နိုင်ရဲ့လား 'ဖြူစင်' "

"လိုက်နိုင်ပါတယ် အစ်ကိုကြီး"

"ကျူရှင်တွေ ဘာတွေရောတက်ချင်သေးလား"

'ဖြူစင်' ပြုံးပြုံးလေးခေါင်းခါသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိပါသည်။ ဝမရှိဘဲ ဝိမလုပ်ချင်။ ကိုကြီး မကြီးတို့နေခဲ့စဉ်တုန်းကလည်း ဘာကျူရှင်မှမတက်ဘဲ တစ်နှစ်တစ်တန်းမှန်မှန်





အောင်ခဲ့ကြသည်။ 'ဖြူစင်' ဆိုရင် ဆေးတက္ကသိုလ်ဝင်ခွင့်ရအောင် အချိန်ပြည့်ကြိုးစားရမည်။ ကျူရှင်တက်နိုင်လောက်အောင် 'ဖြူစင်' တို့အခြေအနေအားမရှိပါ။

မြို့ထဲကိုအသွားအပြန်စရိတ်၊ ကျူရှင်စရိတ်။ အို တစ်နေ့တစ်နေ့ ထမင်းတောင်နပ်မှန်အောင် စားနေရတာ။ ခုတလောဆိုရင် ပိုဆိုးသေးသည်။ ဒီကြားထဲမေမေက ဝက်တွေကြက်တွေမမွေးချင်တော့ပါ။ ဘုရားလည်းမကြိုက်ဘူး၊ သွားလေသူဖခင်ကြီးလည်း မကြိုက်ဘူးဟုဆိုကာ အားလုံးကိုရောင်းပစ်၍ ခြံလုပ်ငန်းထဲထည့်ပစ်လိုက်သည်။

"ဘာလဲ ပိုက်ဆံကုန်မှာစိုးလို့ မတက်ချင်တာလား... မလိုက်နိုင်ရင် တက်ရမှာပဲ"

"ရပါတယ် ကိုကြီးရာ... 'ဖြူစင်' ကျူရှင်မတက်ဘဲနဲ့ အမှတ်ကောင်းအောင်ကြိုးစားပါ့မယ်"

"အေး ငါ့ကိုတော့ အားနာစရာမလိုဘူး... ဒါငွေလိုရင် ဦးလေးလှ' က အချိန်မရွေးယူလို့ပြောထားတယ်"

"သူများငွေနဲ့တော့ စာမသင်ချင်ပါဘူး ကိုကြီးရာ... တစ်နေ့လက်ညှိုးထိုးပြီး အပြောခံရမှာသေချာတယ်... အထူးသဖြင့် ဦးလေးလှ' သား 'မြတ်သာ' ဟာ ကွယ်ရာမှာ သိပ်စကားကြီးစကားကျယ် ပြောတတ်တာ... တော်ကြာ ယူတာကနည်းနည်း ပြောတာကများများ ဖြစ်နေပါ့မယ် ကိုကြီးရာ... 'ဖြူစင်' အတွက် ဘယ်သူ့ဆီကမှ အကူအညီမတောင်းနဲ့နော်... 'ဖြူစင်' ဘာသ 'ဖြူစင်' ဖြစ်အောင်လုပ်ပါ့မယ်"

"အေး အဲဒီ မာနမျိုးရှိတာကောင်းတယ်... မြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ် ညီမလေး ဖြစ်အောင်လုပ်… ညည်းခေါင်းထဲမှာ လောလော ဆယ်ဆေးကျောင်းတက်ဖို့ရယ်… ကျန်းမာရေး ဂရုစိုက်ဖို့ရယ်ပဲ စဉ်းစား… ကျန်တာ ဘာမှမစဉ်းစားနဲ့… လိုအပ်တာမှန်သမျှ ကိုကြီးကိုပြော… အဆင်ပြေအောင် အားလုံးလုပ်ပေးမယ်"

"ဟုတ်ကဲ့ ကိုကြီး"

'ဖြူစင်'က ကိုယ့်ဘက်က တာဝန်ကျေအောင် ကြိုးစားသလို ကိုကြီးက 'ဖြူစင်' အတွက်ဖတ်စရာမှတ်စရာ ဗဟုသုတများကို 'ဖြူစင်' ဖတ်ရလွယ်အောင်မှ ရုံးမှာလက်နှိပ်စက်ဖြင့် ရိုက်လာပေးသည်။ အထူးသဖြင့် ကျူရှင်မှ စပယ်ရှယ်ထုတ်ဝေသော ဓာတု၊ ရူပ၊ အင်္ဂလိပ်နှင့် ဖတ်သက်သော မှတ်စုစာအုပ်များကိုယ်တိုင်အားလုံးကို ဝယ်ထားနိုင်ခြင်း မရှိသည့်အတွက် ညီမဖြစ်သူ ဖတ်စေချင်၍ သူများထံမှ ခေတ္တငှားကာလက်နှိပ်စက်ဖြင့် ရိုက်ပေးတတ်၏။

ကိုကြီးနှင့်ယှဉ်တော့ အစ်မဖြစ်သူသည် ပေါ့ပေါ့ဆဆနေတတ်သူဖြစ်နေသည်။ သူမ အနေဖြင့်ဘွဲ့ရလျှင် အလုပ်ရလျှင် သူမ ဘဝအတွက်ပြည့်စုံပြီ ဂုဏ်ရှိပြီဟုထင်ထားပုံရသည်။ အစ်ကိုကြီး အဖရာဆိုသလိုညီမငယ်ကိုတင် မဟုတ်ဘဲ ညီမအကြီးကိုလည်း ကိုကြီးကမျက်ခြေပြတ်မခံ။

"မြင့်ရီ"

ခေါ်သံနှင့်အတူ ညီအစ်မနှစ်ယောက်အတွက် ဝါးထရံဖြင့်ကာပေးထားသော အခန်းလေးထဲသို့ကိုကြီးရောက်လာသည်။ 'မမြင့်ရီ' ကထင်းရှူးပုံးပေါ်တွင် တင်ရေးလက်စစာအုပ်တစ်အုပ်ကို ပေါင်ပေါ်သို့ဝှက်ရင်း အစ်ကိုဖြစ်သူကို မလုံမလဲ ပြုံးတူးပြတဲ





လှမ်းကြည့်နေသည်။

"နင့်အတွက်အနှောင့်အယှက် ဖြစ်သွားမယ်ဆိုရင် ဆောရီးပဲ"

ကြိုးစားသော၊ တည်ကြည်သောဒကိုကြီးကို 'မြင့်ရီ' ကြောက်သည်။ အထူးသဖြင့် အိုးမလုံ၍ အံ့ပွင့်ချင်နေသည်။ 'မြင့်ရီ' မှာ ချစ်သူရှိသည်။ မော်လမြိုင်ကောလိပ်ရောက်မှ တွေ့ခြင်းဖြစ်သည်။ ပဲခူးမှကျောင်းလာတက်သော တတိယနှစ်ကျောင်းသား 'ထွန်းမြင့်' ဖြစ်သည်။

"နင်နဲ့ ပဲခူးက 'ထွန်းမြင့်' ဆိုတဲ့ကောင်လေးနဲ့ ဘာလိုလိုဖြစ်နေတာငါသိတယ်"

'မြင့်ရီ' တစ်ကိုယ်လုံးတောင့်တင်းသွားပြီး မျက်နှာကိုလည်း ဝှက်ထားမိသည်။

"နင်တက်နေတဲ့ကောလိပ်ကျောင်းက ငါတို့အိမ်နဲ့အဝေးကြီးမဟုတ်လား… မနှစ်ကတည်းကသိတယ်… နင်ကျောင်းပြီးရင်ဘာလုပ်မယ်စိတ်ကူးသလဲ"

"ကိုကြီး ဘာလုပ်စေချင်လို့လဲ"

"ငါကတော့ရွာမှာ ဆရာ ဆရာမနည်းနေတော့ ဆရာမပဲပြန်လုပ်စေချင်တယ်… ရှေ့နှစ်ဆို မူလတန်းကျောင်းတစ်ကျောင်း ထပ်တိုးမှယ်ကြားတယ်"

တမင် သူမ အကြံအစည်ကို သိလိုသဖြင့်ပြောလိုက်ခြင်းဖြစ်သည်။ 'မြင့်ရီ' စဉ်းစားတွေဝေနေရပြီ။ ချစ်သူ 'ကိုထွန်း' က ပဲခူးတွင်ဖြစ်ဖြစ်၊ ရန်ကုန်တွင်ဖြစ်ဖြစ်အလုပ်ဝင်လုပ်ဖို့ ပြောထားသည်။ လက်မထပ်ခင်အဆောင်မှာနေပြီး ထမင်းကို 'ကိုထွန်း'



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်မှ ချိုင့်ဖြင့်ပို့ပေးမည်ဟု ပြောသည်။

ထိုအစီအစဉ်ကို အမေ့ကိုပြောပြဖူးသည်။ အမေက နင့်အစ်ကိုကြီးသိရင် သတ်လိမ့်မယ်ဟု ပြောသည်။ ထို့ကြောင့် အစ်ကိုကြီးသိမှာကြောက်သည်။

"ဘယ်လိုလဲ 'မြင့်ရီ' ရွာမှာကျောင်းဆရာမ မလုပ်ရင် တောင်ငူလိုမြို့ထဲမှာအလုပ်လုပ်... ညအာက်ကလေးတွေ စာပြပေးလည်းရတာပဲ"

"ဟုတ်ကဲ့"

နောင်ဖြစ်ချင်တာဖြစ်၊ ခုဆူမခံရအောင် ဖြေလိုက်ရခြင်းဖြစ်သည်။ ချစ်သူ 'ကိုထွန်း' ကတော့ ပဲခူးမှာရော ရန်ကုန်မှာရော အမြန်ဆုံးအလုပ်ရအောင် လုပ်ပေးနိုင်သည်ဟု ပြောထားသည်။ ကျောင်းပြီး၍တစ်လလောက်နေလျှင် အဆောင်ရှာထားမည်။ ရန်ကုန်ကိုလာခဲ့ဖို့ပြောထားသည်။

ခုတော့ ကိုကြီးသတိပေးမှ မိမိသည်တကိုယ်ကောင်းဆန်သူတစ်ဦးဖြစ်မှန်း ကိုယ့်ဘာသာကိုယ်သိလာသည်။ အိမ်အတွက် မိသားစုအတွက် ရပ်ရေးရွာရေးအတွက် မိမိလုံးဝမစဉ်းစားမိခဲ့ပါ။

"အေးကွာ... ငါ့ညီမဆီက အဲဒီအဖြေရမှရပါ့မလားလို့ စိုးရိမ်နေတာ.. ဝမ်းသာတယ်ဟာ... နင့် 'ထွန်းမြင့်' ကိုရော မေးကြည့်ပါလား... မော်လမြိုင်မှာပဲလာနေပြီး ငါတို့ရွာစာလာပြပေးပါလားလို့"

ထိုစကားကြောင့် 'မြင့်ရီ' ငိုချင်သွားသည်။ 'ထွန်းမြင့်' သည် မိမိတို့ရွာမှာစာလာပြဖို့နေနေသာသာ မော်လမြိုင်ကောလိပ်မှ ရန်ကုန်ဝိဇ္ဇာသိပ္ပံကိုပြောင်းချင်နေသူ။ ရန်ကုန်မှာသာပျော်





သူ။ ကိုကြီးအကြောင်း သူ့ချစ်သူကိုပြောဖူးသည်။ ရပ်ရေးရွာရေး ပညာရေးတွင်အလွန်စိတ်ဝင်စားကြောင်းကိုပေါ့။

"အပိုလုပ်တွေပါ 'ရီ' ရား... ကိုယ့်အတွက်အချိန်ကုန်ပြီး အကျိုးမရှိတဲ့အလုပ်ကိုများ ကိုယ့်ယောက်ဖကလုပ်နေရသေးတယ် ကိုယ့်တော့ ကိုယ့်ဘဝကိုဘယ်လိုတိုးတက်အောင်... ဘယ်လိုချမ်းသာအောင်... ကိုယ့်ချစ်သူနဲ့အမြန်ဆုံးအတူနေရအောင်ပဲ စဉ်းစားတယ်... တတ်နိုင်ရင် 'ရီ' တို့ကို တောင်ကြိုတောင်ကြားက မြို့ကြီးပြကြီးကို အဆင့်အတန်းမြင့်အောင် ပြောင်းစေတော့တာပဲ"

ထိုစကားကိုအလွန်ချစ်မြတ်နိုးရသော ချစ်သူနှုတ်မှများက ပြောလာချင်းဖြစ်၍သာ 'မြင့်ရီ' အောင့်သက်သက်ဖြင့် ငြိမ်နေလိုက်ခြင်းဖြစ်သည်။ ရင်ထဲတွင်ထောင်းကနဲ ဒေါ်ပွခဲ့ရတာအမှန်ပါ။ မိမိတို့ရွာကိုတောင်ကြိုတောင်ကြားဟုပြောခြင်းက မိမိကို စော်ကားခြင်းသာ မဟုတ်ပါလား။

'ကိုထွန်းမြင့်' ပြောသလောက်လည်း ခေတ်နောက်ကျ၍ မနေသေးပါ။ မလှမ်းမကမ်းမနီးမဝေးတွင် လေယာဉ်ပျံကွင်းကဟည်းလို့။ ဂျက်လေယာဉ်ကြီးတွေ၊ ဖော်ကာလေယာဉ်ကြီးတွေ ဆင်းတာ တက်တာကို တစ်ရွာလုံးမြင်ချင်မှအဆုံး။ ပညာတတ်တွေမွေးထုတ်ပေးသည့် ကောလိပ်ကြီးကလည်း ခန့်ညားလွန်းလှပါဘိ။

'ကိုထွန်းမြင့်' သည် 'မြင့်ရီ' ၏အလှကိုချီးကျူးတာကလွဲလျှင် ကျန်တာအကုန်ကဲ့ရဲ့တတ်သူ။ 'မြင့်ရီ' ကိုယ်တိုင်ကလည်း မိမိ၏အလှကိုချီးကျူးတာနှင့် သဘောကျကျေနပ်ပြီး ကျန်တာတွေချေပစ်တတ်သူ။ သို့သော် မွေးရပ်ဌာနေနှင့် မိသားစုကိုစွန့်



www.burmeseclassic.com

www.burmeseclassic.com



ခွာ၍ တခြားမြို့ရွာတွင် သွားရောက်နေထိုင်လိုသောဆန္ဒတော့ မရှိတာအမှန်။ အင်းလေ 'ကိုထွန်း' မိမိတို့ဆီမှာလာနေရင် ပိုကောင်းမှာပါပဲ။





၅

"ရှီ… ရှီ"

လေချွန်သံကြောင့် 'ဖြူ' လမ်းဇကိုလှမ်းကြည့်လိုက်သည်။ 'ဓာနည်' ကအားနေသောလက်တစ်ဖက်ဖြင့် 'ဖြူ' ကိုစလံရိုက်သွားသည်။ မျက်စိတစ်ဖက်ကိုမှိတ်ပြသွားသေးသည်။ ကျန်သောလက်တစ်ဖက်တွင် ကျိုးကန်းတစ်ကောင်ကို ဆွဲထားသည်။ သူဝေးဝေးကိုရောက်သည်အထိ 'ဖြူစင်' လိုက်ကြည့်မိသည်။

ကျောင်းချင်းမတူသဖြင့် 'ဓာနည်' နှင့်နေ့တိုင်းမတွေ့ရ။ တစ်ခါတလေသုံးလေးရက်ခြား တစ်ခါမြင်တွေ့ရသော်လည်း တစ်ခါတလေ တစ်လနှစ်လလောက်မမြင်ရ။ သူကတော့ရွာရိုးကိုးပေါက် လျှောက်သွားနေတတ်သူဆိုတော့ မိမိတို့ဘက်ကိုအဆောရောက်ချင်ရောက်မည်။ ခုတော့ တစ်ခါတလေ အိမ်ရှေ့မှာရှိသော်လည်း စာကြိုးစားနေရသူမို့ တစ်ခါတလေမိမိတို့အိမ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် တွက်စာကျက်စာများဖြင့် လုံးထွေးနေသူဖြစ်သည်။

'ဇာနည်' ကိုမြင်တော့ ရင်ထဲတုန်သလိုဖြစ်သွားသည်။ ဘာကြောင့်ရယ်မသိပါ။ အမေတို့အစ်မတို့က 'ဇာနည်' ကိုခေါ်လျှင် အသေပဲဟုကြိမ်းထားသဖြင့် 'ဇာနည်' ကိုတစ်ခါတလေသတိရပေမယ့် သူ့ဘက်ကို သူမသွားခဲ့ပါ။ အင်း 'ဇာနည်' နှင့်တွေ့မည်စိုး၍ အမေဝက်တွေရောင်းပစ်တာများလားဟု မအူမလည်တွေးမိသေးသည်။

သူနှင့်မတွေ့ရတော့သော ခြောက်လအတောအတွင်းတွင် 'ဖြူစင်' အသိတရားတစ်ခုထပ်တိုးလာသည်။ အမေတို့အူတိုသည့်ကိစ္စလည်း ရိပ်မိသိရှိလာသည်။ 'ဖြူစင်' အပျိုဖြစ်ပြီ။ အပျိုဖြစ်သော မိန်းကလေးများ၏ ဘဝသည် အလိုလိုကမ္ဘာကျဉ်းသွားသည်။ အပျိုမဖြစ်ခင်က ယောက်ျားလေးတွေနှင့် နပန်းလုံးနေခဲ့သောမိန်းကလေးများသည် အပျိုဖော်ဝင်သောအခါ ရှိုးတိုးရှန့်တန့်ဖြင့် ယောက်ျားလေးများကိုအဝေးက ရှောင်သလိုပုန်းသလိုလုပ်တတ်လာသည်။

ဤသို့ဖြစ်ရခြင်းမှာ လူကြီးများ၏ခြောက်လှန့်မှုကြောင့်လော၊ သဘာဝကြောင့်လော။ 'ဖြူ' ကတော့ အပျိုဖြစ်လာတော့လည်း 'ဇာနည်' ကိုကြောက်မသွား၊ အခင်အမင်လည်းပျက်မသွား။

"အဲ 'ဇာနည်' မြင်ရင် ဘာပြောမလဲမသိဘူး"

'ဖြူ' တစ်ယောက်သူပြောသလို သိသိသာသာလှလာပြီ။ ခန္ဓာကိုယ်အချိုးအဆက်က အဖောင်းအပိန် အသွယ်အဝိုက်ဖြစ်လာပြီ၊ သို့သော် 'ဖြူ' ကိုယ်ဟန်က သွယ်သဖြင့်လည်းကောင်း အစားအသောက်သိပ်မမက်ခြင်း၊ အိပ်ရေးပျက်ခြင်းကြောင့် ဖ





ယောင်းတိုင်ဖြူဖြူလေးလို သွယ်လျသူဖြစ်သည်။ ကိုကြီးက ကိုးတန်းစာမေးပွဲအောင်လျှင် ဆရာ ဆရာမများထံမှ အမှတ်စာရင်းတောင်းကြည့်မည်ပြောထားသဖြင့် 'ဖြူ' ကျက်လိုက်ရတာ။

"စာကျက်တာ ရေးကျက်ပါလား... ငါ့သူငယ်ချင်းတစ်ယောက်ဆေးဝင်သွားတာရှိတယ်... သူစာကျက်တာကိုက တကယ်စမ်တကျတယ်... အကြမ်းစာအုပ်တစ်အုပ်ဝယ်ပြီး အဲဒီစာအုပ်ထဲမှာ ရေးလိုက် ကျက်လိုက်... ဘယ်ဘာသာကျက်ကျက် အဲဒီစာအုပ်ထဲမှာ ဒိုင်ခံရေးတယ်... ကျက်တယ်... ဘိုင်အိုကျက်ရင် ပုံတွေဆွဲပြီးကျက်တယ်... ရူပ ဓာတုအကုန်ပဲ... လက်ရေးလဲလှလာတယ်... ရေးကျက်ထားတဲ့အရှိန်က စာမေးပွဲကျတော့ လက်သွက်တယ်... အကျင့်ပါတယ်... သူအကြမ်းရေးကျက်ထားတဲ့စာအုပ်က တခြားလူတစ်ယောက်အတွက် ပြန်သုံးလို့ရလောက်အောင် သပ်ရပ်သန့်ရှင်းနေတယ်... ငါအကြမ်းစာအုပ်ဝယ်ပေးမယ် ကိုးတန်းနဲ့ ဆယ်တန်းကြားမှာ အားနေရင်အင်္ဂလိပ်စာလေ့လာ... စာလုံးပေါင်းတွေကျက်"

"ဟုတ်ကဲ့"

ကိုးတန်းအောင်သောနေ့တွင် ဖြစ်သည်။ အောင်စာရင်းကြည့်ပြီးအပြန် ကားပေါ်တွင် 'ဇာနည်' နှင့်တွေ့သည်။ ထုံးစံအတိုင်း သူ့ပုံစံကညှင်းဆိုးဆိုး။

"နှင် ဘယ်ကပြန်လာတာလဲ"

"ကျောင်းက"

"ဘာသွားလုပ်တာလဲ"

"အောင်စာရင်းသွားကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



"အောင်တယ်မဟုတ်လား"

"အင်း...."

"နင်မှမအောင်ရင် ဘယ်သူအောင်မှာလဲ"

ကားပေါ်ကလူတွေနှင့်မို့ 'ဖြူ' ရှက်သည်။ လူကကျပ်ညပ်နေသဖြင့် 'ဇာနည်' နှင့်အလွန်နီးကပ်နေသည်။ 'ဇာနည်' သ... လွန်ခဲ့သည့် နှစ်နှစ်နီးပါးက 'ဇာနည်' မဟုတ်တော့။ အရမ်းတား နေပြီ။ သူ့အသံတွေကလည်း ဩသလိုလို ပြာသလိုလိုနှင့်

"နင်ကလည်း ငါ့ကိုအဖက်တောင်မလုပ်ဘူး... နင့်အမေ ဆူထားလို့လား"

"အင်း..."

"နင့်ကိုငါဘာလုပ်လို့လဲ"

"ဘာမှမလုပ်ပါဘူး... ဒါပေမဲ့ နင်ကအရမ်းဆိုးတယ်လို့ သတင်းကြီးနေတာကိုး"

"ငါ့ကိုအဲလိုပြောလေ ငါက ဆိုးလေပဲ"

"နင်ယိမ်လိမ်မာမာနေပေါ့"

"ငါ ဘာဖြစ်နေလို့လဲ"

"နင် ခဏခဏရန်ဖြစ်တယ်ဆို... ကောင်မလေးတွေအရမ်းနောက်တယ်ဆို"

"ကောင်မလေးတိုင်းကိုမနောက်ပါဘူးဟာ... တစ်ချို့ ကောင်မလေးကျတော့ နောက်ချင်စရာကောင်းလောက်အောင် မျက်စိစပါးမွေးစူးစရာကောင်းလောက်အောင် ဗွာလွန်းလို့ အကဲ ပိုလွန်းလို့... ဟန်လုပ်လွန်းလို့... ရိုးရိုးတန်းတန်းကြည့်ရင်ပဲ သူတို့ ကိုပိုးတော့မလိုလို... လိုက်စကားပြောတော့မလိုလို ထင်ပြီး ရှုံ့တုံး





ရှုန့်တန့်ဖြစ်တဲ့သူကဖြစ်... မျက်စောင်းထိုး ခြေဆောင့်တဲ့သူ ဆောင့်... ထွက်ပြေးတဲ့သူကထွက်ပြေး... တစ်ချို့တော့လည်း ညိုမြလုပ်နေပြန်ရော... တကယ်ရွံစရာကောင်းတဲ့အရာတွေပဲ... ဒါကြောင့် ငါက ဘာပုံကြီးလဲဟလို့လဲပြောရင် ဒေါပွကုန်ရော"

"ငါလည်းစွာတာပဲ... နင် ဒီလိုပဲငါ့ကို ကွယ်ရာမှာပြောင် လှောင်နေတာပဲလား"

'ဇာနည်' က 'ဖြူစင်' မျက်နှာနုနုလေးကိုတွေတွေကလေး ငေး၍...

"နင်မစွာပါဘူး... နင့်ကိုဘယ်တုန်းကမှ လှောင်ခြင်း ပြောင်ခြင်းမရှိခဲ့ပါဘူး... အေး နင့်ကိုတော့ ဘာကြောင့်လည်းမသိ ဘူး... အကြွင်းမဲ့ခင်တယ်... ဘယ်လိုပြောမလဲဟာ ဖြူစင်ရိုးသား တဲ့နင့်ကို ချစ်လို့ခင်လို့စတဲ့နောက်တဲ့ သဘောတာလွှဲပြီး ရိုင်းစိုင်း တဲ့အပြုအမူမျိုးမထားခဲ့သေးဘူး"

ထိုစကားကြောင့် 'ဇာနည်' ကိုပို၍ ခင်တွယ်သွားသည်။

"နင်ကလည်း ခုတလောအပျိုသိုပ်လုပ်နေတာပဲ"

"ဟင် ဘာ ဘာဖြစ်လို့လဲ"

'ဖြူ' ကိုယ်လေးကျုံ့သွားပြီး မလုံမလဲရှက်ကိုးရှက်ကန်း ဖြင့်မျက်လုံးကလေးလှဲ့ရင်း ပြန်မေးမိသည်။

"အိမ်ထဲက အိမ်အပြင်ထွက်တာမတွေ့ရဘူး... အိမ်ရှေ့ မှာထိုင်နေရင်လဲခေါင်းငုံ့ပြီး စာဖတ်နေတာချည်းပဲ... အဲဒီ လောက်ကိုစာတွေဖတ်... နင့်ခါးလေးကုန်းသွားမယ်... လက်ပြင် ကုန်းသွားလို့ လှချင်လျက်နဲ့အရုပ်ဆိုးသွားမယ်... နင်ကတော် ပါတယ်ဟာ... ဘာလို့ဒီလောက် စာတွေနင်းကန်ကျက်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ… ငါလိုကောင်တောင်စာသိပ်မကျက်ဘဲနဲ့… တစ်နေ့တစ်ခေါက်မှန်မှန်ခွေးရုံနဲ့ အောင်သေးတာ… နင်ကတော့ အေးအေးဆေးဆေးအောင်ပါတယ်ဟာ"

"နင်ကညာဏ်ကောင်းတာကိုး… ငါတို့ကကျက်နိုင်မှတော်ရုံကျမှာ မရှိမဲ့ရှိမဲ့ကျောင်းထားကြတယ်… တစ်နှစ်ကျရင် အိမ်အတွက်အများကြီးနစ်နာနိုင်သလို… နောက်နှစ်ဆက်မထားရင် ငါ့အတွက်ဝမ်းနည်းစရာဖြစ်လာမှာ"

မှတ်တိုင်ရောက်ပြီဖြစ်၍ ဆင်းခဲ့ကြသည်။

"နင် ငါ့ကိုခင်ရင်ရေအိုင်ဘက် အားတဲ့အချိန်… သတိရတဲ့အချိန်လာခဲ့ပါလား… နင့်ကိုခင်ရတာလဲ ရည်းစားထားရတာကျနေတာပဲ… တွေ့ရမြင်ရဖို့ တာကယ်မလွယ်ဘူး"

"အဲဒီလိုဖြစ်ကုန်တာ ငါ့အပြစ်မဟုတ်ဘူး… နင့်အပြစ်သိလား… နင့်ကောင်းသတင်းက ဒီပတ်ဝန်းကျင်မှာ မွှေးပျံ့နေတော့ သိမ်းရှင်တိုင်းက နင်နဲ့သူ့သမီးတွေ သိသွားမှာသိပ်ကြောက်နေကြတာ"

'ဇာနည်' ကအရုပ်ဆိုးသွားလောက်အောင် မျက်နှာကိုရှုံ့ပစ်လိုက်ပြီး…

"ဂရုမစိုက်ပါဘူး… ကိုယ်ပျော်သလိုနေမယ်"

"အေး နေနေ… အဲဒီလိုနေလို့ နင့်ကိုလူတွေကရွံ့ကြောက်ဖြစ်နေတာ"

"ဘယ်သူရွံ့ရွံ့… မရွံ့ရွံ့… နင်မရွံ့ရင် မကြောက်ရင် ပြီးတာပဲ… ဘယ်သူ့ကိုမှသောက်ဂရုမစိုက်ဘူး"

"စကားပြောကလဲ သိပ်ရိုင်းစိုင်းတာပဲ"





"နင်ကလဲ ငါဘာလုပ်လုပ် အပြစ်လို့မြင်နေတာကိုး ငါဒီလိုပဲပြောတတ်တယ်… ဟန်လုပ်ပြီးမပြောတတ်ဘူး"

"ကဲ ငါပြန်မယ်… 'ဇာနည်' "

"နေပါဦးဟ… ငါတို့အိမ်လိုက်လည်ပါလား"

"အမယ်လေး တော်ပါပြီ… မလိုက်ပါရစေနဲ့"

"ဘာဖြစ်လို့လဲဟ… ဖြစ်နေလိုက်တာ… ကိုက်စားမှာကျနေတာပဲ… နင်ဟာခဲ့လေ ငါခင်သလောက်ငါ့အပေါ်မှာ သိပ်အထင်သေးတာပဲ"

"ဟာ အထင်သေးရင် မခင်သေးရင် ခုလိုစကားတွေပြောမနေဘူးသိလား"

"ဒါဆို ဘာလို့ငါ့ကိုရှောင်နေတာလဲ"

"မရှောင်ပါဘူး… ငါ စာဖိကျက်နေလို့ပါ"

"ဒါဆို တစ်ပတ်တစ်ခါ ရေအိုင်ဘက်ကိုလာခဲ့"

"ဟင် ဘာလုပ်ဖို့တုန်း"

"စကားပြောရအောင်လေဟာ… နင့်အိမ်ဘက်ကိုလာတော့လဲ နင့်ကအပျိုကြီးဂိုက်ဖမ်းနေတာ… သိပ်ဟန်မလုပ်နဲ့ဟာ ဟန်လုပ်တာဟာ ပင်ပန်းပြီးခင်မင်မှုကိုအတားအဆီးဖြစ်စေလို့ပဲ"

'ဖြူ' ကနှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုးပြီး…

"ငါဟန်လုပ်တတ်တဲ့ အစားမျိုးမဟုတ်ဘူး… ငါ့အိမ်ကကြိုက်လို့မလာတာ"

"ပြောပြပေါ့… ငါ့ကိုခင်တဲ့အကြောင်း"

"ရမလားဟ… အေး နင်တစ်နေ့ မိန်းမရပြီးသမီးမိန်းကလေးမွေးလာရင် ကိုယ်ချင်းစာတတ်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီအခါကျရင် နင်နဲ့ငါနဲ့အဖြစ်ကို ကိုယ်ချင်းစာပြီး ငါ့သမီးကိုလွှတ်လပ်ခွင့်ပေးထားလိုက်မယ်... ဘယ်လိုလဲဆိုတော့ ငါ့သမီးညည်းမှာ ရိုးရိုးတန်းတန်းခင်မင်တဲ့ ယောကျ်ားလေးသူငယ်ချင်းတွေ ဘာတွေရှိရင်ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ခင်မင်ခွင့်ပေးမယ်လို့ ပြောထားလိုက်မယ်"

"အေးပေါ့လေ... ပြောလား မပြောလား... ခွင့်ပြုလား မခွင့်ပြုလားဆိုတာ အဲဒီအခါကျတော့မှ သိရတာပေါ့"

"သိစေရမယ်... ငါမိန်းမယူလို့သမီးလေးမွေးရင် နင်နားစွင့်ထားပေတော့"

"အဟားဟား ကောင်းပြီ စိန်လိုက်... ကဲ ငါပြန်ပြီ"

"ငါရေအိုင်နားက မျှော်နေမှာဗျို့"

"ငါ့ကိုယ်ငါ မပိုင်ဘူးလေဟာ"

"လာချင်လာ မလာချင်နေဟာ... ငါ့ဘာသာတစ်ယောက်တည်းစောင့်တော့ ဘာတတ်နိုင်သေးလဲ"

တစ်ယောက်တည်း အော်ကြီးဟစ်ကျယ်ဒေါ်ပွ၍ ကျန်ရစ်ခဲ့သော 'စာနည့်'ကို အဝေးကြီးရောက်မှ 'ဖြူစင်' ကလက်ညှိုးလေး ကွေးချည်ဆန့်ချည်ဖြင့် ကရော်ကရော်လုပ်ပြီး လျှာထုတ်လိုက်သဖြင့် 'စာနည်' ပို၍ဒေါ်ပွကာ အနီးရှိခဲတစ်လုံးကိုကောက်ပြီး လှမ်းပစ်လိုက်သလို လက်သီးလည်းထောင်ပြသေးသည်။

ညနေတိုင်းရေအိုင်လေးဆီ သွားချင်စိတ်များ မကြာခဏဖြစ်ပေါ်နေမိသည်။ 'စာနည်' များစောင့်နေမလားဟု အတွေးပိုမိသည်။ ကျောင်းပိတ်ထားသော်လည်း 'ဖြူစင့်' အတွက်လုံးဝမအားပါ။ ကိုကြီးအင်္ဂလိပ်စာနှင့် သုတပဒေသာစာအုပ်များ ငှား





သာ၍ ဖတ်ခိုင်း၊ ကျက်ခိုင်း၊ မှတ်ခိုင်းသလို ညဘက်များတွင်လည်း သူနှင့်အတူကလေးများကို စာပြခိုင်းထားသည်။

နေ့ခင်းဘက်တွင်လည်း ဖေဖေနှင့်အတူခြံထဲဆင်းရသည်။ တစ်ခါတစ်ခါ 'မမြင့်ရီ' ကအင်္ကျီချုပ်နည်းသင်ပေးပြီးတော့ မရှိသဖြင့် ညီအစ်မနှစ်ယောက် အင်္ကျီတစ်ထည်လုံးကိုလက်ဖြင့်ချုပ်ကြ၏။ စိတ်ရှည်ခြင်း၊ သပ်ရပ်ခြင်းတို့ကြောင့် 'မမြင့်ရီ' ချုပ်ထားသောအင်္ကျီသည် ဆိုင်မှာချုပ်ထားသလားထင်ရအောင် ကောင်းမွန်တတ်သည်။

ညီအစ်မနှစ်ယောက်လုံးရော တစ်အိမ်လုံးပါအပြင် ခင်ခင်သူများကို 'မမြင့်ရီ' ကချုပ်ပေးတတ်သည်။ ယခုတလော 'မမြင့်ရီ' ကို ကြည့်ရသည်မှာ သိပ်ကြည်ကြည်လင်လင်မရှိ။ အခင်နှမသုံးယောက်ထဲတွင် 'မမြင့်ရီ' သည် ပိုအေး ပိုအနေအထိုင်ကျပ်သူဖြစ်၍ သူ့အကြောင်းကိုအားလုံးသိဖို့မလွယ်လှ။ 'ဖြူစင်' ကိုကလေးအရာသာထားသဖြင့် သူ့ကိုယ်ရေးကိုယ်တာကိုအေးမိတိုင်း 'ဖြူစင်'ကိုမျက်နှာထား ခပ်တည်တည်ဖြင့်...

'နင့်အလုပ်လား... ကလေးကလေးလိုနေပါလား' ဟုပြောတတ်သည်။ 'ဖြူစင်' က ကလေးမှမဟုတ်တော့တာ။ နည်းနည်းပါးပါးတော့ ရိပ်မိပါတယ်နော်။ 'မမြင့်ရီ' ဆီကိုဟိုတစ်နေ့ကစာတစ်စောင်ရောက်လာပေးသွားတာ 'ဖြူစင်' တွေ့လိုက်သားပဲ။ အဲဒီစာဖတ်ပြီးကတည်းက အစ်မရဲ့နဂိုတည်တဲ့မျက်နှာလေးဟာပိုပြီးမှုန်ကုတ်သွားခဲ့တာပါပဲ။

သူများစာတွေ ဘာတွေဖောက်ဖတ်တာ ခိုးဖတ်တာ 'ဖြူစင်' ဝါသနာမပါတာအမှန်။ သို့သော် အစ်မအရင်းခေါက်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံးကို စိတ်ဆင်းရဲအောင် ရေးလိုက်တဲ့စာကိုတော့ ဖတ်သင့်ကြည့်တယ်လို့ ဖြူစင် ထင်တယ်လေ။ ဒါကြောင့်...

အချစ်ဆုံး 'ရှိ'

'ကိုထွန်း' စာရေးလိုက်တယ်။

နေ့တိုင်းတွေ့နေရတဲ့ ချစ်သူ့မျက်နှာလှလှလေးကို မတွေ့ရတော့မှ ပိုလွမ်းရမှန်းသိလာတယ်၊ ပြီးတော့လည်း တွေ့ချင်လာတယ်။

အချစ်ရေးလိုက်တဲ့စာကိုရပြီး 'ကိုထွန်း' ပထမတော့ စိတ်ဆိုးမိတယ်၊ ဒါပေမဲ့ တဖြည်းဖြည်း ခွင့်လွှတ်သဘောပေါက်လာမိတယ်။

'ကိုထွန်း' ကိုတစ်ဖက်သတ်ဆန်တယ်လို့ အချစ်ထင်မယ်၊ စဉ်းစားကြည့်လေ ကိုယ့်ချစ်သူကို ကိုယ်နဲ့ နီးနီးနားနားရှိစေချင်တာ၊ မြို့ပေါ်မှာနေစေချင်တာ ကိုယ့်အပြစ်လား။

အချစ်ပြောသလို မော်လမြိုင်မှာအလုပ်ဝင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးထင်တယ်၊ 'ကိုထွန်း' လိုမြို့ပေါ်ကလူကို အချစ်ကတောထဲမှာ ခေါ်ထားရက်သလား၊ ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲလုပ်ပါလို့ တောင်းပန်ချင်ပါတယ်၊ 'ကိုထွန်း' ကတော့ အချစ်ကိုရန်ကုန်မှာ နေစေချင်တယ်၊ အမြန်ဆုံးလာခဲ့ပါလို့လဲ တိုက်တွန်းချင်တယ်၊ လာမယ်ဆိုရင်လာကြိုမယ်။

အချစ်စာထဲမှာပါလာသလို ပြန်ရေးရင်တော့...





မောင့်ကို တကယ်ချစ်တယ်ဆိုရင် မောင့်ဆီကိုအမြန်လာခဲ့ပါ။

အချစ်များစွာဖြင့်...

'ကိုထွန်း'

ဩော် ဤစာကြောင့် မမစိတ်ညစ်နေခြင်းကိုး။ ကိုယ့်ဘက် ကိုယ်ယက်၍ပြောနေရင်တော့ မမကိုချစ်ရင် ချစ်တဲ့ဆီမှာလာနေပေါ့၊ ဟုတ်ဘူးလား။ အင်း ကိုယ်တိုင်က အချစ်ရေးကိုနားမလည်သေးတော့ မမကိုအပြစ်တင်မိသည်။ ဒီစာလေးလာတာနဲ့များ အဖြစ်သည်းနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



# ၆

ရေစပ်တွင် 'ဓာနည့်' ကိုတွေ့လိုက်ရသည်။ မီးတောက်အနည်းငယ်ရှိသော မီးပုံတစ်ခုကိုတွေ့ရပြီး၊ သူ့လက်ထဲတွင် တုတ်တစ်ချောင်းရှိပြီး ထိုတုတ်ဖျားတွင်ငါးတစ်ကောင်ကိုတွေ့ရသည်။ သူ့ဘေးတွင် ဓားတစ်ချောင်း၊လေးခွတစ်ခုနှင့် ပလတ်စတစ်အိတ်ထဲတွင် ထည့်ထားသော ဆားထုပ်လေးကိုတွေ့ရသည်။ သူ့ကို ကြည့်ရသည်မှာ တောထဲကမုဆိုးလိုလို၊ ကမ်းနားကတံငါသည်လိုလို။

ဖုတ်ပြီးသားငါးများကို ငှက်ပျောဖက်ထဲတွင် ထည့်သည်။ သစ်ကိုင်းခြောက်ကိုနင်းမိသဖြင့် 'ဓာနည်' နောက်ဘက်သို့လှည့်ကြည့်နေပြီ။

"ဟာ ငွေရောင်နှင်းတောထဲက 'ဖြူ' ပါလား... လာလေ





နင်ကလည်း တောင့်တောင့်ကြီးရပ်ပြီးဘာလုပ်နေတာလဲ... တကယ် မှန်တယ်ကွာ... တကယ်ပဲ"

'ဓာနည်' ဝမ်းသာအားရဖြင့် ပြောနေခြင်းဖြစ်သည်။

"ညက ငါအိပ်မက်မက်တယ်... ရေကန်ဘေးမှာ ငါးတွေကင်နေတုန်းနင်ရောက်လာပြီး ငါတို့နှစ်ယောက်ပျော်ပျော်ပါးပါးစားကြသောက်ကြရတယ်လို့... အခုမမှန်ဘူးလား... ဟောဒီနှစ်ကောင် နင့်အတွက်ဆိုပြီး ငါစပယ်ရှယ်ကင်ထားတာလေ"

'ဖြူစင်' လျှောက်လာခဲ့ပြီး သူနှင့်မျက်နှာချင်းဆိုင်တွင်ထိုင်သည်။ မျက်နှာချင်းဆိုင်ဆိုသော်လည်း ဟိုဘက်ရေစပ်နှင့်ဒီဘက်ရေစပ်တွင်ဖြစ်သည်။ အလယ်တွင် ဆယ်ပေကျော်ကျော်ရှိသောရေအိုင့်ကခြားနေသည်။ 'ဓာနည်' ကတအံ့တသြကြည့်ပြီး

"ဟာ ဒီနားလာထိုင်လေ... နင့်ကြီးတော်ကြီးမို့ အဲဒီဘက်မှာသွားထိုင်နေရတာလား... နင်လဲ တဖြည်းဖြည်း ငါမုန်းတဲ့ကောင်မလေးတွေအချိုးနဲ့ တူတူလာပြီ... ငါနင့်ကိုခင်တာ နင့်ရဲ့ ရှင်းလင်းရိုးသားမှုကိုခင်တာနော်... ဟန်လုပ်လာရင် နင်နဲ့ငါ တည့်မှာမဟုတ်တော့ဘူး"

"မတည့်တော့ ပိုတောင်ကောင်းသေးတယ်"

"နင် ဘာဖြစ်နေတာလဲ... မျက်နှာလည်းပုပ်သိုးနေတာပဲ"

"နင့်ကို ပြောစရာရှိလို့လာတာ"

"ပြောပေါ့ဟ... လာပါ... ဒီမှာလာထိုင်ပြီး စားသောက်ရင်းပြောရအောင်"

"အို မစားချင်ပါဘူး... နင်သာ မရှုံမရှာ မကြောက်မရွံ့

www.burmeseclassic.com



စား"

"ဟ ဘာကိုရှုံ့ရမှာလဲ... ဘာကိုကြောက်ရမှာလဲ"

"အိုး ဒီကန်ထဲကငါးကိုဖမ်း... ဒီနေရာမှာသတ်ပြီး စားတာ မဟုတ်ဘူးလား"

"အေးလေ ဘာဖြစ်လဲ... အဲဒါနင်တို့ဈေးက ဝယ်ချက်တဲ့ ငါးတွေလဲ ဒီလိုပဲဟာ"

"အို ငါတို့ကအသေကိုဝယ်လာတာ... နင့်လို ဒီမှာဖမ်း ဒီရေနဲ့ဆေး ဒီနားတင်ထုသတ်ပြီး ဒီနားတင်မီးဖုတ်ပြီး မစားရဲပါဘူး... ငရဲအိုးကျိုးကပ်မယ့်လူမျိုးဆိုတာ နင့်လိုလူပေါ့"

"အောင်မာ ငါ့ကိုယ်သာပြောတယ်... နင်ကျတော့ရော ဝက်တွေ ကြက်တွေကို မြန်မြန်အသတ်ခံရအောင် ဝ,အောင်အများကြီးကျွေးပြီးသတ်တဲ့ မိန်းမ"

"အို အမြန်သေစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာမဟုတ်ဘူး... မရှိလို့လုပ်စားရတာ... နင်လိုမှတ်နေသလား... အခုလဲ ဝက်ရော ကြက်ရောအကုန်ရောင်းလိုက်ပြီ"

"အလကား အတွေးခေါင်နေတာ"

"အို နင်စဉ်းစားကြည့်ပါလား... ဒီဘဝမှာ ဒီငါးကိုသတ်မိတဲ့အတွက် တခြားဘဝမှာ ကိုယ်ကငါးဖြစ်ပြီး ပြန်ထုသတ်ခံရမှာကိုကြောက်တယ်"

"ဟား ဟား ဟား တကယ့်ဟာသပဲကွာ... ဟား ဟား ဟား ဘယ်ဘဝမှာ ငါကငါးပြန်ဖြစ်မှာလဲ... ငါ့အသက်ဆယ့်ငါးနှစ်ပြည့်ပြီးပြီ... နောက်ထပ်မနေရဘူးဆိုရင် နှစ်ပေါင်းလေးငါးဆယ်... အကြာကြီး အကြာကြီးနေရဦးမယ်... အဲဒီလောက်အ





ကြာကြီး နေရမှာကိုတွေးပြီး ငါ့ဖြင့်စိတ်များတောင်ကုန်လာပြီ...

"ဒီဘဝအတွက်တောင်ကြာလို့ စိတ်ညစ်နေရတဲ့ကောင်နဲ့ နောင်ဘဝတွေအတွက် တွေးပူနေတဲ့ငနံမလေးနဲ့တော့ တွေ့နေပြီဗျာ... နောင်ဘဝမှာဖြစ်မှာများ ဒီဘဝကတည်းက ကြောက်နေသလား 'မိဖြူ' ရာ... နောက်ဘဝရှိတာရော သေချာလား... ကဲ ရှိခဲ့ရင်ရော နောက်ဘဝမှာဖြစ်တာကို ဒီဘဝက ငါက ဘယ်လိုခံစားရမှာလဲ... အလကားခေါင်းရှုပ်စရာအတွေးတွေ... အပိုတွေတွေးမနေနဲ့... ခုမှကြီးကျယ်လို့ဗျာ... ဝက်တွေ ကြက်တွေ ရောင်းပြီးလို့ ပြောအားရှိသွားပြီးကိုးဗျ... ဟား ဟား ဟား"

"အကောင်းစေတနာနဲ့ ပြောတာကို ဘာလျှောင်တောင်တောင်လုပ်နေတာလဲ... နင်တို့ ငါတို့မပြောနဲ့... ဂေါတမမြတ်စွာဘုရားတောင် ရှေးဘဝကပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်အကျိုးအပေးကို နောင်ဘဝ ဘဝတွေမှာပြန်ခံစားရတယ်လို့ ငါ့အဘိုးမသေခင်က ခဏခဏပြောလို့ ငါနားလည်နေသလို နင့်ကိုလဲမှာပါစေတော့ရယ်လို့ စေတနာနဲ့ပြောနေတာဟဲ့... ကြားရဲ့လား"

"ဟုတ်လား... နင့်အဘိုးကပြောပြတယ်လား... နင်ကလဲ ငါ့ကိုစေတနာထားပြီး ပြောပြမယ်လား... ဒါဆိုရင် ငါကနားထောင်မှာပေါ့ဟ... ကဲ ပြောစမ်းဗျာ"

"မနောက်နဲ့နော်... ငါအခုပြန်မှာ"

"ဟာ ဘယ်မှာနောက်နေလို့လဲ... နားထောင်ပါမယ်လို့ ပြောနေတာရော... ငါ့ဆိုတကယ်အပြစ်မြင်ချင်တာကိုးဟ"

"ဟိုးတလောက နင် တို့အိမ်ရှေ့ ဖြတ်သွားသေးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ နင်တို့အိမ်ရှေ့ကို ငါနေ့တိုင်းဖြတ်နေတာ… တစ်ခါတလေ သုံးလေးခေါက်လောက်တောင် ရောက်တယ်… ငါ့လိုကောင်က ရှားရိုးကိုးပေါက်လျှောက်သွားနေတဲ့ အကောင်"

"နင့်ဟာနင့် ရှာရိုးကိုးပေါက်မကလို့ တစ်ကမ္ဘာလုံးပဲပတ်ပတ်… အဲဒီအခေါက်တုန်းက နင့်လက်ထဲမှာ ကျီးကန်းတစ်ကောင်လေးခွနဲ့ပစ်ထားတယ်လေ"

"ဩော် ဩော် ဩော်… ဟုတ်ပြီ ဟုတ်ပြီ"

'ဇာနည်' ကစပ်ဖြဲဖြဲမျက်နှာဖြင့် ခေါင်းတညိတ်ညိတ်လုပ်လေသည်။

"တွေ့သမျှအကောင်တွေ သတ်စားနေတော့တာပဲလား"

"တွေ့သမျှတော့ မစားပါဘူးဟ… တစ်ခါတလေ လက်စမ်းတဲ့သဘောနဲ့ ပစ်ကြည့်ရင်းထိလို့ အောက်ကိုပြုတ်ကျရင် သေသလား ရှင်သလားကြည့်တယ်… သေရင်တော့ စာကလေးရော ကျီးကန်းရော… လင်းတရော… ဂျွန်ရောအကုန်စားတာ… အေးကျိုးရုံပုံရုံလောက်ဆိုရင်တော့ မစားပါဘူး"

'ဖြူစင်' က 'ဇာနည့်' ကိုရွံရှာသောမျက်နှာလေးဖြင့်ကြည့်ရင်း…

"နင်တော့ ဒုက္ခပါပဲ… ဝဋ်လိုက်တော့မှာပဲ"

"လာပြန်ပြီ ဒီဝဋ်… နောက်ဘဝမှာလည်တာ… လည်ပါစေပေါ့… နောက်ဘဝအထိလိုက်ကြည့်နိုင်တာ ကျနေတာပဲ"

"အမေ့…"

ဖားပျံတစ်ကောင် 'ဖြူစင့်' ပေါင်ပေါ် ဖြတ်ကနဲခုန်၍လာကပ်သဖြင့် လန့်ပြီးအော်မိသလို မျက်နှာကိုလွှဲထားလိုက်မိသည်။

"ဝက်တွေ ကြက်တွေတော့မကြောက်ဘဲ ဖားပျံကျတော့ကြောက်ပြန်ရောလား… ကဲ မင်းတို့ကလဲတော်တော်ကဲ… လာခဲ့စမ်း ကိုယ့်နေရာကိုယ်သွား"

ပါးစပ်ကလည်းပြောသလို လက်ကလည်း 'ဖြူ့' ပေါင်တွင်ကပ်နေသော ဖားပျံကိုဆွဲယူလိုက်ပုံရသည်။

"မရှိတော့ပါဘူးဟ… မျက်နှာကလည်းလွှဲထားလိုက်တာ'

"ဘယ်ရောက်သွားလဲ"

"စိတ်ချ စိတ်ချ… လုံခြုံရာမှာထားလိုက်ပြီ"

"ဘယ်မှာလဲ"

"နင်ကလည်းဟာ… ရှည်ရန်ကော… စိတ်ချသာထိုင်… ဟိုဇလုံအောက်ထဲမှာ"

"ဟောတော့"

'ဇာနည့်' နောက်မလှမ်းမကမ်းတွင် အရောင်အဆင်းမရှိသော သံချေးတက်နေသော ဇလုံအစုတ်တစ်လုံးကို မှောက်လျက်တွေ့ရသည်။ ထိုထဲသို့ဖားပျံကိုထည့်၍ အုပ်ထားခြင်းဖြစ်သည်။

"ဟင်း ခက်တော့တာပါပဲ 'ဇာနည်' ရယ်… နင့်ဟာကဘာလုပ်လုပ် အကုသိုလ်မကင်းဘဲ ဝဋ်လိုက်မယ့် အလုပ်တွေချည်းပါပဲလားဟ… သက်ရှိသတ္တဝါတွေကို အဲဒီလိုချုပ်နှောင်ထားရင် ကိုယ်လည်းဝဋ်လိုက်တတ်တဲ့ဟဲ့"

"နင့်အဘိုး ဒီနေတော့ငါ့ကိုဝဋ်လိုက်မယ့်သင်ခန်းစာပို့ချဖို့အမိန့်ပါလာတယ်ထင်တယ်နော်"

"လွှတ်ပေးလိုက်ပါဟာ"





ကြောင်နစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အမိ... လွှတ်ပေးလိုက်ရင် အဲဒီဖားပျံတစ်ကောင် တည်းထွက်လာမယ်ထင်သလား"

"ဟင် အထဲမှာဘာတွေရှိသေးလို့လဲ"

"ဖားသုံးကောင်... ခရုလေးကောင်"

"ကဲ ငါတော့ပြောကိုမပြောချင်တော့ပါဘူး... အကုသိုလ်ကိုယ်တော်ကြီးရယ်... အဲဒါတွေဘာလုပ်ဖို့ အုပ်ထားတာ တုန်း"

"ငါငါးမျှားနေတာကြာလှပြီ... ဖားတွေရော... ခရုတွေ ရော... ငါ့နားမှာ လာရှုပ်နေလို့ ထောင်သွင်းအကျဉ်းချထားလိုက် တယ်ဟေ့... သိပြီလား သူတော်ကောင်းမလေးရဲ့"

"လွှတ်ပေးလိုက်စမ်းပါဟာ... ငရဲကြီးလိမ့်မယ်"

"လွှတ်ပေးမှာပေါ့ဟ... အခုတော့ခဏနေဦး... ပြန်ကာ နီးကျမှ လွှတ်ပေးမယ်"

"ဒီမှာ... နင် 'ရွှေမိ' ကိုဘာသွားပြောလိုက်လဲ"

"ဘယ်က 'ရွှေမိ' လဲ"

"ဘာမသိချင်ဟန်ဆောင်နေတာလဲ... နင်တို့အတန်းထဲ က 'ခင်မိ' ကိုပေါ့"

"သြော် 'ခင်မိ' ကိုလား... ဘာမှမပြောပါလား... ဘာလဲ ငါကရည်းစားစကားပြောတယ်ပြောလို့လား"

"ရည်းစားစကားပြောတာ မပြောတာ ငါ့အလုပ်မဟုတ် ဘူး... ဘာကိစ္စ 'ရွှေမိ' ကိုအာချောင်ပြီးမှာတာလဲ"

"ဘာမှာတာလဲဟ... ရှင်းရှင်းပြောစမ်းပါ"

"နင် စာမေးပွဲအောင်စာရင်းထွက်တဲ့နေ့ကျရင် ငါ့ကိုလာ





တွေ့ဖို့ မှာလိုက်တယ်မဟုတ်ဘူးလား"

"သြော် ဒါလား... ဟုတ်တယ်လေ... ဘာဖြစ်လဲ"

"ဟဲ့ ဘာဖြစ်ရမှာလဲ... နင့်စကားဘယ်အဓိပ္ပါယ်ရောက် သွားသလဲဆိုတာ နင်ပြန်စဉ်းစားမိရဲ့လား... 'ရွှေမိ' တို့ကနင်နဲ့ငါ့ ကို ရိုးရိုးသားသားဟုတ်ကြရဲ့လားတဲ့... အချိန်းအချက်တွေဘာ တွေလုပ်လို့တဲ့"

"ဒါများဒေါပွစရာလားဟာ... ကိုယ်မဟုတ်ရင် မဟုတ် ဘူးပေါ့... ဟုတ်ရင်နာ မဟုတ်ရင်မနာနဲ့ပေါ့"

"ဘာဟုတ်ရင်နာလဲ... ကဲ ကဲပေါက်ကရပြောဦး"

သူ့ကျောကုန်းကိုလက်သီးဖြင့် သုံးလေးချက်ပိတ်ထုပြီး ပြန်ဖို့ထလိုက်သည်။

"အေးဗျ... သူများသားသမီးကို အားမနာပါးမနာထုရင် နင့်ကိုပြန်ထုမယ့်သူလည်းပေါ်လာမှာပဲ"

ခပ်ဝေးဝေးရောက်မှ 'ဖြူစင်' လှမ်းအော်သည်။

"နင်နဲ့ငါနောက်ထပ်တွေ့စရာ အကြောင်းဘာမှမရှိဘူး... နောက်တစ်ခါအဲဒီလိုမှာရင်နင်မလွယ်ဘူး"

"နောက်တစ်ခါမမှာနဲ့ဆို မမှာပါဘူးဟာ... အခုငါကင် ထားတဲ့ငါးကင်လာစားသွားပါဦး"

"မစားချင်ပါဘူး ရွံစရာကြီး"

"အောင်စာရင်းထွက်တဲ့နေ့ လာမှာလား"

"မလာဘူး မလာဘူး... ခဏခဏလာရအောင် နင့်ရည်း စားမဟုတ်ဘူး... တွေ့စရာအကြောင်းလည်းမရှိဘူး"

"ရည်းစားမှတွေ့ရမှာလားဟ... ငါကတော့စောင့်နေမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ႔.. နင်သတိရရင်လာခဲ့ပေါ့... ဟုတ်လား"

"မသိဘူး မသိဘူး"



## ၇

"ဟင့်အင်း ငါမသိဘူး"

"တကယ်လား မညာပါနဲ့နော်"

"ငါဘယ်တုန်းကညာတတ်လို့လဲ"

"အံ့ရောဟယ်... နင့်တို့နှစ်ယောက် ဒီလောက်ခင်တာ နင်နှုတ်ဆက်မသွားဘူးလား"

"ဟင့်အင်း"

ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့ကျမှ 'ဇာနည်' တစ်ယောက်တပ်ထဲမှာမရှိတော့ကြောင်းသိရသည်။ သူနှင့် 'ဖြူ' တွေ့တာတစ်လကြာပြီပဲ၊. ဘာပဲဖြစ်ဖြစ်အောင်စာရင်းထွက်သည့်နေ့ကျရင်တော့ သူ့ကိုသွားတွေ့မည်ဟုစဉ်းစားထားသည်၊

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူ မရှိဘူးဆိုသည့်အသိကြောင့် ရင်ထဲတွင်ဟာသလို လို ဖြစ်သွားသည်။

"သူဘယ်ကိုသွားတာလဲ"

"ဘယ်သိမလဲဟာ"

"စာမေးပွဲရောအောင်လား"

"အောင်တယ်"

"ဘယ်ဆိုးလို့လဲ"

"အေးနော်... ဒီကောင်တော်တော်ဉာဏ်ကောင်းပုံရတယ် စာဖြင့်သိပ်ကျက်တာမတွေ့ဘဲနဲ့...အားလုံးသူ့ကိုအံ့သြနေကြတာ"

သူမရှိမှတွေ့ချင်သဖြင့် စုံစမ်းမိသည်။ မယောင်မလည် သူတို့အိမ်ဘက်ကဖြတ်မိသည်။ လုံးဝမတွေ့။ ကျောင်းတွေပြန် ဖွင့်ချိန်အထိ သူပေါ်မလာ။ သူ့ကိုသတိရသဖြင့် နှစ်လ၊ သုံးလ လောက် 'ဖြူ' အနေရအထိုင်ရခက်သွားသည်။ ညနေဆိုလွမ်းသ လိုလို ဘာလိုလို။

ဒီနှစ်သည် 'ဖြူ့' ဘဝကိုအဆုံးအဖြတ်ပေးမည့် နှစ်မို့ သူ့ကို နှစ်လ၊ သုံးလထက်ပို၍ သတိရခွင့်မပေးနိုင်ပါ၊ ကိုယ့်စာ ကိုဖိကျက်ရင်း စိတ်ကိုဖျောက်ရသည်။ ရုတ်တရက်ပျောက်ချက် သားကောင်းသွားသော 'ဇာနည်' တစ်ယောက် လေးငါးလအထိ ပေါ်မလာတော့မှဘဲ 'ဖြူ' ခေါင်းထဲက သူ့ကို ဆွဲထုတ်ပစ်လိုက်နိုင် သည်။

ဒါတောင် တစ်ခါတလေသတိရတတ်သေးသည်။ 'ဇာ နည်' သည် 'ဖြူ'၏ တစ်ဦးတည်းသော ယောကျ်ားလေးမိတ်ဆွေ မဟုတ်လော။ ပြီးတော့ တခြားမည်သူ့အပေါ်ဆိုးဆိုး မိမိပေါ်တွင်





သူလိုလျော့ညီတွေစွာဆက်ဆံပြီး မိမိအပေါ်တွင် လေးစားညှာ တာခဲ့သူမဟုတ်လော။

စာလေးတစ်စောင်တောင် ရေးဖော်မရသော 'ဇာနည်' ကိုဒေါ်ပွရင်းက မကြာခဏသတိရနေခြင်းကို ပို၍ဒေါ်ပွနေမိပါ တော့သည်။ ခွဲ လုံ့ လ ဝီရိယ၏အကျိုးသည်ကား ကိုယ်လိုရာပန်း တိုင်မဟုတ်လော။ ဒီကနေ့သည် ကိုကြီးနှင့် 'ဖြူ' ရော၊ တစ်အိမ် သားလုံးရော၊ တစ်ရွာလုံးပါပျော်ရတဲ့နေ့ပါ။

" 'မိဖြူ' ရေ... 'မိဖြူ' "

"ရှင် ကိုကြီး"

အောင်စာရင်းထွက်မည်ကြား၍ ကိုကြီး မနက်အစော ကြီးကတည်းကထွက်သွားသည်။ အောင်မည်ဆိုတာကိုတော့ သိ ပြီးသားပါ။ ဂုဏ်ထူးများများပါဖို့သာ အရေးကြီးသည်မဟုတ် လား။ ဝမ်းသာအားရသံကြီးဖြင့်ပြေးလာသော ကိုကြီး၏ပျော်ရွှင် မှုကိုကြည့်ခြင်းအားဖြင့် ကိုကြီးလိုလားသောအဖြေကို ရ၍ဖြစ် ရည်ပေါ့။

"ဘယ်လောက်ပါလဲဟင်... ကိုကြီး ဘယ်လောက်ပါလဲ"

"လေးခု လေးခု"

"ဝေဟေး ဝေဟေး"

'ဖြူ' ဝမ်းသာလွန်းသဖြင့် အိမ်ပေါ်တွင်ထခုန်ပစ်လိုက်မိ သည်။ ဝါးခင်း ထရံကာသက်ကယ်မိုးအိမ်လေးသည် ခါယမ်း၍ သွားသည်။

"ဟဲ့ အိမ်ကျိုးပါဦးမယ် ဟေ"

"ကျိုးပါစေအမေ... အိမ်ကျိုးတာပြန်ဆောက်လို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ... ကျွန်တော့်ညီမတော်တာကို အမေတို့ဂုဏ်ယူစမ်းပါဗျ"

အားလုံးမျက်ရည်ပင် ကျသည်။ ဂုဏ်ထူးလေးခုနှင့် အောင်သည်ကြား၍ ယုံကြည်အားထားကျသော ရွာထဲမှအိမ်နီးချင်းများ၊ ရွာလူကြီးများ၊ သူငယ်ချင်းများအစုလိုက်အပြုံလိုက်ရောက်လာတာ 'ဖြူစင့်' ကိုချီးကျူးကြသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။

"ဘယ်ဘာသာတွေ ဂုဏ်ထူးရတာလဲ 'မောင်သောင်းလွင်' "

ရွာလူကြီးမေးမှ ကိုယ့်ဘာသာကိုယ် ဘယ်ဘာသာဂုဏ်ထူးရမှန်းမသိသေးမှန်း သတိရသည်။

"ဓာတု ရူပ ဇီဝ သင်္ချာပါ ဦးကြီး"

ဝမ်းသာနေရာက မဆီမဆိုင် 'ဓာနည့်' ကိုပြေးသတိရသည်။ သူသာရှိနေလျှင် မိမိကိုချီးကျူးဦးမှာသေချာသည်။

"နင်မှမရရင် ဘယ်သူရမှာလဲ" ဟုပြောဦးမှာသေချာသည်။ ခြောက် ဘာလိုလို့နဲ့သူထွက်သွားတာ တစ်နှစ်ကျော်ပြီကော။ သူမနှစ်ကဆယ်တန်းအောင်စာရင်း မထွက်ခင်လေးတင်ထွက်သွားခြင်းဖြစ်သည်။ ယခုအခါ ပို၍ဝေးဖို့ဖန်တီးသွားပြီ။ သူ့မိသားစုလည်း တပ်ပြောင်းသွားပြီ။

စောစောကပျော်နေသောစိတ်သည် ယခုအခါဟာတာတာကြီးဖြစ်သွားသည်။ ကျောင်းကလည်းဖွင့်ဖို့လိုသေးသဖြင့် ထုံးစံအတိုင်း ခြံထဲရယ်၊ ညဘက်စာပြတာရယ်နှင့် အချိန်ကုန်ခဲ့ရသည်။ 'မမြင့်ရီ' ကတော့ သူ့ဆီမှာရှိစုမဲ့စုရှိသော အဝတ်အစားလေးများကို ကောလိပ်ကျောင်းတက်ရမည့် ညီမဖြစ်သူအတွက်





ပြန်လည်ပြင်ဆင်ချုပ်လုပ်ပေးနေသည်။

အသစ်ဝယ်စရာ အခြေအနေက ပေးမည်မဟုတ်ပါ။

'မြင့်ရီ' စိတ်မကောင်းပါ။ လုပ်၍ချစ်စရာကောင်းလှသော ညီမလေးအား သိပ်အကောင်းစားကြီးမဟုတ်တောင် အဲတန်အသင့်တော့ သစ်သစ်လွင်လွင်ချုပ်ပေးချင်ပါသည်။သို့သော် ကျောင်းစရိတ်ကိုပင် ပြည့်ပြည့်စုံစုံပေးနိုင်ရန် အားလုံးကြိုးစားကြရဦးမည်။ 'မြင့်ရီ' အလုပ်လျှောက်ထားတာလည်း မရသေး။

ရလျှင် ပထမဆုံးရသည့် လခထဲကတချို့ကို လူကြီးများအားကန်တော့ပြီး တချို့ကိုညီမလေးအတွက် အဝတ်အစားဝယ်ပေးမည်။

" 'မြင့်ရီ'..."

"ရှင် အမေ"

"လာစမ်းပါဦးအေ... ညည်းအစ်ကိုမရှိတုန်း မေးစရာရှိတာလေးမေးချင်လို့ပါ"

သိပါသည်။ အမေတစ်ယောက်အနေဖြင့် သမီး၏ကိုယ်ရေးကိုယ်တာကို သိထားသင့်သည်မဟုတ်လား။

"ညည်းနဲ့ညည်းအကောင်နဲ့ကိစ္စက ဘယ်လိုလည်းအေ"

'မြင့်ရီ' မျက်နှာညှိုးနေတာကြာပြီလေ။ ဒါကြောင့်အဆင်မပြေဘူးဆိုတာ အမေလည်းသိချင်သိမပေါ့။

"ညည်းအဲလိုမှိုင်တွေနေတာ ညည်းအဘရော ညည်းအစ်ကိုပါသိပါတယ်နော်... ဘာဖြစ်နေတယ်ဆိုတာ ပြောစမ်းပါဦးအေ"

"ခဏနေဦး အမေ... သူ့ဆီကနောက်ဆုံးလာတဲ့စာလေး



www.burmeseclassic.com

www.burmeseclassic.com



အမေဖတ်ကြည့်ရင် ရှင်းသွားမှာပါ”

ခေါ်မြင့်ရီ ခင်ဗျား…

ကျွန်တော်စာရေးလိုက်ပါတယ်… ဒီစာပါဆို ရင် ရန်ကုန်လာဖို့ ခေါ်တာ လေးစောင်ရှိပါပြီ… စာတစ်စောင် မှမြန်မလာတဲ့အပြင် အဆက်အသွယ်ပါဖြတ်ထားတယ်မဟုတ်လား… ဒီစာဟာ ခင်ဗျားနဲ့ကျွန်တော်တို့အတွက် နောက်ဆုံးစာ ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်ထင်တယ်…

ခင်ဗျားဟာ ကျုပ်ချစ်သလောက် ကျုပ်သံယောဇဉ်တွယ် တာသလောက် ကျုပ်စေတနာထားသလောက် ကျုပ်အပေါ်မှာ ဘာမှတုံ့ပြန်မှုမရှိဘူး…

အလှအပတွေပေါ်များတဲ့ တက္ကသိုလ်မှာမြို့မှာ ဂုဏ်ရှိတဲ့ သူတွေကို ရွေးရပါလျက်နဲ့ ဖြူစင်ရိုးသားပြီး တည်ငြိမ်အေးဆေး တဲ့ ခင်ဗျားကိုကျုပ်ရွေးခဲ့တာယ်… အပေါင်းအသင်းတွေအားလုံး ကလည်း ခင်ဗျားကိုမှရွေးချစ်လို့အံ့သြခဲ့ကြတယ်…

ကျုပ်စေတနာသဲထဲရေသွန်သလို ဖြစ်တာပဲ… ကျုပ်ချစ် တဲ့ခင်ဗျားကို တောကြိုတောင်ကြားမှာ မထားချင်လို့ မထားရက် လို့ မြို့ကိုခေါ် ယူဖို့ပြောတာပါ… ခင်ဗျားတစ်ယောက်တည်းကို တင်မဟုတ်ဘူး… ကျုပ်တို့ခြံကအကျယ်ကြီး… အိမ်ကလည်း အ ကျယ်ကြီး.. ခင်ဗျားတို့မိသားစု ငါးယောက်လုံးလာနိုင်တယ်လို့ ပြောတာတောင်ခင်ဗျားက ငြင်းပြီးရင်း ငြင်းနေတော့တာပဲ…

မေတ္တာကိုတန်ဖိုးမထားရင်တောင် စေတနာကိုတော့ လေးစားဖို့ကောင်းပါတယ်… ခင်ဗျားကို ကျုပ် ဘယ်လောက်တန် ဖိုးထားခဲ့သလဲ… မော်လမြိုင်ကောလိပ်နှစ်အစက နှစ်အဆုံးလေး





…လုံးလုံး အတူကျောင်းတက်ခဲ့ကြတာ… တခြားကျောင်းသူ …ကျောင်းသားတွေလို ဟိုတွဲဒီတွဲ လျှောက်တွဲသလား… ရုပ်ရှင်ရုံ မှာ …ရုပ်ရှင်အတူသွားကြည့်ဖူးလား… အိမ်လိုက်လည်မယ်… ခြံထဲ …လည်မယ်ဆိုလည်း အစ်ကိုဆူမှာကြောက်တယ်… အဘရိုက် …ကြောက်တယ်နဲ့ အလိုက်မခံဘူး… လက်ကလေးကိုင်တာ တောင် …မြင်မှာကြောက်နေတာပဲ… နောက်ဆုံးခင်ဗျားမကြိုက်တာ …ဘာမှမတောင်းဆိုဘူး…

အခုအားလုံးပြန်စဉ်းစားကြည့်တော့ ခင်ဗျားကျုပ်ကိုဘာ …သလဲလို့ အဖြေရှာမရဖြစ်နေတယ်… ထားပါတော့ဗျာ… ပြီး …တွေလည်း ပြီးပါစေတော့… ဒီတစ်ခါတော့ ဖြတ်ဖြတ်သားသား …နွေးရအောင်…

ဒီစာရပြီး တစ်လအတောအတွင်းစာဖြစ်ဖြစ် လူဖြစ်ဖြစ် …ဆက်အသွယ်မလုပ်ဘူးဆိုရင် ကျုပ်ကိုခင်ဗျားမချစ်ဘူး… မလာဘူးလို့ …ဖြတ်လိုက်တော့မယ်… လက်ထပ်ပြောက်အရှုံးပေးလိုက်မယ်ဗျာ… …တွေဆိုရင်လည်း ကျုပ်လာတွေ့ပါ့မယ်…

ဒီလောက်တောင်းပန်ပါလျက်နဲ့မှ တင်းမာနေဦးမယ်ဆို …တော့ ကျုပ်ကိုအဆိုးမဆိုနဲ့တော့ဗျာ… တကယ်ချစ်မချစ်စောင့် …ကြည့်ရတော့မှာပဲ… ဒါပါပဲဗျာ ဒါပါပဲ…။

မျှော်လင့်ခြင်းများဖြင့်…

‘ထွန်းမြင့်’

“သနားပါတယ်အေ… ညည်းကိုအတော်မြတ်နိုးရှာသား … ငါတို့အဆင့်အတန်းနဲ့ဆိုရင် ‘ထွန်းမြင့်’ လိုလူမျိုးကိုရဖို့



www.burmeseclassic.com

www.burmeseclassic.com



လွယ်ဘူးအေ... ရုပ်ကလေးချော ငွေရေးကြေးရေးချောတို့ထက် အများကြီးသာတယ်... သူပြောသလိုပဲ အမေတို့ဘဝဟာ ကျော ကြိုးတောင်ကြားက ထွက်ရဖို့မလွယ်ဘူး... ခြံအလုပ် ယာအလုပ်နဲ့ပဲ အချိန်ကုန်ရင်းသေမှာ... အမေလည်းအရွယ်လေးရလာတော့ အေးအေးလူလူနေပြီး တရားလေးဘာလေးထိုင်ချင်တယ်...ညည်း အဖေနဲ့ ညည်းအစ်ကိုကတော့ အပင်ပန်းခံရှာရေးလုပ်နေရမှ ကျေနပ် ပျော်ရွှင်နေမယ့်သူတွေ... မှတ်ထားသမီးမြို့သားကိုယူမှ မြို့ကို ရောက်မှာ မြို့ဆိုတာတော့ထက်အစစအရာရာမှာ သာတာချည်းပဲ"

အမေ့စကားများကို နားထောင်ပြီး 'မြင့်ရီ' စဉ်းစားရပြီ အမေတကယ်ပြောနေတာလား၊ ဒါမှမဟုတ် သွေးတိုးစမ်းနေတာ လား။

" 'မြင့်ရီ' တော့ စိတ်ဆင်းရဲတာပဲအမေရာ"

"ဘာကိုစိတ်ညစ်တာတုန်းအေ"

"ခြော် အဘတို့အစ်ကိုတို့ကိုကြောက်တယ်... သူအထင် လွဲပြီး ထင်ရာလျှောက်လုပ်မှာကိုလည်း စိုးရိမ်တယ်"

"သူကျေနပ်အောင်စာရေးပြီး နှစ်သိမ့်ထားလိုက်ပေါ့... ညည်းအဘတို့ကိုလည်း ငါကြည့်ပြောပါဦးမယ်... မြို့သားကို ယက်မလွှတ်ပါနဲ့အေ... ကိုယ့်ညီမက ဆေးတက္ကသိုလ်တွေဘာ တွေတက်ရဦးမှာ... မြို့မှာတစ်ယောက်ယောက်ရှိနေတော့ ပို ကောင်းတာပေါ့... ညည်းကိုယ်တိုင်လည်း 'ထွန်းမြင့်' ကိုမပြတ် နိုင်ဘဲ ဖာနံ့လုပ်မနေစမ်းပါနဲ့လေ"

အမေက 'ဖြူစင့်' ဘက်ကိုလှည့်၍...





"ဟိုအသေးမ... ညည်းအာချောင်ပြီး သံတော်ဦးသွား ကင်မနေနဲ့ ဗိုက်ခေါက်ပြတ်မယ်မှတ်"

နေရင်းထိုင်ရင်း 'ဖြူ' ကိုလှည့်ငေါက်နေပြန်ပါပြီ။

"သူက အဖေနဲ့အစ်ကိုဆို သိပ်အထင်ကြီးတဲ့မိန်းမ"

" 'ဖြူ' တင်မဟုတ်ပါဘူး... တစ်ရွာလုံးအထင်ကြီးကြ တာပဲ... အဘရောအစ်ကိုကြီးရော အကယ်တော်ပြီးစဉ်းစားညဏ် ရှိတယ်... မိုးခေါင်တဲ့နေရာမှာပဲ မိုးရွာအောင်လုပ်ပေးချင်တဲ့သူ တွေ"

"ဘာတုန်း... ညည်းစကားက ကျုပ်နားမလည်ပါဘူး"

ကျောင်းစာကို ရေးတတ်ဖတ်တတ်ယုံသာတတ်သော အမေထားရင် အနေဖြင့် 'ဖြူစင့်' ဆိုလိုရင်းကိုနားမလည်။ ထို့ ကြောင့် 'မြင့်ရီ' က ရှင်းပြရသည်။

"အမေ့သမီးက 'မြင့်ရီ' တို့အမေတို့ကို ယာသာနဲ့နာနာ ကျတ်နေတာအမေရ"

"အင်း အင်း... ဒင်းက ကျုပ်တို့ကိုဘာပြောတာလဲ"

"ခြော် အဟော်ဟော် ဒီလိုအမေရ... 'မြင့်ရီ' နဲ့အမေတို့ ရှိတက်မယ်... ဟိုမှာကိုယ့်ဘဝကို မြင့်တင်မယ်လို့ပြောတာကို သူက ပညာတတ်ပေါ်များပြီး တိုးတက်ပြီးသားနေရာမှာ သွားနေ မယ့်အစား မတိုးတက်သေးတဲ့ကိုယ့်နယ်မှာနေပြီး ကြိုးစားမယ် ကူညီမယ်ဆိုတဲ့သဘောပေါ့... ရေများရာမှာ မိုးမရွာဘူးဆိုတဲ့သ ဘောပေါ့"

"အောင်မယ် မကြီးကျယ်နော်... ဟွန်း ဆရာဝန်မဖြစ် သေးဘူး ဒီလောက်တတ်နေ... ဖြစ်များဖြစ်ရင် ဘယ်လောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်မယ်မသိဘူး"

အမေကမျက်စောင်းထိုး၍ သမီးငယ်ကိုစသည်။

"မကြီးကျယ်ပါဘူး အမေရာ... ဘာများကြီးကျယ်စရာရှိလို့လဲ... ရည်ရွယ်ချက်ရှိလို့သာ ဆရာဝန်ဖြစ်ချင်တာပါ... ကြီးကျယ်ချင်လို့ ကြွားချင်လို့မဟုတ်ဘူး... ဆရာဝန်လိုင်းမရခင်က ရအောင်ကြိုးစားနေရတာ မလွယ်ကူသလို ဆရာဝန်လိုင်းရခဲ့ရင်လည်း ဆရာဝန်ဖြစ်အောင် စာတွေဘယ်လောက်အထိ ကျက်ရဦးမယ်ဆိုတာ တွေးပြီးစိတ်မောနေတာပဲ"

"ညည်းကမနိုင်တဲ့ဝန် တယ်ထမ်းချင်တာပဲ... မြင့်ရီ'လိုပဲ အွဲ့တစ်ခုရအောင်ယူ... လင်ကောင်းကောင်းရအောင်ယူပေါ့ ညည်းကြည့်ရတာ ကျုပ်တော့ပင်ပန်းတယ်"

"အမေရာ... နေရိပ်မှာနေချင်ရင် နေပူကစောင့်ရတယ်တဲ့... ကိုယ်လိုချင်တာကိုရချင်ရင် ရအောင်ကြိုးစားရမှာပဲပေါ့... ကိုကြီးက 'ဖြူ'ကိုသိပ်အားထားတာ... ဖြစ်မလာရင်စိတ်ကောင်းမှာမဟုတ်ဘူး"

"အလကား သူ့ဖါသာသူတုန်းကတော့ မကြိုးစားဘဲနဲ့ ကလေးကျမှ အတင်းဖြစ်အောင်လုပ်နေတယ်... ငါကြားဖူးတယ် အဲ့ဒီဆရာဝန်လိုင်းမှ စာတွေများလွန်းလို့ စာကျက်ရင်းရူးသွားတယ်တဲ့... ညည်းလည်းဉာဏ်မမီရင် အတင်းအဓမ္မလုပ်မနေနဲ့ ညည်းအစ်ကိုပြောက်တိုင်း လျှောက်လုပ်မနေနဲ့... ရူးသွားဦးမယ်"

အမေ တကယ်စိုးရိမ်နေပုံရသည်။

"ရလို့ရငြားတော့ ကြိုးစားကြည့်ရဦးမှာပဲလေ... 'ဖြူ' ကိုယ်တိုင်လည်း ဖြစ်ချင်ပါတယ်"





"သဘော သဘော... ကျုပ်တို့ကိစ္စထဲ ညည်းဝင်မရှုပ်နဲ့ ညည်းတို့ကိစ္စလည်း ကျုပ်တို့မရှုပ်ဘူး... ဒါပဲ ဒါပဲ"

သည့်နောက်ပိုင်း အမေနှင့်အစ်မတို့ တိုးတိုးတိတ်တိတ်ကြံစည်နေကြသလို ကိုကြီးနှင့်အဘတို့ကလည်း 'ဖြူစင်' ကို ဆေးကျောင်းဘယ်လိုပို့မည်၊ ဘာလုပ်မည်၊ ညာလုပ်မည်နှင့် အချိန်အားရတိုင်း တိုင်ပင်လို့မဆုံး။ ဘာလိုလိုနှင့် 'ဖြူစင်' ကျောင်းတက်ရဖို့ အချိန်ကာလများဆီသို့ နီးကပ်လာပြီ။

'ဖြူစင်' ထင်သလိုဆယ်တန်းအောင်သည်နှင့် ရန်ကုန်ဆေးကောလိပ်တန်းမတက်ရသေး။ မော်လမြိုင်မြို့ပေါ်တွင်ဖွင့်မည့် ဒေသကောလိပ်တွင်နှစ်နှစ်တက်ပြီး ထိုနှစ်နှစ်၏အမှတ်နှင့် ဆယ်တန်းအောင်သော အမှတ်ကိုကြည့်ပြီးမှ ဆေးကျောင်းတက်ရမည်ဖြစ်သည်။

ငွေရေးကြေးရေးအတွက် နည်း ည်းသက်သာသွားပေမယ့် ဆေးကျောင်းတက်ရတော့မည်ဟု ထင်ထားသော 'ဖြူ'တို့ အတွက်တော့ မျှော်လင့်ချက်အနည်းငယ်ဝေးသွားသည်။ နောက်ထပ်နှစ်နှစ် အသေအလဲကြိုးစားရဦးမည်ဖြစ်သည်။



www.burmeseclassic.com

၈

“ ‘ဖြူစင်’ ဧည့်သည်လာတယ် ”

အိပ်ယာထက်၌ ‘ဇာနည်’ အကြောင်းတွေးရင်းမှေးကနဲအိပ်ပျော်သွားသည်။ အခန်းအပြင်မှ မှန်တံခါးကိုခေါက်၍ အော်လိုက်သောအသံကြောင့် ထထိုင်မိသည်။ အခန်းဖော် ‘စု’ တစ်ယောက်ပြန်မရောက်သေး။ ပွယောင်းနေသောဆံပင်ကို သေသပ်အောင်ပြန်ဖြီးသလို အခန်းကျဉ်းကလေးကိုလည်း သပ်ရပ်အောင်ပြုပြင်လိုက်သည်။

‘ဖြူ’ အခန်းအသွယ်သွယ်ကိုကျော်ပတ်၍ အောက်ထပ်သို့လှေကားမြင့်မြင့်မှဆင်းခဲ့သည်။

“ဟယ် အဘတို့ အမေတို့ ‘ဦးလေးလှ’ တို့ ကြီးကြီး ‘မမြ’ တို့တွေပါလား”



အဆောင်ရှေ့ကတ္တရာလမ်းဘေးတွင် ရွာမှဆွေတော်မျိုးတော်များကို အစုလိုက်အပြုံလိုက်တွေ့လိုက်ရသဖြင့် အလွန်အင်းဝမ်းသာသွားသည်။ ‘ဖြူစင်’ အဆောင်အောက်ပြေးဆင်းလာသဖြင့် ဝမ်းသာသွားသူများထဲတွင် ‘ဖြူစင်’ နှင့်အတန်းအတူတူတက်နေသော နောက်ဆုံးနှစ်အပိုင်း (ခ) ဆေးကျောင်းသား ‘ဝါဆို’ တစ်ယောက်လည်းအပါအဝင်ဖြစ်သည်။

သို့သော် ‘ဝါဆို’ ကြာကြာဝမ်းမသာလိုက်ရပါ။ အောက်သို့ပြေးဆင်းလာသော ‘ဖြူစင်’ သည် မိမိထံလာခြင်းမဟုတ်ဘဲ သူ့ဆွေမျိုးများထံ လာခြင်းသာဖြစ်သည်။ အရှက်ရမိသလို စိတ်အားလည်းငယ်မိပါသည်။ မိမိနှင့်သူသည် နေ့စဉ်နှင့်အမျှ တွေ့မြင်သိကျွမ်းနေသူတွေဖြစ်ပါလျက် ဘယ်တုန်းကမှမတွေ့ဖူးသလို သိဖူးသလိုခပ်စိမ်းစိမ်းနေတတ်သော ‘ဖြူ’ ၏အမူအယာသည် ‘ဝါဆို’ အတွက် စိတ်အားငယ်စရာဖြစ်သလို ခံရခက်စရာလည်းဖြစ်ချင်ဖြစ်မည်ပေါ့။

‘ဝါဆို’ စိတ်မရှည်။ ထို့ကြောင့်ခပ်တင်းတင်းပါလာထဲ ဝင်ထိုင်နေလိုက်သည်။ ညဉ့်ချိန်ဖြစ်၍ ညဉ့်ခန်းထဲတွင်လူစည်နေသည်။ ‘ဖြူစင်’ ၏အထူးဧည့်သည်တော်အဘိုးကြီးနှစ်ယောက် ညဉ့်ခန်းထဲရှိတီဗွီကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေသလို ထိုင်ရာမှထ၍ အဆောင်ရှေ့အောက်ဘက် ကွန်ကရစ်လမ်းသို့ဆင်း၍ အဆောင်ရှေ့တွင်စိုက်ထားသောအပင်များကို ကြည့်ရှုကြသည်။

“လာ အမေ… လာ ‘ကြီးမြ’ ”

“အေး အဟေး ဟေး”

www.burmeseclassic.com



အမေရော 'ကြီးမြ' ပါ 'ဖြူစင့်' နောက်ကပါလာကြသည်။ 'ဖြူ' တို့နှစ်ကြီးသမားမျှားသည် အပေါ်ထပ်နောက်ခြမ်းတွင်ရှိပြီး 'ဖြူ' အခန်းသည်ချောင်ကျ၍နေပါသည်။ ရှည်လျားလှသောစကြ်န့်တလျှောက်တွင် ဘယ်ကြိုးတန်းမှနေရာလွတ်မရှိအောင် အဝတ်အထည်များလှမ်းထားသည်။ ညစျေးတန်းတွင် အဝတ်ရောင်းသလား အောက်မေ့ရသည်။

"တစ်ခန်းကိုနှစ်ယောက်လား 'မိဖြူ' "

"ဟုတ်ကဲ့ 'ကြီးမြ'... လာ အမေ ထိုင်လေ"

အခန်းထဲသို့လူသုံးယောက် ဝင်လိုက်သောအခါ တစ်ခန်းလုံးပြည့်ပြီးကျပ်သွားသည်။

"နင်တို့အခန်းကလည်း ကျပ်လှချည်လားဟဲ့"

"ကျောင်းသူတွေများလာလို့ နောက်ထပ်အဆောင်ထပ်ဆောက်ထားရတယ်လေ 'ကြီးမြ' ရဲ့"

အခန်းကျယ်ထဲတွင် ခုတင်နှစ်လုံးကိုချခင်းလိုက်သောအခါ ခုတင်နှစ်လုံးကြားတွင် သိပ်မကြီးလှသော အဝတ်ဗီရိုကိုထား၍မဆံ့သောကြောင့် 'ဖြူ' ခုတင်ခြေရင်းတွင်ကပ်၍ အရှည်လိုက်ထားရသည်။ အဝင်အထွက်အပေါက်ဝကို ခေါင်းရင်းလုပ်ပြီး ခြေရင်းကိုနံရံကိုကပ်ထားသဖြင့် ခေါင်းရင်းဘက်တွင် ခပ်သေးသေးစာကြည့်စားပွဲတစ်လုံးစီထားရသည်။

"ညည်းအခန်းထဲရောက်မှပဲ ကျုပ်တို့လည်းဆိုင်ခန်းမှာတင်ရောင်းတဲ့ရွှံ့ရုပ်ကြီးတွေဘ၀ ရောက်ရောပဲ"

"အဟား ဟား... 'ကြီးမြ' ပြောတာမျက်လုံးထဲကွင်းကနဲမြင်သွားတာပဲ"





'စု' ၏ ခုတင်ထက်တွင် 'ဖြူ' တက်ထိုင်လိုက်သည်။

"ညည်းဒီနှစ်ပြီးရင် ပြီးပြီမဟုတ်လား"

"ပြီးပြီ... ဒါပေမဲ့လိုပါသေးတယ်... ခုမှနှစ်စရှိသေးတာ တစ်နှစ်ခွဲတောင်တက်ရမှာလေ"

"ဝမ်းသာတယ်အေ ဝမ်းသာတယ်... ညည်းအစ်ကိုကတော့ ညည်းတော်တာကို ပါးစပ်ကအမြှုပ်ထွက်မတတ် ပြောလို့ကိုမဆုံးတော့ဘူး"

'ဖြူ' ပြုံးနေပါသည်။ ကိုကြီး ၏စေတနာကြောင့် ယခုဆို မိမိနောက်ဆုံးနှစ်ဆေးကျောင်းသူကြီးဖြစ်နေပါပြီ။

"ညည်းအတွက်ဆို ဘယ်လောက်ပင်ပန်းပင်ပန်း မောရမှန်းကိုမသိပါဘူးအေ... ဩော် ရှော ရှော... ဒီတောင်းထဲမှာညည်းအတွက်အေ... တစ်ရွာလုံးက သူတို့တတ်နိုင်သမျှတွေ ကြော်လှော်ပေးတဲ့သူကပေး... ချုပ်လုပ်ပေးတဲ့သူပေးနဲ့ ဖွင့်ကြည့်ဖွင့်ကြည့်"

'ကြီးမြ' က ရွာလူကြီးမိန်းမပိပိ သူ့ဆီလာအပ်သွားသမျှပစ္စည်းများကိုပြန်အပ်သည်။

" 'ကြီးမြ' ရယ်... အလကားအလေးခံပြီး သယ်လာရတယ်လို့"

"အိုအေ ဘယ်လေးက်လေးတာမှတ်လို့... သူတို့စေတနာနဲ့ပေးတာကို ကျုပ်က ညည်းစားစေချင်လို့ရစေချင်လို့ ယူလာပေးတာ... ညည်းက ငြင်းချင်သေးတို့လား"

'ကြီးမြ' ပြောချင်လည်းပြောမည် ပါလေ။ ရွာမှမိဘဆွေအပေါင်းအသင်းတွေ နှစ်စဉ်နှစ်တိုင်းလူကြုံရှိတိုင်းပို့ခဲ့သမျှကို



www.burmeseclassic.com

www.burmeseclassic.com



'ဖြူ' အားလုံးလက်မခံတတ်။ တန်ဖိုးကြီးတာတွေ အဝတ်အစား တွေပါလာလျှင် အကုန်ပြန်ပေးလိုက်စမြဲ။

ကိုယ့်အတွက်သူများတကာ ငွေကုန်ကြေးကြများမှာစိုးရိမ်သလို သူများဆီက ဘာမှမမျှော်လင့်လိုပါ။ ခြင်းတောင်းထဲမှာတစ်ထောင်လောက်ရှိသော ဖန်ပုလင်းကြီးနှင့်အပြည့်အသိပ်ထည့်ထားသော သရက်သီးဆားရည်စိမ်၊ တညင်းသီးဆားရည်စိမ်နှစ်ပုလင်း။ ပုလင်းပေါ်တွင်ပေးသူ၏ နာမည်ကပ်ထားသည်။ ဟောလစ်ပုလင်းထဲတွင် ငါးပိရေကျိုသည့်ငါးပိ၊ ငါးပိကြော်က တစ်ပုလင်း၊ ငါးရံ့ခြောက်ကတစ်ထုပ်၊ ဆီးယိုကတစ်ပုလင်းနှင့် အထုပ်တစ်ထုပ်။

"ဟာင် အကျီအဖြူနှစ်ထည်ပါလား"

မိဖြူ

ငါ အကျီချုပ်သင်တန်းကဆင်းလာပြီ... နင့် အတွက် လက်တည့်စမ်းပြီး ချုပ်ပေးလိုက်တာ... နင်ကအဖြူပဲဝတ်တယ်ဆိုတော့ အဖြူပဲချုပ်ပို့လိုက်တယ်... ဝတ်ပါနော် ဟဲ ဟဲ။

နင့်သူငယ်ချင်း မြနွယ်

"ဒီကောင်မတွေနဲ့တော့ ခက်ပါတယ်"

'မြနွယ်' သည် 'ဖြူ' ၏ကျောင်းနေဘက်သူငယ်ချင်း။ သူ ရှစ်တန်းအောင်သောနှစ်တွင် ကျောင်းထွက်လိုက်ရသည်။ ယခုတော့ရွာမှာတွင် ဟို ဟာလေးရောင်း၊ ဒီဟာလေးရောင်းရင်း လုပ်ကိုင်စားသောက်နေရာမှ အပ်ချုပ်ဆိုင်ဖွင့်ထားသူ။

"ရွာကလူတွေအားလုံးနေကောင်းကြတယ် မဟုတ်လား





အမေ"

"ကောင်းတဲ့လူတွေကောင်းသလို... မကောင်းတဲ့လူတွေ မကောင်းဖူးပေါ့အေ"

"ဆယ်တန်းအောင်တဲ့လူတွေထဲမှာ 'ဖြူ'တို့ဆေးကျောင်း ရောက်မယ့်ကလေးတွေပါသေးလား"

"ညည်းတုန်းကလိုဖြစ်ဖြစ်မြောက်မြောက် ကြိုးစားတဲ့လူ သိပ်မတွေ့လို့ ညည်းအစ်ကိုကြီးရောလူကြီးတွေပါ စိတ်ခတ်ကျ နေကြတယ်"

"အင်းလေး... 'ဖြူ' လည်းကျောင်းပြီးတော့မှပဲ... ရွာကို ပြန်ရောက်လာမှ သူတို့စိတ်ဓာတ်တက်ကြွအောင် ပြောရမှာပဲ"

"ရော့ ညည်းအစ်ကိုကြီးပေးလိုက်တာ"

အမေကငွေတစ်ထပ်လှမ်းပေးသဖြင့် ယူလိုက်ရသည်။ စာတစ်စောင်လည်းပါသည်။

မိဖြူ

ညည်းအတွက် လခနဲ့အာ အုပ်ထယ်ပို့ငွေထည့်ပေးလိုက်တယ် ... လိုအပ်ရင်ထပ်မှာလိုက်ပေါ့... ဝယ်သင့်တာကိုဝယ်ပါ... သူများဆီကချေးငှား မနေပါနဲ့... နောက်လလောက် ပါလာနိုင်ရင် လာခဲ့မယ်... ကြီးပွားနေတဲ့လမ်းမှာ အနှောင့်အယှက်တွေ ရှိကောင်းရှိမယ်... အဲဒါကို ကျော်လွှားနိုင်အောင်ကြိုးစားပါ...နင်ပြန်လာမှာကို ရွာက မျှော်လင့်နေကြပါတယ်...

[illegible]

[illegible]

www.burmeseclassic.com



မှတ်ချက်၊

နှင်းအစ်မလို ပညာတတ်မှ ထင်ရာစိုင်းချင်ရင် ရွာပြန်လာ

ရော မလိုပါဘူး...

"ဟင်း..."

သက်ပြင်းရှည်ကြီးချလိုက်မိသည်။

"အမေတို့ဘယ်မှာ တည်းကြသလဲဟင်"

"ဘုန်းကြီးကျောင်းပဲပေါ့အေ"

" 'မမြင့်ရီ' တို့ဆီကိုရောသွားသေးလား"

"ညည်းအဖေပါလာတာ ဘယ်သွားလို့ရမှာလည်းအေ... သွားလည်းမသွားချင်ပါဘူးအေ... သူ့ယောက်ျားက ကျုပ်ကိုလာ ရင် တောင်းတော့မလားရမ်းတော့မလားဆိုတဲ့ မျက်လုံးမျိုးနဲ့ ကြည့်တာ... ပြီးတော့သူ့လိုကောင်ကို သဘောမတူရကောင်း လားလို့ ညည်းအစ်ကိုကြီးကို သိပ်မကျေနပ်ဘူး... ကျုပ်တော့ စိတ်ညစ်ပါတယ်အေ... မြေးလေးတွေကိုအလွမ်းသား"

အမေက မျက်ရည်တစမ်းစမ်းဖြစ်နေ၍...

"မြေးလိုချင်ရင် ကိုကြီးကိုမိန်းမပေးစားလိုက်ပေါ့"

"သူလားယူမှာ... သူ့မှာညည်းအတွက် ရွာအတွက်စိုး စားရင်းသေမယ့်ကောင်"

အမေက ကိုကြီးအပေါ်တွင် အထင်လွဲနေသူ။ သူ့သဘော ကိုမြင်ချင်တွေ့ချင်မြင်ချင်လျက်နှင့် ရင်ကွဲကွဲနေရသည်။

"ကဲ ဘာမှာဦးမလဲ"

"အမေတို့ဘယ်တော့ပြန်မှာလဲ"

"နက်ဖြန်မနက်စောစောပဲပြန်မယ်... ဟိုမှာကအလုပ်



တွေကိုယ်စီကျန်ခဲ့တာ... 'မမြ' က ညည်းကိုတွေ့ချင်တာရော... ချွတ်ိဂုံဖူးချင်တာရော ပေါင်းပြီးလိုက်လာတာ"

" 'ဖြူ' ဆီလိုက်လည်တာ အများကြီးကျေးဇူးတင်ပါ တယ်"

"ရပါတယ်အေ... ရွာအကျိုးကိုသယ်ပိုးမယ့်ညည်းကို ကျုပ်တို့တစ်ရွာလုံးက အထင်လဲကြီးတယ်... ချစ်လဲချစ်တယ်... မျှော်လဲမျှော်လင့်နေကြတယ်"

"စိတ်ချ 'ကြီးမြ'... 'ဖြူ' ခေါင်းထဲမှာရွာရယ် မိသားစု ရယ် ကြိုးစားမှုရယ်ပဲအမြဲရှိနေပါတယ်"

"ကဲ ပြန်မယ် 'မိဖြူ'... ညည်းအတွက်လိုအပ်တာရှိရင် ညည်းအိမ်ကိုတင်မဟုတ် 'ကြီးမြ' တို့တွေဆီမှာပါ အကူအညီ တောင်းနိုင်တယ်ကြားလား"

"ဟုတ်ကဲ့"

"ငါတို့ပြန်မယ် 'ဖြူမ' "

"ဟုတ်ကဲ့ ဘကြီး... ဘကြီးတို့ အဘတို့တတွေလည်း ကျန်းမာရေး ဂရုစိုက်ကြဦးနော်"

"အေးပါ ဆရာဝန်မကြီးရယ်... ငါတို့နင့်ကိုမျှော်နေမယ် နော်"

"စိတ်ချ ဘကြီး စိတ်ချ... 'ဖြူ' အမြန်ဆုံးပြန်လာခဲ့မယ်"

အဆောင်ထဲဝင်ဖို့ ပြန်လှည့်လျှောက်ခဲ့သည်။

"ဒီကမ္ဘာလောကကြီးမှာ 'ဝါဆို' ဆိုတဲ့လူတစ်ယောက်ရှိ နေသေးတယ်ဆိုတာ 'ဒေါ်ဖြူစင်' သတိရပါသေးတယ်နော်"

"ဩော် 'ဝါဆို'... အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်မနေပါနဲ့ဟာ... နင်ရယ်တာ ငါ့ကိုလှောင်နေတယ်လို့ပဲထင်တယ်"

"နင်တော့ခက်တာပဲ 'ဝါဆို'... ငါ့ကိုပဲအပြစ်ရှာနေတော့တာပါပဲလား... ခပ်တည်တည်နေတော့လည်း နေပြန်ပြီ... ရယ်တော့လည်း ရယ်ပြန်ပြီနဲ့... ကြာတော့နင့်ကိုမြင်ရင် ငါ့မျက်နှာ ဘယ်လို ထားရမှန်းတောင်မသိတော့ဘူး"

"နင်အားတယ်မဟုတ်လား"

"အဝတ်တွေလျှော်ရဦးမယ်"

"နင် ငါအားလားမေးတိုင်း မှသာဝါဒစကားမျိုးပဲ ပြန်ဖြေတာချည်းပဲ"

"ဈော် ခက်ပါလား... တကယ်မလျှော်ရသေးဘူး... နင်မြင်သားပဲ... ငါ့အဖေအမေလာတာ"

"အဖေအမေတို့... သူ့တောကအမျိုးတို့ လိုက်လာရင် မျက်နှာက ပုရွက်ဆိတ်တက်တော့မလိုပဲ"

"ဟဲ့ ကိုယ့်မိဘ ကိုယ့်အမျိုးလာလို့မှ မပျော်ရတော့ဘူးလား... နင့်ဟာက မဟုတ်သေးပါဘူး"

"လွန်ပါတယ်ဟာ... နေ့တိုင်းလာစောင့်ပေးတဲ့ ဒီကောင့်ကိုတော့ ရှိလျက်နဲ့ထွက်မတွေ့တာတို့... မြင်လျက်နဲ့မမြင်ယောင်ဆောင်တာတို့လုပ်တာတော့ မကောင်းဘူးထင်တယ်"

"အဖေတို့ အမေတို့ရှေ့မှာ နင့်ကိုဧည့်ခံရမှာလား"

"ခါတိုင်းနေ့တွေရောဘာထူးလဲ"

"အေးလေ... ငါ့ကိုဘယ်လိုပဲကြည့်ကြည့်... နင့်မျက်လုံးထဲအပြစ်မြင်နေမှတော့ ဘာလို့လာနေသေးလဲ"





"ဩော် ဘာလို့လာနေသေးလည်း ဟုတ်လား... ငါဘာလို့လာနေတယ်ဆိုတာ နင်တကယ်မသိတော့ဘူးလားဟင်... တကယ်ပဲ မသိတော့ဘူးလား"

ဖြူစင်ဝင်းမွတ်သော 'ဝါဆို' ၏အသားနုနုမှာ ဒေါသကြောင့်လော၊ ရှက်ခြင်းကြောင့်လောမသိ၊ နီမြန်းနေသည်။ ထိုသောမျက်ခုံးတွန့်ထားသည်။

"ဘာကြည့်နေတာလည်း 'ဖြူစင်'... ငါ့ကိုစိုက်ကြည့်နေပေမယ့် နင့်မျက်လုံးထဲမှာ ငါ့ကိုတော့မမြင်ဘူးမဟုတ်လား"

"နင်ပြောချင်တာပြော... ပြောလို့ဝပြီလား... ပြန်တော့"

"မပြန်ဘူး"

"မပြန်ချင်လည်းနေ... တစ်ညလုံးထိုင်... နောက်တစ်နေ့ဆက်ထိုင်"

ထိုသို့ပြောပြီး 'ဖြူစင်' အဆောင်ရှိရာ ပြေးထွက်လာခဲ့သည်။ အဆောင်လှေကားပေါ်တက်ရင်း လမ်းမဆီသို့လှမ်းကြည့်လိုက်မိသည်။ 'ဝါဆို' က 'ဖြူ' ကိုလှမ်းကြည့်နေဆဲ။ 'ဖြူ' နှုတ်ခမ်းကိုတင်းတင်းစေ့၍ အဆောင်ပေါ်တက်ခဲ့ပါသည်။

ရွာမှပေးလိုက်သောပစ္စည်းများကိုပင် မသိမ်းဆည်းသေးပဲ အိပ်ရာထက်တွင်ခြေပစ်လက်ပစ် အိပ်ချလိုက်မိပြန်သည်။ မျက်လုံးထဲတွင် 'ဝါဆို' ၏မျှော်လင့်ခြင်းများဖြင့် ကြည့်နေသောမျက်လုံးကို ယခုတိုင်မြင်ယောင်နေဆဲ။

"'ဝါဆို' ရယ်နင်ဖွဲ့ကောင်းတာအရေးမကြီးဘူး... ငါသာရှိမ်းစိတ်ညစ်တယ်ကွာ"

"ငါ့မှာတာဝန်တွေနဲ့ပါ 'ဝါဆို'ရယ်... ငါ့ကိုနားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ငါ့ရဲ့ဘဝဟာ မနီးစပ်နိုင်သေးဘူးဟယ်… စိတ်ကူးမယဉ်ချင် စမ်းပါနဲ့လေ… ငါ့ကိုသောကများအောင် မလုပ်ပါနဲ့နော်”

၉

မြေနီလမ်းဘေးတွင် ကုက္ကိုပင်ကြီးများအစီအရီရှိနေကြသည်။

(မှန်ပြည်နယ်ဒေသကောလိပ်)

ခန့်ညားသစ်လွင်သော ဆိုင်းဘုတ်နှင့်အတူ ကျောင်းထဲသို့ဝင်လာသော ကျောင်းသူကျောင်းသားများ၏ မျက်နှာလေးများမှာလည်း နုပျိုစိုလန်းနေပါသည်။ စိတ်သစ်လူသစ်နှင့် ရွှင်လန်းတက်ကြွနေကြသည်။ ရွက်ဟောင်းကြွေသလို ရွက်သစ်တွေဝေနေပြီ။

ကျောင်းတက်ခါစမို့ ပတ်ဝန်းကျင်သည် အားလုံးအသစ်အဆန်းချည်းပါပဲ။ ရွာမှလာတက်ရသူဖြစ်သလို အိမ်မှစထွက်ကတည်းက အဖော်မရှိခဲ့။ တစ်ယောက်တည်းမို့အားငယ်သလိုလို





ကြောက်သလိုလိုဖြင့် မိမိတက်ရမည့်အခန်းကို ရှာမရအောင်ဖြစ်နေသည်။

‘ဖြူစင်’ လိုပင်လွယ်အိတ်လေးလွယ်ပြီး ဟိုလျှောက် ဒီလျှောက်နှင့် လိုက်ရှာနေသူတွေ တစ်ပုံတပင်။

“အင့်”

“ဟာ ဆောရီးနော်… ဆောရီး”

အခန်းထောင့်ချိုး အကွေ့တစ်ခုတွင်ဖြစ်သည်။ ဒီဘက်ဆီးလာသော ‘ဖြူစင်’ နှင့် ဟိုဘက်ဆီးလာသော ကောင်လေးတစ်ယောက် ဝင်တိုက်မိကြခြင်းဖြစ်သည်။ နှစ်ယောက်စလုံးအသားဖြူသူများဖြစ်၍ မျက်နှာတွေနီရဲတွတ်သွားကြသည်။

“စိတ်မဆိုးနဲ့နော်”

“ရပါတယ်”

တစ်ယောက်နှင့်တစ်ယောက် လမ်းခွဲလိုက်ကြသည်။ သို့သော်မမျှော်လင့်ဘဲ စာသင်ခန်းတစ်ခုတည်းဖြစ်နေ၍ ပြန်ဆုံကြသည်။ နေ့စဉ်နေ့တိုင်းတွေ့မြင်နေကြသော်လည်း တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ရုံကလွဲ၍ မခင်မင်ခဲ့ကြပါ။ အထူးသဖြင့်ကောင်မလေးကို ‘ဝါဆို’ အုံ့ညသည်။

သူမကိုကြည့်လိုက်လျှင် အမြဲလိုလိုစာဖတ်နေခြင်း၊ စာရေးနေခြင်းမျိုးသာတွေ့ရပြီး၊ ကျောင်းသူကျောင်းသားတွေ အဝတ်အစားအမျိုးမျိုးဝတ်သော်လည်း သူမသည်တစ်ပတ်ကိုထဘီတစ်ထည်သာ လဲသလားမပြောတတ်၊ ပထမတစ်ပတ်လုံးအကျီအဖြူနှင့်ချည်မိုးပြာလေးနှင့် အချိန်ကုန်သွားသည်။

ဖြူဖြူသွယ်သွယ်လေးမို့ သူမကိုလေယာဉ်မယ်ဆိုတင်

www.burmeseclassic.com



စားမိသည်။ ရှေ့နောက်တစ်ပတ်လုံး ကျောင်းဝတ်စုံအဖြူ အစိမ်းလေးနှင့် အထက်တန်းကျောင်းသူတစ်ယောက်အဖြစ်က ဘာမှမပြောင်းလဲသေးပါလား။ တတိယအပတ်တွင် အင်္ကျီအဖြူ ထဘီအနီလေးနှင့်မို့ သူနာပြုဆရာမလေးဖြစ်သွားပြန်သည်။

အင်္ကျီအဖြူနှင့်လေယာဉ်မယ်လိုချည် အရောင်လေးမျိုးကိုသာဝတ်ဆင်ပြီး မျက်နှာတွင်သနပ်ခါးရေကျဲလေးပွတ်ထားသော 'ဖြူစင်'သည် ပကတိရိုးသားဖြူစင်သော မိန်းကလေးတစ်ယောက်သာဖြစ်သည်။ အကြံတူရှန်သူမဟုတ်။ 'ဝါဆို' အတွက်တော့ မိတ်ဆွေပါ။

ကျောင်းအားချိန်များတွင် 'ဖြူစင်' ပျောက်သွားတတ်သည်။ နောက်မှ စာကြည့်တိုက်ထဲရောက်နေကြောင်းတွေ့ရသည်။ စာကြည့်တိုက်သည် အခန်းနှစ်ဆယ့်တစ်တွင်ရှိသည်။ စွယ်စုံကျမ်းရော၊ မဂ္ဂဇင်းရော၊ ရှိသမျှစာအုပ်သူမအကုန်ဖတ်သည်။ တစ်ခါတလေ မှတ်သည်။

စေ့ 'ဖြူစင်' သည်စာရူးပေရူးလား၊ စာပေဝါသနာပါသူလား။ တစ်နှစ်လုံးတစ်ခန်းတည်းကျောင်းအတူတက်ပြီး စာကြည့်တိုက်ထဲတွင်မကြာခဏဆုံလေ့ရှိသော်လည်း 'ဖြူစင်' နှင့် 'ဝါဆို' တစ်ယောက်ကိုတစ်ယောက် ပြုံးပြသည့်အဆင့်ကိုမရောက်။

အထူးသဖြင့် 'ဖြူစင်'သည် တခြားကျောင်းသူကျောင်းသားများကိုစကားပြောခြင်း၊ ပြုံးပြ၊ ရယ်ပြခြင်းမျိုးများရှိသော်လည်း မိမိကိုတော့သိပ်မခင်မင်ချင်သလိုလို။ 'ဝါဆို' ရင်ထဲတွင်မကောင်း။ မိမိကိုဘာကြောင့်များ အရောမဝင်သနည်း။





ပထမတစ်နှစ်လုံးလုံး 'ဖြူစင်' ကိုမသိမသာခိုးကြည့်ရင်း ရှေ့ရောက်လျှင် ကိုယ့်ကိုယ်ကိုသိမ်ငယ်ရင်းဖြင့် အချိန်ကုန်ခဲ့သော 'ဝါဆို'သည် ပထမနှစ်အောင်စာရင်းထွက်သောအခါ ပို၍ သူမကိုလေးစားအထင်ကြီးခဲ့ရပါသည်။ အောင်စာရင်းစာ ဖြူပေါ်တွင် အောင်သောကျောင်းသူ၊ ကျောင်းသားများ၏ တ်ဝယ် အမြီးရှည်လေ၊ ဂုဏ်ထူးများလေမဟုတ်လော၊ 'ဝါ ဂုဏ်ထူးငါးခုထွက်ပါသည်။

မိမိကိုယ်မိမိကြိုးစားလှပြီ၊ တော်လှပြီဟုထင်ထားသော ဆို'သည် မိမိတို့အထဲမှ 'ဖြူစင်' ခြောက်ဘာသာဂုဏ်ထူးပါဟု ရလေသောအခါ သူမမျက်နှာဝင်းဝင်းလေးနှင့် စူးစူးရှရှကြည့်တတ်ပုံကို ပြေးမြင်လိုက်မိသည်။ သူဟာစာအရမ်းတော်တာပဲ ား။ ဒါကြောင့် အချိန်ပြည့်စာပဲဖတ်နေတာကိုး။သူ ဘယ်ကျူ င်တွေတက်ပါလိမ့်။

"သားကညံ့တယ်ကွာ... မာမီဒီလောက်ဂရုစိုက်နေတဲ့ ားက ငါးဘာသာပဲရတယ်... သားတို့အခန်းထဲက ကောင်မလေးတစ်ယောက် ခြောက်ဘာသာတောင်ထွက်တယ်ဆို"

"ဟုတ်ကဲ့ မာမီ"

"ကောင်မလေးက တော်လှချည်းလား... ဘာကျူရှင်တွေ လဲ"

"သားသိသလောက်တော့ ဘာကျူရှင်မှမယူဘူးထင် ယ်"

"အို သားကလည်းမဟုတ်တာ... ကျူရှင်ကောင်းကောင်း လို့သာ အ[illegible]အောင်တာပေါ့ကွ... မေးကြည့်ပါလား... ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်ယူလည်းလို့"

"ဟာ သူကသိပ်တည်တာ မမေးရဲဘူး"

"အောင်မယ်လေးငါ့သားရယ်... မင်းဟာ ယောကျ်ားမ ဟုတ်တာကျနေတာပဲကွယ်"

နောက်တစ်နေ့ ကျောင်းတက်သောအခါ မာမီက ကျောင်းကိုလိုက်ပို့ပေးရင်း...

"ခြောက်ဘာသာထွက်တာ ဘယ်ကောင်မလေးလည်း သား"

ထိုစဉ်မှာပင် 'ဖြူစင်'က လွယ်အိတ်လေးလွယ်၍လျှောက် လာနေပါသည်။

"သူပဲမေမေ"

"နာမည်ဘယ်သူလည်းသား"

"'ဖြူစင်' ပါမေမေ"

ခေါ်သံကြား၍ 'ဖြူစင်' လှမ်းကြည့်လိုက်သောအခါ ကားနီနီလေးဘေးတွင် ရပ်နေသော 'ဝါဆို'၏အမေကိုပါတွေ့သ ဖြင့် 'ဖြူစင်' မျက်မှောင်လေးကြုတ်သွားမိသည်။ မကြားချင် ယောင်ဆောင်၍ ဆက်လျှောက်လိုက်သည်။

"'ဖြူစင်'... 'ဖြူစင်'..."

မိမိကိုခေါ်မှန်းသေချာ၍ ရပ်စောင့်နေလိုက်သည်။ ဆရာ ဝန်ကြီးကတော်က ရယ်မလိုလို တည်သလိုလိုမျက်နှာဖြင့်...

"မေးစရာလေးရှိလို့ပါကွယ်"

'ဖြူစင်' စူးရှသောမျက်လုံးလေးဖြင့် ခပ်တည်တည်ပင်...

"ဘာမေးချင်လို့ပါလဲ"





"ခြောက် ငါ့တူမက ဂုဏ်ထူးခြောက်ခုတောင်ပါတယ်ဆို လို့ ဘယ်ကျူရှင်တွေများတက်သလဲ... ဒါမှမဟုတ် ဘယ်ဆရာ နဲ့များခေါ်သင်သလဲလို့ပါ"

'ဖြူစင်'၏ မျက်ခုံးနှစ်ဖက်မြင့်တက်သွားသလို သူမ၏ ညို့မျက်လုံးများက 'ဝါဆို' ရှိရာသို့မျက်ကနဲ တစ်ချက်ရောက်လာ ပြီး။

"ဘာကျူရှင်မှ မတက်ပါဘူးရှင်"

"သိချင်လို့မေးတာပါကွယ်... မလျှိုပါနဲ့... ယောဒီအန်တီ သားကိုထားချင်လို့ပါ"

"ဖြူ ဘာလျှိုလို့လဲ... ဘာကျူရှင်မှမတက်လို့ မတက် ဘူးပြောတာပဲ"

"ပြီးရော ပြီးရော"

'ဖြူစင်' ဆက်လျှောက်သွားသည်။

"သိပ်ရိုင်းတဲ့ကောင်မလေးပဲ... လူကြီးမေးတာကို မပြော ချင်သလိုလို ပြောချင်သလိုလိုနဲ့"

'ဖြူစင်' အမူအရာကိုသိပြီးသားဖြစ်သော 'ဝါဆို' အတွက် မထူးဆန်းသော်လည်း မာမီအနေဖြင့်ရိုင်းချင်း ရိုင်းနေမည်ဖြစ် ၏။

"သူ ကျူရှင်တကယ်မယူတာဖြစ်မယ် မာမီ"

"အိုကွာ သက်သက်သူများလိုက်တက်မှာစိုးလို့ ဖွက် ပြောတာနေမှာ... သူ့ဆက်သူများသာသွားမှာစိုးရိမ်လို့နေမှာပေါ့ မတက်ဘဲနဲ့ ဒီလောက်ဂုဏ်ထူးတွေထွက်မလား... ငါ့သားကိုမာမီ ဒီလောက်ဂရုစိုက်နေတဲ့ကြားကတောင် ငါ့သားသာပဲဂုဏ်ထူး

www.burmeseclassic.com



ထွက်တာပဲ"

"သူကပိုတော်လို့နေမှာပေါ့ မာမီရယ်... သူကပုံဆွဲသိပ်တော်တာ... ဘိုင်အိုမှာသားကပုံဆွဲညံ့လို့ ဂုဏ်ထူးမပါတာဖြစ်မှာပေါ့"

"သားကိုကြည့်ပါတယ်... လက်ရေးလည်းသိပ်မကြိုက်သေးဘူး... ဘိုင်အိုပုံဆွဲညံ့လို့မဖြစ်သေးဘူးနော်... ဆေးကျောင်းရောက်ဖို့ ဒီဘာသာပဲအရေးကြီးတာမဟုတ်လား... မဖြစ်ပါဘူး မင်းကိုတော့ သေချာကြပ်ကြပ်မတ်မတ် ဂရုစိုက်ဦးမှပါ"

မာမီမျက်နှာကြီးသုန်မှုန်နေသည်။

"ဒီကောင်မလေး ရိုင်းကိုရိုင်းတယ်... လူကြီးသူမနဲ့စကားပြောတာ ရိုသေမှုလုံးဝမရှိဘူး... ကြည့်တဲ့မျက်လုံးကတစ်မျိုးပဲ... သူကငါ့ကိုဒီလိုကြည့်ရအောင် ဘာမို့လဲ... ဘယ်သူ့သားသမီးမို့လို့လဲ... သား သူက ဘယ်ကလည်း မာမီကိုပြောစမ်း"

"မာမီကလည်းဗျာ... သူဒီလိုပဲနေတတ်လို့ပါ... ဘယ်လိုမှသဘောမထားပါနဲ့"

"ငါမေးနေတာသာ ဖြေစမ်းပါကွယ်"

"ဘယ်သူ့သားသမီးလည်းဆိုတာ သားမသိဘူး"

"ဘတ်စ်ကားစီးပြီးကျောင်းတက်နေရတဲ့ ပါချီ ပါချက်ကများ ငါ့ကိုကြည့်ပုံပြောပုံက ပမာမခန့်နဲ့... အေးပေါ့လေ... တစ်နေ့ငါတို့နဲ့မပတ်သက်လာရင်ကောင်း ဘာပေါ့... ပတ်သက်လာရင်တော့ တွေ့ကြသေးတာပေါ့"

မာမီ့ကိုအမျက်သိုးရန်ကော၊ အမုန်းကြီးရန်ကောဟု 'ဝါဆို' တွေးမိသည်။





၁၀

ဒုတိယနှစ်သည် ပထမနှစ်ထက် ပို၍ဗဟုသုတ၊ လက်တွေ့ကြွယ်ဝစေပါသည်။ စာတွေများလာသလို လက်တွေ့ပိုင်းတွေပိုများလာသည်။ ကျောင်းစာသင်ခန်းတွင်သာမက လုပ်ငန်းအတတ်ပညာ လုပ်ငန်းအုပ်ချုပ်မှုပညာများကို အတူတူသင်ကြသလို ကျိုက္ကမိ၊ စက်စဲသို့လေ့လာရေးထွက်ကြသောအခါလည်း အတူတူဖြစ်သည်။

'ဝါဆို' ဘာဖြစ်နေသည်ကို ပတ်ဝန်းကျင်းကရိပ်မိနေပြီဖြစ်သော်လည်း ကာယကံရှင် 'ဖြူစင်'က ရိပ်မိပုံမပေါ်။ သူမကိုအမြဲတစေ အရိပ်တကြည့်ကြည့်လုပ်နေတတ်သော 'ဝါဆို' ကိုရှိသည်ဟုသတိမှတ်ထားပုံမပေါ်။ တစ်ခါတလေမျက်လုံးချင်းဆုံသွားတတ်သည်။

ထိုအခါမျိုးတွင် တစ်ချက်ပြုံးတယ်ဆိုရုံလေး ပြုံးပြလိုက်ပြီး သူမအရင်မျက်လုံးလွှဲသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"'ဖြူစင်'"

လုံးဝမထင်မှတ် ထားပဲ မိမိနာမည်ကိုခေါ်သံကြားလိုက်ရသဖြင့် သူမဖျတ်ကနဲ လှည့်ကြည့်လာသည်။ စူးရှသောသူ့အကြည့်များကြားဝယ် 'ဝါဆို' တစ်ကိုယ်လုံးကျုံ့သွားသည်ဟုထင်မိသည်။

"ဘာလည်း 'ဝါဆို'... ဘယ်သူခေါ်ခိုင်းလို့လဲ"

သူမကပကတိ ဖြူစင်ရိုးသားစွာ မေးခြင်းဖြစ်သည်။ မေး... သောသူက 'ဝါဆို'။ ပင်လယ်ထဲမှလှိုင်းလုံးများ သဲသောင်ကမ်းခြေကို တသုန်သုန်းလာရိုက်ခတ်သလို 'ဝါဆို' ရင်ထဲတွင်လည်း လှိုင်းတံပိုးများရိုက်ခတ်နေသည်။

"ဘယ်သူမှမခေါ်ခိုင်းပါဘူး 'ဖြူစင်'... ဒီဘက်ကိုလမ်းလျှောက်လာရင်း 'ဖြူစင်' ကိုတွေ့လို့ခေါ်မိတာပါ"

"ဪ..."





"ငါလာစကားပြောတာနှင့်အတွက် အနှောက်အယှက်များဖြစ်သွားမလား... စိတ်များဆိုးသွားမလား"

"စကားလာပြောတာနဲ့တော့ ဘာလို့စိတ်ဆိုးရမှာလည်းဟယ်... ရည်းစားစကားပြောတာမှ မဟုတ်ဘဲ နင်ကလဲ"

ထိုစကားကြောင့် 'ဝါဆို' ပို၍စကားပြောဆင်ခြင်ရမည်ဖြစ်သည်။

"နင်တစ်ယောက်တည်း ဒီမှာဘာလုပ်နေတာလဲ... 'ဖြူစင်'"

"ဒီလောက်သာယာတဲ့နေရာမျိုးမှာ ဒီလိုတစ်ယောက်တည်း သဘာဝအရသာကိုခံစားရတာ ဘယ်လောက်အရသာရှိတယ်မှတ်လည်း 'ဝါဆို'"

"ဒါဆို ငါဟာနင့်အတွက်အနှောက်အယှက်ဖြစ်တာသေချာပါပြီ"

"မဖြစ်ပါဘူးဟာ... နင့်ကိုကြည့်ရတာငါ့ကိုကြောက်နေသလိုပဲ... ငါရှိတဲ့နေရာနားကွင်းကွင်းပြီးရှောင်နေသလိုပဲ... ခုမှဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလည်း 'ဝါဆို'"

"ကြောက်တာမဟုတ်ပါဘူး... 'ဖြူစင်' ကိုလေးစားတာပါ... အမြဲစာဖတ်နေတဲ့ နင့်ကိုငါလေးစားတာပါ... သူများတွေလို နင့်မှာပြင်ဆင်ခြယ်သခြင်းမရှိဘဲ အမြဲကြိုးစားနေတာကို ငါလေးစားမိလို့ပါ"

"အဟွန်း ဟွန်း... နင်က ငါ့ကိုစွတ်ပြီးအထင်ကြီးနေလိုက်တာ 'ဝါဆို' ရယ်... သူများတွေလိုပြင်ဆင်မှုမရှိတာက ငါ့မှာ ပြင်ဆင်နိုင်လောက်တဲ့ခွန်အားမရှိလို့... အမြဲကြိုးစားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



က ကြိုးစားမှုတိုးတက်မယ့်ဘဝမို့ပါ… တကယ်တော်တာက နင် ပါဟ”

“ဟာ ငါမတော်ပါဘူး”

‘ဝါဆို’ ရှက်ပြီးခေါင်းကိုကုတ်ကာ မျက်နှာလွှဲကာ ပြောခြင်းဖြစ်သည်။

“ဟော သူကျတော့ တော်လို့တော့တယ်ပြောတာများ ရှက်နေရသေးတယ်”

“ငါဘာတော်လို့လဲ… ကျူရှင်တွေအချိန်ပြည့်ယူပြီး ဖြေတာတောင် နင့်ကိုမီလို့လား… ကျူရှင်မယူတဲ့နင်က ဘတ်စ်ကားစီးပြီး အချိန်လုကျောင်းတက်နေရတဲ့ နင်ကမှ ငါ့ထက်သာတာ တော်တာ”

“ထားပါလေ ငါနင့်ကိုတော်တယ်ပြောတာက အဓိပ္ပါယ်တစ်မျိုးနဲ့ပါ… နင်ဟာဘဝကိုစည်းစိမ်အပြည့်နဲ့ခံစားပြီး မွေးဖွားလာတဲ့သူ… နင့်မှာဘာမှလိုလေသေးမရှိဘူး… ဒါပေမဲ့ နင်ဟာမွေခြင်း… ရှုပ်ခြင်းမရှိဘူး… ကြိုးစားတယ်… အနေအထိုင်လည်း ရှုပ်ရှုပ်ယှက်ယှက်မရှိဘူး… ဒါကြောင့်ကောင်မလေးတွေ နင့်အကြောင်း ခဏခဏပြောသံကြားတာ”

“ဘာပြောတာလဲ”

“ချော် နင်တော်ကြောင်း… ပြည့်စုံကြောင်းပေါ့… နင့်ကို စိတ်ဝင်စားတဲ့လူ အတော်များတယ်”

‘နင်ကော ငါ့ကိုစိတ်မဝင်စားဘူးလားဟု စိတ်ထဲမှမေးမိသည် ပါးစပ်ကတော့ မပြောရဲပါ’

“ငါတော်လို့မဟုတ်ပါဘူး ‘ဖြူစင်’… ငါ့အမေတော်လို့ပါ

ငါ့အမေက ငါ့ကိုမွေးလာကတည်းက သားကြီးရင်ဆရာဝန်ကြီး ဖြစ်ရအောင် လုပ်ရမယ်လို့ နေ့တိုင်းပြောနေတာဟ… သူကိုယ်တိုင်လည်းစာကျက်တာကအစ ထိုင်စောင့်နေတာ… မှတ်မိသေးတယ်မဟုတ်လား… ပထမနှစ်အောင်တုန်းက ဂုဏ်ထူးငါးခုထဲပါလို့ အားမလိုအားမရဖြစ်ပြီး ‘ဖြူစင်’ ဘယ်ကျူရှင်မှာတက်လို့ ခြောက်ခုရတာလည်းဆိုပြီး လာမေးသေးတယ်လေ”

“အင်း မှတ်မိပါတယ်”

‘ဖြူစင်’ ကတည်သွားသောမျက်နှာလေးဖြင့် ‘ဝါဆို’ ကို စူးစူးရဲရဲတစ်ချက်စိုက်ကြည့်ပြီး မှတ်မိကြောင်းပြောသည်။

“မာမီအဲသလိုလာမေးတော့ ‘ဖြူစင်’ စိတ်ဆိုးသွားသေးလား”

“ဟင့်အင်းမဆိုးပါဘူး… အဲဒီတုန်းကစိတ်ဆိုးသွားတာ ‘ဝါဆို့’ မာမီပါ… မတတ်နိုင်ဘူးလေ မှန်တာကိုပြောလိုက်တာပဲ”

“ငါပြောပြလိုက်ပါတယ်… ကျူရှင်မယူဘဲ စာသိပ်တော်တဲ့ ‘ဖြူစင်’ ကို မာမီအရမ်းအံ့ဩသွားသလို ကျူရှင်တွေယူပြီး ညံ့တဲ့ငါ့ကိုပွမ်းတော့တာပဲ”

“နောက်ဆုံး ‘ဝါဆို့’ မာမီလိုလားတဲ့ ဆရာဝန်ကြီးဖြစ်လာမှာကတော့ သေချာပါတယ်ကွာ… မဟုတ်ဘူးလား”

“မဖြစ်ရင်လည်း မာမီဆုတောင်းတာနဲ့ ငါသေမှာ”

“ဟင်း ဟင်း ‘ဝါဆို’ရယ်… နင့်ကြည့်ရတာ နင့်အမေကို အတော်ကြောက်နေပုံပဲ”

“ကြောက်ရတာပေါ့… အမေတင်မဟုတ်ဘူး… အဖေကလည်း အမေပြီးရင်ပြီးတာ”







www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဟာ... အဖေကြောက်တာအမေပဲရှိမှာပေါ့... ဟုတ်ဘူးလား"

ဖြူစင်က သူမ၏ဖြူဖွေးညီညာလှပသော ပုလဲသွယ်သွယ် သွားလှလှလေးများကိုဖော်၍ ရယ်ရယ်မောမောပြောဆိုနေခြင်းဖြစ်သည်။ သူမ၏ဘိုဘက်ဘေးတွင် ခရုလေးများနှင့်ဂဏန်းပေါက်စလေးများကို တွေ့ရပါသည်။

"လက်တွေ့လေ့လာနေတာလား"

"နည်းနည်းပါးပါးပါ... ပင်လယ်ကိုကြည့်ပြီး အဏ္ဏဝါနဲ့ ကမ္ဘာကိုဆက်စပ်ကြည့်မိတာပါ"

"ဟုတ်တယ်နော်... အမှတ်တမဲ့ကြည့်ရင် သာယာကြည်နူးစရာ သဘာဝအလှအပတွေအဖြစ် ရှိနေပေမယ့် တစ်ခါတလေ ကျပြန်တော့လည်း အဏ္ဏဝါဟာလူဆိုးဖြစ်ပြန်ရော... အခုကမ်းစပ်ကကြည့်ရင် လှိုင်းလုံးကြီးတွေသောင်စပ်ကိုတစ်လိမ့်လိမ့်တက်လာတာကိုလှပတဲ့အရသာအဖြစ်ခံစားရပေမယ့် ရေ့မတိုးနဲ့ ရေ့တိုးတာနဲ့အန္တရာယ်ပဲ"

"ဒါပေါ့ဟာ အကျိုးရှိသလို အဆိုးလည်းရှိမှာပေါ့... ဘာပဲပြောပြော ကမ္ဘာမြေပြင်ရဲ့ခုနစ်ဆယ်ရာခိုင်နှုန်းကို ပင်လယ်နဲ့ သမုဒ္ဒရာက ဖုံးလွှမ်းထားတာနော်... နင်လည်းသိမှာပေါ့... ကမ္ဘာကိုအဝေးကနေဓာတ်ပုံရိုက်ထားရင် ကမ္ဘာတစ်ခုလုံးကို ရေကဖုံးလွှမ်းနေပြီး မြေသားရယ်လို့ ကွက်တိကွက်ကျားပဲရှိတာ"

ကျိုက်ခမီရေလယ်ဘုရားမှစခဲ့သော ခင်မင်မှုကြောင့် ဒုတိယနှစ်မကုန်မီမှာပင် ဖြူစင် ပြောရဲဆိုရဲရှိလာခဲ့သည်။ စာကြည့်တိုက်ထဲတွင်ဖြစ်သည်။





"ဘာစာအုပ်ဖတ်နေတာလည်း 'ဖြူစင်'"

"ဘာစာအုပ်ရယ်လို့မဟုတ်ပါဘူး 'ဝါဆို'... စာကြည့်တိုက်ထဲမှာရှိတဲ့လက်လှမ်းမီရာ စာအုပ်တွေအားလုံး အချိန်လုပြီးဖတ်ရတာပဲ... အိမ်မှာကဖတ်စရာစာအုပ်သိပ်မရှိဘူးလေ... မဂ္ဂဇင်းတို့ ဇွယ်စုံကျမ်းတို့ဖတ်တာများတယ်"

"ကောင်းတာပေါ့ဟာ... မဂ္ဂဇင်းထဲမှာက အခုကဲ့သို့တွေ့ကြုံဖြစ်ပျက်နေတာတွေ... တစ်လစာ တစ်လစာ ဖတ်နိုင်သလို စွယ်စုံကျမ်းမှာက ဖြစ်ပျက်ပြီးခဲ့သမျှ ဗဟုသုတအားလုံးစုရုံးရှိနေတာမို့ ဖတ်တဲ့လူအတွက် ဗဟုသုတပြည့်ဝစေနိုင်တာပေါ့"

"ဟုတ်တာပေါ့"

"နင်စာတွေမှိုင်းရောပေါ့"

"ကျက်တုန်းပါပဲ"

"ဒီနှစ်လည်း ခြောက်ဘာသာဂုဏ်ထူးရှင်မလေးပဲ ဖြစ်ဦးမှာပါ"

"ဟား ဟား နင်ကငါ့ကိုငါ့အရမ်းစွတ်အထင်ကြီးနေ... နင်ထင်သလို ဖြစ်မလာရင်ရှက်စရာကြီး"

"နိုင့်လိုကြိုးစားတဲ့သူမှမရရင် ဘယ်သူရမှာလဲ"

ထိုစကားကြောင့် အမှတ်မထင် 'စာနည်း' ကိုသတိရမိသည်။

"နင် ဘာစဉ်းစားနေတာလဲ 'ဖြူစင်'"

"ဘာမှမစဉ်းစားပါဘူး"

"နင်ဆေးကျောင်းတက်မှာမဟုတ်လား"

"တက်ချင်လို့ကြိုးစားနေတာပါပဲ... ဒါပေမဲ့ ဘယ်ကြို



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ ဖြစ်ဦးမလဲ... ဒုတိယနှစ်အောင်မှ အမှတ်စာရင်းကြည့်ပြီး ပြောကြတာပေါ့"





## ၁၂

ဒုတိယနှစ်ဂုဏ်ထူးခြောက်ဘာသာနှင့် အောင်သော်လည်း 'မြူစင်' တစ်ယောက်မပျော်ရွှင်လိုက်ရပါ။ 'မြင့်ရီ' တစ်ယောက် အဘနှင့်အစ်ကိုကြီးတို့ သဘောတူညီချက်မရဘဲ ရန်ကုန်ထွက်သွားသောကြောင့်ဖြစ်သည်။ ညီမငယ်အတွက်ပျော်ရွှင်ဂုဏ်ယူရသော်လည်းညီမကြီးအတွက်ရှက်နေသူက 'သောင်းလွင်'။

'မြင့်ရီ' ကိုအတန်တန်တောင်းပန်ထားခဲ့သည်။ ကိုယ်ကခိုးရာလေး။ ကိုယ်ကတကယ်ချစ်လျှင် သူမော်လမြိုင်ကိုလိုက်လာပါလိမ့်မည်။ တကယ်မချစ်လို့ မလိုက်လာလျှင်လည်း ကိုယ်ကလိုက်မသွားသင့်ကြောင်း မိဘနှင့်ဖသားပီပီလာရောက်တောင်းရမ်းယူပါစေဟု။ ယခုတော့ စာတစ်စောင်ရေးပြီး ထွက်သွားခဲ့သည်။

**အဘ အမေနှင့် အစ်ကို ညီမများသို့**

**'မြင့်ရီ' ရှိသေစွာစာရေးပြီး ကန်တော့သွားပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



'မြင့်ရီ' ကိုခွင့်လွှတ်ပါ။ ကိုကြီးပြောသလို ရွာမှာပဲနေချင်ပေမယ့် 'ကိုထွန်းမြင့်' ရဲ့အလုပ်က ကိုယ်ပိုင်စီးပွားရေးဖြစ်နေသည့်အတွက် ပြောင်းယူ၍မရပါ။ သူ့မိဘများက တခြားမိန်းကလေးတစ်ယောက်နှင့် နားချနေတဲ့အတွက် လိုက်သွားရခြင်းဖြစ်ပါတယ်။ 'မြင့်ရီ' ဟိုမှာရှိနေတဲ့အတွက် 'မြူစင့်' ကိုတစ်ဖက်တစ်လမ်းက ထောက်ပံ့နိုင်မယ်လို့ ထင်ပါတယ်။

"တောက်"

ကိုကြီးစာကိုပင်ဆုံးအောင်မဖတ်ဘဲ လုံးချေ၍လွှင့်ပစ်လိုက်သည်။

"သေချာဆုံးမထားပါလျက် တောင်းပန်ထားပါလျက်နဲ့ လုပ်ဖြစ်အောင်လုပ်သွားသေးတယ်... ခွေးမ... ဒါ့ငါ့ကိုဂရုမစိုက်လို့လုပ်တာ"

ကိုကြီးတစ်ယောက်အရက်မသောက်ဘဲ ~ ူးသမားလိုရမ်းနေသဖြင့် အမေကခပ်တိုးတိုးပြောသည်။

"'သောင်းလွင်'ရယ်... နင့်အသံတစ်ရွာလုံးက ကြားပါတယ်ဟဲ့... ဘာလဲ... တခြားရွာကပါကြားအောင် ဇော်ငှားပေးရမလား"

"အမေ မဆုံးမလို့ခုလိုဖြစ်တာ"

"ဟဲ့ မိန်းကလေးအရွယ်ရောက်လာလို့ ရည်းစားထားတယ်... ဒါဆန်းလား... အမေတစ်ယောက်အနေနဲ့ သင့်တော်မဆင့်တော်လေ့လာပေးတယ်... ကိုယ့်ထက် သူတို့အသိုင်းအဝိုင်းက သာတယ်... မညံ့လည်းမဆိုးပါဘူး... ရုပ်ရည်လည်းပြောစ





ရာမရှိဘူး... လူပျိုလူလွတ်ဖြစ်တယ်... ကိုယ့်သမီးကိုလည်းချစ်တယ်... လက်ထပ်ဖို့လည်းတစ်ဂျီဂျီပြောနေတယ်... ဒီလိုလူနဲ့သဘောမတူရင် မင်းကဘာနဲ့ပေးစားချင်လို့လဲ"

"ဘွဲ့ရတာမှဘယ်လောက်ကြာသေးလို့လဲ... အလုပ်အောင်မရသေးဘူး... ကိုယ့်ညီမလေးဆေးကျောင်းတက်ရင် ဘယ်လောက်ကူညီမယ်... ဘယ်လိုထောက်ပံ့မယ်မစဉ်းစားဘူး... လင်ယူဖို့ပဲစဉ်းစားနေတာပဲ"

"မိန်းကလေးဆိုတာအရွယ်ရှိတုန်း... အချိန်ရှိတုန်း... ရှုံးယဉ့်သူရှိတုန်း ညွှတ်ရတာကွယ့်... တန်ရာတန်ရာရွေးရတုန်း ရောင်းရင်ရောင်း မရောင်းရင် အချိန်လွန် အရွယ်လွန်မှဆိုရင် ဝယ်မယ့်သူမရှိမှတော့ လျှော့ရောင်းလည်းမယူချင်ကြဘူး... အလကားပေးတောင် မယူချင်ကြဘူး"

"တော်စမ်းပါဗျာ... မယူဘာဖြစ်တုန်း... အပျိုကြီးလုပ်ပေါ့"

"မင်းတစ်သက်လုံးရှာကျွေးမှာလား... အချိန်တန်မင်းလည်း မိန်းမယူမှာပဲ"

"မယူဘူး... ကျုပ်ဒါတွေမစဉ်းစားဘူး"

"မစဉ်းစားရအောင် မင်းကဘာသားနဲ့ထုထားတာမို့တုန်းတွေ့သေးလို့အပြောကြီးနေတာ"

"တွေ့တာပေါ့ဗျာ... သိပ်တွေ့တာပေါ့... အမေ့သမီးကြီးသို့ တစ်ကိုယ်ကောင်းဆန်တဲ့ကောင်ဆိုရင်ကြာလှပြီမိန်းမယူတာ"

စကားနည်းသော အဖေကြားဝင်၍...

"ကဲ တော်ကြတော့ကွာ တော်ကြတော့... သွားတဲ့လူတ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ… ကိုယ်ဘာတတ်နိုင်မှာလည်း… ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရရင် လောကကြီးဟာ ဒုက္ခဆိုတဲ့စကားတောင်ရှိမှာမဟုတ်တော့ဘူး… အကြီးမကိုပြောလို့မရပေမယ့် အငယ်မကတော့ မင်းပုံသွင်းသလိုဖြစ်သွားမဲ့ဗျာ"

ကိုကြီးက 'ဖြူစင်' ကိုစားတော့ဝါးတော့မလို မျက်လုံးပြူး စူးစူးရှရှကြည့်ပြီး ဆရုံတွင်ထိုးထားသော ဓားမကိုဆွဲထုတ်လိုက်သဖြင့် 'ဖြူစင်' ဖတ်ကလေးပုသွားသည်။ မျက်လုံးကလေးပြူးသွားသည်။

"'မိဖြူ'"

"ရှင်"

"ဒါ ဘာလဲ"

"ဓား ဓားမပါ ကိုကြီး"

"နင့်မှာရည်းစားရှိနေပြီလား"

မဆီမဆိုင် 'ဓားနည်း' နှင့် 'ဝါဆို' ကို ပြေးသတိရနေသေးသည်။ ဘာမှမဆိုင်ပါ။

"ဟေ့မေးတယ်… ရှိနေပြီလား"

"မ မရှိပါဘူးကိုကြီး"

"နင် ဆေးကျောင်းတက်မယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"နင် နားလည်ထားဖို့က နင့်ကိုငါအများကြီးအားကိုးထားတယ်… ဆေးကျောင်းဆိုတာ စာဘာယ်လောက်များတယ်ဆိုတာ နင်သိတယ်မဟုတ်ဘူးလား"

"သိပါတယ် ကိုကြီး"





"ဆေးကျောင်းကိုဘာလုပ်ဖို့ ငါသိပ်ရောက်စေချင်သလဲ ပြော"

"ဟို ဟို ရွာကလူတွေကို ကယ်ဖို့ပါ"

"ရွာလူတင်မဟုတ်ဘူး… ကျန်းမာရေးနှင့်ပတ်သက်ပြီး တကယ်ဒုက္ခခံစားနေရတဲ့ မရှိဆင်းရဲသားတွေကိုကယ်ဖို့… ဖြောင့်မတ်တဲ့ဆရာဝန်မတစ်ယောက်အဖြစ် ရပ်တည်ဖို့… မရှိမဲ့ရှိမဲ့နဲ့ လွတ်ရမှာ… အေး ခုရုပ်မှနောင်ရှင်း… လင်ယူမယ်ဆိုရင်တော့ ကျောင်းတက်မနေနဲ့တော့… အခုယူရတယ်"

"'ဖြူ' မယူပါဘူး"

"နင့်အရွယ်နဲ့ယူရဲယူကြည့်ပါလား… ယောက်ျားတွေလားဓား… တကယ်ခုတ်မှာ"

အမေကမျက်စောင်းထိုး၍…

"မင်းဟာကသိပ်တရားမလွန်ဘူးလား… ဒီလောက်ချုပ်ချယ်နေချင်ရင်လည်း မင်းဘာသာမိန်းမယူကလေးမွေးပြီး မင်းကလေးကျမှ အမေ့ဝမ်းကကျွတ်ကတည်းက ဓားမထောင်ပြီးပဲ ဆုံးမဆုံးမ… ကြိတ်ဆုံထဲပဲ ထည့်ထောင်း ထည့်ထောင်း… တကတည်းတော်… သူများသားသမီးကို ချုပ်ချယ်လိုက်တာလွန်ရော… ကလေးမှာ အပျိုလုပ်ရတာကိုမရှိဘူး… လူမှန်းသိတတ်ကတည်းက အချည်ပဲကျက်ခိုင်းနေတာပဲ"

"ဒါကြောင့် အမေ့သမီးစာတော်ပြီး ဂုဏ်ထူးတွေတသီကြီးရပြီး လူတွေအထင်ကြီးတယ်မဟုတ်လား… အခုဆရာဝန်လိုင်းတက်ရတယ်မဟုတ်လား"

"ကလေးကိုမနိုင်တဲ့ဝန်ထမ်းခိုင်းနော်… ရူးရင်ငါနင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်သတ်မယ်"

"မဟုတ်တာဗျာ... ဘယ်ကရှုးရမှာလဲ... နေ့တိုင်းစာမှန်မှန်ကျက်ရင် တခြားအပိုအလုပ်မရှိရင် ဘာမှရှုးစရာမလိုပါဘူး ဆရာဝန်မဖြစ်တော့ ဘယ်သူမျက်နှာရှိမလဲ... အမေပဲမျက်နှာရှိမှာ အမေ့သမီးပဲမျက်နှာရှိမှာ... ကျုပ်အတွက်ဘာမှမပါဘူး"

ကိုကြီးခမျာ မိမိကိုဆရာဝန်ဖြစ်စေချင်လို့ သူများအမြွာအဆိုကိုခံရသလို ပိုက်ဆံရဖို့လည်း ကုန်းရုန်းရှာရသည်။

" 'မိဖြူ' "

"ရှင်"

"နင်ရန်ကုန်ရောက်ရင် နင့်အစ်မကိုခေါ်ရင်အသတ်ပဲ"

'ဖြူ' ဘာမှပြန်မပြောပါ။ အမေကတော့ သူ့သမီးကြီးဘက်က ကက်ကက်လန်ပြန်အော်သည်။

"ဟဲ့ သူ့အစ်မအရင်းခေါက်ခေါက်ပဲ... သူခေါ်ချင် ခေါ်မှာပေါ့... နင်ဘာဒိုက်ပင်စရာရှိသလဲ... နင်လည်းအစ်ကို ဟိုဟာလည်းအစ်မ... နေရာတကာသိပ်မချုပ်ချယ်နဲ့"

"သစ္စာမရှိတဲ့ကောင်မ... တကိုယ်ကောင်းဆန်တဲ့ကောင်မ... ဘယ်သူသေသေ ငေတာမာရင်ပြီးရောလို့ လုပ်သွားပြီးမှ နမ်းဖြူးနေစရာမလိုဘူး... ဘာမှပူနေစရာမလိုဘူး... ကိုယ့်ညီမလေးအတွက် ဘာများစဉ်းစားသလဲ"

"သူ့ဟိုကကူညီမှာပေါ့တဲ့"

"မလိုချင်ဘူး... 'မိဖြူ' နင့်ကို ငါအပြတ်ပြောလိုက်မယ် နင့်အစ်မဆီက တစ်ပြားတစ်ချပ်မှယူစရာမလိုဘူး... ငါ့ခါးချည့်ရင်ချည့်သွားပါစေ... ရှာမယ်... သူ့ဆီကနင်ယူမယ်ဆိုရင် သူ့





ဆီမှာသွားနေ"

'ဖြူ' သိပါသည်။ ကိုကြီးတစ်ယောက် သူ့ညီမအပေါ်မှာ စိတ်နာနေခြင်းမှာ မိသားစုထက်သူ့စိမ်းတစ်ယောက်အပေါ်မှာ အယုံကြည်လွယ်ခြင်း၊ အားကိုးခြင်း၊ အထင်ကြီးခြင်းများကို မခံမရပ်နိုင်ဖြစ်နေသလို၊ မိမိတို့မိသားစုအတွက် လက်တစ်ဖက်ပြုတ်သွားသည်မဟုတ်လား။

ဘာပဲဖြစ်ဖြစ်လင်ယူလိုက်ပြီးဆိုတော့ 'မမြင့်ရီ' ကို 'ဖြူ' ခင်တို့ ဆိုင်သာဆိုင်သည်မပိုင်တော့ပါ။ သေချာပြန်စဉ်းစားကြည့်တော့ 'မမြင့်ရီ' တကိုယ်ကောင်းဆန်သူသာဖြစ်ပါသည်။ ကိုကြီးကသူ့ကို နောက်နှစ်နှစ်ခန့်လောက်ဆိုလျှင် အိမ်ထောင်ပြုနိုင်ကြောင်း ပြောပြီးသားဖြစ်သည်။ ယခုခိုးရာလိုက်ပြေးသည်ဆိုတော့ ရှက်စရာကောင်းသည်ပေါ့။

"နင်ဘွဲ့ရပြီးရင်တောင် ချက်ချင်းအိမ်ထောင်ပြုခွင့် မပေးနိုင်ဘူး... ဘာထူးမှာလဲ... ပညာတွေနှစ်ချီသင်လာပြီး ဘွဲ့လည်းရရော ကောက်ကာငင်ကာလင်ယူရော... တတ်ထားတဲ့ပညာကို စိတ်ရောကိုယ်ပါ အသုံးချနိုင်ဦးမလား"

"မင်းဟာက ဘယ်တော့ယူရတော့မှာလဲ"

"ဘွဲ့ရပြီးရင် တစ်နှစ်ကအလုပ်သင်ဆရာဝန်အဖြစ် ရန်ကုန်မှာနေရဦးမှာပဲ... နောက် နယ်တွေနှစ်နှစ်လောက်သွားရမယ် ထင်တယ်... အဲပြီးရင်မော်လမြိုင်ကို ရအောင်ပြောင်း... ရွာကလူနာတွေကို ကုလဲကု... တိုးတက်အောင်လည်းလုပ်... ယောက်ျားလည်းယူ"

"ဟွန်း သူ့အတွက်နဲ့သူတော့ ဟုတ်နေတာပဲ 'မိချေဖြူ'



www.burmeseclassic.com

www.burmeseclassic.com



ရေ… ညည်းတော့ ဝဋ်ပဲ… ဝဋ်ပဲ"

"ရပါတယ် မေမေရယ်… 'ဖြူ' ကိုကြီးစေတနာကို နား လည်ပါတယ်… ဖြစ်အောင်လည်းကြိုးစားမှာပါ"

"ဟား ဟား ဟား ဒါမှငါ့ညီမကွ… ငါ့ညီမစိတ်ဓာတ်ကို သိလို့လည်း ကိုကြီးယုံယုံကြည်ကြည် အစီအစဉ်လုပ်ပေးတာပေါ့ ကွ… ဒီမှာ ငါ့ညီမယောကျ်ားလေးတစ်ယောက်ရဲ့ အချစ်ကိုလွယ် လွယ်နဲ့ ယုံစားတတ်တဲ့မိန်းမဟာလေ ငိုရဖို့များတယ်မှတ်ထား တကယ်ချစ်တယ် မချစ်ဘူးဆိုတာ အချိန်ကအဆုံးအဖြတ်ပေး တာ… လူတစ်ယောက်ကောင်းတယ် မကောင်းဘူးဆိုတာ အဲဒီလူ သေမှ သူလုပ်ခဲ့သမျှကို ဝေဖန်သုံးသပ်ပြီးပြောလို့ရတာ… အ သက်ခြောက်ဆယ်ရှိတဲ့ လူကြီးတစ်ယောက်ဟာ တစ်သက်လုံးလူ ကောင်းလူတော်တစ်ယောက်ဖြစ်ခဲ့ပေမယ့် အသက်ခြောက်ဆယ် ကျော်မှ လူဆိုး… ဒမြ… လူယုတ်မာကြီးဖြစ်မလာဘူး ပြောနိုင်မ လား… ဒါကြောင့် ချစ်တယ်ပြောတိုင်းလည်း အထင်ကြီးမသွားနဲ့ ကိုယ့်ရှေ့မှာတောင်းနေတိုင်းလည်း သိပ်အထင်မကြီးနဲ့"

"မင်းဟာက ဘယ်သူ့ကိုမှအထင်ကြီးစရာ မလိုတော့ပါ လား… လောကမှာမင်းပဲတော်ပါတယ်… မင်းပဲတတ်ပါတယ် တော်… လူ့ကန့်လန့်ကြီး… လူ့ဥစ္စာကြီးရဲ့… မင်းဘာပဲပြောပြော ငါကတော့ သမီးဆိုတော့မပြတ်နိုင်ဘူးဟေ့… လိပ်စာသိရင်လိုက် သွားမှာပဲ"

"ဒါကတော့ အမေရာ… အမေ့သဘောပါ"

"'ဖြူ' ကိုတော့စိတ်ချပါကိုကြီး… 'ဖြူ' တို့မိသားစုထက် ချစ်လို့… 'ကိုထွန်းမြင့်' နောက်ကောက်ကောက်ပါအောင် လိုက်





သွားတာအထင်းသားကြီး ပေါ်နေတာပဲ… စိတ်နာပါတယ်… အိ မ့အဘသာသွားတွေ့ရင်သွားတွေ့ပေါ့… 'ဖြူ' တော့မလိုက်ပါဘူး"

"မလိုက်နဲ့… ကျုပ်က မြို့မှာပျော်ရင်ပြန်ကိုမလာဘူး"

"ပျော်ပါစေဗျာ… ပျော်ပါစေ"

အဖေကလည်း ရွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"'ဖြူစင်'"

"သြော် 'ဝါဆို'"

"နင်အမှတ်ဘယ်လောက်ရလဲ"

"ငါးရာခုနစ်မှတ်"

"ငါက ငါးရာသုံးမှတ်... နင်က ငါ့ထက်သာတယ်"

"နင့်မှာသွားကြီးသွားပြောမနေနဲ့ဦး... တော်ကြာ ဘယ်ကျူရှင်တက်သလဲ လာမေးနေဦးမယ်"

"ဟား ဟား ဟား... နင်ကအဲဒီကိစ္စကို မမေ့သေးဘူးကိုး"

"စိတ်ချ... အမှတ်စာရင်းသိတိုင်း နင့်အမေကို ငါကွက်ကနဲ့သတိရမှာသေချာတယ်"

ငါ့ကိုရောဟု ရင်ထဲကမေးမိပါသည်။

"ဆယ်တန်းအမှတ်ရယ်... ဒေသပထမနှစ်... ဒုတိယနှစ် အမှတ်တွေပေါင်းပြီး ပျမ်းမျှရာကြည့်ရအောင်"





"လုပ်မနေနဲ့... (၈၀.၁) ကျော်တယ်... ပူမနေနဲ့... ဆွေးဝင်တယ်"

"နင့်အမေ မသိစေနဲ့နော်"

"အေးပါဟာ... ဟား ဟား"

အောင်စာရင်းထွက်ပြီး ချက်ချင်းကျောင်းမတက်ရသေး။ လပေါင်းများစွာ အိမ်မှာပင်နေခွင့်ရသည်။အမေ့အဖြစ်က သနားစရာလို ရယ်စရာလိုလို။ 'မမြင့်ရီ' နှင့်ဘယ်လိုက ဘယ်လိုအဆက်အသွယ်ရသည်မသိ။ ရန်ကုန်လိုက်ဖို့ပြင်ဆင်ပြီး လူကြုံဖြင့် မော်လမြိုင်မှထွက်သွားသည်။ ပျော်သလောက်နေမည်ဟုပြောသွားသည်။

ရွာမှအတူထွက်သွားသော 'ဒေါ်နု' တို့ပြန်မလာခင်အမေရွာကိုပြန်ရောက်လာသည်။ တစ်လပင်မပြည့်။

"ဟ 'အေးရင်' နင်ပျော်သလောက်နေမယ်ဆို"

"အဘက သူ့မိန်းကိုမေးခြင်းဖြစ်သည်။ အမေက ဆေးလိပ်တိုကို ဆောင့်ဆောင့်အောင့်အောင့်ဖွာရင်း...

"မပျော်လို့ပြန်လာပြီရော"

မျက်ရည်ဝဲရင်းဖြေသည်။

"နင့်ကိုဘာလုပ်လွှတ်လိုက်ကြတုန်း... ပြောစမ်း"

"ဘာမှတော့ လုပ်မလွှတ်ပါဘူး"

"မညာစမ်းပါနဲ့... မင်းဘာဖြစ်လာတာလဲ"

အမေ တစ်ရက် နှစ်ရက်နှင့်မပြောသေး။မျက်နှာကတော့ မကောင်းလှ။

"ဘာလဲ အမေ့သမီးယောကျ်ားမှာ တခြားမိန်းမရှိနေလို့



www.burmeseclassic.com

www.burmeseclassic.com



လား”

“အို မင်းပြောလိုက်ရင်အရမ်းချည်ပဲ... အဲသလိုကြီးတော့ မဟုတ်ပါဘူး”

မပြောလို့မဖြစ်တော့။ လင်နှင့်သားက အရေးရှိလျှင် ပေါက်ကရတွေးပြီး ဒေါသကကြီးလှပါဘိ။

“သူတို့ရန်ကုန်မှာနေကြတယ်... တစ်ပတ်တခါဖြစ်ဖြစ် တစ်လတခါဖြစ်ဖြစ် ‘ထွန်းမြင့်’ မိဘတွေရှိတဲ့ပဲခူးကိုပြန်ကြတယ်”

“ ‘ထွန်းမြင့်’က ရန်ကုန်မှာဘာလုပ်တာလဲ”

“ရုံးမှာလေ... ဘဏ် ဘယ်လောက်ဆိုမှာလားပဲ”

“ဟင် အစကသူပြောတော့ သူ့အဖေစီးပွားရေးလုပ်ငန်းမှာ ဝင်လုပ်တယ်ဆို”

“အခုမလုပ်တော့ဘူး... အဆင်ပြေလို့... စီးပွားခွဲလိုက်တာ တစ်ယောက်ကိုတစ်သောင်းခွဲလောက်ရတယ်တဲ့...”

“တစ်သောင်းတန်အိမ်ဆိုတော့ မြို့မှာဘယ်သိပ်ကောင်းကောင်းရမလဲ”

“ဟုတ်တယ်... အခုသူတို့နေတာ တိုက်မဟုတ် ပျဉ်ထောင်မဟုတ်ပဲ ဒုတိယထပ်သုံးသောင်းလားမသိဘူးပေးရတယ်”

“ဟင် သူတို့နောက်ထပ်နှစ်သောင်းဘယ်ကရလဲ”

“ဒီလို သူတို့လိုပဲ ညားခါစနှစ်စုံတွဲနဲ့ စပ်ပြီးငှားကြတယ် သုံးအိမ်ထောင်သုံးသောင်းပေါ့”

“အိမ်ကကျယ်လို့လား”

“ဘယ်မှာကျယ်လို့လဲ... အပေါ်ထပ်ခိုးမှာ တစ်အိမ်ထောင်... မီးဖိုချောင်မှာတစ်အိမ်ထောင်... အလယ်အိပ်ခန်းကိုထ





မင်းစားခန်း... ထမင်းချက်ခန်းလုပ်ထားတယ်... ဧည့်ခန်းမှာတစ်အိမ်ထောင်”

“ဟင် ဒါဆိုနင်ကဘယ်မှာအိပ်တုန်း ဘုရားခန်းကကော”

“ဘုရားခန်းက ဝရံတာမှာလေ... ကျုပ်လည်းဝရံတာမှာပဲပေါ့”

“ဟား ဟား ဟား ကောင်းကွာ... သိပ်ကောင်းတာပေါ့”

“ဘာကောင်းတာလဲ ဟွန်း”

“မသိဘူးလေ... မင်းပဲအစကမင်းသမက်ကို ချောင်လည်တယ်ဆို... အခုတော့လည်း ကျုပ်လှချည်လားဟ... ငါဖြင့် အသက်ရှူတောင်မဝဘူး”

ကိုကြီးက မျက်နှာကြီးနီပြီးရှစ်ခေါက်ချိုးလုပ်ထားသည်။

“ချောင်လည်လို့ ငွေတစ်သောင်းရှိလို့... ခုလိုအိမ်နဲ့ယာနဲ့နေနိုင်တာပေါ့တော်... တစ်ချို့ဆိုအိမ်ငှားဖို့ ပိုက်ဆံမရှိလို့ လင်မယားအတူမနေရပဲ ဘော်ဒါဆောင်တွေမှာခွဲနေရတာ”

“ကောင်းတာပေါ့ကွ... စမရှိဘဲ စီလုပ်ချင်တာကိုး... မပြည့်စုံဘဲနဲ့ အိမ်ထောင်ပြုချင်တာကိုး... ဒါနဲ့မင်းကဘာလို့ပြန်[illegible]တာလဲ”

“မနေချင်လို့ပေါ့တော့... ဘာလဲရှင်က ကျုပ်ကိုလှောင်နေတာလား... အိမ်ပြန်လာတာမကြိုက်လို့လား... ဒါဆိုကျုပ်ခုဆင်းမယ်”

“ဟာ မဟုတ်တာကွ... ငါတို့ကတော့ မင်းကိုနှင်မထုတ်ပါဘူးကွ... မင်းဘာသာထွက်သွားတာ ဟား ဟား”

အဘကပါးစပ်ထဲတွင် ကွမ်းတွေအပြည့်ဝါးရင်း အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စသည်။

"ကဲ မင်းဘာလို့ပြန်လာတာလဲ ပြောစမ်းပါဦး"

"မပျော်လို့ပေါ့တော့"

"ဘာလို့မပျော်တာလဲ... ရန်ကုန်မြို့ကြီးလောက် ပျော်စရာကောင်းတာ ရှိဦးမလားကွာ"

"ရှင် ကျုပ်ကိုသက်သက်ကလိနေတာ"

"မကလိပါဘူးကွာ... ဘာဖြစ်လို့ မပျော်တာလဲ [illegible] ပြောထားမှပေါ့ကွ... ဘာဖြစ်လို့လည်းဆိုတော့ ငါလည်းမကြာ[illegible] ခြံအလုပ်နားရင်း သမီးကြီးဆီလိုက်လည်မလားလို့ စိတ်ကူး ထားလို့ပါ"

"အို သွားမနေနဲ့"

"ဘာဖြစ်လို့လဲ"

"ကျပ်သပ်နေတဲ့ဟာ... ရှင်ဆိုပိုပြီးမနေတတ်မှာ"

အမေက ဖြစ်ကြောင်းကုန်စင် ရှင်ဖွင့်ပါတော့သည်။ '[illegible] မြင့်ရီ' တို့အိပ်သည် အပေါ်ထပ်တွင်ဖြစ်၏။ တစ်နေ့တနေ့[illegible] အိပ်ခန်းထဲတွင်ပဲ အချိန်ကုန်ရကြောင်း။ မြို့ကြီးပေါ်မှ အိမ်များ[illegible] ထုံးစံအတိုင်း ခေါင်းရင်းဘက်လည်းအိမ်၊ ခြေရင်းဘက်လည်းအိမ် နှင့်မို့ ဘေးနံရံဖက်တွင် တံခါးပေါက်မရှိ၍ အလင်းရောင်[illegible] ကြောင်း။ အိမ်ရှေ့ဘက်တွင်လည်း လမ်းခြားပြီး အိမ်တွေ၊ အိမ် နောက်ဘက်တွင်လည်း နောက်ဖေးလမ်းကြားလေးသာခြားပြီး နှစ်ထပ်အိမ်များရှိနေခြင်းကြောင့် မျက်စေ့နောက်ခေါင်းမူးပြီး [illegible] သက်ရှူကမဝ။

အမှိုက်ပုံးမှ ချဉ်တူးတူးအနံ့၊ အညှော်နံ့၊ အိမ်သာနံ့များ[illegible]





အလည်းနံ့ပါ။ ရေကိုလည်းချွေတာ၍ သုံးရသလို အစားအ သောက်ကလည်း ဈေးကြီးကြောင်း၊ အိမ်ကကျဉ်းရသည့်အထဲ သင်မယားသုံးစုံတွဲ၏ အနေအထိုင်မတတ်မှုကိုလည်း မျက်စေ့ ရှက်ကြောင်း။

စိတ်အညစ်ဆုံးက ကားတိုက်ခံရမည်ကိုဖြစ်ကြောင်း။ အမေရောက်သည့်နေ့မှစ၍ အမေ့ကိုမီးဖိုထဲတွင် အလုပ်ခန့်ကြပုံ ရသည်။ ဈေးကိုပထမပိုင်းလိုက်ပို့ပေးပြီး နောက်ပိုင်းတစ်ယောက် တည်းလွှတ်သဖြင့် အမေကားတိုက်ခံရမှာ ကြောက်ခြင်းဖြစ် သည်။ ကိုကြီးကတော့ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ဒေါပွနေ၏။

"အင်း ဒင်းတို့ရှေ့ရေးတွေးပြီး စိတ်မကောင်းလိုက်တာ... သူတို့သားတွေသမီးတွေရလာတော့ ဘယ်လိုလုပ်ကြမလဲ"

"သားသမီးလောလောဆယ် မယူသေးဘူးပြောတာပဲ"

"မဟုတ်တာကွာ... ပေါက်ကရတွေ လျှောက်လုပ်နေကြ တာပဲ"

'ဖြူစင်' ရေချိုးနေတုန်း အိမ်ရှေ့မှကားတစ်စီးဖြတ်သွား သဖြင့် လှမ်းကြည့်လိုက်မိသည်။

"ဟင်..."

ကား၏နောက်ဝယ် ဖုန်များတသောသောဖြင့် ကျန်ရစ်ခဲ့ သော်လည်း ထိုကားကို 'ဖြူစင်' ကောင်းစွာသိပါသည်။ ဆိဒင် ကားအနီလေး။ ကားပေါ်တွင်မိသားစုတစ်စုလုံးပါသွားကြသည်။ 'ဝါဆို' လည်းပါသည်။ 'ဝါဆို' ကလည်း ရိပ်ကနဲမြင်လိုက်သဖြင့် ပြတ်ကနဲလှည့်ကြည့်လိုက်သည်။ ရေတွင်းဝယ်ရေခပ်နေသော ခိုန်းကလေးတစ်ယောက်ကို 'ဝါဆို' မာမီလည်းမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်လျားနှင့်မို့ဖြူဖွေးနေသော ပခုံးနှင့်လက်မောင်းတို့မှာ နေရောင်တွင်ဝင်းစက်နေသည်။ 'ဖြူစင့်' ကိုအမြဲဂရုစိုက်ကြည့်ခဲ့ ဖူးသော 'ဝါဆို' သည်၊ ခပ်စေးစေးကတည်းက သူမကိုမြင်ပါ သည်။ ဤရေတွင်းနှင့် ဤအိမ်သည် သူမ၏အိမ်ပင်ဖြစ်ရမည်။ အိမ်မှာသိပ်မကျယ်၊ သိပ်မငယ်လှသော တဲပုတ်ဖြစ်လင့်ကစား သေသပ်ကျနစွာဆောက်လုပ်ထားပြီး ထုံးဖြူတွေဖွေးနေအောင် သုတ်ထားသည်။

အိမ်ပတ်လည်တွင် ပန်းပင် ဂမုန်းပင်တို့စိုက်ထားသည်။ သားဖြစ်သူခေါင်းကို ချာကနဲလှည့်ထွက်သွားအောင် ဆွဲဆောင် နိုင်သော မိန်းကလေးသည် သားတို့အတန်းထဲမှာ စာအလွန် တော်သောမိန်းကလေးပါကလား။ ကေန္တသူတို့တွေ ဟိုလိုဖြစ်နေ ကြပြီလား။

ဒုက္ခပါပဲ။ ဒါကြောင့်ဒီဘက်မရောက်တာ ကြာပြီဆိုပြီး အတင်းပို့ခိုင်းခြင်းကိုး။ ယခင်က အိမ်တွင်ခြံစောင့်နှင့် မာလီလုပ် ဖူးသော 'မောင်ရွှေဘ' သည် ရွာဘက်မှာကောင်မလေးတစ် ယောက်နှင့် အကြောင်းပါကာ ဤရွာမှာပင်အခြေချနေထိုင် ကြောင်း သိထားပြီးကတည်းက ဤရွာသို့လိုက်ပို့ပါရန် မကြာ ခဏပူစာသဖြင့် ယနေ့ထွက်ခဲ့ကြခြင်းဖြစ်သည်။

ယူတီစီ ထဲမှအသိဗိုလ်ကြီးတစ်ယောက်အိမ် ဝင်လည် ကြမည်ဟု စီစဉ်ခဲ့ကြသည်။ ဟုတ်ပါပြီ။ သားတော်မောင်၏ မျက်နှာမှာ ကောင်မလေးကိုတွေ့ပြီးသည့်နောက် ပုံစံပျက်နေ သည်။ 'ရွှေဘ' က မမျှော်လင့်ဘဲရောက်လာသော အရာဝန်မိသား စုအား ပျာပျာသလဲပြေးကြိုပြီး ရှိသမျှတတ်သမျှအားနှင့် ဧည့်ခံ





သည်။

ခြံထဲမှပင်မှည့်သဘော်သီးများ ခွဲကျွေးသလို အိမ်အ တွက်လည်းထည့်ပေးသည်။ အုန်းသီးလည်း တက်ခူးလိုက်သေး သည်။ မာမီကတော့ အလကားရလျှင် အကုန်လိုချင်သူ။ 'ဝါဆို' ကတော့မယူရက်ပါ။ သူတို့ခမျာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ရယ်။ သနားနေသည်။ 'ဖြူစင့်' ကိုသနားမိသည်။

သူမကို ဒီလိုရွာက ဒီလိုဆင်းဆင်းရဲရဲဟု မထင်မိခဲ့။ သူမ၏မျက်နှာလှလှ၊ ဖြူဝင်းသောအသားအရေနှင့် ရိုးရိုးယဉ် ယဉ်ဝတ်စားဆင်ပြင်မှုများနှင့် သေသပ်ကျနမှုများကြောင့် သူမကို ခုလို ချို့တဲ့လိမ့်မည်ဟု မထင်ခဲ့။

တော်လိုက်တာ 'ဖြူစင့်' ရယ်။

"ဟဲ့ သား... မင်းကို 'ဦးရွှေဘ' မေးနေတယ်လေ"

"ဗျာ ဘာမေးတာလဲ မာမီ"

"ကဲ ဘာတွေစဉ်းစားနေတာလဲသားရဲ့... မင်းဦးလေးက ဘယ်တော့ ရန်ကုန်မှာကျောင်းသွားတက်မှာလဲတဲ့"

"ဩော် ဟုတ်ကဲ့ ဦးလေး... ကျွန်တော်တို့ကျောင်းက ဖွင့်ဖို့လိုသေးတယ်ခင်ဗျ... သုံးလလောက်တော့နေရဦးမယ်ထင် တယ်"

"တော်တယ်ကွာ... ဆရာကြီးသားလို့မပြောရဘူး အဖေ ခြေရာကိုတစ်ထပ်တည်းကိုနင်းတော့တာပဲ... ရုပ်ကလည်းအဖေ ရောအမေရောတူပြီး ဖြူသောဖြောင့်သောချောသော လူချော လေးပါပဲကွာ"

"ဟာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



'ဝါဆို'က ရှက်ပြီး 'ရွှေဘ'ကိုလက်သီးဖြင့်မနာအောင် လှမ်းထိုးသည်။

"ကျွန်တော်တို့ရွာမှာလည်း ဆေးလိုင်းဝင်တဲ့ကလေး တစ်ယောက်ရှိတယ်"

"ကဲ ကဲ သွားမယ် 'ရွှေဘ' ရေ.., မင်းလည်းအိမ်ဘက် ရောက်ရင်ဝင်ဦး... ဆေးလေးဘာလေးလိုတာရှိရင်လည်းလာ ပြော"

"မှတ်ကွဲ ဆရာကြီး... ဟဲ ဟဲ ဟဲ"

ဆေးလာယူတာ၊ မယူတာထား၊ သဘော်သီးသုံးလုံးနှင့် အုန်းသီးသုံးလုံးကတော့ ကားထဲပါလာပြီဖြစ်သည်။ 'ဝါဆို'က တော့အပြန်ကြုံလျှင် 'ဖြူစင်'ကိုတွေ့ရပါစေဟု ဆုတောင်းမိ သည်။ 'ဝါဆို'တို့ကားပြန်လာမည်ကိုသိ၍ 'ဖြူစင်'လုံးဝအိမ် ပြင်မထွက်မိအောင် သတိထားနေသည်။ထင်သည့်အတိုင်းကျွန် ပျက်လောက်အောင် 'ဖြူစင်'ကို တွေ့ရလိုတွေ့ရငြားရှာသည်။

"ဟဲ့ သား ဘာကြည့်တာလဲ"

"ဪ ဘာမှမဟုတ်ပါဘူး မာမီ... အိမ်လေးကချစ်စ ရာကောင်းလို့ပါ"

အိမ်လေးကိုကျော်လာခဲ့ပြီးသည့်နောက်ပိုင်း မိမိတို့အိမ် ကိုပြန်ရောက်သည်အထိ 'ဝါဆို'ကျောက်ရုပ်ပမာ ကြောင်တောင် တောင်နှင့်ဖြစ်နေသည်။

"သားရေ ကျောင်းအားနေတုန်း သွားပျင်းရင်ရန်ကုန်က မင်းဘကြီးအိမ်သွားချင်သွားပါလား... ဟိုမှာအင်္ဂလိပ်စာကျူရှင် လေးတက်ထားနိုင်ပေါ့"





"သွားတာပေါ့ မာမီ... လောလောဆယ်တော့ သွားလို့ ဖြစ်သေးဘူး... ကျောင်းကဘာကိစ္စရှိသေးမှန်းမှမသိတာ"

ထိုနေ့မှစ၍ထူးခြားလာသည်မှာ စက်ဘီးစီး၍အပြင် ထွက်ခြင်းဖြစ်သည်။ ဘယ်တုန်းကမှသူငယ်ချင်းထံ သွားလည် ချင်ဟုပြောလေ့မရှိသော သားတော်မောင်သည် ယခုတော့အ ကြောင်းပြ၍ထွက်ဖို့ပြင်လာသည်။

"ဟဲ့ သား... မာမီကားနဲ့လိုက်ပို့ပေးမယ်"

"ရတယ် မာမီ... သားသူငယ်ချင်းတွေနဲ့ တွေ့ရင် ကျောင်းကိစ္စလေးဘာလေး ဆွေးနွေးကြမှာမို့ကြာရင်ကြာမှာ"

အောက်ကနေလှမ်းအော်ပြီး ထွက်သွားသဖြင့် 'ဒေါ်တင် တင်မြိုင်' ငိုင်၍ကျန်ရစ်ခဲ့သည်။ မြို့ထဲနှင့်မြို့စွန်ဖြစ်သော 'ဖြူ စင်'တို့ရွာသည် အလွန်ဝေးလံလှပါသည်။ ထို့ကြောင့် 'ဝါဆို' စက်ဘီးကိုခြေကုန်လက်ပန်းကျသည်အထိ နင်းရသည်။

" 'ဖြူစင်' ရှိလားခင်ဗျ"

ထိုအသံကြောင့် အိမ်အောက်တွင်ထမင်းအိုးငှဲ့နေသော 'ဖြူစင်' လန့်သွားရသည်။ အိမ်ရှေ့မှာအဘရှိနေသည်။ တခဏ ကြာလျှင် အစ်ကိုကြီးရုံးမှပြန်လာတော့မည်။ အသံကြားသည်နှင့် 'ဝါဆို' အသံမှန်းသိပါသည်။ ဒီကောင်မနေ့ကပဲ အိမ်ရှေ့က ဖြတ်သွားသေးသည်။ ယနေ့ဘာလာလုပ်ပြန်တာပါလိမ့်။ ဧကန္တ မိမိကိုတွေ့သွားသဖြင့် ယခုထပ်လာခြင်းလား။

အို ဘာဆိုင်လို့ထပ်လာရသနည်း။ ဘာမှုမဆိုင်။

"ရှိတယ် သူငယ်ချင်း... အဲဒီကွပ်ပစ်မှာထိုင်ဦး"

ရည်ရည်မွန်မွန်သန့်သန့်ပြန့်ပြန့်ရှိသော 'ဝါဆို' ထို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်အကဲခတ်ကြည့်ရင်း သမီးဖြစ်သူကိုခေါ်ဖို့ထွက်ခဲ့သည်။ သမီးရဲ့ချစ်သူများလားဟု စိတ်ထဲကထင့်ကနဲဖြစ်သွားမိသား။ သားကြီး 'သောင်းလွင်' နှင့် တွေ့လျှင်တော့မလွယ်။

သမီးအဆူခံရမှာသေချာသည်။ သမီးထံအလည်လာသူထဲတွင် ယောက်ျားလေးဗညေ့်သည်ဆိုလို့ ဒီကောင်လေးပထမဦးဆုံးလာခြင်းဖြစ်သည်။

"လုံမရေ နှင့်ဧည့်သည်လေ… သွား မြန်မြန်ပြောပြီးပြန်ခိုင်း… နှင့်အစ်ကိုလာရင် နှင်ပဲအပြောခံနေရမှာနော်"

ဟုတ်သည်။ သူက ဘာကိစ္စလာရသနည်း။ သူ့ကိုဘယ်သူကခေါ်ထားသနည်း။ အိမ်လိပ်စာပေးထားသနည်း။ စူပုပ်ပုပ်မျက်နှာဖြင့်ထွက်လာသော 'ဖြူစင်' ကိုမြင်ရသဖြင့် နဂိုကအားငယ်နေသော 'ဝါဆို' တစ်ယောက် ပို၍မျက်နှာငယ်သွားသည်။ မိမိတို့တိုက်ကြီးဘယ်လောက်လှလှ ဘယ်လောက်ခန့်ညားခန့်ညား၊ မိမိတို့ဘယ်လောက်ချမ်းသာပြီး ဂုဏ်ရှိပါစေ၊ ယခု 'ဖြူစင်' တို့အိမ်ရှေ့ဝယ် မျက်နှာငယ်စွာရောက်ရှိနေပါပြီ။

"ဘယ်ကလှည့်လာတာလဲ 'ဝါဆို'"

"ဒီကိုပဲ 'ဖြူစင်'"

"ဘာကိစ္စ"

"နင်ကြိုတင်ပြီး ကျူရှင်တွေဘာတွေမတက်ဘူးလား"

"ဟင့်အင်း ငါဘယ်တုန်းက ကျူရှင်တက်ဖူးလို့လဲ နင်တို့လို ငွေပေါနေတယ်မှတ်လို့လား"

"နင်ကလည်းဟာ ငါလာတာကိုမကြိုက်လို့လား… စူပုပ်နေတာပဲ"





"ငါ့အစ်ကိုက အိမ်ကိုယောက်ျားလေးဧည့်သည်တွေအလာတွေလာတာကိုမကြိုက်ဘူးဟ"

"ဟုတ်လား"

'ဝါဆို' တစ်ယောက်ထိုစကားကြောင့် ထပြန်ရတော့မလိုဖြစ်သွားသည်။ မိမိအပေါ်ထိုကဲ့သို့ပြတ်ပြတ်သားသားကြီး ပြောလိမ့်မည်ဟုမထင်ခဲ့ပါ။

"ရပါတယ်ဟာ… နင်စကားမပြောချင်ရင်လည်းငါပြန်ပါ့မယ်"

'ဝါဆို' အသံကတုန်ခါသွားသည်။ 'ဖြူစင်' စိတ်မကောင်းဖြစ်သွားသည်။ မိမိအပေါ်ထိုကဲ့သို့ပြတ်ပြတ်သားသားကြီး ပြောလိမ့်မည်ဟုမထင်ခဲ့ပါ။

"ရပါတယ်ဟာ နင်မပြောချင်လည်း ငါပြန်ပါ့မယ်"

'ဝါဆို' အသံကတုန်ကာသွားသည်။ 'ဖြူစင်' စိတ်မကောင်းဖြစ်သွားသည်။

"ဆယ့်ငါးမိနစ်လောက်တော့ အချိန်ရပါတယ်… ငါ့အစ်ကိုက နည်းနည်းရိုင်းတယ်… ဒါကြောင့် ကြိုပြောထားတာပါ"

"ရပါတယ်… ငါလည်း လမ်းကြုံလို့ပါ… သွားမယ်"

စိတ်ကောက်သွားသော 'ဝါဆို' ကြည့်ရင်း 'ဖြူစင်' သက်ပြင်းချမိသည်။

"လုံမကတော့ကွာ ကောင်လေးအားနာစရာ"

"သူ့ကိုအားနာလိုက်ရင် ကိုကြီးနဲ့တိုးမှပိုဆိုးမှာ"

"ဘယ်ကလဲ"

"ကျောင်းကပဲ… သူလည်း သမီးလိုပဲဂုဏ်ထူးခြောက်ခုရ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ရုပ်ကလေးက တော်တော်သန့်တယ်"

"သန့်ဆို ဆရာဝန်သားလေ... ရွှေမင်းသားလေးတစ်ပါးကိုး အဖေရ... တကယ်လို့သူဟာ အဖေတို့မုန်းတဲ့ အသပြာဆရာဝန်ရဲ့သားဆိုရင် အဖေဘာယ်လိုဆက်ဆံမလဲ"

'ဝါဆို' ဟာ ဆရာဝန်သားဆိုတာ ဘာကြောင့်ဖွင့်ပြောမိမှန်းမသိ။ ထင်သည့်အတိုင်း ကိုကြီးရုံးမှပြန်ရောက်လာသည်။ လမ်းမှာ 'ဝါဆို' နှင့်တွေ့ခဲ့နိုင်သည်။ ကံကောင်းသွားသည်။

" 'မိဖြူ' ရေတစ်ခွက်လောက်ခပ်ပေးစမ်းကွာ"

ခေါင်းမှမြက်ဦးထုပ်ကိုချွတ်၍ မျက်နှာကိုတဖျတ်ဖျတ်ခတ်ရင်း အိမ်ရှေ့မြေပြင်ပေါ်ရှိ ကွပ်ပစ်ပေါ် သို့ထိုင်ချလိုက်သည်။

"ဟ လက်ကိုင်ပဝါတစ်ထည်ပါလား"

ရေခတ်လာသော 'ဖြူစင်' မျက်လုံးပြူးသွားသည်။ အဖြူဆွတ်ဆွတ်လက်ကိုင်ပုဝါတစ်ထည်။

" 'ဝါဆို' တဲ့ နာမည်လား... ဘာလဲ"

ကိုကြီးက လက်ကိုင်ပုဝါဖြူဖြူပေါ်မှ စာလုံးကိုဖတ်ကြည့်ရင်းပြောသည်။ ပြီးတော့ သေချာပြန်ကြည့်သည်။

"ယောကျ်ားကိုင်လက်ကိုင်ပုဝါပဲ... ဘယ်သူကျန်ရစ်ခဲ့တာလည်းမသိဘူး... ရွာမှာဒီနာမည်မျိုးမရှိပါဘူး... 'ဝါဆို' ဆိုတော့ လူနာမည်ဟုတ်ဟန်မတူပါဘူး"

တစ်ယောက်တည်း အလုပ်ရှုပ်နေသော ကိုကြီးကို တစ်ယောက်တည်းထားခဲ့ပြီး အဘရော 'ဖြူစင်' ပါ ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်ကြသည်။





## ၁၄

" 'ဝါဆို' "

"ဗျာ မာမီ"

"နေမကောင်းဘူးလား"

"ကောင်းပါတယ် မာမီ"

"ဟုတ်ရဲ့လား... မင်းမျက်နှာကြည့်ရတာ မလန်းဆန်းဘူး... မှန်း..."

မာမီက 'ဝါဆို' နဖူးကို ညင်သာစွာစမ်းသည်။

"ကိုယ်လည်းမပူပါဘူး"

"နေကောင်းပါတယ် မာမီရ... ပျင်းလို့အိပ်နေတာပါ"

'ဒေါ်တင်တင်မြိုင်' စဉ်းစားနေပြီ။ သား၏နုနယ်ချောမောသောမျက်နှာ၊ ဖြူဖွေးညီညာ၍ ရှည်သွယ်သောသားဖြူဖြူလေးများသည် အလွန်ချစ်စဖွယ်ကောင်းပါသည်။ သားရုပ်ချော



www.burmeseclassic.com

www.burmeseclassic.com



သလိုစာလည်းတော်သည်။ နောက်ငါးနှစ်ဆို ဆရာဝန်ဖြစ်တော့မည်။ ဒီသားလေးကိုမိမိင့်ထားမတတ်ချစ်သည်။

မွေးဖွားလာသည့်နေ့မှစ၍ ယနေ့အထိ သား၏အလုပ်ကိုသာလုပ်ခဲ့သူ။ မကြာခင်မိမိရင်ခွင်မှထွက်၍ ဆေးကောလိပ်တက်ရမည့်သားကို ယခုအထိကလေးပေါက်စလေးလို ထင်မှတ်နေတုန်း။ မိမိဘယ်လောက်ချစ်ချစ် တစ်နေ့မိမိရင်ခွင်ကို ခြေစုံကန်၍ သူချစ်သောမိန်းကလေးတစ်ယောက် နောက်သို့လိုက်သွားမည်မှာ မုချ။

ဒါကသဘာဝတရားကိုး။ တားမြစ်၍မရနိုင်။ ဒီလောက်ချော၊ ဒီလောက်တော်သော သားလေးကိုအဆင့်အတန်းတူ၊ ရုပ်ရည်တူသော ဆွေကောင်းမျိုးကောင်းမိန်းကလေးမျိုးနှင့်သာ သား၏ဘဝအဖော်ကို ရှာဖွေပေးလိုပါသည်။ အစကတည်းက သားအတွက် ကျောင်းပြီးကာနီးလောက်မှာ ကြင်ဖော်ရှာပေးမည်ဟု စဉ်းစားခဲ့သည်။

ခုတော့ သားကအချစ်ကိုရှာဖွေတွေ့ချင်နေပြီထင်သည်။ ဟို ဆင်းဆင်းရဲရဲကောင်မလေးကိုမှ ရွေး၍စိတ်ဝင်စားချင်သော သားကိုစိတ်တိုမိသည်။ ကြိုက်စရာရှားလား။ စာလေးတော်တာနဲ့တော့ ကျန်တဲ့အလွှာတွေကို မျက်စိမှိတ်ပြီးလက်မခံနိုင်ပါ။ ရုပ်ကလေးချောတာနှင့် သားနှင့်မပေးစားနိုင်ပါ။

'တင်တင်မြိုင်' သားကိုနန်းပော်ထက ရွှေမင်းသားလေးလို ယုယုယယပိုးမွေးသလို မွေးခဲ့တာပါ။ သား၏ခြေတွေ လက်တွေမှာပင် ခြင်ကိုက်ရာ ပွန်းရာမရှိရလောက်အောင် ဂရုစိုက်ခဲ့တာ။ ဒီလိုသားကို တောကြိုတောင်ကြားက ဘာမဟုတ်သည့်





မိန်းကလေးနှင့်မပေးစားနိုင်ပေါင်။

"သားရေထမင်းစားရအောင်... မင်းဒယ်ဒီ ဒီနေ့အိမ်ပြန်နောက်ကျမယ် ပြောသွားတယ်"

"ဟုတ်ကဲ့ မာမီ"

ဗိုက်ထဲမဆာပါ၊ ရင်ပြည့်နေသလိုပါပဲ၊ သို့သော် မာမီစိတ်မကောင်းဖြစ်မှာစိုး၍ နည်းနည်းလောက် စားလိုက်မည်ဟုစိတ်ကူးမိသည်။

"သားကြိုက်တဲ့ ငါးသလောက်အချိုပေါင်းလေး... ကြက်သွန်လေးလည်း ကြွပ်နေအောင်ကြော် ထည့်ထားပြီး ပဲငံပြာရည်လောင်းထားတော့ ချိုနေတာပဲ... ဟောဒီကကင်မွန်းချဉ်ရွက်နဲ့ ငါးခူချဉ်ရည်ချက်ထားတယ်... ဒါကမြိတ်ငါးပိကို ငရုတ်သီးစိမ်းနှင့် စပ်စပ်ထောင်းထားတယ်... ပန်းကော်ဖီကို ကြက်မြစ်ကြက်သည်းနဲ့ကြော်တယ်... ရော့ သားစား"

ပြောပြောဆိုဆို မာမီက ငါးသလောက်ကို အရိုးထွင်၍ ထည့်ပေးသည်။ စားကြည့်ပါသည်။ ထုံးစံအတိုင်း မာမီလက်ရာကောင်းနေပါသည်။ သို့သော်စားချင်စိတ်မရှိပါ။

"စားလို့မကောင်းဘူးလား သား"

"ကောင်းပါတယ် မာမီ... ဒါပေမဲ့ ရင်ပြည့်နေသလိုပဲ"

"ဘာတွေစားထားလို့လဲ"

"ဟို 'ဝါဆို' သူငယ်ချင်းအိမ်က ကောင်းညှင်းပေါင်းတွေစားလွတ်လိုက်လို့ပါ"

"အိုကွယ် အဲဒါတွေသားဘယ်တုန်းကစားရလို့လဲ... ဝမ်းချုပ်တဲ့အစာတွေ... ဘယ်သူငယ်ချင်းအိမ်ကစားလာတာလဲ ပြော

www.burmeseclassic.com



စမ်း မာမီကို"

"မာမီ မသိပါဘူး"

"မာမီ သိသလောက်ပြောရရင် မင်းစီးသွားတဲ့စက်ဘီးဟာ မြို့ထဲတွင်စီးတာမဟုတ်ဘူး... ဘီးမှာရွှံ့တွေပေခဲ့သလို ဖုန်တောထဲဖြတ်စီးလာလားမသိဘူး... ဖုန်အလူးလူးပဲ... ကဲ ဘယ်သွားလဲပြော"

"သူငယ်ချင်းတွေစုပြီး တောင်ဝိုင်းဘက်အပြိုင်စီးကြလို့ပါ"

"ငါ့သားတော့ ခုတလောပုံစံပျက်နေတယ်နော်... မာမီမကြိုက်ဘူး"

မာမီက အသံမာမာမျက်နှာတည်တည်ဖြင့်ငေါက်သည်။ 'ဝါဆို' ဘဝသည် မာမီအုပ်ချုပ်မှု၊ သွန်သင်မှုစည်းမျဉ်းများကြား ဝယ်ကြီးထွားခဲ့သူ။ မာမီကိုမလွန်ဆန်နိုင်ပါ။ မာမီသည် ခပ်တည်တည်ကြည့်လျှင်ပင် 'ဝါဆို' ကြောက်ပါသည်။

"သားရယ် မာမီရယ် နက်ဖြန်ရန်ကုန်သွားမယ်... မင်းဘကြီးအိမ်ကနေ ကျူရှင်တွေဘာတွေ ကြိုယူထားရမယ်... ညတုန်းရင်အဝတ်အစားလေးဘာလေးထည့်ကြရအောင်"

"ဘာနဲ့သွားမှာလဲ မာမီ"

"အိမ်ကကားကြီးနဲ့ပဲပေါ့... မင်းဒယ်ဒီ တပည့်တစ်ယောက်ခေါ်ပြီး မာမီတစ်လှည့် ဒရိုင်ဘာတစ်လှည့်မောင်းမယ်"

စိတ်ထဲမှတောင်းပန်မိသည်။ မာမီရယ် ခုလောက်ထိမြန်မြန်ကြီး ရန်ကုန်ကိုမသွားပါစေနဲ့ဟု။ သို့သော် မာမီကတော့သူပြောပြီးသားစကားကို ဘယ်တော့မှမပြင်။ ဒယ်ဒီကလည်း မာမီ





ပြောတာဆိုလျှင် အားလုံးကောင်းပါသည်ဆိုသော အစားထဲက ဖြစ်သည်။

"ဒယ်ဒီရောလိုက်ခဲ့ပါလား"

မာမီထွက်သွားလျှင် ဒယ်ဒီသည် 'ဝါဆို' အပေါ်အနည်းငယ်အလိုလိုက်တတ်သဖြင့် ဒယ်ဒီကိုလိုက်ခဲ့စေချင်၍ အခေါ်ခြင်း ဖြစ်သည်။ ဒယ်ဒီက 'ဝါဆို' ခေါင်းကိုအသာပွတ်၍...

"ဒယ်ဒီလည်း လိုက်ချင်တာပေါ့သားရယ်... ဒါပေမဲ့ဒယ်ဒီမှာ ဆေးရုံတာဝန်... ဆေးခန်းတာဝန်တွေနဲ့ မဟုတ်လား... သားနဲ့မာမီတို့သာ ပျော်ပျော်ရွှင်ရွှင်သွားကြပါ... သားတို့ပျော်ရင် ဒယ်ဒီလည်းပျော်တာပဲ... သားဘာလိုချင်သလဲ ဒယ်ဒီကိုပြော... ဒယ်ဒီရအောင်လုပ်ပေးမယ်... အေး သားဘက်ကတော့ တာဝန်ကျေရမယ်နော်"

"ဘာကိုတာဝန်ကျေရမှာလဲ ဒယ်ဒီ"

"စာကြိုးစားရမှာကိုပေါ့... တစ်နှစ်တစ်တန်း မှန်မှန်အောင်ပါစေ... စာမေးပွဲကျတာဟာ အချိန်ရော ငွေရော လူရော ဆိုးကိုက်တယ်သား... သားကို ဒယ်ဒီဘာမှလိုလေသေးမရှိအောင် ထားနိုင်တာဘာကြောင့်လဲ"

"ငွေရှိလို့ပါ"

"ဟုတ်တယ်... ငွေရှိတော့လူရာဝင်တယ်... ဂုဏ်ရှိတယ် ဘာလိုချင်လည်း ရတယ်... မိန်းမချောချောလေးယူချင်လား ရတယ်... သားအရွယ်ကတော့ ပညာရှာတဲ့အရွယ်ဆိုတော့ ပညာပဲရှာ... တခြား ဘာကိုမှမစဉ်းစားနဲ့... ပညာစုံရင် ဥစ္စာရမယ်... ဥစ္စာရှိရင်လိုတာဖြစ်မယ်... ပညာစုံပြီး ဥစ္စာရှိပြီဆိုရင် သားအ



www.burmeseclassic.com

www.burmeseclassic.com



တွက်ကြင်လျှာကို သားမာမီကရှာပေးလိမ့်မယ်… သားရဲ့ဘ၀မှာ မတောင့်မတာ မကြောင့်မကြနေနိုင်အောင် သားကိုဒယ်ဒီတို့ ဂရုစိုက်ခဲ့ကြတယ်… ဂုဏ်ရှိပြီး ၀င်ငွေကောင်းတဲ့ပညာကိုသင်နိုင်အောင် လုပ်ပေးခဲ့ကြတယ်… ဆရာဝန်မဖြစ်ခင်ကြားမှာ သားအချစ်ကို ယောင်လို့မှရှာဖို့မစဉ်းစားနဲ့… အချိန်တန်ရင် သားမာမီရှာပေးလိမ့်မယ်… အေး ဒယ်ဒီဘက်ကတော့ သားအတွက်လိုလေသေးမရှိအောင် ရှာဖွေပေးခဲ့တယ်… သားဘက်ကလည်း ဒယ်ဒီ ကို လိုလားတာကို တာဝန်ကျေပါစေလို့ ဒယ်ဒီမှာချင်တယ်"

'ဝါဆို' နားလည်ပါသည်။ ဒယ်ဒီသည် 'ဝါဆို' ရင်ထဲမှ မတည်ငြိမ်မှုကိုသိ၍ ကြိုတင်သတိပေးနေခြင်းလေလား။ မာမီက သေတ္တာနီနီထဲသို့ အဝတ်အစားတွေထည့်ရင်း…

"မောင်ကလည်း သားကိုစိတ်ညစ်အောင် ဘာတွေလျှောက်ပြောနေပြန်တာတုန်းကွယ်… 'မြို့' သားလေးက ခုမှအသက်ဘယ်လောက်ရှိသေးလို့တုန်း… သားမျက်နှာလေးဆို နုဖတ်နေတာပဲ… 'မြို့' မျက်လုံးထဲမှာ ကလေးလေးလို့ပဲမြင်တုန်းရှင်ရဲ့ သားလေးကို ချစ်လို့တောင်မဝသေးပါဘူးရှင်… ဆရာဝန်ဖြစ်ပြီးရင်တောင် သားကမိန်းမ မယူသေးပဲနဲ့ မာမီတို့နဲ့အတူနေမယ်လို့ ပြောလိုက်စမ်းသား"

"ရပါတယ် မာမီ"

'ဝါဆို' ရယ်ကျယ်ကျယ်ဖြင့်ပြောလိုက်ရသည်။ မာမီသည်အလွန်တော်သော မိန်းမတစ်ဦးပါ။ ဒယ်ဒီလိုလူချောကြီးကို အပြုအစု အယုအယများဖြင့် မရှုပ်မပွေအောင်ထိန်းသိမ်းထားနိုင်သည်ကိုသာ ကြည့်တော့။ မိမိကိုလည်း ချိုချိုလေးသိမ်းသွင်းနေ





"အင်းလေး ကိုယ်ကဘယ်လောက်ပဲသားလေးကိုချစ်ချစ် အချိန်တန်ရင်နဖူးစာရှာလည်ပြီး ကြင်ဖော်ကြင်ဖက်တွေရှိလာမှာပဲ… သားကချောလည်းချော… တော်လည်းတော်တော့ ကောင်မလေးတွေက ကြိုက်မလာဘူးလို့ပြောနိုင်မလားသားရေ"

"မာမီ…"

"ကောင်မလေးတွေကစပြီးကြိုက်လာရင် ပြန်ပြောလိုက်စမ်းလား… ငါ့ကိုအချိန်တန်ရင် မာမီကရှာပေးလိမ့်မယ်လို့… မာမီရှာပေးတာကိုပဲ ငါကယူမှာလို့ နော်"

"မာမီကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိပါဘူး သားရှက်တယ်"

ပြောပြောဆိုဆို 'ဝါဆို' မာမီတို့အခန်းထဲမှထွက်၍ မိမိအခန်းထဲပြေးဝင်ကာ အိပ်ယာပေါ်ခွေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ခပ်သေးသေးပခုံးလွယ် ခရီးဆောင်လွယ်အိတ်ထဲတွင် 'ဖြူစင်'၏ အဝတ်အစားကမပြည့်ချင်။ ကြိမ်ခြင်းတောင်းထဲတွင် ရေခွက်၊ ဆပ်ပြာခွက်၊ဖော်သည့်တိုလီမုတ်စများ၊ ဖျာတစ်ချပ်၊ စောင်ပါးနှစ်ထည်၊ စစ်ခြင်ထောင်တစ်လုံးနှင့် ခေါင်းအုံးတစ်လုံးကို ရုံပေါင်း၍လိပ်ထားသော ပြားချပ်နေသည့်အိပ်ယာလိပ်။ ဆေးတက္ကသိုလ်တက်ရမည့် အသစ်ချပ်ချွတ် ဖရက်ရှာကျောင်းသူလေး၏ ပစ္စည်းမှာ ဤမျှသာ။

နက်ဖြန်မနက်စောစော လေးနာရီခန့်တွင် သဘော်ဆိပ်သို့ဆင်းရမည်။ တစ်နေ့လုံး တစ်ညလုံး 'ဖြူစင်' မအားပါ။ နိုင်ငံခြားသွားပြီး ပညာတော်သင်သွားရမည့်သူလို ဖြစ်နေသည်။ 'ဖြူ' စားဖို့ သူတို့တတ်နိုင်သလောက် ချက်ပြုတ်ကြော်လှော်၍ လာပို့သွားသောပစ္စည်းက တောင်းနှင့်တစ်လုံး။

သူတို့တွေ တော်တော်နှင့်မပြန်ချင်ကြသေး။ သို့သော်





နက်အစောကြီးထရမည့် 'ဖြူစင့်' ကိုအားနာပြီး ကိုးနာရီကျော်ကျော်တွင်ပြန်သွားကြသည်။ ဘာပဲဖြစ်ဖြစ် ရင်ခုန်တာတော့အခန့်။ အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် 'ဖြူစင်' သည်မော်လမြိုင်မြို့တွင်နေ့စပ်သူမဟုတ်။

ကျောင်းရယ်၊ အိမ်ရယ်၊ ခြံအလုပ်ရယ်ထဲမှာသာ အချိန်ကုန်လွန်ခဲ့သူ။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှစ်စဉ်မပြတ်လာရောက်လေ့လာရေး ထွက်လေ့ရှိသောမိမိတို့မြို့မှ ဘုရားပုထိုးများကို လာရောက်ဖူးမျှော်လေ့ရှိသော ကျိုက်သံလန်၊ ဦးခန္တီ၊ ဓိမာန်အောင်စေတီတော်၊ မဟာမြတ်မုနိဘုရားများကိုတော့ အဖေတို့အမေတို့နှင့် ငယ်ငယ်ကတစ်ခါ၊ ကြီးမှတစ်ခါရောက်ဖူးသည်။ သည်လောက်ပါပဲ။

"မိဖြူ"

"ရှင် ကိုကြီး"

"အိပ်ပြီလား"

"မအိပ်သေးပါဘူး"

"ခဏလောက်လာခဲ့ပါဦး... ပြောစရာလေးရှိလို့"

"ဟုတ်ကဲ့"

သားအမိသားအဖလေးယောက် အိမ်ရှေ့ဘုရားစင်ရှေ့တွင် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိနေကြပြီ။

"နက်ဖြန်ကစပြီး ငါ့ညီမဟာ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်ရတော့မယ်... မွေးဖွားကာစကတည်းက ဒီနေ့အခါအထိ နင်ဟာမိဘရင်ငွေ့ကို လုံလုံခြုံခြုံခိုလှုံခဲ့ရတယ်... အနေအထိုင်းရဲ့အစားအဆင်းရဲပေမယ့် နင့်မှာဘာအန္တရာယ်မှ မရှိဘူး... နက်

www.burmeseclassic.com



ဖြန့်ကစပြီး နှင်ငါတို့နဲ့ခွဲပြီး တစ်မြို့တစ်ရွာမှာ နေရတော့မယ် အခဆောင်မှာ ကိုယ်လိုကျောင်းသူတွေချည်းပဲဆိုတော့ ဘာမှတော ကြောက်စရာမလိုပါဘူး... နေရေးထိုင်ရေးဆိုရင်လည်း ငါတို့အိ မှာထက်ကောင်းမှာပဲ... အေး ဘယ်လောက်ပဲကောင်းတဲ့နေရာ လုံလုံခြုံခြုံနေရပေမယ့် အကျင့်စာရိတ္တမကောင်းရင် ပျက်စီးမှာ မိန်းကလေးဆိုတာ သွားတာလာတာ နေတာထိုင်တာကအစ ဣန္ဒြေရှိမှ သိက္ခာရှိမှ... ယောကျ်ားတွေနဲ့ရင်ဘောင်တန်းနိုင်ပြ ခေတ်ဆိုပြီး နေရာတကာ ယောကျ်ားတွေနေသလို လွတ်လွ လပ်လပ် နေလို့မဖြစ်ဘူး... အထူးသဖြင့် ကိုယ့်ဘဝကိုယ် လည်ရမယ်"

"ဖြူ နားလည်ပါတယ်အစ်ကိုကြီး"

"နှင်ဟာ တခြားကျောင်းသူတွေလို သာမာန်ဆေး ကျောင်းသူ မဟုတ်ဘူးဆိုတာ အမြဲတမ်းသတိရနေဖို့လိုတယ် နှင့်ကိုငါတို့ရွာတစ်ရွာလုံး မျှော်လင့်ချက်ကြီးစွာနဲ့ မနိုင်တဲ့ဝန် ထမ်းပြီး ဆေးကျောင်းထားခဲ့ကြတာ... နှင်ကုန်မှာခန်းမှာကို ဘ မှစိုးရိမ်နေစရာမလိုဘူး... ငွေလိုရင်မှာပါ... အဝတ်အစားဖိုးမ နိုင်ပေမယ့် ပညာရေးနဲ့ပတ်သက်ပြီး ကုန်မှာကိုတော့ ငါတို့ နိုင်တယ်ဆိုတာ နှင်သိထားရမယ်"

"ဖြူ တကယ်လိုအပ်မှ ငွေမှာမှာပါ"

ဖြူ ကိုယ်တိုင်လည်းဟန်မဆောင်ချင်ပါ။ မိမိမှာရှိသ နှင့်သာ ရောင့်ရဲတင်းတိမ်တတ်သူပါ။

"လူတစ်ယောက်အတွက် စာရိတ္တဟာ အရေးအကြီး ပဲ... လူတစ်ယောက်ကောင်းတယ် ဆိုးတယ်ဆိုတာ စာရိတ္တ



မှာမူတည်ပြီး အနံ့ထွက်လာတာပဲ... လူတစ်ယောက်ဟာ ဘယ် လောက်ပဲ ပညာထူးချွန်ပါစေ စာရိတ္တမကောင်းရင် တန်ဖိုးမရှိ ဘူး... လူတစ်ယောက်ရဲ့စာရိတ္တဟာ လူ့ဘဝသက်တမ်းတစ် လျှောက်လုံးအတွက် အလွန်အရေးပါတဲ့ အာမခံချက်တစ်ခုလည်း ဖြစ်တယ်... ကိုယ်ကျင့်တရားလည်းဖြစ်တယ်... လောကမှာကိုယ် ကျင့်တရားကောင်းတဲ့သူဟာ အမြင့်မြတ်ဆုံးသူပဲ... စည်းကမ်း လေးစားမှု... စည်းကမ်းလိုက်နာမှုဟာ ကိုယ့်ရဲ့စာရိတ္တကို မြင့် တက်သွားစေနိုင်တယ်"

"ဟုတ်ကဲ့"

"စိတ်ဓာတ်ပိုင်းဆိုင်ရာ စိတ်သဘောထားမှာလည်း မှန် ကန်ကောင်းမွန်တဲ့သဘောရှိဖို့လိုတယ်... တိုင်းချစ်ပြည်ချစ်နိုင်ငံ ချစ်စိတ်ရှိရမယ်... လူလူချင်းညှာတာထောက်ထားတဲ့ အသိစိတ်နဲ့ ဆက်ဆံရမယ်... လူမှုရေးတာဝန်ကိုလည်း ကျေပွန်ပါ... လေးနက် မှန်ကန်ပါစေ... ဖြူစင်ပွင့်လင်းပါ... ဆင်ခြင်တိုင်းထွာပါ... ရွှ လုံးလဝီရိယရှိပါ... တည်ကြည်ဖြောင့်မတ်ပါ... မာန်မာနကင်းပါ ချင့်ချိန်စဉ်းစားပါ... စေတနာထားပါ... လူသားတွေအတွက်ပဲ ဖြစ်ဖြစ်... တိုင်းပြည်အတွက်ပဲဖြစ်ဖြစ် ကောင်းတဲ့အလုပ်ဆိုရင် ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်... အများအကျိုးသယ်ပိုးလိုတဲ့ စိတ် ဆန္ဒရှိပါ... အနစ်နာခံပါ... ရဲစွမ်းသတ္တိရှိပါ... တဘက်သားက ကောင်းတဲ့အကြံကို ပေးလာရင်လည်းလက်ခံပါ"

"ဟုတ်ကဲ့"

"ကိုယ်ကျင့်တရားနှင့်ပတ်သက်လာရင်လည်း ကိုယ် ထိန်းသိမ်းစောင့်ရှောက်အပ်တဲ့ အကျင့်သိက္ခာကို မဖြစ်မဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့စောင့်ထိန်းပါ... သစ္စာရှိပါ... ရိုးသားပါ... နူးညံ့သိမ်မွေ့ပါ... ရိုးရိုးသားသားဝတ်စားဆင်ယင်ပါ... သန့်ရှင်းသေသပ်ပါ... ကျွန်ရှိပါ... ဒါတွေစာင်လား မဟုတ်သေးဘူး... ကိုယ့်ကျန်းမာရေးလည်း မချို့ယွင်းအောင်ဂရုစိုက်ရမယ်... သွက်လက်ဖျတ်လတ်ရမယ်... ကိုယ်ကလမ်းပြဖြစ်ရမယ်... ကိုယ့်နောက်ကလိုက်လာမယ့်ကလေးလူငယ်တွေကို အတုယူအောင် လေးစားအောင်နေပြနိုင်ရမယ်"

"ကိုယ့်ကိုယ်ကို ကောလိပ်ရောက်ပြီဆိုပြီး ဟူတ်လုပြီထင်ပြီး အောက်ခြေလွတ်တဲ့အတန်းအစားထဲမှာ နင်မပါ,ဝါစေနဲ့... နက်ဖြန်ဆိုရင် နင်ဟာ ဆေးကျောင်းသူတစ်ယောက်အဖြစ် ရန်ကုန်ဆေးတက္ကသိုလ်(၂)ကို သွားရတော့မယ်... ဘာကျောင်းပဲ တက်တက် ကျောင်းသူဟာကျောင်းသူပဲ... စာရိတ္တဟာ ကျောင်းသူကျောင်းသားတွေအတွက် အရေးအကြီးဆုံး... အခုအရွယ်ရောက်ကတည်းက ပြုပြင်နေထိုင်နိုင်မှ ကျောင်းပြီးလို့လုပ်ငန်းခွင်ဝင်တဲ့အခါ တိုင်းပြည်အတွက်အဖိုးတန်တဲ့ လူကောင်းလူတော်ခေါင်းဆောင်ကောင်းဖြစ်အောင် ကြိုးစားပါလို့ ငါအတန်တန်မှာချင်ပါတယ်"

"စိတ်ချပါကိုကြီး... ကိုကြီးဖြစ်စေချင်သလို 'မိဖြူ' ဖြစ်အောင်ကြိုးစားပါ့မယ်"

"အေး ငါပြောသလို နင်ဖြစ်လာတဲ့နေ့ဟာ ငါ့အတွက်အပျော်ရွှင်ဆုံးနေ့ပဲ"

"နင် 'မြင့်ရီ' နင့်လုံးဝမဆက်သွယ်နဲ့ တော်ကြာ သူ့ယောကျ်ားက တောင်းမယ် ရမ်းမယ်ထင်နေလိမ့်မယ်"





"အဲဒီအတွက်စိတ်ချပါ ကိုကြီး"

အမေကတော့ ကိုကြီးမသိအောင် 'မမြင့်ရီ' လိပ်စာကိုယူလိုက်ပါသည်။ နံနက်နစ်နာရီလောက်ကတည်းက ထ၍ပြင်ဆင်ကြသည်။ ရွာမှစက်ဘီးများဖြင့် သဘောဆိပ်ဆင်းကြမှာဖြစ်သည်။ ညကတည်းက သူလိုက်ပို့မည်၊ ငါလိုက်ပို့မည်နှင့်အားလုံးလိုက်ပို့ချင်နေကြသည်။

အားလုံးစက်ဘီးဆယ်စီး၊ ဆိုက်ကားနှစ်စီး။ 'ဖြူ' တို့အိမ်တစ်အိမ်လုံးပေါ့။ သမီးအကြီးရော၊ အငယ်ပါသူတို့ရင်ခွင်မှဆင်းသွားကြပြီမို့ အမေကမျက်ရည်တစမ်းစမ်းနှင့်။

"ညည်းကလည်းအေ ဘာကိုစွဲမျက်ရည်ကျရတာတုန်း... ကိုယ့်သမီးလေးတော်လို့ မြို့ကြီးမှာကျောင်းသွားတက်ရမှာကိုများ ကျုပ်တို့တော့ ကျုပ်သားသမီးတွေမတော်လို့... 'ဖြူမ' လိုများတော်ပြီး မြို့မှာကောလိပ်တက်ရမယ်ဆိုရင် သားသမီးတွေအကုန်လုံးပဲ ခွဲရခွဲရ... ခွဲနိုင်တယ်... ဂုဏ်ယူဝမ်းသာရမယ့်အချိန်မှာ မျက်ရည်ကျတာမကောင်းပါဘူး ကောင်မရဲ့"

အဘကလည်း အမေ့ကိုမျက်စောင်းခဲသည်။ သြော် မွေးခင်ဆိုတာ သူများတွေချစ်တာထက်ပို၍ ချစ်ရသူမဟုတ်လား။

"ညည်း ဟိုကျရင်ကားလမ်းကြည့်ကူးနော်... ရန်ကုန်ကကားလမ်းသိပ်ရှုပ်တယ်လို့ ပြောကြတယ်"

"ဟုတ်ကဲ့ အမေ"

"ပြီးတော့ သူများခေါ်တိုင်းလျှောက်မလိုက်နဲ့နော် တော်ကြာ မသမာတဲ့လူနဲ့တွေ့ရင်ခက်မယ်"

"စိတ်ချ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားတွေဘာတွေလည်း မထားနဲ့နော်... ညည်းအ
ကိုအကြောင်းသိတယ်မဟုတ်လား"

"ရည်းစားထားတာနဲ့ပတ်သက်လို့တော့ ပိုပြီးစိတ်ချ
အမေ... ကိုကြီးမပြောလည်း 'ဖြူ' ကိုယ်တိုင် အဲဒီကိစ္စမစဉ်း
နိုင်ပါဘူး... ကျောင်းစာတွေအယ်လောက်များပြီး စာမေးပွဲ
အောင်,အောင်မြေနိုင်ဖို့ပဲ စဉ်းစားနေရတာ"

"ကျန်းမာရေးလည်းဂရုစိုက်"

ရွာမှသင်္ဘောဆိပ် လေးငါးမိုင်ခရီးအတွင်း အမေက
လို့မဆုံး၊သားအမိနှစ်ယောက်ဆိုက်ကားတစ်စီး၊ 'ကြီးမြ' နှင့် 'ခေ
တုတ်' ကတစ်စီး၊ ကျန်ယောကျ်ားများက စက်ဘီးတစ်စီးကို
ယောက်။ ပျော်စရာကောင်းသလို၊ ရွာမှမိမိအပေါ်အထင်ကြီးအ
ကိုးသောပုံ၊ ချစ်ခင်လေးစားပုံကိုတွေးပြီး ရင်ထဲတွင်သိမ့်ခနဲတ
ပြီး မျက်ရည်ပင်ဝဲသွားသည်။

" 'မိဖြူ' "

"ရှင် အမေ"

"ဟိုကောင်နဲ့တွေ့ရင်ရှောင်နော်... အဲဒါတော့ ငါက
တင်းအကျပ် အမိန့်ပေးရမှာပဲ"

"ဘယ်အကောင်လည်း အမေရဲ့"

"ညည်းနဲ့ရေကန်မှာ ငယ်ငယ်ကချိန်းချိန်းပြီး စကားပြေ
ခဲ့တဲ့ ခပ်ဆိုးဆိုးအကောင်လေ"

"ဪ 'စာနည်' ကိုပြောတာလား"

"အေး ဟုတ်တယ်... သူနဲ့တော့ သဘောလုံးဝမတူ
စကားပြောတာတောင်မကြိုက်ဘူး"





"သူနဲ့စကားပြောတာ... 'ခေါ်တာမကြိုက်ဘူးဆိုတော့ တ
ခြားတစ်ယောက်နဲ့တော့ အမေကကျေနပ်တယ်ပေါ့"

"ဟွန်း မြို့မရောက်သေးဘူး... ခုကတည်းက ဒါတွေစဉ်း
စားနေပြီလား... ညည်းခေါင်းထဲမှာ ဉာဏ်တွေတစ်ပုံတစ်ခေါင်း
ကြီးရှိတာပဲ... ညည်းအစ်ကို ယူခွင့်ပြုတဲ့အချိန်ကျတော့ စဉ်းစား
ဆုံးဖြတ်ပြီးတော့ ယူပေါ့အေ"

မနေ့မမြန်ထွက်ခွာလာသော 'ကော်ပေါ်မှာ' 'ဖြူစင်'ကို
ကမ်းနားမှ လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြသည်။ အားငယ်
ခြင်းလား၊ ဝမ်းနည်းခြင်းလားမသိ၊ ရင်ထဲဝယ်ဟာတာတာကြီး
ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ရန်ကုန်မြို့၊ ပြည်လမ်းပေါ်ရှိ 'သီတာဆောင်' ။ 'ဖြူစင်' ကိုအဆောင်မှာ အပ်နှံပြီးနောက် ကိုကြီးပြန်သွားလေသည်။လွယ်အိတ်တစ်လုံးလွယ်၍ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော ကိုကြီး 'သောင်းလွင်' ကို မျှော်ငေးကြည့်ရင်း မျက်ရည်များစီးကျလာသည်။

အဆောင်မှ ချပေးသောအခန်းတွင်နေရသည်။ မိမိ၏ အခန်းဖော်မှာ မြိတ်မြို့မှ 'စု' ဖြစ်သည်။

မှတ်ချက်။ ။ (နာမည်တူများရှိလျှင် တိုက်ဆိုင်မှုသာဖြစ်ပါသည်။)

သူသည် မိမိလိုပင်ခပ်အေးအေးနေတတ်သူ။ မိမိထက်တော့ချောင်လည်ပါသည်။ ဟောဒီတစ်ဆောင်လုံးရှိ ကျောင်းသူနှစ်ရာကျော်တွင် 'ဖြူ' လောက်ဘယ်သူမှမွဲမည်မထင်ပါ။ အစိမ်း





စောင်လွှမ်းသော မော်လမြိုင်တို့မှ စိန်ပန်းနီတို့ ပွင့်လန်းရာစစ်ဆေးရုံအနီးရှိ ဆေးတက္ကသိုလ်(၂)သို့ ရောက်ခဲ့ပြီဖြစ်သည်။

" 'ဖြူစင်' ရေ ဧည့်သည်"

ဧည့်သည်ဆို၍ စဉ်းစားရပါသည်။ လာစရာဆို၍ကိုကြီးသာရှိသည်။ သို့သော် ကိုကြီးက ရွာပြန်သွားပြီပဲ။ မည်သူတွေပါလိမ့်ဟု တွေ့ချင်ဇောဖြင့် ပြေးထွက်လာခဲ့မိသည်။

"ဟင် 'ဝါဆို' ပါလား"

ဟုတ်ပါသည်။ အုတ်ခုံပေါ်တွင် ထိုင်နေရာမှ 'ဖြူစင်' ကိုတွေ့သောအခါ မတ်တတ်ရပ်၍ခပ်ပြုံးပြုံးကြီးနေသည်။ 'ဖြူစင်' အခုမှတည်တည်မျက်နှာဖြင့် ဘာကိစ္စလည်းဟူသော မျက်လုံးမျိုးဖြင့် 'ဝါဆို' ကို ကြည့်နေမိသည်။ 'ဖြူစင်' ၏ အပြုအမူများကြောင့် အားတင်း၍လာခဲ့သော 'ဝါဆို' တစ်ယောက်အားငယ်ရပြန်သည်။

"နင် ဘယ်တုန်းကရောက်လည်း 'ဖြူစင်' "

"တစ်နေ့က"

"ဘယ်သူလိုက်ပို့လဲ"

"ငါတို့အစ်ကိုကြီး"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်"

'ဝါဆို' မေးသလောက်ကိုသာဖြေသည်။ 'ဖြူစင်' သည်မိမိကို ပို၍စိမ်းကားသွားသည်ဟုပင် ထင်ရသည်။ မိမိအတွက်ဘာမှတ်ဝင်စားပုံမရ။ တကယ်ဆိုလျှင် မိမိဘယ်မှာနေသလဲ၊ အဆောင်မနေဘူးလား၊ ကျောင်းမတက်သေးဘူးလား မေးဖို့ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ အဆောင်မနေဘူး... ဝင်ဒါမီယာထဲက ငါ့ဘကြီးအိမ်ကနေတက်ရမယ်"

"ဟုတ်လား... ဒါဆို အဆင်ပြေတာပေါ့"

"နင်အကူအညီလိုတာရှိရင်ပြောနော်... ငါကမြို့ထဲမှာနီးတော့ ဝယ်ခြမ်းလာလို့ရတာပေါ့"

"ရပါတယ်... ဘာမှလည်းမလိုအပ်ပါဘူး"

'ဝါဆို'သည် ဆေးကျောင်းသားဖြစ်သွား၍လား မသိ၊ အဝတ်အစားတွေ ပို၍ကောင်းလာသလို၊ သူ့ပုံစံသည်ပို၍ ထည်ဝါလာသည်။ 'ဖြူစင်' ကတော့ ပကတိဖြူစင်ရိုးသားနေမြဲ။ ရှန်သားဖြူဖြူ၊ လက်စကရင်စေ့လေးနှင့်ပင် လုံချည်မှာလည်း မာစရိုက်ပန်းရောင်၊ ဖိနပ်ကလည်း ဂျပန်ဖိနပ်။

အမြင်အဆင်တွေ တန်ဖိုးမရှိသော်လည်း 'ဖြူစင်' အလှအပများသည် တန်ဖိုးရှိရှိလှမနေသည်။

"တွေလည်း အရမ်းများတာပဲနော်... နင်ကျောင်းကိစ္စနဲ့ ပတ်သက်ပြီး လိုအပ်တာရှိရင် အချိန်မရွေးပြောနော်"

"ရပါတယ် 'ဝါဆို'... နှစ်ကြီးသမား မမတွေက အများကြီးအကူအညီပေးပါတယ်"

"ဒါဆို ငါသွားမယ်... ခြော် မောင်မယ်သစ်လွင်ပွဲ မိတ်ဆုံစားပွဲကျရင် နင် တက်မယ်မဟုတ်လား"

"မပြောတတ်သေးဘူး 'ဝါဆို' "

ဘာမျှမရေရာ မသေချာသော စကားများနှင့်ပင် 'ဝါဆို' ပြန်ခဲ့ရသည်။ သူမနှင့်တွေ့ချင်လွန်း၍သာ လာခဲ့ရသည်။ တွက်မတွေ့မှာအလွန်စိုးရိမ်ခဲ့မိသည်။ ဘာ့ပဲဖြစ်ဖြစ် မမြင်ရတာကြာပြီ





သော မျက်နှာလှလှကိုတွေ့ရသဖြင့် ကျေနပ်သွားမိသည်။

"ဟော့ ဒါ ယူ့အဆက်လား"

အလွန်တည်ငြိမ်ရိုးအေးလှသော၊ တောဆန်လှသော၊ မွဲလှသော 'ဖြူစင်'ကို ကားအဖြူဖြူဆွတ်ဆွတ်၊ လူဖြူဖြူချောလေးက လာတွေ့သည်ကို အပေါင်းအသင်းများက အံ့သြချင်သြကြမည်ပေါ့။

"မဟုတ်ပါဘူး... မော်လမြိုင်တုန်းက တစ်နှစ်တည်း... ခန်းတည်းလေ... သူလည်း ဆေးရတယ်ဆိုတော့ သိနေကြတာပေါ့"

"ရိုးရိုးခင်တာမဖြစ်နိုင်ပါဘူး"

"ရိုးရိုးခင်တာပါ... ဒီထက်ပိုပြီး ဘာမှမစဉ်းစားနိုင်ဘူးဆိုတာ အချိန်ကဆုံးဖြတ်ပေးမှာပါ"

'ဖြူစင်' ဘာအဓိပ္ပါယ်နှင့်ပြောသည်ကို မသိကြသော်လည်း 'ဝါဆို'၏ မရိုးသားသော မျက်လုံးများကိုတော့ အားလုံးသိသည်။ မောင်မယ်သစ်လွင်နေ့တွင် အားလုံးဆုံကြသည်။ ပြည်သိမ်းနံဘေး ဆေးတက္ကသိုလ်(၂)၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးထဲတွင်ဖြစ်သည်။

ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားများဖြစ်ကြသည်။ ဆရာ ဆရာမများက အဂတ်၏အကျိုးကို သည်ပိုးမည့်လူငယ်များဖြစ်အောင် ကြိုးစား၍ ပြောကြားကြသည်၊ သီချင်းသီဆိုသူများလည်း ဆိုကြသည်။

'ဝါဆို' တစ်ယောက်စင်မြင့်ပေါ်ရှိ ဟောကြားမှု၊ ဖျော



www.burmeseclassic.com

www.burmeseclassic.com



ဖျော်မှုများကိုတစ်လှည့်၊ ဘွဲ့နှင်းသဘင်ခန်းမထဲရှိ မောင်မယ်သင်းလွင်များထဲတွင် တစ်ယောက်ဖြစ်သည့် 'ဖြူစင်' ထံတစ်လှည့် မျက်လုံးကစားရင်း၊ စိတ်ကစားရင်းအချိန်ကုန်သွားခဲ့သည်။ 'ဖြူစင်' ကတော့ အာရုံတစ်ခုတည်းထားသည်။

ဆရာ ဆရာမများပြောကြားစဉ်တုန်းက လိုက်နာခဲ့မိသွားသည်။ တစ်ခါတခါစာအုပ်ထဲမှာဝင် ကူးမှတ်ထားလိုက်သေးသည်။ ကောလိပ်အနုပညာအသင်းမှ ဖျော်ဖြေတော့လည်း သူများရယ်လျှင် သူမ ရယ်သလို၊ 'ဝါဆို' တစ်ယောက်ဘယ်လိုဖြစ်နေကို သူမ သိမည်မထင်။

မော်လမြိုင်အသင်းမှကြီးမှူးကျင်းပသည့် သစ်လွင်ကြိုဆိုပွဲတွင်လည်း သီချင်းဆိုသူဆို၊ ကသူကနှင့် ပျော်စရာကောင်းလှပါသည်။ နှစ်ကြီးသမားများက ယခုနှစ်အတွက် အလှဘုရင်မကို ရွေးချယ်ကြသောအခါ ရိုးရိုးယဉ်ယဉ် ဖြူဖြူသွယ်သွယ်နှင့် လှပနေသော 'ဖြူစင်' ကိုပင်ရွေးချယ်ကြသည်။

နီမြန်းသောမျက်နှာဖြင့် ခေါင်းလေးငုံ့၍ ရှက်နေသော 'ဖြူစင်'သည် ပို၍လှလာသလိုပင်။ အလှဘုရင်မဘွဲ့ကိုရသော မိန်းကလေးသည် ပို၍လူကြည့်ခံခြင်း၊ စိတ်ဝင်စားခံရခြင်းတို့နှင့် ရင်ဆိုင်ရစမြဲ။ 'ဝါဆို' စိတ်မချ။ တစ်ယောက်ယောက်က သူချစ်သော 'ဖြူစင်'ကို လက်ဦးသွားမှာစိုးရိမ်မိသည်။

မိမိအပေါ်မှာ သူမစိတ်မဝင်စားသော်လည်းအခြားအမျိုးသား တစ်ယောက်ယောက်ကို စိတ်မဝင်စားသွားနိုင်ဘူးဟု ပြောနိုင်မည်လား။ စိတ်ဓာတ်ကျမိသည်။ အဆောင်မှာလာနေရလျှင် သူမကို နီးနီးကပ်ကပ် တွေ့မြင်စောင့်ရှောက်နိုင်မည် ဖြစ်သော်လည်း မိ





ကိုကလေး,လေးလို ဘကြီးလုပ်သူက အကြိုအပို့တွေလုပ်နေသဖြင့် ထင်သလောက်အချိန်ပိုမရှိ။ ဘာမှမထူးခြားပါ။

ဆေးကျောင်းသားဖြစ်လာ၍ စာတွေပိုကျက်ရသည်ကလွဲ၍ 'ဝါဆို' အတွက်ဘာမှထူးခြားမှုရှိမလာပါ။ မော်လမြိုင်တွင်ကျောင်းတက်နေတုန်းကလိုပါပဲ။ မာမီအစား ဘကြီးအစားထိုးလာသည်။ အိမ်မှာနေတုန်းက 'ဝါဆို' စာကျက်ချိန်ကိုမာမီဘေးတွင်ထိုင်စောင့်နေသလို ယခုရန်ကုန်တွင် အစ်ကိုအရင်းခေါက်ခေါက်ဖြစ်သော ဘကြီးက 'ဝါဆို'ကို ပုတီးတစ်ချောက်ချောက်စိပ်ရင်း မျက်မှန်ကြီးတဖင်းဝင်းဖြင့် အချိန်ပြည့် လေ့လာအကဲခတ်နေသည်။

တစ်မြို့တည်းမှလာပြီး တစ်ကျောင်းတည်းတွင် တစ်နှစ်တည်းသင်ကြားနေသူများဖြစ်၍ စာသင်ချိန်တွင်မြင်ကြတွေ့ကြရသည်။ ကျောင်းစာသင်နေချိန်တွင် 'ဝါဆို' နှင့် 'ဖြူစင်' သည် သူစိမ်းမဆန်တော့။ 'ဖြူစင်' က တကယ့်ကိုဖြူစင်ရိုးသားစွာနဲ့သူငယ်ချင်းပေါင်းပေါင်းသည်။

သူ မသိတာရှိလျှင်မေးသည်။ သူ့မှာမရှိသည့်ပစ္စည်းကိုသူ မဝယ်နိုင်တာကိုခဏတဖြုတ်ယူသုံးတတ်သည်။ ဖက်တစ်ကောင်ကိုမေ့ဆေးပေးပြီး ခွဲစဉ်က…

"ဆောရီးကွာ… ငါငယ်ငယ်က နင်တို့ကိုအစာဝအောင်ကျွေးပြီးမှသတ်ဖို့ရောင်းခဲ့ရတယ်… အခုတစ်ခါလည်း ငါကိုယ်တိုင်နင်တို့ကိုခွဲစိတ်နေရပြန်ပြီ… မုန်းလို့တမင်လုပ်တာမှမဟုတ်ပဲဟာနော်… လူသားတွေရဲ့အသက်အန္တရာယ်ကိုကယ်တင်ဖို့ အတွက်သက်ရှိသတ္တဝါတွေဖြစ်တဲ့နင်တို့ကို စမ်းသပ်ခွဲစိတ်ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



နင်တို့အများကြီး ကုသိုလ်ရပါတယ်ဟာ နော်"

"ငပေါက်"

တစ်ဖွဲ့သားတည်းများက 'ဖြူစင့်' ကို ထိုသို့ဂုဏ်ပြုသည်။ 'စု' ကတော့ရှင်းသည်။ ပျော့စိပျော့စိ၊ ပုတုတု၊ အေးတေးတေး၊ ချွဲပျစ်ပျစ်များဆိုလျှင် သူ မကိုင်ဝံ့ဟုပြောင်ကြေငြာထားကာ အတတ်နိုင်ဆုံးရှောင်ကျဉ်နေတတ်သူ။

'ဖြူစင့်' ဘေးမှမျက်လုံးလေးအပြူးသား၊ ပါးစပ်ခြမ်းဖြဲသားနှင့်ပခုံးလေးတွန့်ကာတွန့်ကာ အသည်းယားခြင်း၊ ကြောက်ခြင်းတို့ဖြင့် ရှိနေတတ်သည်။

"ဖားလေးဝက်လေးခွဲတာ နင်ဒီလောက်ဖြစ်နေရင် လူသေခွဲရင် နင်ဘယ်နှယ့်လုပ်မလဲ"

"ငါလည်းအဲ့ဒါပဲတွေးတွေးပြီး ကြောက်နေတာ"

"ဒီလောက်ကြောက်နေလည်း ဘာလို့ဆေးကျောင်းတက်နေသေးလဲ"

အဖွဲ့သားထဲမှ 'ကိုစိုး' က မေးခြင်းဖြစ်သည်။

"အမှတ်ကောင်းလို့"

"ဟွန်း သိပ်ကောင်း... အမှတ်ကောင်းတာနဲ့နင်ဆေးကျောင်းတက်ရင် ဒုက္ခကောင်းကောင်းတွေ့မယ်... ဝါသနာမပါဘဲ သတ္တိမရှိဘဲလုပ်ရတဲ့အလုပ်ဟာ သိပ်စိတ်ညစ်စရာကောင်းတာ... နင့်ကိုယ်နင်ညဉ်းဆဲတာပဲ... သိပ်အချိန်မနှောင်းခင် နင်ဝါသနာပါတာ တစ်ခုခုကိုပြောင်းယူလိုက်ပါလား"

"ဟင် ငါဒါကိုပဲဝါသနာပါပါတယ်... ကြောက်တတ်တာတစ်ခုပါပဲ"





"ကြောက်တတ်လို့တာတော့ ဖြစ်ပါလိမ့်မယ်"

"နင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့"

"သူ့ ကြောက်တတ်တာတော့မပြောနဲ့... အဆောင်မှာ မှောင်ရင်တစ်ယောက်တည်း အိမ်သာမသွားရဲလို့မိုးချုပ်ရင် ဒီမမက လိုက်ပို့ပေးနေရတယ်ရှင်ရေ"

" 'မိဖြူ' နော်... ကဲ ပေါက်ကရပြောဦး"

'စု' က 'ဖြူစင့်' လက်မောင်းကိုဆွဲဆိတ်ရင်း မျက်နှာနီနီဖြင့်ရှက်ရမ်းရမ်းသည်။ 'မောင်မောင်' က စပ်ဖြဲဖြဲမျက်နှာဖြင့်...

"ငါတို့အဆောင်နဲ့နင်တို့အဆောင်က ဝေးနေလို့ပါ... နီးရင်ငါလိုက်ပို့ပါတယ်"

"သွား..."

'စု' ပို၍ရှက်သွားပြီး မျက်နှာကိုလက်ဝါးဖြင့်အုပ်ထားသည်။

"ဝေး ဟေး ဟေး... စိုးရိမ်တယ်လား ပူပင်တယ်လား... ဒီကစတာပဲ... ဒီကနေစတာပဲ... နောက်ဆိုရင် 'မောင်မောင်' တစ်ယောက် နာမည်တောင်ပြောင်းရမလိုဖြစ်မှာသေချာတယ်"

"ဘယ်လိုတုန်းဟ"

" 'မောင်မောင်စု' လို့လေ"

"ဟား ဟား ဟား"

"နင်တို့နော်... မျက်နှာပြောင်တိုက်ပြီး စတာတော့မကောင်းပါဘူး... ဆရာနဲ့တိုင်ပြောမယ်"

"တိုင်လေ ဒီတော့လည်း ဆရာပါသိသွားတာပေါ့"

"ကဲ... ကဲ"



www.burmeseclassic.com

www.burmeseclassic.com



'ကိုစိုး' နှင့် 'ဝါဆို' ကို 'စု' က ထုသည်။ ဒါကိုပင်ငနဲ သားများက သဘောကျစွာရယ်မောနေကြသည်။





## ၁၇

ဒုတိယနှစ်ခန္ဓာဗေဒပညာရပ်တွင် ခွဲစိတ်ခန်းဝင်ကြရသည်။ 'ဝါဆို' တို့အဖွဲ့က ကန်ထဲတွင်ဆေးစိမ်ထားသော အလောင်းကိုထုတ်ကြသည်။ 'စု'က ဖြူရော်ရော်မျက်နှာ၊ ပြူးပြဲသောမျက်လုံးများဖြင့် 'ဝါဆို' လာမည့်လမ်းကို မကြာခဏလှမ်းကြည့်ပြီး မျက်နှာပျက်နေသည်။

"ကြောက်နေပြီ မဟုတ်လား"

"အင်း ကြောက်လည်းကြောက်တယ်... ရှက်လည်းရှက်တယ်"

"ဘာကိစ္စရှက်တာလဲ"

"ဒီကောင်တွေမိန်းမအလောင်းတွေ ထုတ်မလာပါစေနဲ့ နှင်မရှက်ဘူးလား 'မိဖြူ' "

'ဖြူစင်' ပြုံးနေသည်။

"ဘာပြုံးနေတာလည်းဟာ... ဖြေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရှက်တာကိုသူတို့မသိစေနဲ့ 'စု'... ဘာမှမဖြစ်သလို မရှက်သလို ခပ်တည်တည်သာနေ... ငါတို့ရှက်နေမှန်း သိသွားရင် ဒီကောင်တွေလည်း အနေခက်မယ်... ကိုယ့်ပညာက ဒါတွေ လက်တွေ့လုပ်မှ တတ်မယ့်အခြေခံပညာတွေ... ရှက်နေလို့ပြီး တာမှမဟုတ်တာ... ငါတို့ထက်အရင်စောပြီး ဆရာဝန်ဖြစ် သွားတဲ့ အစ်ကိုအစ်မတွေလည်း ဒီလိုပဲမျက်နှာပူပူနဲ့ လုပ်သွားကြ ရတာပဲ... ကိုယ့်တစ်ယောက်တည်းမှမဟုတ်တာ"

"ဟော သယ်လာပြီ... ဘုရား ဘုရား မိန်းမ မဖြစ်ပါစေနဲ့"

"ဘာလဲ ယောကျ်ားအလောင်းဆိုရင် နင်ကမရှက်တော့ဘူးလား"

"သူတို့ရှက်လိမ့်မယ်လေ... ကိုယ်မျက်နှာမပူရတော့နည်းနည်းတော်သေးတာပေါ့... ဟုတ်ဘူးလား"

ဆေးစိမ်ထားသည်ဆိုသော်လည်း အနံ့ကတော့ ညှီစို့စို့ပါပဲ။ ညှိုညစ်ညစ် ညှီစို့စို့အလောင်းကောင်ကြီးကို ကြည့်ပြီး အားလုံး အတောင့်လိုက်ရပ်နေမိကြသည်။ အလောင်းကိုကြည့်ရသည်မှာ မသေခင်ကခပ်ဝဝဖြစ်မည်။

"ဟေ့ကောင် 'ကိုစိုး'... အဲဒီအလောင်းကိုသေချာကြည့်စမ်း... ဘယ်သူနဲ့တူလဲ"

"ဘယ်သူနဲ့တူလို့လဲ"

"မင်းယောက္ခမကြီးနဲ့ မတူဘူးလား"

"ဟာ ဒီကောင်မဦးမချွတ်တွေပြောရှေ့မယ်... သူကြားသွားရင်မကောင်းဘူး"





"ဘယ်သူလဲ"

"သူလေ"

'ကိုစိုး' ကကားလမ်းမဘက်သို့ မျက်လုံးရော ခေါင်းရော စောင်းငဲ့ပြလိုက်သဖြင့် အားလုံးသူညွှန်ရာသို့ လှည့်ကြည့်ကြသည်။

"ဟာ..."

"ဟင်..."

ထိုအချိန်တွင် ကျောင်းဝင်းအတွင်း ကားလမ်းမပေါ်တွင် အတန်းကြီးများဖြင့်စာပြသော ဆရာမလှလှခန့်ခန့်ကိုတွေ့ရသဖြင့်...

"မင်းပြောတာ ဆရာမလား"

"ဟာ မဟုတ်ဘူး မဟုတ်ဘူး... အံမယ်လေးကြားသွားပါဦးမယ်ကွာ"

"နို့ ဘယ်သူတုန်း"

"သူ... သူ... သူ"

'ကိုစိုး'၏လက်ညှိုးက မျက်နှာချင်းဆိုင်တွင် ရုပ်ဆိုးနေသော 'ဖြူစင်' တို့မိန်းကလေး လေးယောက်ထဲ တစ်ယောက်ပြီးတစ်ယောက်ထိုးပြလာသဖြင့် 'ဖြူစင်'က ခပ်တည်တည်မျက်နှာဖြင့် လှမ်းပြောလိုက်သည်။

"'ကိုစိုး' နင့်လက်ညှိုးကို နင်ပြန်ရုပ်သိမ်းလိုက်ပါ... အလုပ်ချိန်မှာ မစကြနဲ့ဟာ... ဟိုမှာဆရာလည်းလာနေပြီ"

စာတွေသင်ထားရာမှ လက်တွေ့နှင့် အကောင်အထည်ဖော်ရမည်ဖြစ်၍ စာအုပ်ကိုဖတ်သူကဖတ်ပြ၍ လက်တွေ့ခွဲသူက



www.burmeseclassic.com

www.burmeseclassic.com



ခွဲရမည်ဖြစ်သည်။ 'စု' ကလူလည်ကျသည်။ ခွဲရမှာကြောက်၍ စာဖတ်ပြသည်။

"ငါတော့ အလှူရှင်တွေကိုကျေးဇူးတင်တယ်"

"ဘယ်အလှူရှင်လဲ"

အရင်းမရှိ အဖျားမရှိပြောလိုက်သော 'သန်းသန်း' ၏စကားကြောင့် 'မောင်မောင်'က လှမ်းမေးခြင်းဖြစ်သည်။

"ဒီအလောင်းကို လှူတဲ့အလှူရှင်တွေကိုပြောတာပေါ့ဟဲ့ နင်စဉ်းစားကြည့်ပါလား... သူတို့တွေမလှူရင် ငါတို့ဘယ်လိုလုပ် အလောင်းတွေကို လက်တွေ့ခွဲစိတ်နိုင်မလဲ... စာအုပ်ထဲမှာသင်ရုံနဲ့ ပြီးတာမဟုတ်ဘူး... လူ့ခန္ဓာကိုယ်ထဲမှာ ဘာပစ္စည်းတွေဘယ်နေရာမှာ ရှိတယ်ဆိုတာကို ဒီလူသေကောင်တွေဆီမှာ တစစီရှာချင်သလိုရှာဖွေချင်သလိုဖွေလို့ရတာ"

"အင်း ငါသေရင်လည်း နင်တို့လို ဆေးကျောင်းသူလေးတွေအတွက် သုသေတလုပ်ဖို့ ခန္ဓာကိုယ်လှူခဲ့ချင်တယ်...ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ငါက ယားတတ်တယ်ဟ... တော်ကြာ နင်တို့ တောင်ကိုင်မြောက်ကိုင်... တောင်လှီး မြောက်လှီးလုပ်တာနဲ့ ယားပြီး တွန့်လိုက်ရင် နင်တို့ငါကိုမဖက်ထားနဲ့နော်"

"ဟွန်း သေတဲ့လူကယားရတယ်လို့... သူ့ကျမှ... စိတ်သာချနေ ငါတို့ခွဲစိတ်နေတုန်း နင့်အလောင်းများရောက်လာရင်လေ နင်မယားရအောင် နင့်ရင်ဝကို ဟောဒီဓားနဲ့ထပ်ခွဲပေးမယ်"

"အမယ်လေး တကယ်ပဲရက်စက်တော့မှာလား 'သန်းသန်း' ရယ်... ငါ့အလောင်းကိုလေ နာကျင်အောင်မလုပ်ပါနဲ့





ဘယ်... ဟိုဟာလှီး ဒီဟာလှီးမလုပ်ပါနဲ့"

"ဟွန်း အဲသလောက်တွေးပူနေမှတော့ နင့်အလောင်းဘာလှူမနေနဲ့တော့... နင့်လိုလူမျိုးပဲဖြစ်မယ်... ငါတို့အိမ်နားက အဒေါ်ကြီးတစ်ယောက်ပေါ့... သူ့ယောကျ်ားက သူ မသေခင်ကတည်းက သူသေရင်ဆေးရုံကိုအလောင်းလှူဖို့ ပြောထားတယ်တဲ့ သေလဲသေရော အလောင်းကိုဆေးရုံက တော်တော်နဲ့လာမယူလို့ အလောင်းဆင်ပဲပြင်ရမလို... ဟိုလိုလို ဒီလိုလိုနဲ့ နောက်ဆုံးဆေးရုံကြီးကို ကိုယ့်ဘာသာကိုယ် ကားငှားပို့ရတယ်... ဆေးရုံမှာ အဲဒီခန်းမကြီး ဘယ်လိုငိုတယ်မှတ်သလဲ"

"အင်း ဘယ်လိုလဲ ပြောပါဦး"

"ရှင်မို့လိုလှူချင်တယ်နော်...ရှင့်ကိုခွေးသေ ဝက်သေလို ဟိုဟာလှီး ဒီဟာဖြတ်... ခွဲချင်တာခွဲ... လက်ချောင်းတွေ ခြေချောင်းလှီး ပြီးဟိုပစ်ဒီပစ်နဲ့ ရှင့်တစ်ကိုယ်လုံး အမှိုက်ပုံးထဲရောက်နေတော့တဲ့"

"အင်း ဟုတ်လည်းဟုတ်တာပဲ... ဒီလိုအသေးစိတ်မွှေနှောက်လေ့လာမှ ခန္ဓာဗေဒပညာရပ်ကို တတ်တော့မှာကိုးဟ... ဒါကြောင့် လုပ်ချင်တာလုပ်ပါစေဆိုပြီး လှူသွားတဲ့စေတနာရှင်တွေကို ငါတို့ဆေးကျောင်းသားတွေက ကျေးဇူးတင်ရမှာပေါ့"

"ဒါပေါ့"

ထိုအလောင်းတစ်လောင်းကို ခွဲစိတ်ခန်းတွင်နေ့စဉ်ထောက်ခုံပေါ်တင်၍ မိန်းကလေးအုပ်စုတစ်ဖက်၊ယောကျ်ားလေးအုပ်စုတစ်ဖက်ထား၍ ဖြတ်ကြ တောက်ကြ ခွဲကြ စိတ်ကြရသည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"'စု' နင်တို့အဆောင်က ဟင်းမကောင်းဘူးဆို ရှေ့ညနေကျရင်ကြော်စား"

လှီးဖြတ်ထားသော အသားတိုအသားစများ အပေါ်တွင် လောက်သုံးလေးကောင်တင်ပြီး မုန့်ကျွေးသလိုလာကျွေးနေသော 'ကိုစိုး' ကို 'စု' တတ်သမျှမှတ်သမျှနှင့်ဆဲပြီး မျက်လုံးကိုစုံမှိတ်ထားသည်။ ငိုသံဖြင့်အော်သည်။

"မစနဲ့ဟာ သေချာလုပ်ကြစမ်းပါ"

ဒီနေ့အတွက်အချိန်ပြည့်သွားလျှင် အလောင်းကိုဆေးစိမ်ရမည့် ကန်ထဲပြန်ထည့်ပြီး နောက်တစ်နေ့တစ်ခါ ပြန်ထုတ်ရမည်ဖြစ်သည်။ တစ်နှစ်လည်းကုန်ရော အလောင်းဟာလောင်းလည်းကုန်ရောပါပဲ။ စာကျက်လွန်ခြင်း၊ အိပ်ရေးပျက်ခြင်း၊ အစားအသောက်မကောင်းခြင်း တို့ကြောင့် မျက်တွင်းလေးများ ချောင်၍ ပိန်ညှောင်ညှောင်ဖြစ်နေကြသည်။

"ထမင်းသွားစားရအောင် 'စု'"

"ဟင့်အင်းကွာ... စားချင်စိတ်မရှိပါဘူး"

"ဒီတစ်နှစ်လုံး ဒီအလောင်းနဲ့ နှစ်ပါးသွားရမှာကို နင်က ထမင်းမစားနိုင်လောက်အောင်ဖြစ်နေရင် သေလိမ့်မယ်... ဆရာမလုပ်မယ့်သူက ဖြူဖပ်ဖြူရော် ပိန်ညှော်ညှော်ဖြစ်နေတာတော့ မကောင်းဘူးထင်တယ်"

"ငါ့နှာခေါင်းထဲ ဟိုအနံ့ကြီးစွဲနေလို့ပါ"

"နင့်လိုပဲ ငါလည်း ဒီလိုပဲဖြစ်တာပေါ့... ထသွားစားမယ် မစားချင်လည်း ကိုယ့်စကေးကိုယ်ယူထားလိုက် တော်ကြာညကျရင် စာကျက်တုန်းဆာနေလိမ့်မယ်"





"ရတယ်... ဘီစကွတ်မုန့်တွေရှိတယ်... စားပြီးရေသောက်လိုက်ရင် ပွပြီးဗိုက်ပြည့်သွားမှာပါ"

"ကဲ ဒါဆိုလည်းသဘောပဲ... ငါသွားစားတော့မယ်"

မိုးချုပ်သည်နှင့် 'စု'က ပြဿနာတစ်ခု။ နေမဝင်ကတည်းက အပြင်ဘက်တွင်လှန်းထားသော ထဘီအင်္ကျီများကို အလုန်ရုပ်သည်။ အိမ်သာကိုလည်း မမှောင်ခင်ကတည်းက သုံးလေးခါတက်သွားသည်။ ညကြီးမိုးချုပ်မှ အိမ်သာတက်ရမှာ သူ အလွန်ကြောက်သည်။

ထို့ကြောင့် ညနေစောင်းကတည်းက အိမ်သာနှင့်အခန်းချောင်းပေါက်မတတ်ကူးနေတတ်သည်။

"နင့်ဟာက ဟုတ်သေးရဲ့လား... အကယ်ရောထွက်လို့လား"

"ထွက်လိုထွက်ငြားသွားတာပေါ့ဟဲ့"

"နင်တော့ မလွယ်ဘူး"

ခြင်ထောင်ကိုအလုံဖိကာ အတွင်းမှနေ၍ အိပ်ယာပေါ်တွင်မှောက်လျက် စာကျက်တတ်သည်။ တစ်ခါတလေစာကျက်ရင်း အိပ်ပျော်သွားတတ်သည်။ ယခုလည်း 'စု' ခြင်ထောင်ထဲရောက်နေပြီ။ တစ်ယောက်နှင့် တစ်ယောက်ရှောင်၍ မရလောက်အောင်အလွန်ကျဉ်းသည့် အခန်းတွင်းဝယ်ပူးပူးကပ်ကပ် လက်တစ်လှမ်းသာသာတွင် 'ဖြူစင်' တစ်ယောက်လုံးရှိနေပါလျက် သူမကြောက်တတ်သည်ကတော့ လွန်ကိုလွန်သည်။

သီတာဆောင်တစ်ဆောင်လုံး မိုးအတော်ချုပ်သည်အထိ အိပ်စက်ကြသေးပါ။ မျက်လုံးများကျိန်းစပ်လာသဖြင့် နာရီကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ တစ်နာရီကျော်နေပြီ။ ထို့ကြောင့် မီးကို ပိတ်ပြီး ရေတစ်ခွက်သောက်ကာ အိပ်ရာထဲဝင်လိုက်သည်။ ချက်ချင်းလိုပင်အိပ်ပျော်သွားသည်။

" 'ဖြူစင်' "

" 'ဖြူစင်' "

ခပ်တိုးတိုးခေါ်သံကြောင့် ပြန်နိုးလာသည်။ 'စု'၏ ခေါ်သံ။ သူမကိုလှမ်းကြည့်လိုက်တော့ စောင်ကိုခေါင်းမြီးခြုံ၍ အိပ်နေဆဲ။ 'ဖြူစင်' မျက်မှောင်ကုတ်ကြုတ်၍...

" 'စု' နင် ငါ့ကိုခေါ်လား"

"အင်း ခေါ်တယ်"

'စု' စောင်ခြုံထဲမှပြန်ပြောသည်။

"ဘယ်လိုဖြစ်နေတာတုန်း... ဘာကိစ္စစောင်ကြီးခြုံပြီး စကားပြောနေတာတုန်း"

"ကြောက်... ကြောက်တယ်... ငါ့ဆီမှာလာအိပ်ပါ"

"နေရင်းထိုင်ရင်း ဘာဖြစ်ပြန်ရတာတုန်း"

နာရီကိုကြည့်တော့ သုံးနာရီထိုးတော့မည်။

"ဘာကိုကြောက်နေတာလည်း 'စု' ရဲ့"

"ငါ အခုနအခြောက်ခံရတယ်"

"ဘာ အခြောက်ခံရတာလဲ"

"သ... သရဲ"

"ဟာ ပေါက်တီးပေါက်ရှာတွေ"

"အဟုတ် တကယ်ပြောတာ... နင်စာကျက်နေတာတွေ့လို့ နင့်စားပွဲခုံကိုငါလှမ်းကြည့်ပြီး နင်အိပ်ခါနီးအိမ်သာသွားရင်





ငါ့ကိုလည်းခေါ်ပါလို့လှမ်းပြောတော့ ဘာမှပြန်မပြောလို့ သေချာကြည့်လိုက်တော့ နင်ကခြင်ထောင်ထဲမှာအိပ်နေပြီ... နင့်ခေါင်းရင်းမှာငုတ်တုတ်ကြီးထိုင်ပြီး စာကျက်နေတာသရဲမဟုတ်လို့ ဘာဖြစ်မလဲ... ကဲ ပြော"

"နင်အိပ်မှုန်စုံမွှား မနိုးတစ်ဝက်နိုးတစ်ဝက်နဲ့ မို့ စိတ်ကသောင်ချောက်ချားဖြစ်တာပါဟာ... တစ်ခါတစ်ခါလူတွေကသိပ်အိပ်မောကျနေရာကနေ ရုတ်တရက်နိုးလာတတ်ပြီး ချက်ချင်းပြန်အိပ်ပျော်သွားတတ်တယ်... နောက်တစ်ခါအိပ်ရေးဝပြီး ပြန်နိုးလာတဲ့အချိန်ကျတော့ မနိုးတစ်ဝက်နိုးတစ်ဝက်အချိန်ကအဖြစ်အပျက်နဲ့ အခုအဖြစ်အပျက်ကို ချက်ချင်းဆက်တိုက်ဖြစ်တယ်ထင်ပြီး နင်အူကြောင်ကြောင်ဖြစ်သွားတာပါ... နင်တင်မဟုတ်ဘူး... ငါတင်မဟုတ်ဘူး လူတိုင်းလူတိုင်းဖြစ်နေကြပါဟာ ကဲ အိပ် အိပ်"

"ငါနင့်ဆီမှာလာအိပ်မယ်ဟာ... နင်ဘယ်လောက်ပြောပြော ငါကြောက်နေတုန်းပဲ"

"ကဲ သဘောပဲ"

"ငါခုတင်လာအိပ်ဟာ"

"ဟော လုပ်ပြန်ပြီတစ်မျိုး"

"လာပါဟာ... ငါတောင်းပန်ပါတယ်"

သူ 'ဖြူစင့်' ခေါင်းရင်းစားပွဲခုံနားတွင်ကပ်၍ မအိပ်ချင်တော့သဖြင့် ခေါ်နေခြင်းဖြစ်သည်။

"နင့်ကိုတော့မြန်မြန်လင်ပေးစားမှဖြစ်မှာပါ... ခပ်ပိုနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ဖောင်နှင့်ခေါင်းအုံးလေးကိုမျှ ခြေလှမ်းတစ်လှမ်း ပင်မလှမ်းရသော 'စု' ၏ခုတင်ပေါ်တက်ပြီး ကျောတစ်နေရာ သာရှိသော ခုတင်ထက်သို့တက်အိပ်လိုက်ရပါတော့သည်။





၁၈

"ဟား ဟား ဟား"

'မောင်မောင်' 'ကိုစိုး' နှင့် 'ဝါဆို' တို့သုံးယောက်အူလှိုက် သည်းလှိုက်ရယ်ကြသည်။ သူတို့၏ရယ်သံကြီးတွေကြောင့် တအိမ်စကားပွင့်တွေတောင် ကြွေကျလာသည်။ 'စု' က စိန်မန်းပွင့် ရှိသောမျက်နှာနှင့် ဝက်လိုနှုတ်ခမ်းလိုစူထားသည်။

"အစတုန်းကတော့ ကျောင်းပြီးတော့မှပဲ အတူနေမလို့ ခုတော့ 'စု' အဖြစ်ကိုမကြည့်ရက်လို့ ခုပဲလက်ဆပ်လိုက်တော့ မယ်"

"အောင်မယ် ခွေးသူတောင်းစား"

'စု' က ပို၍နီမြန်းသောမျက်နှာနှင့် ဒေါကြီးမောကြီးပြေး လားကာ 'မောင်မောင့်' ကိုလိုက်ထုနေသည်။ 'မောင်မောင်' က ယ်ကိုဖော့ကာယမ်းကာ လိမ်၍ 'စု' ကိုရှောင်ပြေးသည်။

"အဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးခွက်ထိုးခွက်လန် ရယ်မိကြသည်။ ဖြူစင်'တို့
မှာပျော်စရာဆို၍ ထိုမျှသာရှိပါသည်။

"ဟာ"

"မာယ်"

'စု' ကအထု 'မောင်မောင်' က အရှောင်၊ 'စု' အရှိန်လွန်
၍မြေကြီးပေါ် လက်ထောက်၍ကျသွားသည်။

"ဟာ 'စု' ပိုက်ဆံကုန်းကောက်နေပြီ... ဟား ဟား"

'ကိုစိုး' က ဆက်နောက်နေသဖြင့်...

"နင်ဟာလေ အလိုက်ကန်းဆိုးကိုမသိဘူး... သူများဒုက္
ရောက်တာ နင်ဝမ်းသာသလား"

'သန်းသန်း' က 'ကိုစိုး' ကိုတံတောင်နှင့်တွက်ပြီး '
ကိုဝိုင်းထူသည်။ 'စု' ၏လက်ဝါးများတွင် ခဲများခြစ်မိပြီးနီရဲကာ
ခြစ်ရာတွေပွနေသည်။

"ဆောရီးကွာ ဆောရီး... ငါ တောင်းပန်ပါတယ် 'စု'"

'မောင်မောင်' တစ်ယောက် 'စု' အတွက် အကြီးအကျယ်
စိတ်မကောင်းဖြစ်နေသည်။

"ရပါတယ် သိပ်မများပါဘူး... စပရစ်ပွတ်လိုက်ယုံ
ပျောက်ပါတယ်"

သံယောဇဉ်သည် စိုးရိမ်ပူပန်မှုမှစလေသလား။ သနား
ကြင်နာခြင်းမှစလေသလား။ ဆရာမသင်ကြားပို့ချနေသည်များ
ကို ကြားမကြားပါလေစ။ 'စု' နှင့် 'မောင်မောင်' တို့ကိုပို၍ရင်း
စေဖို့အကြောင်းက ဖန်တီးလာသည်။ တန်ဆောင်တိုင်လပြည့်
နေ့က ဆေး (၂) မှဆရာ၊ ဆရာမများအပါအဝင် ကျောင်းသ





ကျောင်းသားများ ရွှေတိဂုံဘုရားတွင်ဆီးမီးထွန်းကြသည်။

ကျောင်းမှကားကြီးများဖြင့် ညနေငါးနာရီခွန့်တွင်စ
ထွက်ကြသည်။ ဘုရားရင်ပြင်တော်ပေါ်ဝယ် ဆီ မီးခွက်များဖြင့်
ဆီ မီးပူဇော်ကြသည်မှာ ဆီသုံးပိဿာကုန်သည်အထိ။ ကိုယ့်
ကျောင်းသူကျောင်းသားများအပြင် ဘုရားဖူးအချို့ကို လက်ဘက်
ရည်ဖြင့်ဧည့်ခံခဲ့သည်။

ထို့နေ့ကကျောင်းသူအားလုံး လှနေကြသည်။ အားလုံး
ရှိုးထုတ်ကြသည်။ ယောကျ်ားလေးများလည်း ရှိသမျှအကုန်ဝတ်
၍ရှိုးထုတ်ကြသည်။ တစ်ချိန်လုံးခါးချည့်မတာထဲ စာဇီကျက်နေရ
သူများအတွက် ဤအချိန်လေးမျိုးတွင်သာ ပျော်စရာရှိပါသည်။
ကျယ်ဝန်းလှသော ရွှေတိဂုံရင်ပြင်ကို ဘယ်နှစ်ပတ်ပတ်မိမှန်းမင်
မသိတော့။

"နိုင်ငံခြားလေယာဉ် ဘယ်အချိန်ကဆင်းလာသလဲမသိ
ဘူး"

'ကိုစိုး' က မက်စီအရှည်ကြီးဝတ်ထားသော 'စု' ကိုစောင်း
ပြောခြင်းဖြစ်သည်။ ဟုတ်ပါသည်။ သည်ကနေ့ည 'စု' အပြတ်
ရှိုးထုတ်ထားသည်။ ကျောင်းဖွင့်ခါစက ဆံပင်ကောက်ထားသော်
လည်း အမြဲကလစ်နှင့် 'စု' ညှပ်ထားတတ်သော်လည်း ကနေ့ည
အလယ်တည့်တည့်မှခွဲ၍ ဖါးလျားချထားသည်။ အဝါနုရောင်ပိုး
ပျော့မက်စီအရှည်ကြီးကို စပို့ရှပ်လက်ပြတ်အနက်ဖြင့် တွဲဝတ်
ထားသဖြင့် အလွန်လှနေသည်။

လည်ပင်းတွင်ပုယင်းပုတီးအနက်ကို ဆွဲထားပြီး ရွှေ
ရောင်နားကွင်းကြီးကိုလည်းတ လှုပ်လှုပ်တယမ်းယမ်းနှင့်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မျက်နှာတွင်လည်း ပန်းရောင်၊ အနီရောင်၊ အပြာနု ရောင်တို့ဖြင့် ခြယ်သထားပြီး လိုင်နာတွေဘာတွေဆွဲလို့။

"စု..."

"ဘာလဲ"

"နင်ကလေ ကြည့်ရင်းကြည့်ရင်းနဲ့တစ်ယောက်ယောက် နဲ့တူလာသလိုပဲ"

'စု' က စူတူတူလေးလုပ်နေသည်။

"ဘယ်သူနဲ့တူတာလဲကွ... မင်းကလည်းတို့လို့တန်း လန်းနဲ့"

'ဝါဆို' က ထောက်ပေးသည်။ 'ကိုစိုး' က စပ်ဖြဲဖြဲမျက် နှာဖြင့်...

"မြို့ထဲကဝက်သားတုတ်ထိုးရောင်းတဲ့ တရုတ်မလေးနဲ့ တူသလားလို့"

"ဘယ်ကလာ ဟုတ်ရမှာလဲကွ... သရဲမလေးနဲ့မတူဘူး လား"

"ငါ့မျက်လုံးထဲမှာတော့ ဂျိန်းစ်ဗွန်ဒါလိုပဲ"

'မောင်မောင့်' စကားကြောင့် 'ဝါဆို' တို့တစ်သိုက်ဟား ကြသည်။ ဘယ်သူတွေဘယ်လောက်ပြင်ပြင်၊ ဘယ်လောက်ဝတ် ဝတ်၊ 'ဖြူစင်' ကတော့ အကျႌဖြူချိတ်ထဘီအနီလေးဖြင့် လှပ နေသည်။ မျက်နှာမှာလည်း ကျောင်းတုန်းကလိုပင် သနပ်ခါးခပ် ပျစ်ပျစ်ကလေးလူးထားသည်။ ဆံပင်ကိုဘေးခွဲ၍ ဖွပ်မြီးရှည်တစ် ချောင်းအညီးထိုးထားသည်။

အဖောင်းနွမ်း၍ဒိုင်ကွက်ပင်ဝါကျင်နေပြီဖြစ်သော နာရီ





ကတ္တီပါကြိုးအနက်ဖြင့် ပတ်ထားသည်။ 'ဝါဆို့' မျက်လုံးထဲမှာ တော့ ဘာမှမပြင်ဆင်သော 'ဖြူစင်' ၏ရှည်သွယ်ဖြူနုသောအလှ ကိုကြည့်ပြီး မိုးပေါ်ကနတ်သမီးလေးတစ်ပါး လူယောင်ဖန်ဆင်း ၍ ရောက်လာလေသလားဟုထင်မိသည်။

သူမကို ဘယ်အချိန်မှာဘယ်လိုတွေ့တွေ့ မိမိရင်ဝယ် ချစ်ကြင်နာခြင်းများဖြင့် လှိုက်ဖိုရစမြဲ၊ သိမ်ဖယ်ရစမြဲ။ ဘုရား ရင်ပြင်တော်ကိုတစ်ပတ်ပတ်ရင်း ကိုယ့်မွေးနေ့ထောင့်များတွင် ထိုင်ကန်တော့ကြသည်။ 'ဖြူစင်' ဘုရားကိုဝအောင်ရှိခိုးသည်။ ဆုတွေတောင်း၏။

ပြီးတော့ အနောက်ကိုလှည့်ကြည့်လိုက်သည်။

"ဟင်း..."

နောက်တွင် 'ဝါဆို' တစ်ယောက်သာထိုင်စောင့်နေ သည်။ ဟိုတစ်သိုက် ဘယ်ရောက်သွားသည်မသိ။ သူတို့တွေအ လှည့်တုန်းက မိမိစောင့်ပေးသော်လည်း မိမိအလှည့်ကျတော့ 'ဝါ ဆို' နှင့်ထားသွားသည်။

"'စု' တို့ 'သန်းသန်း' တို့ဘယ်ရောက်ကုန်လဲ 'ဝါဆို'"

"'ကိုစိုး' နဲ့ 'မောင်မောင်' တို့ခေါ်သွားတယ်"

"ဟင် ဘယ်ကိုလဲ"

"တောင်ဘက်မုခ်မှာ မုန့်ချိုကားချပ်တို့ မယ်တော်ရုပ်ထု ခေါင်းပုတီးတို့သွားဝယ်ကြတယ်"

သိပါသည်။ သူတို့တွေ ချိတ်တိတ်တိတ်ဖြစ်နေကြသော ကြောင့်။ တမင်စကားပြောချင်၍ ရှောင်ထွက်သွားကြခြင်းဖြစ်မည်။

"နင်လည်းသွားချင်တဲ့ဆီသွားပါ... ငါ့ကိုစောင့်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး"

"သိပ်စိမ်းကားတဲ့စကားတွေချည်းပဲ ရွေးပြောမနေပါနဲ့ ဟာ... ငါ့မှာဘာအပြစ်ရှိနေလို့လဲ... နင့်ကိုငါချစ်တယ်ဆိုတာ နင်သိတယ်မဟုတ်လား"

"ဟင့်အင်း မသိပါဘူး"

"သိပါတယ်ဟာ... နင်သိပ်သိပါတယ်... သိတာမှရ ကုန်ရောက်မှာမဟုတ်ဘူး... မော်လမြိုင်ကျောင်းမှာစတွေ့ တည်းကဆိုတာလေ"

"ဟင့်အင်း ငါဘာမှမသိဘူး"

"အိပ်ချင်ဟန်ဆောင်နေတဲ့လူကို အနိုးရခက်တာမဆန်း ပါဘူး 'ဖြူစင်'... ဒါပေမဲ့နင့်ကိုအခု ငါဖွင့်ပြောပြီနော်"

"ပြောပေါ့ 'ဝါဆို'... နင့်ကိုယ်ပိုင်အသိဉာဏ်ရယ်... နင့် ပါးစပ်ရယ်နဲ့ နင်ပြောတာ... ငါ တားပိုင်ခွင့်မရှိဘူး ပြောပေါ့ ပြောချင်တာတွေအကုန်သာပြော... အေး ဒါပေမဲ့နောက်နေ့ကစ ပြီး အဲ့ဒီချစ်ပါတယ်ဆိုတဲ့အကြောင်းကို ဘယ်တော့မှထပ်မပြော ပါနဲ့တော့"

"ဘာဖြစ်လို့လဲ"

"မကြားချင်တော့လို့ပေါ့"

"နင့်မှာ အရင်ဦးသူရှိနေပြီလား"

"ဒါတွေငါစဉ်းစားဖို့ အချိန်မရဘူး"

"သူများတွေလည်းဒီလိုပဲ... ရည်းစားထားရင်းတစ်ဖက် က စာကြိုးစားကြတာပဲ"

"တချို့တွေသိပ်များတယ်... ဒါတွေအတွက် လုံးဝနေရာ





မပေးနိုင်ပါဘူး 'ဝါဆို' "

"နင်ကတော်ပြီးသားပါဟာ"

"တော်ပြီးသားမဟုတ်ဘူး 'ဝါဆို'... တော်အောင်ကြိုးစား နေရတာ... အဲသလိုတော်ဖို့ငါ့မှာ ကြိုးစားနိုင်ပါမှတော်ကာကျ မှာ"

"နင်နဲ့ငါနဲ့ဟာ နေ့တိုင်းကျောင်းမှာတွေ့နေရတဲ့သူတွေ ပဲ... အပိုအချိန်ကုန်ခံပြီး တခြားမှချိန်းတွေ့နေကြတာမှမဟုတ်ပဲ အသင်ရင်းလက်တွေ့လုပ်ရင်း ခွဲစိတ်ရင်းလဲအတူတူပဲ... နင့်အတွက်အချိန်ပိုမကုန်စေရဘူးလို့ ငါအတိပေးမယ်ဆိုရင် ကော"

"ဟာ ရည်းစားထားတယ်ဆိုတည်းက အပိုအလုပ်ပဲ... ကိုယ့်ကိုယ်ကိုမအားအောင် လုပ်ယိုက်တာပဲ... မအားတာမှလူ တင်အချိန်တင်မဟုတ်ဘူး... ဦးနှောက်ရော စိတ်ရောပါမအားတာ ဒုပင်မှုသောကကလည်း အလိုလိုဝင်လာတာပဲ... လူမအားတာ ထက် စိတ်ဆင်းရဲမှာကိုအကြောက်ဆုံးပဲ... စိတ်ဆင်းရဲပြီဆိုက တည်းကသွားပြီ... တခြားဘာအလုပ်မှဖြစ်မှာ မဟုတ်တော့ဘူး"

"နင်ကလည်းဟာ တစ်ကမ္ဘာလုံးရည်းစားတွေထားနေ ကြတာ... နင့်ကျမှခက်လိုက်တာ"

"ခက်တယ်ဆိုတာသိရင် ဆက်စိတ်မကူးနဲ့ပေါ့ဟာ... နင့် ချစ်ရည်နဲ့ဆိုရင် ချောပေ့လှပေ့တော်ပေ့ချမ်းသာပေ့ဆိုတဲ့ ကောင် မလေးတွေဝိုင်းလို့"

"ဘာတွေဝိုင်းဝိုင်း ငါက ဒါဆိုဒါပဲ"

"နင့်ကိုကြည့်ပြီး ငါအံ့လည်းအံ့သြတယ်... ရယ်လဲရယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်"

"ဘာကိုလဲ"

"နှင့်ကိုဘယ်သူမြှောက်ပေးလဲ... ဒီလိုစကားတွေပြော တတ်အောင် ဒီလိုသတ္တိတွေကောင်းလာအောင်"

"ဒီကိစ္စမျိုးဆိုတာ မြှောက်ပေးတိုင်းရတယ်ထင်သလား 'ဖြူစင်'... ရင်ထဲကမပါဘဲဖြစ်မလာပါဘူး... သတ္တိကောင်းလာ တာတော့နင်ပြောသလိုပဲ... ငါကိုယ်ငါလည်းအံ့သြတယ်... ဒီ စကားကိုပြောချင်တာခုမှမဟုတ်ဘူး... နှင့်ကိုစတွေ့ဖူးတဲ့အချိန် ကတည်းကပဲ မှတ်မိသေးလား... နင်နဲ့ငါစတွေ့တုန်းကဝင်တိုက် မိတာလေ"

"ဟွန်း အဲဒီအချိန်တုန်းက ကလေးတွေပဲရှိပါသေးတယ် နင်မို့မသာမာတဲ့စိတ်တွေ မွေးရက်တယ်"

"နင်ကလှတာကိုး"

"ဟား ဟား တော်မှာသွားပြော 'ဝါဆို'... တော်မှာသွား ပြော... နင့်မျက်လုံးမှာ တိမ်ဖုံးနေလို့ ငါ့ကိုလှတယ်ထင်တာ တစ် ကျောင်းလုံးငါ့ထက်လှတဲ့သူတွေချည်းပဲ"

"တိမ်ဖုံးတယ်ပဲပြောပြော ကန်းနေတယ်ပဲပြောပြော ငါ့ မျက်လုံးထဲမှာတော့ နင်ပဲလှတယ်... နင့်ကိုပဲယူမယ်လို့ဆုံးဖြတ် ပြီးသား"

"ဟား ဟား ဟာသပဲ... ယူမယ်တဲ့"

"အဟုတ်ပြောတာ... ကျောင်းပြီးရင်နင့်ကိုလက်ထပ် မယ်"

"ဘာလဲ ဒီစကားကို ဒီနေ့ဒီအချိန်ဒီနေရာမှာပြောဖို့



ဘယ်အချိန်ကတည်းက သတ္တိတွေမွေးထားသလဲ... သိပ်သတ္တိ တွေကောင်းနေလိုက်တာ... ဟိုကောင်တွေရှုပိုးထိုးတာနဲ့ နင့်က ပါ ရောဂါကူးစက်သွားတာလား"

"မဟုတ်ဘူး... ငါ့ဆီကရောဂါတွေ ဒီကောင်တွေဆီကူး စက်သွားတာ... ဒါပေမဲ့ ဒီကောင်တွေကငါ့ထက်ပိုပြီး ကံကောင်း ပါတယ်... ငါ့မှာသာတွေ့ဆုံခဲ့တာ ကြာပြီဖြစ်ပေမယ့်လို့ မခေါ် ချင်သလိုမပြောချင်သလို မမြင်ချင်သလို လုပ်နေတတ်တဲ့ ကောင် မလေးတစ်ယောက်ကြောင့် မသိမသာနေရတဲ့ဘဝပါ"

"မထူးပါဘူး... အဲသလိုမသိမသာပဲ ငေးလက်စနဲ့ငေး နေလိုက်ပါတော့"

"ဘာလဲ... နင့်မှာရှိနေလို့လား"

"ဒါတွေ ငါလုံးဝမစဉ်းစားဘူး"

'ဝါဆို' က 'ဖြူစင်' တစ်ကိုယ်လုံးအထက်အောက် အပြန် အလှန်အခေါက်ခေါက်အခါခါ ကြည့်ပြီးမှ...

"နင်စဉ်းစားတဲ့အချိန်ကျရင် ငါဟာနံပါတ်တစ်ဆိုတာ နင်အသိအမှတ်ပြုမလား"

"ကဲ ငါရှင်းရှင်းပဲပြောမယ်... ငါဆရာဝန်ဖြစ်ပြီးသုံးနှစ် လောက်နေမှ အိမ်ထောင်ပြုဖို့စိတ်ကူးမှာ... ဒီကြားထဲမှာရည်းစား လည်းမထားနိုင်ဘူး အချစ်ရေးကိုလည်း ဦးစားမပေးနိုင်ဘူး နင် စောင့်နိုင်ရင်စောင့်"

"စောင့်ရမှာပေါ့... ကိုယ်ကစွဲလမ်းမိသူပဲ... ဘွဲ့ရပြီးသုံး နှစ်နေမှ လက်ထပ်မယ်ဆိုရင်ကျေနပ်ပါတယ်"

"အံမယ်မယ် နင့်ကိုဘယ်သူက လက်ထပ်မယ်ပြောလဲ

www.burmeseclassic.com



လက်ထပ်ဖို့စဉ်းစားတဲ့အခါ နံပါတ်တစ်စာရင်းက ထားစဉ်းစားမယ်လို့ပြောတာပါနော်"

"အာပဲဖြစ်ဖြစ် နံပါတ်တစ်ဆိုရင် ကျေနပ်ပြီ... နံပါတ်တစ်ဆိုကတည်းက အနိုင်ရပြီးသားပဲ... သေချာပြီးသားပဲ"

"ဒါပေမဲ့ အဲဒီအချိန်မရောက်မီအတောအတွင်းမှာ မဖြစ်နိုင်ရင်မဖြစ်နိုင်ဘူးဆိုတာ နင့်ကိုငါပြောမယ်"

"နင့်စကားကလည်း ဘာလဲဟ... မတင်မကျနဲ့"

"ငါလက်ခံနိုင်တဲ့အခြေအနေမျိုးတွေ... တစ်ယောက်နဲ့တစ်ယောက်နီးစပ်မယ့်ကိစ္စမှာ အနှောင့်အယှက်အဖျက်အဆီးဆိုတာတွေဝင်လာဦးမှာပဲ... အဲဒီအခါကျရင် ဘယ်လိုဖြစ်လာဦးမယ်ဆိုတာ ဘယ်သူကြိုတင်ပြောနိုင်မလဲ 'ဝါဆို'... ဒါကြောင့် ငါစဉ်းစားမယ်ဆိုတဲ့အချိန်ကာလကိုမရောက်ခင် ဘွဲ့ရပြီးနှစ်နှစ်မကြာခင်အတောအတွင်းမှာ ရိုးရိုးသူငယ်ချင်းမိတ်ဆွေတွေလိုပဲ သဘောထားပြီး ခင်ခင်မင်မင်ပဲနေကြရအောင်... အဲသလိုသန့်ရှင်းတဲ့ခင်မင်မှုနဲ့နေရင်း ဘဝကံကြမ္မာဘယ်လိုဖန်တီးလာမယ်ဆိုတာကို စောင့်ကြည့်ရအောင်လား... အေး တကယ်လို့ငါသတ်မှတ်ထားတဲ့အချိန်ကာလအတောအတွင်းကိုရောက်တဲ့အထိ နင်နဲ့ငါ့စပ်ကြားမှာ ဘာအနှောင့်အယှက်ဘာအဖျက်အဆီးမှမရှိဘူးဆိုရင်တော့ နင်ဟာနံပါတ်တစ်ပဲပေါ့... မဟုတ်ဘူးလား"

"ဘာတွေမှန်းမသိပါဘူးကွာ"

"ကဲ သူငယ်ချင်းငါတို့သွားကြစို့... တော်ကြာအဖွဲ့တွေစောင့်နေရင်မကောင်းဘူး"

"ခဏနေပါဦးဟာ... ရှစ်နာရီလောက်မှပြန်ဆင်းမှာပါ—





အတောကြီးရှိပါသေးတယ်"

"ဟင့်အင်း ငါသွားတော့မယ်"

'ဖြူစင်'တကာယ်ထွက်သွားသည်။ 'ဝါဆို'တွေဝေ၍ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

တတိယနှစ်တွင် ဆေးရုံသို့စဆင်းရသည်။ ဂျူတီကုတ်စချုပ်ရမည်။ နားကျပ်ဝယ်ရမည်။ အခြားစာအုပ်စာတမ်းတချို့လည်းဝယ်ရ၍ ဒီနှစ်သည် 'ဖြူစင်' လိုမွဲပြာနေသူအဖို့ ပြာပုံတိုးသလိုပါပဲ။

သူများတွေအဆောင်ထမင်း၊ အဆောင်ဟင်းမကောင်းဘူးဟု ညီးကြ၊မစားကြသော်လည်း 'ဖြူ' အတွက်တော့နတ်သုဒ္ဓါပါ။ တစ်နေ့မှ မစားသည့်နေ့ဟူ၍မရှိပါ။ အချိန်မှန်စားပြီး ဗိုက်ဆာလျှင်ရေသောက်နေရသည်ကများသည်။ ကြာတော့လည်း အကျင့်ပါသွားပါပြီ။

ယခု 'ဖြူစင်' ဆီမှာငွေပြတ်နေပြီ။ ပြတ်တာမှလုံးဝမရှိ။ သူများဆီကလည်းမချေးချင်။

"ဒီလ ငွေကုန်နည်းနည်းများတယ်နော်"





"အင်း..."

'စု' က ငွေကုန်နည်းနည်းများသည်ဟုငြီးငြူသော်လည်း သူမလက်ထဲတွင် ငွေမပြတ်သေးပါ။

"နက်ဖြန်ကျောင်းလခ သွားသွင်းရအောင် 'ဖြူစင်' "

"ဟင့်အင်း ငါမသွင်းသေးဘူး"

'ဖြူ' ကို 'စု' က မျက်လုံးအလေးစွေ၍ ကြည့်နေသည်။ အတန်ကြာမှ...

" 'ဖြူစင်'..."

"ဟင်"

"နင်ငါ့ကိုစိတ်မဆိုးနဲ့နော်... ငါတစ်ခုပြောစရာရှိလို့"

"စိတ်ဆိုးစရာမဟုတ်ရင် မဆိုးပါဘူး"

"စိတ်မဆိုးဘူးလို့ပြောမှ ပြောမယ်"

"ဒါဆိုမပြောနဲ့"

"ဟာကွာ နင်နဲ့စကားပြောရတာဒေါစိတ်တိုလာပြီ... သိပ်အပ်သီးကပ်သပ်နိုင်တာပဲ"

"ဒါပေါ့ 'မောင်မောင်' နဲ့ပြောသလို ဘယ်အဆင်ပြေပါ့မလဲ... ဟိုမောင်က မမလေးပြောသမျှ ဟုတ်ပါ့မှန်ပါ့နဲ့ပြီးနေတာကိုး"

"ငါ့စေတနာနဲ့ပြောမလို့ ကောင်းကောင်းနားထောင်"

"အင်း... ပြော"

"နင်ကျောင်းလခမသွင်းတာ လေးလလောက်ရှိပြီနော်တယ်"

"အင်း ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငွေပြတ်နေလား"

"ငွေပြတ်တာများအဆန်းလုပ်လို့ဟာ... ငွေပေါလို့ ကျောင်းလာတက်တာမှမဟုတ်ပဲ... မဟုတ်ဘူးလား"

"နင် ငွေသိပ်လိုချင်ရင်ငါ့ဆီကယူလေ... ငါစုထားတာ ပါတယ်"

"ဟင့်အင်း နေပါစေရတယ်... လွယ်လွယ်ရရင်လွယ် လွယ်ယူပြီး နောက်ဆိုအကျင့်ပါသွားလို့ခက်မယ်... လူမှာအကျင့် ဝမ်းမှာအချင့်တဲ့နေပါစေ"

"နင်နဲ့တော့ခက်ပါတယ်... တစ်နေ့တစ်နေ့စာတွေ ချည်းဖိကျက်မနေနဲ့... တစ်ခါတလေအပြင်လမ်းလေးဘာလေး ထွက်လျှောက်ဦးမှပေါ့... ရုပ်ရှင်လေးဘာလေးလိုက်ကြည့်ဦး ပေါ့"

"တော်ပါပြီ နေပါစေ"

ဆေးရုံသို့စဆင်းရမည့်နေမို့ ပျော်နေကြသည်။ ချူတီ ကုတ်လေးများဝတ်၊ နားကျပ်လေးများကိုင်၍ ဆေးရုံသို့သွားကြ ရတော့မည်။ မနက်ဘက်ဆေးရုံဆင်း၍ ညနေဘက်ကျောင်းတွင် စာသင်ရသည်။

" 'ဖြူစင်'... 'ဖြူစင်' "

ကျောင်းသားရေးရာ ရှေ့နားတွင်ဖြစ်သည်။ 'ဝါဆို' နောက်မှအပြေးအလွှားလိုက်လာသည်။

"ဘာလဲဟ မောကြီးပန်းကြီးနဲ့"

"နင်ကျောင်းလခတွေ မသွင်းရသေးဘူးဆို"

"အင်း အဲဒါနင်နဲ့ဘာဆိုင်လဲ"





"ဒီလငွေကုန်ကြေးကျများတော့ နင်သိပ်ငွေကျပ်မှာပဲ ... နင်ငွေသိပ်ခက်ရင် ငါ့ဆီကယူနိုင်တယ်နော်"

"နေပါဦး နင့်ကိုဘယ်သူကချေးလို့ ဒီလောက်ပေးချင် နေတာလဲ... 'စု' ဆီကတောင်မယူဘူး... နင့်ဆီကဆိုဝေးရော"

ဒေါပွသွားသော 'ဖြူစင်' ကို 'ဝါဆို' ကတောင်းပန်သည်။

"ငါဘယ်လိုစိတ်ကူးမျိုးနဲ့မှ ပြောတာမဟုတ်ဘူး 'ဖြူစင်' နင့်အပေါ်မှာထားတဲ့ စေတနာသန့်သန့်နဲ့ပဲ... ငါကူညီချင်လို့ ...တာ... နင်ဘယ်လောက်မာနကြီးတယ်... ကြီးကျယ်ထယ်ဆို ...သိတယ်... အခုလာပြောတာက နင့်ကိုသူငယ်ချင်းကောင်း ...စ်ယောက်အနေနဲ့ နင့်မှာအခက်အခဲရှိရင် အချိန်မရွေးယူနိုင် ...အကြောင်းလာပြောတာ"

"မလိုပါဘူး ကျေးဇူးတင်ရမှာကြောက်လွန်းလို့"

"ပြီးတာပဲ"

"ပြီးရင်လည်းပြီးတာပဲ"

ကမောက်ကာမမချေမငံ့ပြောပြီးသော်လည်း ဒီမျက်နှာ ...းသည် နေ့စဉ်မြင်တွေ့နေရသော မျက်နှာများသာဖြစ်သည်။ ...က်ဆံတစ်ပြားမှမရှိသော်လည်း 'ဖြူစင့်' မျက်နှာကခပ်တင်း ...င်း။ 'ဝါဆို' ကသာ သံယောဇဉ်မကင်းသောမျက်လုံးဖြင့်လိုက် ...ကြည့်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

" 'ဖြူစင်' "

" ဟင် "

"နင်ကလည်းစာချည်းပဲ တစ်ချိန်လုံးကြည့်နေ တော်ကြာ ဗရောင်ချိန်းသွားမှ ကိုယ်ကြိုးစားထားသမျှတွေ သဲထဲရေသွန်ဖြ ကုန်ပါ့မယ်... တစ်ခါတလေလည်း ခေါင်းရှင်းအောင်မြို့ထဲလေး ဘာလေးသွား... ဒါမှမဟုတ် ရုပ်ရှင်လေးဘာလေးတော့ကြည့် ဦးလား"

"ဟွန်း ကိုယ့်ဖါသာကိုယ် ထွက ်ပေါက်ရှာချင်ရှာပါစေ လူကိုလာစေတ်သွင်းမနေနဲ့"

"စေတနာနဲ့ပြောတာ 'ဖြူစင်' "

"သိပါတယ်ဟာ... နင်တို့ပျော်ရင်ငါကျေနပ်ပါတယ်"





"မလိုချင်ဘူးကွာ... 'ဖြူစင်' လိုက်ခဲ့ရမယ် ဒီလိုတနင်္ဂနွေနေ့မှာမှ ကိုယ်ပိုင်ပျော်ရွှင်မှုမယူရင် ကြာရင်မင်းသိပ်စိတ်ထိုင်းထိုင်းသွားလိမ့်မယ်... တစ်လကိုတစ်ခါတော့ ရုပ်ရှင်လိုက်ကြည့်ရမယ်... ရုပ်ရှင်ကြည့်ခက ဘယ်လောက်များကျတာမှတ်လို့... ဒီအစ်ဆေးရုံရုပ်ရှင်ရုံမှာလည်း အလကားနီးပါးကြည့်ရတာ... မင်္ဂလာဒုံတိုင်းခန်းမမှာလည်း ကားသစ်တွေကောင်းမှကောင်း... စျေးကလည်း သက်သာမှသက်သာပဲ... တစ်လကိုတစ်ခါ ရုပ်ရှင်လိုက်ကြည့်ရမယ်... မနက်စောစောလမ်းလျှောက်ထွက်ရင်ဖြစ်ဖြစ် ညနေဘက်လမ်းလျှောက်ထွက်ရင်ဖြစ်ဖြစ် လိုက်ခဲ့ရမယ်... ဒါပဲ"

"အမိန့်တွေပေးနေလိုက်ကြတာ... စာမေးပွဲကျတော့နင်တို့တာဝန်ယူမလား"

"အောင်မယ်လေးနော်... နင့်လိုလူမျိုးက စာမေးပွဲကျရင်တော့... အေး ကျရင်တောင် Supplementaryနောက်ဆက်တွဲဖြေဆိုရတဲ့ဟာပဲ"

"အဲ့သလိုသာဖြေရမယ်ဆိုရင် ငါတော့ကိုယ့်ကိုယ်ကိုအရှင်သတ်သေပစ်မိမယ်"

"အမယ်လေး... ဒါလေးဖြေရတာနဲ့များ ပိုကိုပိုတယ်"

"သြော် နင်တို့ဘဝနဲ့ ငါတို့ဘဝက တူတာမှမဟုတ်ပဲဟာ (Supple)ဆပ်ပလီထိရင် ငါ့အတွက်ငွေရော အချိန်ပါကုန်ပြီး နှင်းတိုင်မြန်မြန်မရောက်လေ ငါ့အတွက်အားလုံး စိတ်ဆင်းရဲကုန်ကြမှာစိုးလို့ပါ"

"ဘယ်သူတွေစိတ်ဆင်းရဲမှာလဲ"

"ငါ့ကို မျှော်လင့်အားကိုးနေကြတဲ့ အစ်ကို... အဘနဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ရွာလုံးပေါ့ဟာ"

"ကဲပါဟာ... လမ်းလေးတစ်ခါလျှောက်ရုံ... ရုပ်ရှင်တစ် ခါတာလေကြည့်ရုံနဲ့တော့ ဘာမှမဖြစ်စေရပါဘူး... ငါတို့ကို ရင် လိုက်ခဲ့ပါဟာ"

အများစိတ်ချမ်းသာရန်အတွက်ရော မိမိလည်းစာ ကျက်ရတာ ငြီးငွေ့လွန်းသဖြင့် အပြင်ထွက်ရန်သဘောတူလိုက် ၏။ အဆောင်ရှေ့တွင် မမျှော်လင့်ထားသူများကို အပြုံလိုက်တွေ့ ရသည်။ 'ငါဆို' တို့ယောကျ်ားလေးတစ်သိုက်နှင့် 'မမြင့်ရီ' တို့ တွဲ။

'မမြင့်ရီ' တို့လင်မယားကို မြင်လိုက်ရခြင်းကြောင့် 'ဖြူ စင်' ရင်တွင်းဝယ် တင်းကျပ်တောင့်တင်းသွားသည်။ 'မမြင့်ရီ' မှာ ကိုယ်ဝန်ဆောင်အင်္ကျီကို ဝတ်ထားသည်။

"'ဖြူစင်' နှင့်အပြင်ထွက်မလို့လား"

"ဟုတ်တယ်"

"ဟိုတစ်ခါ ငါတို့လာသေးတယ်... နင် ကျောင်းတက်နေ လို့ လိပ်စာပေးပြီးပြန်သွားရတယ်... ငါပေးလိုက်တဲ့ ငွေနဲ့လုံချည် စကို ဘာလို့လူကြုံနဲ့ပြန်ပို့ခိုင်းရတာလဲ"

"ရွာက ပို့တဲ့ငွေနဲ့လောက်ပါတယ် 'မမြင့်ရီ'... 'မမြင့်ရီ' မှာက အိမ်ထောင်နဲ့ဆိုတော့ 'ဖြူစင်' အတွက်အပိုမကုန်စေချင် ဘူး။ လုံချည်ကလည်း သိပ်ကောင်းသိပ် နေတော့ 'ဖြူစင်' မဝတ် ရဲဘူး... အဝတ်အစားကောင်းကောင်း မဝတ်တတ်တာ 'မမြင့်ရီ' သိသားပဲ... ငါးပိကြော်တော့ စားဖို့ယူထားလိုက်ပါတယ်"

"နင့် စကားပြောတာသူစိမ်းလေသံနဲ့ မပြောစမ်းနဲ့ 'ဖြူ





စင်' "

"'မမြင့်ရီ' ထင်လို့ပါ... 'ဖြူစင်' အရင်ကလိုပဲပြောတာပါ တယ်... ဘာဆို ဘာမှမပြောင်းလဲပါဘူး"

ခပ်ပြုံးပြုံး ခပ်အေးအေးပြောနေသော 'ဖြူစင်' မျက်နှာ သူလှကို အားလုံးစူးစိုက်ကြည့်နေကြသည်။

"ဘာလဲ ကိုကြီးက ငါနဲ့မဆက်သွယ်ရဘူးလို့ ပြောထား သလား"

"မဟုတ်ပါဘူး... 'ဖြူစင်' တို့ကျောင်းကစာတွေ အရမ်း များတယ်လို့ 'မမြင့်ရီ'... ဘယ်ဆို ဘယ်မှ မရောက်တာပါ"

"ရော့... ငွေနဲ့ ဝတ်စုံတစ်စုံ... အစ်မတစ်ယောက် က ညီမအရင်းခေါက်ခေါက် တစ်ယောက်ကိုပေးတာ... ပေးပိုင်ခွင့် လည်းရှိတယ်... ယူပိုင်ခွင့်လည်းရှိတယ် 'ဖြူစင်' "

'ဖြူစင်' ခပ်တွေတွေလေး စဉ်းစားသည်။ မိမိမယူလျှင် 'မမြင့်ရီ' စိတ်ဆင်းရဲမည်။ ယူပြန်လျှင် ကိုကြီးကိုသစ္စာဖောက်ရာ ကျမည့်အပြင် 'မမြင့်ရီ' ယောကျ်ားက အမြဲတမ်းယူနေသည်ဟု ထင်မည်။

"အခုမလိုသေးဘူး 'မမြင့်ရီ'... လိုတဲ့အခါ 'ဖြူစင်' လာ တောင်းပါ့မယ်"

"လိုတဲ့အခါလည်းလာတောင်း... ဒါနင့်အတွက်ပေးမယ် လို့ ငါရည်ရွယ်ပြီးသား ရော့"

"ဟင့်အင်း"

"လာကွာ... ဒီလောက်ကြီးကျယ်နေလည်း ပေးမနေနဲ့... အချိန်သက်သာတယ်... ပြန်မယ်... ပြန်မယ်"

www.burmeseclassic.com



'မမြင့်ရီ' ယောကျာ်းကာ ဒေါနှင့်မောနှင့်ပြောသည်။ 'ဖြူ
စင်' ပြုံးမိသည်။ ဒီလူဘယ်လောက်သဘောကောင်းနိုင်မှာတုန်း

"လာရ သွားရတာကအဝေးကြီး... စေတနာထားလို့ထာ
မှန်းမသိဘူး... ဟော့ သွားမယ်လို့ပြောနေတယ် မဟုတ်လား"

"ကဲ 'ဖြူစင်' လည်း အပြင်သွားစရာရှိသေးတယ် 'မမြင့်
ရီ'"

'မမြင့်ရီ' မျက်ရည်ဝဲနေသော်လည်း အံကိုကြိတ်ထား
သည်။ ကျိုးကြလဲ့ ရင်ပြင်ပေါ်တွင်ဖြစ်သည်။

"နင်ဟာလေ သူငယ်ချင်းတွေအပေါ် နားလည်မှုမရှိဘူး
လားအောက်မေ့တယ်... အစ်မအရင်းခေါက်ခေါက်တစ်ယောက်
လုံးကိုအောင် စိတ်ဆင်းရဲအောင် လုပ်တတ်တဲ့ကောင်မလေး
တယ် ငါထရိုက်လိုက်ရရင် သွားတွေအချောင်းလိုက် ကျွတ်ထွက်
ကုန်ပြန်ရော့မယ်"

'ကိုစိုး'က ဘယ်ကကောက်လာမှန်းမသိသော တုတ်တစ်
ချောင်းဖြင့်ရွယ်ရင်း 'ဖြူစင်' ကိုဒေါ်ပွနေခြင်းဖြစ်သည်။

"ဘာလို့မယူတာလဲ 'ဖြူစင်'... နင့်မှာလည်း ဒီလောက်
ဘိုင်ကျနေလျက်နဲ့"

"မယူချင်လို့ပေါ့ဟာ"

"သူဖြင့် တစ်ပြားမှမရှိဘဲနဲ့"

"ငါ့ဘာသာမရှိတာ နင်တို့က ဘာကိစ္စဝင်ပူနေကြတာ
လဲ"

"ချစ်လို့ဟော့... ချစ်လို့"

အားလုံး သံပြိုင်အော်မိခြင်းဖြစ်သည်။ မရည်ရွယ်ဘဲ





အော်ပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်ပြီး ရယ်
ကြသည်။

"ငါတို့က ညီမလေးလို... သူငယ်ချင်းလိုချစ်တာနော်...
'ဝါဆို' အချစ်ကသာမရှိးတာ"

'မောင်မောင့်' စကားကြောင့် 'ဝါဆို' မျက်နှာကြီးနီရဲသွား
သည်။ 'ဖြူစင်'က မကြားသလို သစ်ပင်တွေမော့ကြည့်လိုက်၊
အာယာသောပတ်ဝန်းကျင်ကို ငေးကြည့်လိုက်လုပ်နေသည်။

"ငါတို့ ဒီနှစ်ကျောင်းပိတ်ရင်ပဲဖြစ်ဖြစ်... နွေကျောင်းပိတ်
ရက်ဖြစ်ဖြစ်... နင်တို့မော်လမြိုင်ကို လိုက်လည်မလို့"

"လည်ပေါ့"

'ဝါဆို' အာသွက်လျှာသွက်ပြောသော်လည်း 'ဖြူစင်'က
ငြိမ်ချက်သားကောင်းနေသည်။

"'ဖြူစင်'က တို့တွေကို ခေါ်ရမှာစိုးလို့ငြိမ်နေလိုက်တာ"

'ဖြူစင်' ပြုံးသည်။ ခဏကြာမှ...

"နင်တို့တွေကို ဘယ်မှာသိပ်ရမလဲ စဉ်းစားနေတာ...
ငါတို့ဝါးအိမ်လေးတော့ နင်တို့အုပ်စုတက်လိုက်တာနဲ့ ပြိုကျတော့
မှာပဲလို့တွေးနေတာ"

"တွေလား... ခေါ်ဖို့မစဉ်းစားတဲ့အပြင် သူ့အိမ်လေးပြိုမှာ
စိုးတယ်တဲ့"

"ပြီးတော့ ဘာဟင်းတွေချက်ကျွေးရမလဲ... ရွာစွန်ကရေ
အိုင်လေးထဲမှာ ရေတွေခန်းလို့ ငါးတွေ့ရှိမှာမဟုတ်တော့ဘူး"

"သိပ်တွေးပူမနေနဲ့ 'ဖြူစင်' ရေ... တော်ကြာရူးသွားဦး
မယ်... စားစရာမရှိရင် ရွာအပြင်ကမြက်တွေနှုးစားမယ်... နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



နုတ်နုတ်စဉ်းပြီးကြော်စားမယ်... နေစရာမရှိရင် ဘုန်းကြီးကျောင်းတို့ ဇရပ်တို့မှာ တည်းမယ်ဟာ... တကတည်း... သူ့အိမ်လိုက်မှာကြောက်နေလိုက်တာ... နင့်ကိုတော့ တစ်နေ့တခြား ကြည့်လို့တောင်မရတော့ဘူး"

'ကိုစိုး'က အတည်ပေါက်နဲ့နောက်နေခြင်းဖြစ်သည်။

"ကြည့်လို့မရလည်း မကြည့်နဲ့ပေါ့"

"မကြည့်ဘူး... နင့် မကြည့်ရလို့အရေးမကြီးဘူး... ငါ အဆက်ငါကြည့်မယ်"

ပြောပြောဆိုဆို 'သန်းသန်း'ကို မျက်လုံးပြူးကြီးများနှင့် မျက်တောင်မခတ်ကြည့်နေသည်။

"ဟော့ကောင် မင်းမျက်လုံးကြီးတွေကြည့်ပြီး 'သန်းသန်း' တော့မသိဘူး... ငါတောင်ကြက်သီးတွေထလာပြီ"

"အဲဒါပေါ့ ခေါ်တောမျက်လုံးဆိုတာ"

"ကဲဟော့ မော်လမြိုင်သားတို့ မော်လမြိုင်သူတို့ ငါတို့ကိုခေါ်မှာလား"

"ခေါ်ပါတယ်ကွာ... ငါတို့အိမ်ကအကျယ်ကြီး... ငါတို့အိမ်မှာပဲတည်းကြ... ငါတို့အိမ်ကတစ်ဆင့် 'ဖြူစင်'တို့အိမ်သွားလည်ကြတာပေါ့... မကောင်းဘူးလား"

"ကောင်းပါတယ်... ဒါဖေမဲ့ 'ဖြူစင်'တို့ အိမ်လည်း တစ်ခါတလေ ပျော်ပျော်ပါးပါးသွားအိပ်ချင်တာပေါ့ကွ... ခေါ်ဖော်တောင်မရဘူး"

"ကိုယ့်ဝမ်းတောင် ကိုယ်မဝတဲ့ဘဝမှာ ဧည့်သည်တွေခေါ်ပြီး ဘယ်လိုကျွေးနိုင်မှာလည်းဟာ"





"ဟာ နင်တို့ဆီလာစားချင်လို့ လာတာမဟုတ်ဘူး... ခင်လို့ ပျော်ချင်လို့"

"သိပါတယ်... ဒါပေမဲ့ နင်တို့နဲ့ပျော်ချိန်ရမှာ မဟုတ်ဘူးထင်တယ်... ရွာရောက်တာနဲ့ အလုပ်တွေဝိုင်းကူလုပ်ရမှာ... နင်တို့အပေါ်မှာတာဝန်ကျေနိုင်မှာ မဟုတ်ဘူး... 'ဝါဆို' တို့အိမ်မှာပဲ ပျော်ပျော်ပါးပါးနေကြပါဟာ... ငါနင့်တို့အတွက် ခြံထွက်ပစ္စည်းတွေလာပေးပါ့မယ်"

"ဘာလဲ မြက်တွေလား... နွားချေးတွေလား"

"မလောင်ပါနဲ့"

'ဖြူစင်'က အသံတုန်တုန်လေးနှင့် ငေါက်လိုက်မှငြိမ်သွားကြသည်။

"နောက်နှစ်ကျရင်တော့ တကယ့်ကိုပျော်စရာကြီးပဲ"

"ဘာဖြစ်လို့လဲ"

"ဩော် နောက်ဆုံးနှစ် အပိုင်း(က) ဆေးကျောင်းသားကြီးတွေဖြစ်မှာဆိုတော့ (Field Trip)ကွင်းဆင်းရမယ်... ရွာတွေမှာလိုက်ပြီး လက်တွေ့ကုသရမယ်... ပျော်စရာကြီးနော် ပျော်စရာကြီး"

လမ်းတွင်တွေ့၍ဝယ်ခဲ့သော အကြော်စုံလည်းကုန်ပြီ... အချဉ်ထုပ်လည်းကုန်ပြီ။

"ဟဲ့ အလိုက်ကန်းဆိုးမသိဘူးပဲ ပြောပြော 'သန်းသန်း' အရေးတကြီးပြောစရာရှိလို့ ပုံဘက်နားခဏသွားလိုက်ဦးမယ်နော်"

"အဟဲ ဟဲ ငါလည်း 'စု'ကိုတိုင်ပင်စရာလေးရှိလို့ ဟိုနား

www.burmeseclassic.com

www.burmeseclassic.com



လေးသွားစကားပြောလိုက်ဦးမယ်နော်"

ကိုယ့်ပစ္စည်းကိုယ်မ၍ ထွက်သွားကြသဖြင့် 'ဝါဆို' 'ဖြူ စင်' နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

"'ဖြူစင်'"

'ဝါဆို'က မရိုးသားသောအသံဖြင့်ခေါ်သည်။

"သူများတွေကို အားမကျဘူးလား 'ဖြူစင်'"

"ဘာအားကျစရာရှိလို့လဲ"

"နင့်ကိုပြောလိုက်ရင် ဒီလိုပဲဘုတောဖို့ပဲသိတယ်... နင် ဟာရုပ်ကလေးလှသလောက် စာတော်သလောက်ကျန်တဲ့နေရာ တွေမှာ တကယ်ချာတယ်"

"ချာတယ်လေ့ ဘာဖြစ်လဲ... ချာမှန်းသိရင် ဘာဖြစ်လို့ လာဆက်ဆံနေသေးလဲ"

"ချစ်တာကိုး"

"ဘာချစ်တာလဲ"

"နင့်ကိုချစ်တာ နင့်ကို"

"တခြားစကားပြော... ချစ်ကြောင်း ကြိုက်ကြောင်းပြော မယ်ဆိုရင်တော့ ငါပြန်မယ်... နင်တို့အကြံတွေ ငါမသိဘူးမှတ် နေလား"

"ဘာအကြံလဲ"

"နင်နဲ့ငါနဲ့ကို ခုလိုတွေ့ခွင့်ရအောင် တမင်အကြံအဖန် လုပ်ပြီး ခေါ်လာကြတာမဟုတ်လား"

"ဟုတ်တယ်... နင့်ကိုတွေ့ချင်လို့ အကြံအဖန်လုပ်တာ"

"နင့်ကို တစ်ခါဖွင့်ပြောထားပြီးပြီ မဟုတ်လား 'ဝါဆို'—



—ကျောင်းပြီးလို့နှစ်နှစ်နေရင် ငါအချစ်ရေးကိုစဉ်းစားမယ်လို့"

"အေးပါ... အဲဒီအချိန်ကျတော့ လက်ထပ်ဖို့စဉ်းစားဟာ အခုလည်းချစ်ရင်ရတာပဲ... ဘယ်သူမှတရားမစွဲဘူး"

"ငါ စကားတစ်ခွန်းကို ဘယ်တော့မှမပြင်ဘူး"

"နင် ငါ့ကိုတကယ်မချစ်ဘူး 'ဖြူစင်'"

'ဝါဆို'က 'ဖြူစင်' လက်နှစ်ဖက်ကို ညင်သာစွာဆွဲယူ ဆုပ်ကိုင်ရင်း မေးခြင်းဖြစ်သည်။ လူသေအလောင်းခွဲစဉ်က တုန် ရင်ကြောက်ရွံ့ခြင်းမရှိသော 'ဝါဆို'သည် ဖြူစင်းသောလက်လှလှ လေးကိုင်ပြီး လက်ဖျားတွေတုန်ရင်အေးစက်နေသည်။ 'ဖြူစင်'က သူ့လက်ကို ဆတ်ကနဲပြန်ဆွဲပြီး...

"နင် ငါ့ကိုစိတ်တိုအောင်မလုပ်နဲ့ 'ဝါဆို'"

"နင်က စိတ်တိုယုံတင်တိုတာ... ငါကစိတ်ပါညစ်တာ... နင် ဘာလို့ငါ့ကိုမချစ်တာလဲ"

"ဟာ မသိဘူးကွာ... ချစ်သူလိုမချစ်ပေမယ့် နင့်ကိုသူ များတွေလိုပဲ ခင်နေတဲ့ဥစ္စာ... ငါ့ကိုပညာသင်ချိန်မှာ မနှောက် ယှက်ပါနဲ့ 'ဝါဆို' ရာ"

"ကဲ ငါ ဒါဆိုတစ်ခုပဲမေးမယ်... နင်မှန်မှန်ဖြေနော်"

"ဘာမေးမှာတုန်း"

"နင် ငါ့ကိုမချစ်တာဟာ တကယ်မချစ်လို့ မဟုတ်ဘူး ဟုတ်လား"

"ဟာ နင့်စကားကလဲ... ဘာတွေမှန်းလည်းမသိဘူး"

"အေး ဟုတ်သားပဲ... ဒီလိုလေဟာ နင်ခုချိန်မှာ ပညာ သင်နေရသေးလို့ အချစ်ရေးအတွက်အချိန်မပေးနိုင်သေးဘူး—

www.burmeseclassic.com



ငါ့အချစ်ကိုလက်မခံသေးတာ မဟုတ်လား... အချိန်ပေးနိုင်ခဲ့ရင် ငါ့ကိုနင်ချစ်မှာမဟုတ်လား"

"ဟား ဟား 'ဝါဆို' နဲ့တော့ ခက်နေပြီ... တောက်တဲ့ကျ နေတာပဲ... မရမက ကတ်သတ်မေးနေတော့တာပဲ"

"လုပ်ပါဟာ ငါသိချင်လို့ပါ"

"နင်ပြောသလိုပဲထားပါတော့... အချစ်ကိုဦးစားမပေး နိုင်သေးလို့ နင့်အချစ်ကိုလက်မခံသေးတာပါ"

"တကယ်လို့ လက်ခံနိုင်တဲ့အခြေအနေမှာဆိုရင် လက်ခံ တယ်ပေါ့"

"ဒါပေါ့"

"ဒါဆို အခုလက်မခံနိုင်သေးလို့သာ လက်မခံတာ... ချစ် တော့ ချစ်တယ်ပေါ့... ဟုတ်လား"

"ဟာ..."

'ဖြူစင်' လတ်သီးလေးနှစ်ဘက်ဆုပ်၍ မျက်လုံးလေးပြူး ကာ ဒေါသဖြင့်အော်လိုက်သဖြင့် 'ဝါဆို' ရယ်ကျယ်ကျယ်မျက်နှာ ဖြင့် 'ဖြူစင်' နှင့်ဝေးရာပြေးသွားပြီး...

"ငါသိပါတယ်ဟာ... နင် ငါ့ကိုချစ်တယ်ဆိုတာ"

"ခွေးကောင်... မချစ်ဘူး မချစ်ဘူး"

"ဘာ အချစ်ဦး... ဟုတ်လား"

'ဖြူစင်' ဒေါသထွက်ခြင်း၊ စိတ်တိုခြင်းများဖြင့် တစ် ယောက်တည်း ထပြန်လာသည်။ ကားဂိတ်ရောက်ပြီးဖြစ်သော် လည်း ကားမလာ။ နောက်မှလိုက်လာသော 'ဝါဆို' ပင်မ လုပြီ။ ဘာကြောင့်မှန်းမသိ 'ဝါဆို' အနားရောက်လာပြီး ရည်းစား



စကားပြောမှာကြောက်နေသည်။

"ဒီမှာ ဒီမှာ"

မပြေးယုံတမယ်လျှောက်လာသော 'ဖြူစင့်' ကို 'ဝါဆို' မီလာပြီးခြေလှမ်းသုံးလှမ်းလောက် နောက်ချန်နေရင်းလှမ်းခေါ် နေခြင်းဖြစ်သည်။

"တစ်ယောက်တည်းလားဗျ... ခဏလေးနေပါဦး ပြော စရာလေးရှိလို့ပါ"

သူကတဖြည်းဖြည်း မီမီအနီးကပ်လာပြီ။

"သိပ်လှတာပဲဗျာ... နာမည်ဘယ်လိုခေါ်လည်းမသိဘူး"

'ဖြူစင်' စိတ်ညစ်သည်။

"အသားလေးကဖြူပြီး သန့်ရှင်းသေသပ်နေတာကို ကြည့်ခြင်းအားဖြင့် မိန်းမလှနာမည်ဟာ 'ဖြူစင်' ပဲဖြစ်ရမယ်"

'ဝါဆို' သည်တစ်နေ့တခြားအတင့်ရဲလာသည်ဟု ထင် သည်။ မျက်နှာမှာလည်းနှစ်နှစ်၊သုံးနှစ်အတောအတွင်း ကလေး ရုပ်လုံးဝပျောက်ပြီး ကိုယ်လုံးလည်းပိုထွားလာကာ တကယ့်လူကြီး ဖြစ်ခဲ့ပြီ။

"ဒီမှာ 'မဖြူစင်'... ခင်ဗျားမှာချစ်သူရှိလား... ဟာ ဘာ လို့ဒီလောက်မြန်မြန်လျှောက်နေတာလဲ... ကျွန်တော့်ကိုက်မစား ပါဘူး... ချစ်သူမရှိသေးဘူးဆိုရင် ကျွန်တော့်အချစ်ကိုလက်ခံပါ ဗျာ"

'ဝါဆို' က ပခုံးချင်းယှဉ်၍ 'ဖြူစင့်' မျက်နှာကိုတ[illegible] ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" 'ဝါဆို' "

"ဟင်"

"နင် သိပ်မကဲနဲ့နော်... ငါစိတ်တိုလာရင်မကောင်းဘူး"

"ငါမကဲဘူး 'ဖြူစင်'... နင်ကသာ ညှင်းဆဲနေတာ"

"ငါညှင်းဆဲနေတာမဟုတ်ဘူး... မဖြစ်နိုင်တာကို မဖြစ်နိုင်ဘူးလို့ပဲပြောနေတာ"

"ဘာမဖြစ်နိုင်တာရှိလဲ 'ဖြူစင်'... ဒါဖြစ်နိုင်တဲ့ကိစ္စ... သူများတွေလို ချမြင်ခုတ်ကြိုက်လည်း မဟုတ်ဘူး... နင့်ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ နင်သိတယ်"

"အို မသိဘူး မသိဘူး... ငါ့ခေါင်းထဲမှာ ဒီကိစ္စတွေအတွက် လုံးဝအချိန်မပေးနိုင်သလို စဉ်းလည်းမစဉ်းစားနိုင်ဘူးလို့ နင့်ကိုဘယ်နှစ်ခါပြောရမလဲ... ကျောင်းပြီးလို့နှစ်နှစ်နေမှ ဒါတွေစဉ်းစားနိုင်မယ်လို့ ပြောထားတယ်မဟုတ်လား"

"အကြာကြီးပဲဟာ"

"မစောင့်နိုင်ရင်လည်း နင့်ဘေးမှာ ငါ့ထက်သာတွေချည်းပဲ... ကြိုက်တာရွေးတွဲပေါ့ဟ"

"မကြိုက်ဘူး... တလောကလုံးမှာနင့်တစ်ယောက်တည်းကိုပဲချစ်တာ"

"ဒါတော့ ငါလည်းမတတ်နိုင်ဘူး... ငါ့စကားအကုန်ပဲ"

"နည်းနည်းတော့ ဖြင်ပါဦးလား"

"ဟင့်အင်း"

တဖြည်းဖြည်းလျှောက်လာကြသည်မှာ သီတာဆောင်အနီးသို့ရောက်လာပေပြီ။ 'ဖြူစင့်' မျက်လုံးထဲတွင် အဆောင်ရှေ့



တားလမ်းမပေါ်ရပ်နေသော လူတစ်ယောက်ကိုမြင်မိသည်။အရပ်မြင့်မြင့် အသားညိုညိုနှင့် မျက်နှာတွင်ဝက်ခြံတွေထူလပျစ်ပေါက်လွန်း၍ အမာရွတ်ပင်တက်နေသော 'မြတ်သာ' ကိုခပ်မားမားတွေ့ရသည်။

လုံးဝကိုမျှော်လင့်မထားပါ။ 'မြတ်သာ'က 'ဖြူစင်'ကိုမမြင်။ အဆောင်ထဲသို့လှမ်းကြည့်လိုက် မြို့ထဲဘက်ကလာသောကားလမ်းဆီလှမ်းကြည့်လိုက်လုပ်နေသည်။ ထိုအချိန်တွင် 'ဝါဆို' ကတွတ်တွတ်နှင့် ပခုံးချင်းထိမတတ် ဆီမန်း‌မန်းရနေဆဲ။

" 'ဝါဆို' နင်ဒီမှာပဲနေခဲ့တော့... ဟိုမှာ ငါ့တို့ရွာက လူကြီးသားရောက်နေတာ... အိမ်ကိုပြန်တိုင်နေရင်မကောင်းဘူးဟာ"

"ရွာလူကြီးသား ဟုတ်လား... ဒီကောင်ဘာလုပ်တာလဲ"

"ကိစ္စရှိလို့လာတာပေါ့ဟ"

"ကေန္တ နင့်ရည်းစားလားမှမသိတာ... ဒါကြောင့် ဒီပြင်လူမြင်မှာကြောက်နေတာ ဖြစ်မှာပေါ့"

"ဟုတ်တယ် ဟုတ်တယ်... မြန်မြန်ကြွပါတော့လို့ တောင်းပန်ပါနေတာလည်း မရဘူး"

"ဟုတ်ရင် ပိုတောင်မသွားသေးတယ်... အဆောင်အထိ လိုက်ခဲ့မယ်"

"ရော ပြောရတယ်ခက်ပါလား 'ဝါဆို'... ငါစိတ်တိုလာပြီနော်"

စိတ်ညစ်လွန်းလို့ 'ဖြူစင်' ငိုသံပါလာပြီ။ ဒေါပွပြီး အခိုးထွက်နေသောမျက်လုံးဖြင့် 'ဝါဆို' ရူးရူးရဲရဲစိုက်ကြည့်ကာ...

" 'ဝါဆို' နင်နေခဲ့မလား... မနေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မနေခဲ့ဘူး"

"နေခဲ့ဆိုနေ"

"မနေခဲ့ဘူး"

"ကဲ ဟာ"

မိမိစကားကိုနားမထောင်၍ စိတ်တိုမိသလို နောင်ဖြစ်ပေါ်လာမည့်အရေးအခင်းများကို ရင်မဆိုင်ချင်သဖြင့် 'ဝါဆို' ကို လက်နှစ်ဘက်ဖြင့် ခပ်ပြင်းပြင်း တွန်းထုတ်ပစ်လိုက်မိသည်။

"အား..."

ကားလမ်းနံဘေး လမ်းနဖူးပေါ်မှလျှောက်လာသော 'ဝါဆို' တစ်ယောက် မထင်မှတ်ဘဲတွန်းချခံလိုက်ရသောကြောင့် ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘဲ မနိမ့်မမြင့်မြောင်းထဲလျှော၍ ပြုတ်ကျသွားသည်။

'ဖြူစင်' စိုးရိမ်စိတ်ဖြင့် ပြန်လှည့်ကြည့်မည်လုပ်ပြီးမှစိတ်ကိုအနိုင်နိုင်ထိန်းကာ ပြန်လှည့်မကြည့်တော့ဘဲ အဆောင်ရှိရာ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့သည်။ 'မြတ်သာ' က သွားအဖြီးသားဖြင့် လှမ်းရယ်ပြနေသည်။



၂၃

"နင်တစ်ယောက်တည်းလား ဘယ်တွေလျှောက်သွားနေတာလဲ 'ဖြူစင်' "

'မြတ်သာ' က 'ဖြူစင်' တစ်ကိုယ်လုံး အကဲခတ်ရင်းမေးသည်။

"ငါ့ သူငယ်ချင်းတစ်ယောက်အိမ်လာတာ 'မြတ်သာ'... နင်ကောဘာလုပ်တာလဲ"

ထိုစကားကြောင့် 'မြတ်သာ' နဂိုမလှသောမျက်နှာကို ...မဲ့၍...

"ဘာလဲ... နင့်ကိုလာပိုးတယ်ထင်လို့လား"

"အို ဘယ်သူက အဲသလိုစွပ်စွဲနေလို့လဲ... နင်ကလဲ အ...သက်ကြီးလာတယ် စိတ်ဓာတ်ကမပြောင်းလဲသေးပါလား"

"နင့်စိတ်ထဲ အဲသလိုထင်မှာစိုးလို့ပါဟ... ဒီမှာ အဆောင်မှာ ...သီးစားတွေ ဘာတွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်နော်... ဒီစကားကြားရတာ"

"ငါ့ကောင်မလေးက နင်လောက်တော့ဘယ်ချောမလဲ... ဒါပေမဲ့ နင့်လိုအပေါက်မဆိုးဘူး... သဘောသိပ်ကောင်းတယ်ဟ"

"ဩော် ဩော်"

လာရင်းကိစ္စကို မပြောဘဲ သူ့အဆက်အကြောင်း အမြှောက်ထွက်မတတ်ပြောနေသည်။ ထိုအချိန်တွင် 'ဝါဆို' တို့အုပ်စု ပြန်ရောက်လာသည်။ 'သန်းသန်း' နှင့် 'စု'က 'ဖြူစင်' ကိုမျက်စောင်းထိုးခြင်း၊ ရန်လိုသည့်အကြည့်ဖြင့်ကြည့်ပြီး အဆောင်ထဲဝင်သွားသည်။ သူ့စကားတွေကို စိတ်ဝင်စားအောင်အတော်ကြိုးစားနေသည်။

"နင်ကော အဆက်တွေဘာတွေရနေပြီလား"

"ဒါတွေ ဦးစားမပေးနိုင်ပါဘူးဟာ... ကျောင်းစာတွေအရမ်းများတာပဲ"

"အေးဟာ... ကြိုးစား ကြိုးစား... နင့်ကို နင့်အစ်ကိုရော ငါ့အဖေရော တစ်ရွာလုံးကအထင်ကြီးနေကြတာနော်... သူတို့ထင်သလိုသာနင်ဖြစ်မလာရင်သူတို့တွေဘာဖြစ်ကြမယ်မသိဘူး"

"ကဲ နင်လာတဲ့ကိစ္စကိုပြောဦးလေ"

"အေးဟာ... ဟုတ်သားပဲ... ရော့ ဒီမှာနင့်အစ်ကိုကြီးပေးလိုက်တဲ့ စာနဲ့ပစ္စည်းထည့်ထားတဲ့အထုပ်"

ကျွတ်ကျွတ်အိတ်နှင့်ထည့်ထားသော ပစ္စည်းထုပ်ကိုပါ လှမ်းပေးသဖြင့်...

"အကိုကြီးပေးတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်... ဟုတ်တယ်... စာနဲ့ပစ္စည်းနဲ့သာတိုက်





ကြည့်... ကဲငါပြန်မယ်... နင် ဘာမှာချင်သေးလဲ"

"မမှာတော့ပါဘူး"

"နွေကျောင်းပိတ်ရက်ပြန်လာဦးမှာလား"

"လာမှာပေါ့"

"နင် လုပ်အားပေးစွေ့ ဘာတွေမလိုက်ဘူးလား"

"မလိုက်နိုင်ပါဘူးဟာ... စိတ်ထဲကလိုက်ချင်ပေမယ့် အခြေအနေကမပေးတာ... ဒီတော့ ကိုယ့်ရွာ ကိုယ်ပြန်ပြီး ရွာမှာပဲ ခါတိုင်းလိုလုပ်အားပေးရမှာပေါ့"

"အေး နင့်ကိုငါတို့မျှော်လင့်နေကြမယ်... ကဲ ငါသွားမယ်"

"အင်း အင်း"

အဆောင်ထဲရောက်တော့ 'စု' တို့နှစ်ယောက်က 'ဖြူစင်' ကိုဆန္ဒပြပြီးမခေါ်ကြ။ တစ်ခန်းတည်းအတူနေသော 'စု'က အစ်နေ့လုံးမိမိအခန်းသို့ပြန်မလာဘဲ တစ်ဘက်ခန်းမှာ 'သန်းသန်း' ခုတင်ပေါ်တွင် ကတ်သီးကတ်သတ်တကဲ့အိပ်နေသည်။

ညီမ 'ဖြူစင်'

လူကြုံကောင်းလို့ ကိုကြီးငွေပေးလိုက်တယ်... စားစရာနည်းပါတယ်... ရွာကတချို့ပေးလိုက်တာတွေလည်း ထည့်ပေးလိုက်တယ်... အိမ်အတွက်ဘာမှမပူပါနဲ့... စာသာစိတ်အေး ချမ်းသာစွာနဲ့ကြိုးစားပါ...

ကိုကြီး

ငါးသေတ္တာဗူး၊ ငါးပိကြော်၊ မုန့်ထုပ်တို့ကိုကြည့်ရင်း ငွေကိုကြည့်ရှုရင်း၊ 'ဖြူစင်' ပါးပေါ်သို့မျက်ရည်ဥများလှိမ့်ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိထံဤငွေတွေပို့ပေးနိုင်အောင် ကိုကြီးတို့အဘတို့ အမေတို့ဘယ်လိုစား၊ ဘယ်လိုနေကြပါလိမ့်။

'စု'ကာ ဆောင့်ကာအောင့်ကာဖြင့် အခန်းထဲဝင်လာပြီး သူလိုချင်သည့်ပစ္စည်းယူ၍ ပြန်ထွက်သွားသည်။ သူတို့ဘာဖြစ်နေကြသနည်း။ အိမ်ကပို့သောမုန့်များကို 'စု' နှင့် 'သန်းသန်း' တို့အားအမြဲပေးနေကြမို့ 'စု' အတွက်စေစုကို သူ့စားပွဲပေါ်တင်ထားပြီး 'သန်းသန်း' အတွက်ယူ၍ အခန်းကူးလာခဲ့သည်။

မိမိဝင်လာသည်ကိုမြင်မှ သူတို့ကမျက်စောင်းထိုး၍ ကျောခိုင်းလိုက်ကြသည်။ ရင်ထဲတွင်အောင့်ကနဲဖြစ်သွားပြီး မျက်ရည်များဝဲတက်လာသည်။ 'သန်းသန်း' စားပွဲပေါ်တွင်မုန့်များတင်ခဲ့ပြီး မိမိအခန်းထဲဝင်လာပြီးအိပ်ယာပေါ်တက်၍ ဝမ်းနည်းစွာငိုမိသည်။

ညအိပ်တော့လည်း အခန်းထဲ 'စု' ပြန်မလာ။ မနက်ကျောင်းသွားတော့လည်း မိမိတစ်ယောက်တည်း ထားသွားကြသည်။ စားပွဲပေါ်မှမုန့်များမှာလည်း ဒီအတိုင်းပါပဲ။ 'ဖြူစင်' မျက်နှာမှာဒေါသရိပ်များကြောင့် တင်းမာလာသလို စားပွဲပေါ်မှ မုန့်များကိုပြန်ယူကာ လွှင့်ပစ်လိုက်မိသည်။

ကျောင်းမပျက်ချင်လို့သာ ထွက်ခဲ့ရသည်။ သူတို့တွေနှင့်မျက်နှာချင်းမဆိုင်ချင်ပါ။ သူတို့ဘာဖြစ်နေကြသည်ကို ကျောင်းရောက်မှသိသည်။ 'ဝါဆို' ျက်နှာတစ်ခြမ်းညိုနေပြီး နဖူးတွင်ပလာစတာကပ်ထားသည်။ တံတောင်ဆစ်တွင်လည်း ဒဏ်ရာတွေနှင့်။

'မောင်မောင်' နှင့် 'ကိုစိုး' တို့ကလည်း 'ဖြူစင်' ကိုမခေါ်ကြ။ ခါတိုင်းနေ့တွေဆိုလျှင် 'ဖြူစင်' တို့အုပ်စုကိုသောင်းကျန်းလွန်းသဖြင့် ဆရာကဆူသလို တခြားကျောင်းသားအဖွဲ့များက မျက်စောင်းထိုးကြသည်။



"နင်တို့အုပ်စုငြိမ်လှချည်လား.. ဟာ ဟိုရွှေမင်းသားကလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့, ဘာဖြစ်ထားတာလဲ"

တစ်အုပ်စုတည်းဖြစ်သော်လည်း 'ဝါဆို' လိုပင်မြို့ထဲမှလာကျောင်းတက်သော 'ကိုညို' က မေးခြင်းဖြစ်သည်။

"ချော်လဲတာပါကွာ"

'ဝါဆို' ကို ထိုပုံစံဖြင့်မြင်တော့ 'ဖြူစင်' စိတ်မကောင်းဖြစ်ရသည်။ 'ဝါဆို' အတွက်သူတို့တွေ စိတ်ဆိုးခံမြင်းနေကြပုံရသည်။ ဒီလောက်ဒဏ်ရာဒဏ်ချက်တွေရအောင် 'ဖြူစင်' မရည်ရွယ်ခဲ့ပါ။ အဆောင်ပြန်ရောက်တော့လည်း မိမိကိုရှောင်နေကြန်သဖြင့် အနေရခက်လှပါသည်။

သူများမခေါ်ချင်၍ရှောင်နေသည်ကို 'ဖြူစင်' လိုက်ခေါ်လျှင် သူတို့များစိတ်ဆိုးလေမလားဆိုသည့်အတွေးဖြင့် 'ဖြူစင်' တစ်ယောက်တည်း ကျိတ်၍ဝမ်းနည်းနေလိုက်မိသည်။ တင်းလွန်းလျှင်ပြတ်သည်ဆိုသည့်စကားလိုများလား။

နေ့စဉ်အတူတကွ သွားလာ လှုပ်ရှားနေကြသော်လည်း သူတို့ 'ဖြူစင်' ကိုချန်ထားကြသည်။ 'ဖြူ' စိတ်ညစ်ညစ်ဖြင့်စာတွေသာ ဖိကျက်မိသည်။ ထီးတစ်လက်ပင်ဝယ်မထားနိုင်သော 'ဖြူ' နေပူမိုးရွာထီးမပါဘဲသွားသဖြင့် ယခုဖျားပြီ။

ယခင်ကတော့ 'စု' သို့မဟုတ် 'သန်းသန်း' နှင့်သွားတတ်သဖြင့် ထီးမလို။ ဖျားနေသည်မှာ နှစ်ရက်ခန့်ရှိနေပြီဖြစ်သော်





www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်ဖါသာကိုယ် ဆေးသောက်၍ကုမိသည်။ ဘယ်သူ့ကိုမှလည်း အပူမပေးချင်။ ဘယ်တုန်းကမှကျောင်းမပျက်သော 'ဖြူစင်' ယနေ့ပါဆိုလျှင် ကျောင်းမတက်တာနှစ်ရက်။

"သူဘာလို့ကျောင်းမတက်တာလည်း မသိဘူး"

'ဝါဆို' တစ်ယောက်ဝမ်းထဲတွင် မမြိုသိပ်နိုင်တော့သဖြင့်ဖွင့်မေးမိသည်။ သူမကစမချော်သ၍ မိမိတို့အားလုံး မငေးကြေးဟုပြောထားပြီး ဟန်လုပ်နေကြသည်မှာ ဆယ်ရက်ကျော်လာပြီ။ အားလုံးပြန်ခေါ်ချင်နေကြပြီ။ ခေါင်းမာသောမာနကြီးသော သူမကို ပြစ်ချက်တွေတစ်ပုံတခေါင်းဖြင့် ဒဏ်ပေးထားပြီး ပြန်ခေါ်ချင်နေကြသည်မှာလည်း မိမိတို့ပင်။

"သူခါတိုင်းလိုမဟုတ်ဘူး... မနေ့ကငါကျောင်းလာတုန်းက စောင်ခြုံပြီးအိပ်နေတယ်... ညနေဘက်ထမင်းလည်း ဆင်းမစားဘူး... အခုမနက်လာတော့လည်း အိပ်နေတယ်"

"နေမကောင်းရဲ့လားဟာ"

"နေမကောင်းတာလည်းဖြစ်နိုင်တယ်... ခါတိုင်းဆိုသူက နေ့ခင်းဘက်ကျောင်းဖို့နေနေသာသာ ညဘက်တောင်သိပ်အိပ်တာမတွေ့ရဘူး"

"ဒါနဲ့များ နင်ကနေကောင်းရဲ့လားလို့ မေးမကြည့်ဘူးလား"

'ဝါဆို' က 'စု' ကိုအပြစ်တင်သလို ပြောခြင်းဖြစ်သည်။

"ဟင် နင်တို့ပဲမခေါ်နဲ့ဆိုလို့ မခေါ်တာ ဘယ်လောက်ကြာပြီလဲ... သူခေါ်မှခေါ်ဆို... သူမခေါ်ဘဲငါလည်း ဘယ်လိုလုပ်ခေါ်မလဲ"





'ဝါဆို' ကို အားလုံးအံ့ဩယူရသည်။ ယခုထက်တိုင်သူ့နှုတ်မှဒဏ်ရာနှင့်လက်မှဒဏ်ရာမပျောက်သေးပါ။ ထိုဒဏ်ရာတွေကို အမွေပေးခဲ့သူ 'မိဖြူစင်' က သူ့ကိုဂရုမစိုက်သော်လည်း သူက 'ဖြူစင်' ကိုစိတ်မဆိုးသည့်အပြင် သနားပင်သနားနေသေးသည်။

ငယ်ကချစ်အနှစ်တစ်ရာ မမေ့သာဆိုတာ ဒါမျိုးလေလားး။

"ဒီနေ့သူ့ကိုပြန်ခေါ်လိုက်ကြတော့ဟာ"

'မောင်မောင်' ရော 'ကိုစိုး' ပါ တပြိုင်နက်တည်းပြောသည်။

"ငါကိုယ်တိုင် လာပြုစုချင်ပါတယ်ဟာ... ဒါပေမဲ့ဝင်လို့မရတာ"

"ငါတို့ပြုစုလိုက်ပါ့မယ်"

'သန်းသန်း' တို့ပြန်ရောက်လာသည်အထိ 'ဖြူစင်' အိပ်ရာပေါ်တွင်စောင်ခြုံ၍အိပ်နေဆဲ။ ရှက်မနေနိုင်တော့၊ မာန်မထားနိုင်တော့။ လွယ်အိတ်တွေပစ်ချပြီး 'ဖြူစင်' ကို ပြုစုကြသည်။

"ဟယ် ကိုယ်တွေအတော်ပူနေတာပဲ"

နဖူးပေါ်ရေပတ်တင်သူတင်၊ ဆေးတိုက်သူတိုက်၊ 'ဖြူစင်' အဝတ်အစားလျှော်သူလျှော်၊ အခန်းရှင်းသူရှင်းနှင့် ပျာယာခတ်နေကြသည်။

"'စု' ရေ အောက်မှာ 'ဝါဆို' ရောက်နေတယ်"

"အေး... အေး"



www.burmeseclassic.com

www.burmeseclassic.com



'ဝါဆို' က စတီးချိုင့်ဖြင့် မြို့ထဲမှကြက်သားမြူစွမ်ပြုတ်နှင့် ဆီ၊ သကြား၊ အိုဗာတင်းနှင့် မုန့်ထုပ်တစ်ထုပ်လာပို့သည်။

"ငါလာတာ သူသိလား"

"အင်း သိမယ်ထင်တယ်"

"ဟာ အဲ့ဒါဆိုငါပို့မှန်းသိရင် သူစားမှာမဟုတ်ဘူး"

"စားအောင် ငါတို့ကျွေးမှာပါ"

"အဖျားကြီးလား"

"ကိုယ်တော့တော်တော်ပူတယ်... ဒါပေမဲ့စိတ်မပူပါနဲ့ အဆောင်မှူးလည်းရှိတာပဲ"

"အေး ဒါဆိုငါသွားမယ်"

'ဖြူစင်' 'စု' လက်ထဲမှ အစားအသောက်များကိုကြည့်ပြီး

"'ဝါဆို' လာပို့တာလား"

"အေး ဟုတ်တယ်... နင့်အတွက်မြို့ထဲကတောင်လာရတာ... မာနတွေအာဃာတတွေထားမနေဘဲစားလိုက်ပါဟာ"

'ဖြူစင်' တန်ဖိုးမသေးလှသောပစ္စည်းများကိုငေးကြည့်နေသည်။ 'သန်းသန်း' က 'ဖြူစင်' စိတ်မဆင်းရဲအောင်...

"ပစ္စည်းတွေအများကြီးဝယ်ပေးလို့ ကျေးဇူးတွေအများကြီးတင်ရတော့မှာပဲဆိုပြီး စိတ်ဆင်းရဲနေတာလား 'ဖြူစင်'... 'ဝါဆို' က နင့်ကိုမုပြုစုတာမဟုတ်ပါဘူး... ဘယ်သူဘာဖြစ်ဖြစ် ညီတာတတ်တဲ့ကောင်ပါကွာ... နင်ကဘယ်အကြွေးနဲ့ 'ဝါဆို' ကိုအမြင်နေမှန်းမှမသိတာ... ငါတို့မျက်လုံးထဲမှာတော့ 'ဝါဆို' ဟာ ငယ်ချင်းတွေအပေါ်မှာရော နင့်အပေါ်မှာပါ သိပ်ကောင်းတဲ့သူလို့ပဲထင်တယ်"





"အေးကုန်မယ်ကွာ... ပူပူလေးသောက်စေချင်လို့ ဟိုကသာပို့သွားတာ... စိတ်ချ 'ဖြူစင်'... ဒါတွေတိုနင်စားလို့သူ့ကိုကျေးဇူးဆပ်စရာမလိုဘူး... အားနာစရာလည်းမလိုဘူး"

'စု' နှင့် 'သန်းသန်း' တို့မိမိကိုပညာရှိစကားတွေနှင့် ချော့ရင်းပြုစုနေကြပါကလား။

"စားလေကွာ"

ဒီတစ်ခါမှားလျှင်မိမိအပြစ်မို့ သူတို့ကျွေးသမျှပြုစုသမျှစားလိုက်ရသည်။ နေလိုက်ရသည်။ နောက်ထပ်နှစ်ရက် ကျောင်းတက်နိုင်။ 'စု' လည်းကျောင်းမတက်။ 'ဖြူစင့်' ကိုဂရုတစိုက်ပြုစုသည်။

"နင်ကျောင်းတက်လေ 'စု'... ငါ့အတွက်စိတ်မပူပါနဲ့... စာတွေနောက်ကျလိမ့်မယ်"

"ရပါတယ် 'သန်းသန်း' သွားတက်နေပြီပဲ... 'မောင်မောင်' တို့တွေကို Hand Out ထုတ်ခိုင်းလိုက်တယ်... ညနေချိန်ကျရင်ဒီကောင်တွေ ဆရာတွေသင်သွားတာတွေကိုပြန်ပြီး လက်ချာလာပေးလိမ့်မယ်"

ညနေချိန်တွင် 'ဖြူစင်' တို့တွေပါလာ၍ စာဆွေးနွေးကြသည်။ 'ဖြူစင်' နားမလည်တာတွေကို တစ်ယောက်ပြီးတစ်ယောက် ပြန်ရှင်းပြကြသည်။ ဖြူဝင်းသော 'ဝါဆို' နဖူးပေါ်တွင် ဆံပင်တချို့ဖုံးအုပ်နေသော်လည်း တစ်ချက်တစ်ချက် ဆံပင်ကိုသပ်တင်မိသောအခါတိုင်း လက်သည်းခွံရှိသည့် ညိုမည်းမည်း အမာရာဟောင်းတစ်ခုကို တွေ့ရလေသည်။ ထိုအမာရာကိုမြင်ပြီး 'ဖြူစင့်' ရင်ဝယ်စိတ်မကောင်းသလိုခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူစင်' ကျောင်းပြန်တက်နိုင်သောအခါ အားလုံးပြန်တည့်သွားပြီး ပို၍ပျော်စရာကောင်းလာသည်။ 'စု' တို့ 'သန်းသန်း' တို့စုံတွဲများမှာ တခြားမြင်ဖူးသောစုံတွဲများလိုမဟုတ်။ တစ်နေ့ကျောင်းပြီးလျှင် လက်ထပ်မည်ဟုတိုင်ပင်ပြီး ယခုစာကိုသာအလေးအနက်ထားပြီး ကြိုးစားနေကြခြင်းဖြစ်သည်။

အပျော်အပါးအတွက် အချိန်မပေးနိုင်သဖြင့် တစ်ခါတလေစစ်ဆေးရုံမှ ရုပ်ရှင်ကြည့်မိသလို၊ တစ်ခါတလေစားသောက်ဆိုင်တွေထိုင်ရင်း စာအကြောင်းသာဆွေးနွေးသည်ကများသည်။





## ၂၂

သည်တစ်ခါအိမ်ပြန်ရတာ အပျော်ဆုံးပါပဲ။ သူငယ်ချင်းတွေရော 'ဖြူစင်' ပါ အတူပါလာသဖြင့် ပျော်လို့မဆုံးတော့ပါ။ ရထားစီးဖို့မနက်အစောကြီး ရန်ကုန်ဘူတာကြီးကိုလာရသည်မှာလည်း ပျော်စရာ။ နေရင်းထိုင်ရင်းကို ပျော်နေခြင်းဖြစ်သည်။

"'ဖြူစင်' ရေ... ငါတို့ကျိုက္ကမီရေလယ်ဘုရားသွားရင်လိုက်ခဲ့ဟာနော်"

"လိုက်နိုင်မယ် မထင်ပါဘူးဟာ"

"သူ့ပြောလိုက်ရင် ဒါပဲ"

'စု' ကစိတ်ကောက်သည်။

"ငါ့မှာနင်တို့လို အခွင့်ထူးတွေပါမလာခဲ့ဘူးကွာ... တာဝန်ဝတ္တရားတွေအများကြီးပဲ..."

"နေပါဦး နင်ကမအားရအောင် ရွာမှာဘာတွေလုပ်နေရလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်စောစော အဘနဲ့ခြံထဲမှာလိုက်ကူတယ်...နေ့ခင်းဘက်အမေနဲ့ကူရင်း ရွာထဲကကျောင်းနေတဲ့ကလေးတွေကို သူ့အဆင့်အတန်းလိုက် စာသင်ပေးတာတို့ ဗဟုသုတရအောင်ပြောတာတို့.အပြင် ညဘက်တွေမှာ ရွာကဖွင့်ထားတဲ့စာကြည့်တိုက်လေးမှာ စာမတတ်တဲ့လူကြီးလူငယ်တွေကို စာသင်ပေးရင်းတိုးတက်ရာတိုးတက်ကြောင်းပြောပြရတယ်... ဆေးပညာပေးရွာသန့်ရှင်းရေးအကုန်ပေါ့ဟာ"

"ဟာ ဒါဆိုနင့်ဟာက ကျောင်းကထွက်တဲ့အသုံးလုံးနဲ့ မပိုက်ရပေမယ့် ရွာမှာအလုပ်ဖြစ်နေတာပဲဟ"

"ဟုတ်တယ်... ငါတို့ရွာကစည်းရုံးတယ်...ကြိုးစားတယ်"

"ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေလိုက်တာ"

"ဘာပဲဖြစ်ဖြစ်ဟာ ငါတို့နဲ့လည်းနှစ်ရက်လောက်တော့ လိုက်ခဲ့ပါဟာ... နင်မပါတော့ ဘယ်ပျော်ပါ့မလဲ"

"နင့်တို့အဆက်တွေပါနေတာပဲ"

"ဟော့ ဟော့ ဒီလိုမပြောနဲ့... ငါတို့ခုလိုလိုက်လာတာ ရည်းစားနဲ့ပစ်ကနစ်ထွက်တဲ့သဘောမျိုး မဟုတ်ဘူးကိုယ့်လူသူငယ်ချင်းတွေနဲ့ပျော်ပျော်ပါးပါးနေချင်လို့ လိုက်လာတာ... ငါတို့တွေကျောင်းပြီးရင် လုပ်ငန်းခွင်အသီးသီးဝင်ရင် တာဝန်ကိုယ်စီနဲ့မို့ ခုလိုပျော်ပျော်ပါးပါးနေနိုင်ကြတော့မှာ မဟုတ်[illegible]းဟ"

"လိုက်ချင်ပါတယ်ဟာ"

"ငါတို့နင့်အိမ်ကို လိုက်ပြောပေးမယ်လေဟာ"

"ရတယ်... နေပါစေ ငါ့ဖါသာငါပြောကြည့်မယ်"

'ဖြူစင်' သိပါသည်။ 'ဝါဆို' တစ်ယောက် မိမိကိုမသိမ





သာ ခိုး၍ခိုး၍ကြည့်နေကြောင်းကို။ အရင်အခေါက်တွေကရထားစီးရတာကို ကြာရန်ကောဟုစိတ်ကိုမိသလောက်၊ ယခုတစ်ခေါက်တော့ မြန်လိုက်တာဟုထင်မိပါသည်။ ဇက်ပေါ်တွင်နေရာရရန် ပြေးကြလွှားကြတော့လည်း တဟီးဟီးတဟားဟားနှင့်ပင်။

" 'ဖြူစင်' ရေ... နင်လည်းတစ်ရက်နှစ်ရက်လောက် ငါတို့အိမ်မှာလာအိပ်ပါလား"

"နေပါစေဟာ"

"နင်ဟာလေ ငါတို့အတွက်ဆိုဘယ်တော့မှ လိုက်လျောမှုမရှိဘူး"

'ဖြူစင်' မျက်လုံးထဲတွင် 'ဝါဆို' ၏မိဘ၏ အဆင့်အတန်းခွဲခြားတတ်သော မျက်နှာကိုပြန်လည်မြင်ယောင်မိသဖြင့် မောသွားမိသည်။ ကားရှေ့ခန်းတွင်ထိုင်သော 'ဝါဆို' မာမိက 'ဖြူစင်' ကိုစူးရှသောမျက်လုံးများဖြင့် လှမ်းကြည့်နေကြောင်းသိရသည်။

" 'ဖြူစင်' ရေ... ငါတို့လာခဲ့မယ်ဟေ့"

အားလုံးလက်ပြ နှုတ်ဆက်သွားကြသည်။

" 'မိဖြူ' နင်က ရန်ကုန်သူကြီးဖြစ်လာလို့လားမသိဘူး ပိုချောလာတယ်... အသားလည်းပိုဖြူလာတယ်"

ငယ်ပေါင်းများစွာက 'ဖြူစင်' ကိုတစ်ကိုယ်လုံးကြည့်၍ ဝေဖန်ကြသည်။ ချီးကျူးကြသည်။ 'ဖြူစင်' ကတော့ ခပ်ပြုံးပြုံးသာနေမိသည်။ ငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးခဲ့သော 'မြနွယ်' တစ်ယောက် 'ဖြူစင်' ကိုမခေါ်ဘဲအားလုံး၏နောက်[illegible]မှောင်ခိုရပ်ပြီး 'ဖြူစင်' ကိုချောင်း၍ကြည့်နေသည်။ သူ့[illegible]လုံးလေးများသည် သူ့ဘဝကိုသိမ်ငယ်နေသည့်ပုံ[illegible]

www.burmeseclassic.com

www.burmeseclassic.com



" 'မြနွယ်' နင်ကငါကို ဘာလို့မခေါ်တာလဲ"

မနှစ်ကအိမ်ပြန်မရောက်သဖြင့် 'ဖြူစင့်' ကိုနည်းနည်းစိမ်းသွားကြသလားဟု မေးမိခြင်းဖြစ်သည်။ 'မြနွယ်' မျက်နှာကိုဖြတ်ကနဲအောက်သို့ငုံ့ရင်း လှစ်ကနဲထွက်ပြေးသွားသည်။

" 'မြနွယ်' ဘာဖြစ်သွားတာလဲ"

"သူက နင့်ကိုမခေါ်ရဲဘူးတဲ့"

"ဟင် ဘာဖြစ်လို့တုန်း"

"နင်ကဆရာဝန်မကြီးဖြစ်တော့မှာမဟုတ်လား... သူ့ကိုလည်းအထင်သေးပြီး ခင်ချင်မှခင်တော့မှာတဲ့"

"ဟာ မဟုတ်တာ"

'မြနွယ်' အပါအဝင်ငယ်သူငယ်ချင်း အတော်များများက 'ဖြူစင့်' ကိုမာနကြီးသွားပြီထင်ပြီး အဝေးကသာချောင်းချောင်းကြည့်နေသဖြင့် 'ဖြူစင်' စိတ်မကောင်းဖြစ်မိသည်။ ရွာရောက်ပြီးနှစ်ရက်နေမှ 'ဖြူစင်' အပြောအဆို၊ အပြုအမူ၊ အသွားအလာများကိုအကဲခတ်ပြီး အနားတပ်လာကြသည်။ သူတို့တွေပြောရဲဆိုရဲရှိအောင် 'ဖြူစင်' ကအိမ်ပေါက်စေ့လျှောက်လည်ရသည်။

"နင် လူသေကြီးကိုင်ရတာ မကြောက်ဘူးလား 'မိဖြူ' လေး"ငါးဆယ်ယောက် 'ဖြူ' ကိုဝိုင်းအုံထိုင်ရင်း မျက်လုံးပြူးလေးများဖြင့် စိတ်ဝင်တစားမေးနေကြခြင်းဖြစ်သည်။

"အစကတော့ကြောက်တာပေါ့... ဒါပေမဲ့သူငယ်ချင်းတွေအများကြီးနဲ့ ကိုင်ရတာဆိုတော့ အကြောက်တော့ပြေသွားတာပေါ့"

"နင်တို့သင်ရတဲ့စာတွေက အင်္ဂလိပ်စာတွေချည်းပဲဆို"





"အင်း..."

"နင် နားလည်ရဲ့လား"

"နားလည်အောင်ကြိုးစားတော့ နားလည်သွားတာပေါ့ဟာ"

"နင့်ကိုကြိုက်တဲ့လူတော့ ရှိမှာပေါ့"

"ရှိပါဘူးဟာ... ငါတို့ဆေးကျောင်းကစာတွေသိပ်များတော့ ဘယ်သူမှဒီလိုစိတ်ကူးတွေမကူးနိုင်ဘူး"

"နင်ဘာတွေသင်ခဲ့တယ်ဆိုတာ ပြောပြလေဟာ"

"ပြောပြမှာပါ... နင်တို့ကိုချည်းပဲပြောပြရင် ရွာထဲကတချို့လူတွေမသိလိုက်ရဘဲ နေမှာပေါ့... ရွာရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး သတိပေးစရာလည်းရှိသေးလို့ အားလုံးစုံစုံလင်လင်တွေ့နိုင်တဲ့အခါမျိုးတွေကျမှ ဗဟုသုတရစရာတွေပြောပြမယ်လေ"

"ကောင်းသားပဲ 'ဖြူစင်' "



www.burmeseclassic.com

www.burmeseclassic.com



၂၃

ကလေးများကိုလက်ချာပေးနေသော 'ဖြူစင်' ကို 'ဝါဆို' တို့အုပ်စုထရံပေါက်မှ ချောင်းကြည့်နေရာမှထွက်ခဲ့ပြီး...

"တီချယ် အနော်တို့လည်းကျောင်းတက်ချင်လို့ပါခင်ည"

မထင်မှတ်ပဲ သူတို့ငါးယောက်ကိုမြင်လိုက်ရသဖြင့် 'ဖြူစင့်' မျက်နှာလေးပြောင်းသွားသည်။

"လာကြလေဟယ်... အထဲဝင်လေ"

စာကြည့်တိုက်ထဲဝင်လိုက်ကြသည်။ အားလုံး၏မျက်လုံးများက စာကြည့်တိုက်တစ်ခုလုံးရော ကလေးတွေကိုရော ပြူးပြဲတဲလိုက်ကြည့်နေကြသည်။ ထရံကျဲများနှင့်ကာထားပြီး သက်ကယ်မိုးထားသော စာကြည့်တိုက်လေးမှာ ထုံးဖြူများဖြင့် ဖွေးပြီး ကဲလားပြူတင်းပေါက်များကြောင့် အလင်းရောင်ရော လေဝင်လေထွက်ပါ ကောင်းလှပါသည်။





ဗီရိုဟောင်းနှစ်လုံးထဲတွင် စာအုပ်များ တွင်းနံရံများတွင် ပညာပေးရုပ်ပုံများကို ကျနစွာကပ်ထား ရှာ၏အခြေအနေမှာ ပြုပြင်သူများကြောင့် တိုးတက်နေမှု ရှ သည်။

"မောင်လေးတွေ ညီမလေးတွေကိုမိတ်ဆက်ပေးရဦးမယ် ဟောဒါ မမနဲ့အတူဆေးကျောင်းတက်ရတဲ့ သူငယ်ချင်းတွေပဲ... သူက 'စု' 'သန်းသန်း' 'ဝါဆို' 'မောင်မောင်' 'ကိုစိုး'..."

"အားလုံးနဲ့တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

'မောင်မောင်' တို့ကအရေးတယူပြော၍ ကလေးတွေဝမ်းသာသွားကြသည်။

"နင်တို့ဘာနဲ့လာကြလဲ"

"ကားစီးပြီးလာကြတာ... ဒီညဒီမှာအိပ်မယ်"

"အာလူး"

"မယုံဘူးလား...နင်တို့အိမ်မှာ အဝတ်အစားအိတ်တွေ ထားခဲ့ပြီ"

'ဖြူစင်' ဘာပြောနိုင်ဦးမည်နည်း။

"နင်တို့အနေဆင်းရဲ အစားဆင်းရဲမှာစိုးလို့ပါ"

"ရပါတယ်... ညကျရင်ဟောဒီစာကြည့်တိုက်မှာ အိပ်မယ်... မိန်းကလေးတွေကို နင့်အိမ်မှာခေါ်သိပ်...အစားအသောက် အတွက်လည်းကိုယ့်စရိတ်နဲ့ ကိုယ်စားမှာပါ"

"အစ်ကိုကြီးတို့က ဘယ်နှစ်ရက်နေမှာမို့လို့လဲ"

"နှစ်ရက်ပါ... နှစ်ညပဲအိပ်မှာပါ"

"ဒါဆို ကျွန်တော်တို့တွေ တတ်နိုင်ပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



...ဟင်းတစ်ခွက် ပို့ပေးပါမယ်... 'မမဖြူ' တို့ထမင်း ...ပါ"

ကိုယ့်အတွက်ဖြင့်တစ်ပါးသူအား အကုန်အကျမများစေချင်၍...

"ရပါတယ်ကွာ... နေပါစေ... မမဧည့်သည်တွေ မမပဲ တာဝန်ယူမှာပေါ့"

"ရပါတယ် မမ... ကျွန်တော်တို့လာပို့မှာပဲ"

'မောင်မောင်' က မတ်တပ်ထရပ်၍...

"ညီလေး ညီမလေးတို့... ဘာမှတာဝန်မကြီးစေချင်ဘူး ကိုကြီးတို့မှာရှိကွာအပြည့်အစုံပါပါတယ်... ဟောဒီမှာငါးသေတ္တာဗူး... ခေါက်ဆွဲခြောက်ထုပ်... မုန့်ရော မင်းတို့တွေရောစားပါဦးလား"

ပြော့ပြောဆိုဆိုကလေးအုပ်စုများအား ချော့ကလက်နှစ်လုံးစီလိုက်ဝေပေးသဖြင့် 'မောင်မောင်' ကို ကလေးတွေသဘောကျနေကြသည်။

"ကိုကြီးတို့မပြန်ခင် မင်းတို့ 'မမဖြူ' လိုပဲပညာပေးပို့ချသွားမှာပါ"

"အင်း ကလေးတွေတော့ ပျက်စီးတော့မှာပဲ"

'မောင်မောင်' တို့အုပ်စုရောက်လာသည်ကို တစ်ရွာလုံးဝမ်းသာအားရကြိုဆိုကြသည်။ စာ[ ]ည့်တိုက်သို့လူငယ်များရောက်လာ၍ သူတို့သိချင်တာတွေမေးကြသလို 'မောင်မောင်' တို့ကလည်း သူတို့သိသမျှအမြှုပ်ထွက်မတတ်ဖြေသည်။

မိန်းမအုပ်စုကလည်း 'ဖြူစင်' တို့အိမ်တွင်ဝိုင်းဖွဲ့၍...





" 'မဖြူ'... 'မဖြူ' "

"ဝေ... ဝေ"

'အေးကြည်မ' က အပြေးအလွှားရောက်လာပြီး...

" 'မဖြူ' ကို 'မဘုတ်ဆုံ' ကအတင်းပြောနေတယ်"

"ဘာပြောလို့လဲ"

"မိန်းမကိုက ဘဝင်မြင့်နေတာတဲ့... သူ့ကိုယ်သူဆေးကျောင်းသူဆိုပြီး ဟန်လုပ်နေတာတဲ့... ရွာထဲကအပျိုမတွေကိုလည်း 'မဖြူ' နဲ့မခေါ်ဖို့လိုက်ပြောနေတယ်"

"ဟုတ်လား သူစိတ်ချမ်းသာသလိုဘာပြောပြော... လုပ်ပါစေလေ"

'မဘုတ်ဆုံ' ဘယ်လိုစည်းရုံးစည်းရုံး အချိန်တန်လျှင်အပျိုမတစ်သိုက် 'ဖြူစင်' တို့အိမ်ကိုရောက်လာစမြဲ။ 'ဝါဆို' တစ်ယောက် ယခုလိုမိမိတို့ရွာလိုက်လာသည်ကို 'ဖြူစင်' တော့အံ့သြလို့မဆုံး။

"သူ့အိမ်က ကြည်ကြည်ဖြူဖြူလွှတ်ရဲ့လား 'စု' "

"ဘယ်ကလာ... ငါတို့လူလည်လုပ်ပြီးလာတာဟ... အိုက္ခမီမှာနှစ်ည သံဖြူစရပ်ရယ် စက်စဲမှာလေးငါးညနေမယ်ပြောပြီး ဒီကိုနှစ်ညလစ်လာလိုက်တာ...ဒါမှပျော်ပျော်ပါးပါးနေလို့ရမှာပေါ့ ဟုတ်ဘူးလား"

'ဖြူစင်' ရင်မှာ ဝေဒနာတစ်ရပ်ခံစားလိုက်ရသည်။ သူတို့တစ်သိုက်လာလို့ မိမိအတွက် အလုပ်မပျက်ပါ။သူတို့ကတာဝန်းတာဟီးဟီးဖြင့် မောရမန်းရမှန်းမသိဘဲ ဝိုင်းလုပ်ပေးသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန်ဆိုလျှင် ဗူးစင်အရိပ်အောက်၌ကလေးတွေ ပါတိုင်းဖွဲ့၍စားကြသဖြင့် ထမင်းစားမြိန်သလို ပျော်စရာလည်း ကောင်းလှပါသည်။ မပြန်ခင်နေ့တွင် တောင်ဝိုင်းဘက်ထွက်ကြသည်။ တောင်ထိပ်ရောက်အောင် မော်ကြီးပန်းကြီး တက်ခဲ့ကြလေသည်။

တောင်ထိပ်မှထိုင်ကြည့်သောအခါ လေယာဉ်ကွင်း မော်လမြိုင်ကောလိပ်နှင့် ဖြူစင် တို့နေရာရွာကလေးများကိုတွေ့ရပါသည်။ ကလေးတွေကတော့ မောရမှန်းမသိ။ အဝေးကကြည့်လျှင် သိပ်မမြင့်လှဘူးဟုထင်သော်လည်း တကယ်တမ်းတက်ကြည့်သောအခါ ကျောက်တုံးကျောက်ဆောင်များဖြင့် အတွေ့ အကောက်အချိုးအစောက်တွေက များလှပါသည်။

ပြန်အဆင်းတွင်မှ တောင်ဝိုင်းရှိဘုရားများကို အေးအေးဆေးဆေးဖူးကြသည်။

"ငါတော့အံ့ရောဟယ်... မော်လမြိုင်မြို့ရဲ့အစွန်အဖျားခေါင်တဲ့နေရာမှာ ဒီလောက်ခမ်းနားသပ်ရပ်ခေတ်မီတဲ့ အဆောင်အအုံတွေနဲ့ ဘုရားတွေစောင်းတန်းတွေ တောင်တန်းတွေရှိမယ်လို့ငါမထင်ခဲ့မိဘူး"

'သန်းသန်း' က တောင်ဝိုင်း၏အပြင်အဆင်ကို အံ့ဩမဆုံးနိုင်အောင်ဖြစ်နေသည်။

"ဒီနေရာမှာပွဲတော်ဆိုရင် ၁၃တိုးလို့တောင်မရဘူး တောဇရှေ့မှာတောင်လူပြည့်တယ်"

တောင်နံ့သားတောင်စောင်းအလိုက် တိုက်ကျောင်းဇရပ်အသွယ်သွယ်၊ အနိမ့်အမြင့်မညီဘဲ အုတ်လှေကားများဖြင့်ဆက်





သွယ်ပေးထားသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများရှိရာသို့ နဂါးနှစ်ကောင်လှေကားအတိုင်း တက်သွားလျှင်ရောက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၄

" ဖြူစင် "

" ဟင် "

အပြန်တွင်ညနေစောင်းမို့ ခပ်ဖြည်းဖြည်းသာလျှောက်ခဲ့ကြသည်။ 'စု' တို့ကိုမော်လမြိုင်ဒီဂရီကောလိပ်သို့လိုက်ပို့သည်။ ရွှေဟသာနှစ်ကောင်၏လှေကားရင်းတွင် လှပသောကောလိပ်ကြီးကိုငေးမောကြည့်မိကြသည်။ သန့်ရှင်းသော၊ ခန့်ညားသောဤကျောင်းတော်ကြီး၏ ဤမြို့သူမြို့သားများဖြစ်ကြသော 'ဝါဆို' နှင့် 'ဖြူစင်' တို့ကံမဆုံလို့မကြုံရပါ။

" လှတယ်နော်... သိပ်သာယာတာပဲ "

'စု' တို့တတွေ ဟိုဘက်ပတ်ကြည့်လိုက်၊ ဒီဘက်ပြေးကြည့်လိုက်လုပ်နေကြသည်။ ကလေးတစ်သိုက်ကတော့ ချော့သည်တော်တွေကို ထမင်းကျွေးဖို့အတွက် အူလျားဖားလျားပြန်နှင့်လေပြီ။ ယခုခြသေ့်နှစ်ကောင်လှေကားရင်းတွင် 'ဖြူစင်' နှင့်





ဝါဆို' သာရှိပါသည်။

" ဖြူစင် "

" ဟော ခုနကထူးပြီးပြီလေ... ဘာလို့ခဏခဏခေါ်နေသလဲ "

" နက်ဖြန်မနက် တို့အိမ်ပြန်ရတော့မယ် "

" ဒါပေါ့ 'ဝါဆို'... အချိန်တန်အိမ်ပြန်ရမှာပဲပေါ့ "

" နင်လိုက်ခဲ့ပါလား "

" ဘယ်ကိုတုန်း "

" တို့အိမ်ကိုလေ "

" အို... မလိုက်ချင်ပါဘူး "

" ဘာဖြစ်လို့လဲ... ပျော်ပျော်ပါးပါးနေရတာဆိုလို့ဒီအချိန်ပဲတာပါဟာ "

" နင်တို့ပဲ ပျော်ကြပါဟာ "

" နင်မပါရင် ငါပျော်မလား "

'ဝါဆို' စကားကြောင့် 'ဖြူစင်' ပြုံးသည်။

" ဘာပြုံးတာလဲ 'ဖြူစင်' "

" ဘာမှမဟုတ်ပါဘူး... နင့်နဖူးကအမာရွတ်က မပျောက်သေးဘူးထင်တယ်နော် "

ဟုတ်ပါသည်။ 'ဝါဆို' နဖူးတွင်မန်ကျည်းစေ့ခန့်အညိုရောင်အမာလေးက မပျောက်ဘဲကျန်နေသည်။

" ဘာသဘောနဲ့ အဲဒီအနာဘက်စကားပြောင်းသွားတာလဲ 'ဖြူစင်'... တမင် သတိပေးတဲ့သဘောလား "

" ဆိုပါတော့... အဲသလိုဒဏ်ရာရအောင် ငါ့ကိုလုပ်ခိုင်း

www.burmeseclassic.com



ပါနဲ့လား 'ဝါဆို' ရယ်"

"နောက်တစ်ခါရော နင်က ထပ်လုပ်ရက်လို့လား

"မလုပ်ရက်လို့ပြောနေတာပေါ့ဟ... ငါစိတ်မကော
ဘူးဟာ... အဲဒီလောက်ထိဖြစ်ဖို့ လုံးဝမရည်ရွယ်ပါဘူး...
အဲဒီအချိန်ကတည်းက ငါတောင်းပန်ချင်တာပါ... ဒါပေ
ဖြစ်လို့မတောင်းပန်မိမှန်းလည်းမသိဘူး"

"မာနကြီးလို့လား"

"မဟုတ်ပါဘူးဟာ"

"ဒါဆို မချစ်လို့လား"

'ဖြူစင်' မဖြေတတ်။

"မချစ်ဘူးလို့ပြောလေဟာ... ဒါဆိုငါကျေနပ်တ

"ကြားချင်လို့လား... နင်ကြားချင်ရင်ငါပြောမယ်

"ငါကြားချင်တယ်... နင့်ပါးစပ်ကချစ်တယ်လို့ပြော
စကား"

"လာပြန်ပြီလားဟာ... နင်ငါ့ကိုစိတ်မနာဘူးလား

"စိတ်နာတယ်ဆိုတာ ဘာလဲ"

"အို မသိဘူး မသိဘူး... စိတ်ရှုပ်လာပြီ"

"ငါ့ပြဿနာကနင့်အတွက် တကယ်ပဲရှုပ်နေသ

"နင်ကဘယ်လိုအတိုင်းအတာနဲ့ ငါ့ကိုချစ်တာလဲ

"ဘာကိုပြောတာလဲ"

"ပါးစပ်ဖျားကလွယ်လွယ်လေးချစ်လို့ ပြီးတာမှမဟု
'ဝါဆို'... ချစ်ရတဲ့နောက်မှာ ပြဿနာတွေတစ်ပုံကြီးရှိနေ
တယ်ဆိုတာ နင် စဉ်းစားမိသလား"





"ဘာပြဿနာမှ မရှိဘူး"

"နင် လွယ်လွယ်လေးမပြောနဲ့ 'ဝါဆို'... ကဲ နင့်မိဘက
ဘာတူမလား"

"ကြိုက်ရင် သူတို့ဘာမှမတတ်နိုင်ဘူး"

"သူတို့သဘောမတူရင်ကော နင်ဘာတတ်နိုင်မလဲ"

"အပျက်သဘောကို မပြောနဲ့လေဟာ... ဘာမှသဘော
စရာမရှိဘူး... သူတို့သားယူမယ့်မိန်းကလေးဟာ ဆရာဝန်
မယ့်သူ... ရုပ်လဲချောတယ် တော်လဲတော်တယ် သူ့သားက
သိပ်ချစ်တယ်... သူ့သားကိုလည်းကောင်မလေးကသိပ်
တယ်"

"အမယ်. ဘယ်သူကချစ်တယ်ပြောသေးလို့လဲ"

"နင်ငါ့ကိုချစ်ပါတယ်ဟာ... သက်သက်နင်ငါ့စိတ်ကို
နေတာမဟုတ်လား"

"ဟုတ်လိမ့်မယ် အားကြီး... ဟောဟိုမှာ 'မိစု' တို့ပြန်
ကြပြီ"

"ကွာ ဒီကောင်တွေတကယ်အလိုက်ကန်းဆိုးမသိတဲ့
တွေပဲ... ဒီမှာ ခုမှဇာတ်လမ်းကစတုန်း"

"မင်းဇာတ်လမ်းက စလို့ကိုမပြီးနိုင်ဘူး... 'မိဖြူ' က
ကြိုက်မယ့်ဟာ မြန်မြန်ကြိုက်ဟာ... အချိန်သိပ်ဆွဲနေရင်
ကြာသူများလက်ထဲ ပါသွားလိမ့်မယ်"

"ပါပါစေ"

"နောက်မှ မငိုနဲ့"

"မငိုပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်လိုမိန်းကလေးမျိုးကလေ ပြောရဆိုရပေါင်းရသ
ရတယ်ခက်တဲ့ကောင်မလေးပဲ... ဟယ် ငါထရိုက်လိုက်ရ"

"ရိုက်ကြည့်ပါလား... ဟွန့် သူ့ 'စု' လိုများအရိုက်ခံမ
မှတ်နေသလား"

ထိုစကားကြောင့် 'စု' က မခံမရပ်နိုင်ဖြစ်ပြီး...

"အောင်မယ်မယ်... ငါ့ကိုများအရိုက်ခံမယ့်မိန်းမမှတ်
သလား ဟွန်း"

'စု' က 'မောင်မောင့်' ကိုမျက်စောင်းတစ်ချက်လှမ်း
လိုက်သည်။

"အောင်မယ်လေး လေး..."

'မောင်မောင်' မတ်တပ်ရပ်နေရာမှ ဖင်ထိုင်လျက်လဲ
သွားသည်။ အားလုံးသူ့ကိုပြေးထူရင်း...

"လေဖြတ်တာလား... ဦးနှောက်သွေးကြောပြတ်
လား" ဟု စိုးရိမ်စွာမေးမိသည်။

"ဘာဖြစ်တာလဲလို့ဆိုနေ"

"သူ့မျက်စောင်းဒဏ်က ပြင်းလွန်းလို့လဲကျသွားတာ"

"ဟာသေလိုက်ကွာ... မြန်မြန်သေလိုက်ကွာ"

စိုးရိမ်ပူပန်စွာဝိုင်းထူရာမှ ပြန်တွန်းလှဲချသူကချ၊ ထု
ကထုနှင့် 'မောင်မောင်' တစ်ယောက် ကွန်ကရစ်လမ်းပေါ်
ပြားနေပြီ။

"ဟာ တော်ကြပါတော့ဟ... သေတော့မယ်ဟ"

"သေ သေ"

"ဟား ဟား ဟား"





သူတို့ပြန်ကာနီး ကလေးတွေနှင့်အလုပ်ရှုပ်နေသည်။
လိပ်စာတွေအပြန်အလှန်ရေးပေးကြသည်။

"စာကြိုးစားကြ... ကြားလား"

"ဟုတ်ကဲ့"

"နောက်တစ်ခါပြန်တွေ့ကျဦးမှာပေါ့ကွာ စိတ်မကောင်း
မဖြစ်ကြပါနဲ့"

'ဝါဆို' အတင်းခေါ်နေသဖြင့် 'ဖြူစင်'ပါ လိုက်ခဲ့ရသည်။
ရွာစွန်နားက 'ဦးရွှေဘ' တို့အိမ်ကို တစ်အုပ်လုံးလျှောက်ခဲ့ကြ
သည်။

"နင်က 'ဦးရွှေဘ' နဲ့သိလို့လား"

"သိတာပေါ့... ငါတို့အိမ်မှာ လာအလုပ်,လုပ်သွားဖူး
တယ်"

"ဒါနဲ့များရောက်တဲ့နေ့ကတည်းက သွားလည်တာမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး"

"သတိတော့ရတယ်ဟ... ဒါပေမဲ့ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတော့ နင်လည်းအသိပဲဟာ... ဪ ရော့... နင့်ကိုအမှတ်တရပေးဖို့ ငါဝယ်လာတာ"

"ဟာ မယူချင်ဘူး"

"ဟေ့ အရင်စွတ်ငြင်းမနေနဲ့ဦး... နင့်ကိုလက်ဆောင်ပေးရင် ဘာပေးမယူတာတ်လို့... ဒီတစ်ခါ မငြင်းနိုင်အောင်ပေးတာ... ကဲ ကြည့်"

သူကဒိုင်ယာရီစာအုပ် မည်းမည်းလေးထဲမှ စက္ကူအိတ်ဖြူဖြူလေးတစ်ခု ထုတ်ပေးသည်။ ထုတ်ကြည့်လိုက်တော့ ဓာတ်ပုံများ။ 'ဖြူစင်' ခပ်ဖြုံးပြုံးလျှောက်လာခဲ့သည်။ ရွာစွန်ထက်ပိုဝေးသောနေရာကိုရောက်မှ 'ဦးရွှေဘ' တို့အိမ်ကိုရောက်သည်။

" 'ဦးရွှေဘ'... 'ဦးရွှေဘ' "

"လာပြီ"

ခြံထဲမှပြေးထွက်လာပြီး...

"ဟာ ဆရာ့သားမဟုတ်လား"

"ဟုတ်တယ် ဦးလေး... ဒီရွာကိုလာရင်း ဦးလေးဆီလာနှုတ်ဆက်တာ"

"ဪ လက်စသတ်တော့ 'ဖြူစင်' တို့အိမ်ကို မြို့ကဆရာဝန်လောင်းတွေ ပါလာတယ်ဆိုတာ မင်းတို့ကိုး... ရောက်နေတာနှစ်ရက်ရှိပြီဆို"

"ဟုတ်တယ် ဦးလေး"

"ဒါနဲ့များ ခုမှလာရသလားဟ"





"ရောက်ကတည်းက မအားဘူး ဦးလေး... ဒါကြောင့်ပါ"

"မပြန်သေးဘူးဆိုရင် ငါတို့အိမ်လာဦးလေကွာ... ထမင်းသုံးကျွေးချင်သေးတယ်"

"ဟာ နေပါစေ ဦးလေး... ကျွန်တော်တို့အတွက်အားလုံး ပန်းဂုဏ်ပါမယ်... ခဏနေ ပြန်တော့မှာမို့ပါ"

"မင်းနယ်ကွာ ပြန်ခါနီးမှာများ လာရတယ်လို့"

"သတိတော့ရပါတယ် ဦးလေး... ရွာထဲက ကလေးတွေနဲ့ ဆွေးနွေးပွဲလေးတွေလုပ်ရသေးသလို... တောင်ဝိုင်းဘုရားပွဲတွေ လည်း လျှောက်ဖူးနေရလို့ပါ... စိတ်မဆိုးနဲ့နော်"

"ရပါတယ်ကွာ... ခုလိုဝင်လာတာကိုပဲကျေးဇူးတင်လှပါ"

မြေပဲကြော်၊ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းအဝသောက်နှုတ်ဆက်စကားပြောကြားပြီး လေယာဉ်ကွင်းအိုက် လျှောက်လာခဲ့ကြသည်။ ကားပေါ်ပါသွားသော 'ဝါဆို' တို့တစ်သိုက်ကိုလက်ပြနှုတ်ဆက်ပြီး ပြန်လာခဲ့သော 'ဖြူစင်' ရင်ဝယ်၌ ခံစားမှုများ ငိုဟာ၍နေပါပြီ။ ကလေးတွေလည်း ငြိမ်သက်တိတ်ဆိတ်နေသည်။

'ဖြူစင်' ရန်ကုန်ပြန်ရန် မုတ္တမဘူတာ ရထားပေါ်တွင်ထိုင်နေစဉ် ကိုကြီးက ရထားမထွက်မချင်း သံပတ်တင်းသောစကားများကို ပြောနေသဖြင့် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရသည်။

"ငါကိုယ်တိုင်လိုက်မပို့နိုင်လို့သာ လွှတ်ရတာ... သိပ်စိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုကြီး... နှစ်တိုင်းသွားလိုက်ပြန်လိုက် လုပ်နေရမယ့်ကိစ္စမှာ 'ဖြူစင်' ကိုယ်တိုင်သွားရဲလာရဲရှိမှလဲ ဖြစ်မှာပေ့ဘာမှလည်းသိပ်ခက်တာမှ မဟုတ်တာပဲ"

"အေး ဒါဆိုငါသွားမယ်... စာကြိုးစား... ကျန်းမာရေးလည်း ဂရုစိုက်ကြားလား"

"ဟုတ်ကဲ့ ကိုကြီး"

တစ်လမ်းလုံး 'ဖြူစင်' စာအုပ်တစ်အုပ်ဖတ်ရင်း လိုက်လာခဲ့သည်။ ဘူတာကြီးရောက်တော့ မျက်လုံးပြူးသွားသည်။ လုံးဝမမျှော်လင့်ထားသော 'ဝါဆို'က လာကြိုနေသည်။

"နင့်ကို ဘယ်သူကလာကြိုခိုင်းထားလို့လဲ"

"ဘယ်သူမှ မကြိုခိုင်းပေမယ့် ဒီနေ့နင်ပြန်ရောက်မယ်ဆိုတာကို သိလို့လာကြိုနေတာ... လာ ငါတို့ဘကြီးကားပါတယ်"

"အို မစီးချင်ပါဘူး... ငါမြို့ပတ်ရထားစီးပြန်မှာ"

"လာခဲ့ပါဟ... ငါလည်းအဆောင်ပြန်ရမှာမို့ လိုက်ပို့ရမယ့်အတူတူ မထူးဘူးလေဟာ"

"ဘာရယ် နင်ကအဆောင်ပြန်မယ်ဟုတ်လား"

"ဟုတ်တယ်... နောက်ပိုင်း အတန်းကပိုကြီးလာသလို မြို့ထဲက လာရသွားရတာတဲ့အချိန်က အလာကားပုပ်သလို တစ်ခါတလေ ကားလမ်းမှာပျက်ရင် ငါ့ပညာရေးထိခိုက်မှာစိုးလို့ ဘကြီးနဲ့မာမီတိုင်ပင်ပြီး ပြောင်းလိုက်တာလေ... ငါတစ်နှစ်ကတည်းက အဆောင်မှာဝဲနေချင်တာ...ခုမှပဲလိုရာပြည့်တော့တယ်"

"ကဲ နင့်ဘာသာ နင့်ကားနဲ့ပဲပြန်တော့ 'ဝါဆို'... ငါရထားပဲစီးမယ်"





"ဒါဆို ငါလည်းရထားနဲ့ပဲလိုက်မယ်"

"အို ကိုယ့်ဘာသာကိုကားနဲ့သွား"

"နေပါစေ... ကားကိုပြန်လွှတ်လိုက်တော့မယ်"

"ဟာကွာ"

'ဖြူစင်'က နှုတ်ခမ်းစူ၍ မျက်နှာကိုမှုတ်သိုးထားလိုက်သည်။ 'ဝါဆို'က သူ့ကားပေါ်မှပစ္စည်းထုပ်များကို အဟုတ်ပြန်ယူလာကာ မြို့ပတ်ရထားစောင့်နေသော 'ဖြူစင်' နံဘေးတွင်လာရပ်နေသည်။ 'ဖြူစင်' ကသူ့ကိုစကားမပြော၊ ကြည့်လည်းမကြည့်။



www.burmeseclassic.com

www.burmeseclassic.com



၂၅

နောက်ဆုံးနှစ် အပိုင်း(က)သို့ရောက်သောအခါ စာတွေ့လက်တွေ့အပြင် ဗဟုသုတတွေပါများလာရသည်။ ဘယ်သူမှအပိုမလုပ် မလုပ်နိုင်ဘဲခက်ခဲလှသော စာများကို.အလွတ်မခံရဲကြပါ။ အတန်းကြီးလာသည့်နှင့်အမျှ 'ဖြူစင်' တို့တတွေ ဆေးရုံများတွင် အခုသင် အခုလူနာထံတွင် လက်တွေ့လေ့လာရသည်။

မင်္ဂလာဒုံတဝိုက်ရှိ ရွာများသို့ကျန်းမာရေးအတွက် သွားရောက်ကြည့်ရှုဆွေးနွေးခဲ့စဉ်က တစ်မျိုးပျော်စရာကောင်းသလို အဖွဲ့အသီးသီးခွဲ၍ ခနုဖြူ၊ ညောင်တုန်း၊ မြင်းခြံ၊ မင်းလှ၊ မလှိုင်၊ ချောက်၊ ရေနံချောင်း၊ ထန်းတစ်ပင်၊ မှော်ဘီသို့ထွက်ခွာကြသည်။ ရည်းစားမရှိသော ကျောင်းသူကျောင်းသားများလည်း ကွင်းဆင်းလျှင်နီးစပ်သွားတတ်သူတွေရှိပါသည်။

ထိုကွင်းဆင်းခရီးမှအပြန်တွင် 'ဝါဆို' နှင့် 'ဖြူစင်' တို့အ





နည်းငယ်ရင်းနှီးမှုရရှိခဲ့သည်။ 'ဝါဆို'၏ ဂရုစိုက်မှုများ၊ တွယ်တာမှုများကို လွန်ဆန်နိုင်မှု လျော့နည်းလာခဲ့လေသည်။ သမီးရည်းစားစစ်စစ်တော့ မဟုတ်သေးပါ။

'ဝါဆို' အရင်ကလောက်မရှောင်တော့ပါ။ သူငယ်ချင်းများနှင့် အတူသွား အတူရုပ်ရှင်ကြည့်လျှင် 'ဝါဆို' နှင့်တွဲ၍ ကြည့်လာသည်။ ဒါကလည်း 'ဝါဆို' တောင်းဆိုသမျှ ဆယ်ခါမှ တစ်ခါပါ။

" 'ဖြူစင်' ရေ 'ဖြူစင်' "

စာကြည့်တိုက်ထဲရှိ ဘုံဘိုင်မှာအလကားရသော ရေခဲရေကို မညာမတာသောက်နေသော 'ဖြူစင်' တစ်ယောက် ခေါ်သံကြောင့်လှည့်ကြည့်လိုက်သည်။ ထုံးစံအတိုင်း 'ဝါဆို' ပဲပေါ့။

"ဘာလဲ"

"လာဟာ တစ်ခုခုသောက်ရင်းစကားပြောရအောင်"

"နင့်မလဲ ပြောစရာစကားမကုန်နိုင်ဘူး"

"ဘယ်သူမဆို ကိုယ့်ချစ်သူနဲ့ စကားပြောရမယ်ဆိုရင် ကုန်တယ်လို့ရှိပါ့မလားဟာ"

"ကဲပြော ဘာလဲ"

"လာပါ စားသောက်ဆိုင်မှာ တစ်ခုခုစားရင်းစကားပြောရအောင်ကွာ... လာပါဟာနော်"

'ဝါဆို' မလိုက်မှာစိုး၍ တောင်းပန်သည်။ 'ဖြူစင်' လွယ်ထားသော လွယ်အိတ်ကြိုးကိုဆုပ်ကိုင်၍ ခေါ်သည်။

"ကောင်းကောင်းနေပါ 'ဝါဆို' ရယ်... အဲလိုဆွဲ[illegible]လားမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆွဲတာမဟုတ်သေးပါဘူး 'ဖြူစင်'... ငါ နင့်ကို ဘာအခွင့်အရေးမှ မယူဘဲချစ်တာပါ"

"အခွင့်အရေးယူရင်ကော ပေးဦးမှကိုး"

"နင် ငါ့ကိုမချစ်လို့လား"

"နင် ငါ့ကိုချစ်တယ် မချစ်ဘူးဆိုတာလည်း ငါ မယုံသေးဘူး"

"ဘယ်တော့မှ ယုံမှာလဲ"

"တစ်နေ့အဖြေပေါ်လာမှာပေါ့ 'ဝါဆို'... အရမ်းချစ်ပြီးကာမှ ခွဲခွာကြရတဲ့အဖြစ်မျိုးနဲ့ မရင်ဆိုင်ရအောင် လက်မထပ်နိုင်သေးသမျှ မချစ်မိကြတာအကောင်းဆုံးပဲ မဟုတ်လား... အရမ်းချစ်ပြီးမှ ထာဝစဉ်ဝေးကွာရတဲ့ ဒဏ်ရာကိုကုတဲ့ဆေးနည်း ငါတို့သင်ရတဲ့စာထဲမှာမပါဘူး 'ဝါဆို' ရဲ့"

"နင်ပြောလိုက်ရင် ဒီလိုပဲဝေ့လည်ချောင်ပတ်နဲ့... ငါ့ကိုပညာပြနေတာပဲ... အေးပေါ့လေ... နင်ငြင်းထားဦး... တဖြည်းဖြည်းနဲ့ နင်နဲ့ငါနဲ့ အတူနေရဖို့ရက်တွေ နီးနီးလာပြီဆိုတာ နင်မမေ့နဲ့နော်"

"မမေ့ပါဘူး....အဲဒီနေ့ အဲဒီရက်ကျရင်သာ နင်ငါ့ဆီလာနိုင်အောင်ကြိုးစားပါ"

"စိတ်ချ ဒီကောင်က အဲဒီနေ့ကိုလက်ချိုးပြီးစောင့်နေတဲ့ကောင်ဟ"

စားသောက်ဆိုင်သို့ ရောက်လာကြသည်။

"ကဲ တစ်ခုခုစားရအောင် 'ဖြူစင်'"

"ဟင့်အင်း အဆောင်က ထမင်းအစားလာသလို စာ



ကြည့်တိုက်က ရေခဲရေအဝသောက်လာလို့ ဗိုက်ကိုဖောင်းနေပြီ... င်စားချင်တာစား ငါ ထိုင်စောင့်ပေးမယ်"

"ဟာကွာ နင့်ကိုတစ်ခုခုကျွေးမလို့ခေါ်လာတိုင်း နင် အဲသလိုအကြောင်းပြပြီး ငြင်းတာချည်းပဲ... တကယ်စိတ်တိုတယ်ကွာ"

"စိတ်တိုစရာကောင်းတဲ့ ငါ့ကို ဘာလို့လာတွေ့နေရသေးသလဲ"

"ချစ်လို့ပေါ့ဟာ ချစ်လို့"

'ဝါဆို' ကအပြင်အဆင်ကင်းမဲ့စွာနှင့် ချစ်စဖွယ်လှပနေသော 'ဖြူစင့်' မျက်နှာလှလှကို ရွှန်းရွှန်းစားစားငေးကြည့်ရင်းသည်။ 'ဖြူစင်'က လွယ်အိတ်ကလေးကိုပိုက်ရင်း ပြုံးသည်။

"လာရင်း ကိစ္စလည်း မပြောသေးပါလား 'ဝါဆို'"

"အေး ဟုတ်သားပဲ... ငါတို့ ဒယ်ဒီရန်ကုန်ပြောင်းရတော့ မယ်"

"ဟုတ်လား....ကောင်းတာပေါ့... နင့်အတွက်ပိုအဆင်ပြေသွားတာပေါ့"

"ငါတော့ စိတ်မကောင်းဘူး"

"ဘာဖြစ်လို့"

"နင်နဲ့ ဝေးမှာစိုးလို့"

"ဒါတော့ ကံတရားပေါ့"

"နင်ကတော့ ငါ့ကိုမချစ်တဲ့လူဆိုတော့ ငါဘယ်ပြောင်းပြောင်း ဘာလုပ်,လုပ်ဂရုစိုက်မယ့်ပုံမပေါ်ပါဘူး"

'ဖြူစင်' ပြုံးပြန်သည်။ အတန်ကြာမှ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ချစ်ရင် ဘယ်လောက်ခရီးပဲဖြစ်ဖြစ် နီးမှာ... 'ဝါဆို'ရယ်... ဟုတ်တယ်ဟုတ်"





## ၂၆

" 'ဖြူစင်' "

"ဘာလဲ 'စု' "

"နင့်ကို 'ကိုစိုး' 'မောင်မောင်' တို့ဘာပြောသေးလဲ"

"ဘာမှမပြောပါလား... ဘာဖြစ်လို့လဲ"

"သိပ်တော့မပြောချင်ဖါဘူးဟာ... ဒါပေမဲ့ နင်နဲ့ 'ဝါဆို' ကိုပဲ ငါတို့ကသဘောတူတာဆိုတော့ ပြောမှဖြစ်မှာပါ"

'စု' တစ်ယောက်တည်း ချိတုံချတုံဖြစ်နေပုံရသည်။ 'ဖြူ' စိတ်ထဲလည်း ဇဝေဇဝါနှင့် ဘာပါလိမ့်ဟုတွေးမိသည်။

" 'ဝါဆို့' ဆီကို အမျိုးသမီးတစ်ယောက်လာတွေ့တာ အသားငါးဆယ်ခါရှိပြီးတဲ့... နာမည်က 'စန္ဒီ' တဲ့... နင့်လိုပဲ ဖြူဖြူ သွယ်သွယ်ပဲ... ဒါပေမဲ့ နင်လောက်တော့ မလှဘူး... အပြင်အဆင်တွေ အရမ်းသားနားလို့ ရုပ်ရှင်မင်းသမီးလားတောင်ထင်ရတယ်တဲ့"

ထိုစကားကြောင့် စိတ်ထဲတွင် မအီမလယ်ဖြစ်ရတာ အာ



www.burmeseclassic.com

www.burmeseclassic.com



မှန်။ စဉ်းစားကြည့်ပါ။ ကိုယ့်ချစ်သူထံ တခြားမိန်းကလေးတစ်ယောက် ခဏခဏလာနေသည်ဟုကြားလျှင် အဘယ်သို့ခံစားရမည်ကို။ မိမိသည် 'ဝါဆို'၏ အချစ်ကို ပြီးစလွယ်လက်ခံခဲ့သူ မဟုတ်။

နှစ်ပေါင်းလပေါင်းများစွာစဉ်းစားပြီးမှ လက်ခံခဲ့သူ။ မိမိတို့နှစ်ယောက် လက်တွဲကြဖို့အချိန် ဘာမှမလိုတော့။ ထိုအချိန်မရောက်ခင်ကြားမှာ ဘာအနှောက်အယှက်မှ မပေါ်ပါစေနဲ့ဟု ကျိတ်၍ဆုတောင်းမိတာအမှန်။

"သူ့ဆွေမျိုးသားချင်းတွေ ဖြစ်ချင် ဖြစ်မှာပေါ့ဟာ"

"မဟုတ်တာတော့ သေချာတယ် 'မိဖြူ'... 'ဝါဆို' အမေကိုယ်တိုင်ခေါ်လာတာ... 'မောင်မောင်'တို့ကိုတောင် 'စန္ဒီ' နဲ့မိတ်ဆက်ပေးတာ ရိုးရိုးမိတ်ဆက်မပေးဘူး... 'စန္ဒီ' ဟာ သူ့ချွေးမလောင်းတဲ့"

'ဖြူစင်' ရင်ဝယ်တလှပ်လှပ်ခံစားရပါသည်။

"နင် ဘယ်လိုခံစားရမယ်ဆိုတာ ငါသိတယ် 'ဖြူစင်'... ဒါပေမဲ့ ငါ ယုံကြည့်တာကတော့ နင့်ကို 'ဝါဆို' ဘယ်လောက်ချစ်တယ်ဆိုတာပဲ... နင့်ကိုပစ်ပြီး ဘယ်မိန်းကလေးကိုမှ မယူဘူးဆိုတာ ငါသိတယ် 'ဖြူစင်'"

"သိပ်လည်း အူထွင်မကြီးနေပါနဲ့ဦး 'စု' ရယ်... အခြေဘယ်လိုထွက်လာဦးမလည်းဆိုတာစောင့်ကြည့်ကြသေးတာပေါ့"

"နင် တကယ်ချစ်ရဲ့သားနဲ့ 'ဝါဆို' ကိုသိပ်ဥပေက္ခာမပြုပါနဲ့ဟာ... တော်ကြာ ဟိုအမိ ...မီးက ချွဲချွဲပစ်ပစ်နဲ့မို့ ဟိုဘက်ပါသွားဦးမယ်"





"ဒါကတော့ သူ့အပေါ်မှာမူတည်တာပဲ... တကယ်ချစ်တဲ့သူဟာ သစ္စာတော့ အနည်းဆုံးရှိရမှာပေါ့"

'ဖြူစင်' ထိုမျှနှင့် စကားဖြတ်ပြီး ရေချိုးခန်းသို့ထွက်သွားသည်။ နောက်တစ်နေ့ 'ဝါဆို' နှင့် 'ဖြူစင်' ပြည်လမ်းတစ်လျှောက်လုံး အေးအေးဆေးဆေးလမ်းလျှောက်ရင်း စကားပြောကြသည်။

"'စန္ဒီ' ဆိုတဲ့ ကောင်မလေးတစ်ယောက် နင့်ဆီ ဝင်ထွက်နေတာကြာပြီဆို"

"အင်း ဟုတ်တယ်"

"ငါ့ကို ဘာလို့ပြောမပြတာလဲ... အဲဒီကိစ္စကို ဘာလို့ဖုံးချန်ထားတာလဲ"

"ပြောစရာမှမလိုပဲ 'ဖြူစင်'... ငါ အဲဒီကိစ္စကိုစိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ရမလားဟဲ့... နင့် အမေကသဘောတူပြီ၊ သူ့ချွေးမလို့တောင်ကြေငြာနေပြီပဲ"

"ငါယူမှဖြစ်မှာပါ"

"ယူလိုက်ပါ"

"ဘာလဲ... စိတ်စမ်း...ာလား... တကယ့်ယူစေချင်တာလား"

"ဪ ယူလိုက်ပါလို့ပြောနေပြီရော"

"နင် ငါ့ကိုမချစ်လို့ အဲဒီစကား းပြောတာ"

'ဖြူစင်'က ပြုံးသည်။

"ပြုံးစိစိလုပ်နေတာများပြီ 'ဖြူစ...'... နင်က ဘာသဘော



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြုံးတာလဲ… နင်ဟာ ငါ့အပေါ်မှာ သိပ်သွေးအေးလွန်းအားကြီး
တယ်”

“ဒါပေါ့… အခုတော့ အပြစ်တင်စကားတွေ ပြောတတ်
လာပြီပေါ့”

“ငါ့ကို အဲသလိုမပြောပါနဲ့”

“ဒီမှာ ‘ဝါဆို’ နင့်အမေရဲ့စီမံမှုကို နင်လွန်ဆန်နိုင်မယ်
ထင်သလား”

“လွန်ဆန်တဲ့ သဘောတော့မဟုတ်ဘူးပေါ့… ဒါပေ
ကိုယ်တကယ်မြတ်နိုးတဲ့သူကိုပဲ ထာဝရလက်တွဲဖို့စဉ်းစားရမှာ
စဉ်းစားကြည့်ပါ ‘ဖြူစင်’… ငါဟာ နင့်ကိုဘယ်အချိန် ဘယ်က
လကတည်းက ဘယ်လိုမေတ္တာမျိုးနဲ့ ချစ်ခဲ့တယ်ဆိုတာကို နင်
သိဆုံးပဲ”

“‘ဖြူစင်’ လိုလားသမျှကို တို့အကုန်နားထောင်မှာပါ
တို့ဘက်ကအခွင့်အရေးကိုလည်း ပေးဖို့ဝန်မလေးပါနဲ့ဦး”

“ဘာအခွင့်အရေးလဲ”

“လက်ထပ်ပြီးရင် ရန်ကုန်မှာပဲလာနေရမယ်”

ထိုစကားကြောင့် ‘ဖြူစင့်’ တစ်ကိုယ်လုံးရှိ သွေးကြော
များ ခေတ္တရပ်ဆိုင်းသွားသလားဟု ထင်လိုက်ရသည်။ ရှ
ကိုကြီးမျက်နှာကိုလည်း ဖြတ်ကနဲမြင်မိသည်။

“တကယ်ချစ်ရင် မော်လမြိုင်မှာ လိုက်နေပေါ့”

ကိုယ့်ဘက်က ပြန်တင်းမိသည်။

“ကိုယ်နေချင်တဲ့နေရာမှာ နေလို့ရချင်မှရဦးမှာပါလေ
တာဝန်ချပေးတဲ့နေရာ သွားကြရဦးမှာပဲ… ဒီတော့ ဒီကိစ္စနဲ့ပ





က်ပြီး ခဏမေ့ထားလိုက်ရအောင်”

“ဟုတ်တယ်… မေ့ထားတာပဲကောင်းပါတယ်… စာမေးပွဲ
နီးနေပြီ… ငါနဲ့ ‘စန္ဒီ’ ကြားမှာ ဗျာပါများပြီး ဆပ်ပလီထိနေဦး
ယ်နော် ဆရာကြီး”

“စိတ်ချ နင့်အတွက်ထိချင်ထိမယ်… ‘စန္ဒီ’ အတွက်တော့
ထိစေရဘူး… ကြိုက်ချင်ရင်ကြာလှပြီ ကြိုက်လို့ရတာ… သူ့ကို
ငါနဲ့နီးစပ်စေချင်လို့ မိတ်ဆက်ပေးထားတာ… ငါတတိယနှစ်မ
ရောက်ခင်ကတည်းကပဲ”

“သူကဘယ်ကလည်း”

“ပဲခူးက… မော်လမြိုင်ကောလိပ်က ဓါတုနဲ့အောင်ပြီးပြီ
သူ့အိမ်က အခုရန်ကုန်က ငါ့ဘကြီးအိမ်နဲ့ ကပ်ရက်… ဒါကြောင့်
ဆက်အသွယ်ရှိသွားတာ”

“ဟာ ဟ ဒါဆို နင်နဲ့သူ ရိုးရဲ့လား ကိုယ့်လူ”

“အခုယူချင် အခုရတယ်… နေပါဦး… နင့်မှာ ငါ့အတွက်
သက်ပြီး ခံစားမှုမရှိသလိုပဲ”

“ဘာလဲ ငိုနေရမှာလား”

“မဟုတ်ပါဘူး… ငါနဲ့ ‘စန္ဒီ’ ယူလည်း နင်ကအရေးမစိုက်
ပုံစံပဲ”

“ဟုတ်လား”

“နင်လှောင်နေတာလား”

“ကဲ တော်ပါတော့ ‘ဝါဆို’ ရာ… ဒီအကြောင်းတွေပြော
တော့”

“နင် ငါ့ကိုချစ်ရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့လိုမိန်းကလေးမျိုးဟာ အချစ်ကိုကရော်ကမည်ထင်ရာစိုင်းတတ်တဲ့ မိန်းကလေးလို့ထင်သလား... ငါနင့်ကိုလက်ထပ်မယ်လို့ပြောပြီးပြီပဲ... တခြားအယ်ယောကျ်ားလေးကိုတွဲ...လဲ"

"ငါ နင့်ကိုမေးနေတယ် 'ဖြူစင်'... နင်ငါ့ကိုချစ်လားလို့... နင့်ဆီက ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကိုကြားရရင် ငါကျန်တာကိုရင်ဆိုင်ရဲတယ်"

'ဖြူစင်' တော်တော်နှင့်မဖြေ။

"ဖြေလေဟာ အဲဒီစကားဟာ နင်ဆီက အကြားချင်ဆုံးစကားပဲ"

'ဝါဆို'က 'ဖြူစင့်' လက်ဝါးလေးကို တယုတယဆုပ်ကိုင်၍မေးသည်။ 'ဝါဆို' မျက်နှာချောချောကို 'ဖြူစင်' တစ်ချက်စိုက်ကြည့်၍...

"ငါချစ်တယ်ဆိုတာကို နင်သိပါတယ်"

"ပါးစပ်ကပြောတာ ကြားချင်တယ်ဟာ"

'ဖြူစင်'က ပြုံးပြန်သည်။ အတန်ကြာမှ...

"လက်ထပ်ဖြစ်မှပြောပါရစေဟာ"

"ဟာကွာ နင်သက်သက်ညစ်တာ... အခုပြောတော့ ဘာဖြစ်မို့လဲ... လက်ထပ်ဖြစ်မယ်ဆိုတာ ငါ့ဘက်ကတိပေးတယ်"

"ချစ်တယ်ဆိုတဲ့စကားကို ငါလက်ထပ်မယ့်လူကျမှ ပြောမယ်လို့စိတ်ကူးထားဖူးလို့ပါ 'ဝါဆို'... ချစ်တယ်ဆိုတဲ့စကားဟာ အင်မတန့်တန်ဖိုးရှိပြီး အင်မတန်လှပတဲ့စကားလေးမို့ တော်ရုံတန်ရုံနဲ့မပြောချင်ဘူး... တန်ဖိုးထားပြီးပဲပြောချင်တယ်... ကြား



ချင်ရင် အဲဒီနေ့အထိစောင့်ပေါ့ 'ဝါဆို'"

"နင် သက်သက်ညစ်တာ"

'ဖြူစင်' စာထဲကို မနည်းစိတ်ဝင်စားအောင် ကြိုးစားနေရချိန်မှ မမျှော်လင့်ဘဲ မနေ့က ငယ်ငယ်ခင်ခဲ့ဖူးသော 'စာနည့်'ကိုစစ်ဗိုလ်အဖြစ် တွေ့မြင်လိုက်ရသဖြင့် စိတ်ဝယ်ငယ်တွေးကိုပြန်တွေးမိပြန်သည်။ စစ်ရောင်စိမ်းစိမ်းကိုဝတ်ထားပြီး ပခုံးထက်ကြယ်နှစ်ပွင့်ကိုတတ်ထားသော 'စာနည်' သည်ငယ်ရုပ်တော့ပျောက်မသွားပါ။

သူ့မျက်နှာပေါ်တွင် ငယ်ငယ်ကလို မရိုးမရွဲ့အပြုံးမျိုးရှိနေဆဲ၊ ခေါင်းကဆံပင်ကို ခပ်တိုတိုညှပ်ပြီး သပ်သပ်ရပ်ရပ်ဖီးထားသဖြင့် သေသပ်ခန့်ညားနေသည်။ သူ့မျက်လုံးတွေက ငယ်ငယ်ကလိုပဲ အရောင် တောက်ပြီး စူးစူးရဲရဲကြည့်ဆဲပါပဲ။

" 'ဖြူစင်' ညွှန့်သည်"

ညွှန့်သည်ကိုမြင်တော့ 'ဖြူစင်' မျက်လုံးလေးပြူးသွားသည်။ သီတာဆောင် ဆိုင်းဘုတ်နှင့် အဆောင်ကိုလှမ်းမေးနေသော စစ်ဝတ်စစ်စားနှင့် 'စာနည့်' ကိုမထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် 'ဖြူစင်' ကလေးတစ်ယောက်လိုဝမ်းသာသွားပြီး...

"ဟယ် မနေ့ကတွေ့လိုက်တဲ့နင်ဟာ နင်ပဲလား"

"အေးပေါ့... နင်လည်း မနေ့ကတွေ့လိုက်တဲ့ 'ဖြူစင်' ပဲ မဟုတ်လား"

"အေး ဟုတ်တယ်... ဝမ်းသာလိုက်တာဟယ်... နင့်ကိုလေ ဒီလိုစစ်ဗိုလ်ပုံစံနဲ့ ဘယ်တော့မှတွေ့ရတော့မယ်လို့ ငါစိတ်မကူးခဲ့ဖူးပါဘူး"

www.burmeseclassic.com



"နင်အထင်မကြီးလည်း ငါက ဂရုစိုက်တာမှတ်လို့... တဲ ခုစစ်ဗိုလ်ဖြစ်တော့ကော နင်ဘာတတ်နိုင်သေးလဲ"

"ဟား ဟား နင်စစ်ဗိုလ်ဖြစ်တော့ ငါကလည်းအရေးစိုက် လို့"

"ဟား ဟား ဟား"

နှစ်ယောက်သား ဝမ်းသာအားရ အူလှိုက် သည်းလှိုက် ရယ်မိကြသည်။

"ငါကတော့ နင့်ကိုဆရာဝန်မအဖြစ်နဲ့တွေ့ရလို့ မအံ့သြ ပါဘူးဟ... နင်ကတော်လည်းတော်တယ်... ကြိုးလည်း ကြိုးစား တယ်... ဒီတော့ ရသင့်ရထိုက်တာကိုတော့ ရရမှာပေါ့"

"ကဲပြောပါဦး... ဒီအဆောင်မှာ ဘယ်လိုလုပ်မေးပြီး ငါ့ ကိုခေါ်ခိုင်းတာလဲ"

"လွယ်ပါတယ်... ထွက်လာတဲ့ကျောင်းသားလေးတစ် ယောက်ကို မော်လမြိုင်က 'ဖြူစင်' ဆိုတာရှိသလားလို့မေးတော့ တစ်ချို့ကောင်မလေးတွေက မသိဘူး... တစ်ချို့ကသိတယ်... ဒါ ကြောင့်တွေ့ရတာပေါ့... နင်ခု ဆေးကျောင်းတက်နေတာ... ဘယ်နှစ်နှစ်ရှိပြီလဲ"

"ဒီနှစ် နောက်ဆုံးနှစ်လေ"

"ဟာကွာ တော်တယ်ကွာ... ဝမ်းသာတယ်ကွာ"

'ဇာနည်' အသံက စပီကာမတတ်ဘဲကျယ်လှပါသည်။ 'ဖြူစင်' တို့နှစ်ယောက်ကို တစ်ချို့ကောင်မလေးက အထူးအဆန်း လုပ်၍ထွက်ကြည့်ကြသည်။

"နင်အားလား 'ဖြူစင်'... မြို့ထဲကိုတစ်ခုခုလိုက်စားဝါ





သား"

"အို မိန်းကလေးတစ်ယောက်ကို ဒီလိုခေါ်လို့ရတယ်လို့ နင့်ကိုဘယ်သူပြောလဲ"

"ဆောရီး ဆောရီး... ငါတုတောသားဟ... မြို့ကိုခုမှ တက်လာတာဆိုတော့ မိန်းကလေးတွေကို ဘယ်လိုစကားပြောရ ယ်... ဘယ်လိုဆက်ဆံရမယ်ဆိုတာ မသိဘူးဗျ"

'ဖြူစင်' က 'ဇာနည်' မျက်နှာကိုရော၊ အပြောအဆိုကို ကြည့်ပြီး နားထောင်၍ရယ်နေမိသည်။

"ငါ့မှာ အားပါတယ်... အချိန်လည်းရတယ်... ခုလိုအ ခန့်မျိုး နောက်တစ်ခါ ကြုံချင်မှကြုံမှာဟ... လာပါ... တစ်ခုခု သွားစားရင်းရှေးဟောင်းနှောင်းဖြစ်တွေ ပြောရအောင်ပါ"

"ကဲ ခဏနေဦး... အဖော်ခေါ်လိုက်ဦးမယ်"

'စု' ကိုအဖော်ခေါ်၍လိုက်ခဲ့သည်။

"မြို့ထဲမသွားနဲ့ 'ဇာနည်'... ငါစာတွေကျက်စရာရှိသေး တယ်... ဟိုဘက်ကိုဆက်မောင်းရင် ဝါယာလက်ဘက်မှာတပ်က ဖွင့်ထားတဲ့ 'မိုးပြာ' စားသောက်ဆိုင်ဆိုတာရှိတယ်"

"ကောင်းပြီ"

'မိုးပြာ' ၏စတော်ဘယ်ရီဖျော်ရည်ကား ကောင်းလှပါ ၏။

"နင်ဘယ်လိုလုပ် စစ်ဗိုလ်ဖြစ်သွားတာလဲ"

"စစ်ယူနီဖောင်းဝတ်ပြီး အပွင့်တပ်လိုက်လို့လေ"

"ဟာ ကောင်းကောင်းဖြေလေ"

"ဗိုလ်သင်တန်းတက်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စစ်တက္ကသိုလ်လား"

"မဟုတ်ဘူး... ဘွဲ့ယူပြီးမှတက်တာ"

"ဟုတ်လား... နင်ဘွဲ့ယူသေးတယ် ဟုတ်လား... ဘယ်လိုလဲဟ သေသေချာချာပြောပါဦး"

"ဆယ်တန်းအောင်တော့ ပဲခူးမှာဒေသ (၂) တက်တယ် ပြီးတော့မော်လမြိုင်ကောလိပ်မှာတက်တယ်"

"ဟင် မော်လမြိုင်မှာတက်တယ်ဟုတ်လား... ဒါနဲ့များ တောင်ငါ့ကိုလာမရှာဘူးလား"

"မရှာဘူးလို့ နင်ထင်လား"

ထိုအမေးကြောင့် 'ဖြူစင်' မျက်နှာလေးတစ်မျိုးဖြစ်သွားသည်ဟု 'စု' ထင်သည်။ သူတို့နှစ်ယောက်ကိုကြည့်ရသည်မှာ ငယ်ပေါင်းတွေပြန်တွေ့ရလို့ အတော်ပျော်နေပုံရသည်။ ဘေးလူတွေပါကြည်နူးဝမ်းသာနေရသည်။

"ငါလာရှာတော့ နင့်အမေက အော်ထုတ်တယ်ဗျ"

"နင့်ကိုမှတ်မိသလား"

"မှတ်မိတာပေါ့... သူ့သမီးကိုလာပိုးရအောင် နင့်လိုကောင်မျိုးနဲ့ သေတောင်မပေးစားဘူးတဲ့ဗျ"

"ဟာ နင်မဟုတ်တဲ့စကားတွေ လျှောက်ပြောနေတာမဟုတ်လား"

"ငါအပိုစကားဘယ်တုန်းက ပြောဖူးလို့လဲ... နင့်အမေကတော့ ငါ့ကိုတော်တော်မေတ္တာရှိပုံရတယ်... ငါရွာထဲမှာလိုက်မေးသေးတယ်... တစ်ယောက်မှကောင်းကောင်းမေးလို့မရဘူး"

"အခု ဘယ်တပ်မှာလဲ"



"ငါရှမ်းပြည်နယ်ဘက်မှာ... ဗိုလ်စဖြစ်ကတည်းက ရောက်နေတာကြာပြီ... ခုတောင်ဆော်လီဘောအဖွဲ့နဲ့ပါလာလို့ ရန်ကုန်မြို့ကို ခြေချရတာ... ဟိုတစ်နေ့ကတပ်က ရဲဘော်တစ်ယောက်ဒဏ်ရာနဲ့ စစ်ဆေးရုံရောက်နေတယ်ဆိုလို့ လာတွေ့ရင်း နင်နဲ့တွေ့တာ"

"သြော် ... သြော်"

"သေချက်လေဟာ... 'ဖြူစင်' သူငယ်ချင်းလည်းသောက်ဝါခင်ဗျ"

"ဟုတ်ကဲ့ရှင့်"

'ဓာနည်' အာသွက်လျှာသွက်ပုံစံကို အမှတ်တမဲ့ငေးနေသော 'စု' တစ်ယောက်လန့်ဖျန့်ပြီး ဟုတ်ကဲ့ရှင့်လိုက်ခြင်းဖြစ်သည်။

" 'ဖြူစင်' "

"အခင်းပြော"

"နင်အဆက်တွေဘာတွေ ရနေပြီလား"

'ဖြူစင်' က ခပ်ပြုံးပြုံးမျက်နှာဖြင့် 'စု' ကိုလှမ်းကြည့်ရင်း-

"ရနေပြီလို့ပဲဆိုပါတော့"

"နင့်စကားကလည်း ခွေလည်လည်နဲ့"

"ဟုတ်တယ်... ကျောင်းနေဘက်တစ်ယောက် ချစ်ခွင့်တောင်းထားတာကြာပြီ... ဘွဲ့ယူပြီးနှစ်နှစ်လောက်နေမှ လက်ထပ်မယ်လို့ပြောထားတယ်"

"ဟုတ်လား"

"ငါကျတော့မေးပြီး နင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဟဲ ဟဲ ဟဲ... တစ်ယောက်ပဲကြိုက်ဖူးတယ်— အဲ့ဒီကောင်မလေးကနင်နဲ့ တော်တော်တူတယ်ဟ"

'စာနည်း' က သူ့စကားဘယ်ရောက်လို့ဘယ်ရောက်မှန်း မသိ၊ အမြီးအမောက်မတည့်ပြောချင်ရာ စွတ်ပြောနေသည်။

"နှင်နဲ့တူတယ်ဆိုတာ ရုပ်ကိုပြောတာ... အကျင့်စာရိတ္တက နင့်ခြေဖျားကိုမမီဘူး"

"မစားရတဲ့အမဲ သဲနဲ့ပက်တဲ့စကားမျိုးတော့မပြောနဲ့နော် မိန်းကလေးဘက်က နာရလိမ့်မယ်"

"အို ငါကတော့ မှန်တာကိုပဲပြောတတ်တယ်"

"ကဲ အခု သူနဲ့ပဲလား"

"ဘယ်ကလာ... သူကငါ့လိုကောင်ကို ရုပ်ပဲကြိုက်တာ ငွေမရှိဘူး ဂုဏ်မရှိဘူးနော်... ပြန်ပေတော့ပဲ"

"အံမယ် နင့်ရုပ်ကဘယ်လောက်များချောနေလို့လဲ"

"မသိပါဘူး... တချို့ကောင်မလေးတွေကချောတယ် ပြောတာ ကြားဖူးလို့ပါ"

'စု' က ပါးစပ်ကိုလက်ကိုင်ပုဝါဖြင့် ပိတ်၍ရယ်သည်။

"နင်အခု ဘယ်မှာတည်းလဲ"

"မှတ်တမ်းရုံးက ငါတို့အသိဗိုလ်ကြီးအိမ်မှာ... သန်ဘက်ခါလောက် ပြန်ရမလားမသိဘူး... နင် နက်ဖြန်အားလား"

"ဘာလုပ်ဖို့တုန်း"

"ဟာ... စကားတွေအများကြီး ပြောစရာကျန်သေးတာ ပေါ့ဟ... နောက်တစ်ခါ ရန်ကုန်ပြန်ရောက်ဖို့ဆိုတာ လွယ်တာ မှတ်လို့... နင်ကငါ့ကိုမတွေ့ချင်လို့လား"





"ဒီလိုလဲမဟုတ်ပါဘူးဟာ... ငါတို့ကျောင်းကစာတွေ ဘယ်လောက်များတယ်ဆိုတာ နင်လည်းသိမှာပါ"

"လုပ်မနေနဲ့... နင့်ရည်းစားဆူမှာစိုးလို့လား"

"မဟုတ်ပါဘူး"

"ဒါဆိုနက်ဖြန်ငါလာခဲ့မယ်... နေ့လယ်ဆယ့်နှစ်နာရီ လောက်ထွက်စောင့်နေ"

သူ့ဆန္ဒကိုပြောပြီး အအေးဖိုးကျသင့်တာကိုရှင်းပြီး ပြန် ရန်ထသည်။ 'ဖြူစင်' အဆောင်ရောက်သည်အထိ ငိုင်၍ပါလာ၏။ 'စာနည်း' လက်ပြနှုတ်ဆက်သွားတာကိုလည်း ပြန်နှုတ်ဆက် မိလေသလားမသိ။ ညဘက်တွင် 'ဖြူစင့်' ထံစာတစ်စောင်ရောက် လာသည်။

ဖြူစင်...

နက်ဖြန်အရေးတကြီးတိုင်ပင်စရာရှိလို့ မနက်ကိုး နာရီလောက်ထွက်စောင့်နေပါ။

ဝါဆို

ထိုစာကိုဖတ်ပြီး 'စု' ကိုလှမ်းကြည့်မိသည်။ 'စု' က အိပ် ချင်ဟန်ဆောင်နေသည်။ 'စု' မပြောဘဲ 'ဝါဆို' ဘယ်လိုမှမသိ နိုင်။ 'စာနည်း' နှင့်မိမိအကြောင်း 'ဝါဆို' ထံဖောက်သည်ချ၍သာ 'ဝါဆို' ခုလိုစာတတန်ပေတတန်လုပ်လာခြင်းမှာ 'စာနည်း' နှင့်မ တွေ့နိုင်ရန် လုပ်ခြင်းပင်ဖြစ်သည်။

စိတ်ရှုပ်သဖြင့် အိပ်လို့လည်းမပျော်။ မနက်စောစောရေ မိုးချိုးကာ လွယ်အိတ်တစ်လုံးလွယ်၍ မြို့ထဲထွက်ခဲ့မိသည်။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကမှမသွားခဲ့သော 'မမြင့်ရီ' အိမ်သို့ထွက်ခဲ့မိသည်။ တစ်နေ့လုံးအစ်မဖြစ်သူထံတွင် အချိန်ဖြုန်းနေလိုက်သည်။ အဆောင်ပြန်ရောက်သည်နှင့် စာနှစ်စောင်ကကြိုနေ၏။ 'စု' က မျက်လုံးစွေ၍ကြည့်နေသဖြင့် ဘယ်စာကိုအရင်ဖတ်ရမှန်းမသိဖြစ်နေသော 'ဖြူစင်' ၏လက်သည် 'ဝါဆို' စာကိုပင်အရင်ရွေးကိုင်လိုက်ရပါသည်။

ဖြူစင်

နင်ငါ့ကိုမချစ်တာ မဆန်းပါဘူးဟာ... နင့်မှာ ငါ့ထက်စိတ်ဝင်စားရမယ့်သူရှိမှန်း ငါခုမှသိရတယ်... သူ့ကိုတွေ့နိုးနိုးနဲ့စောင့်စားရင်း ငါ့ကိုကြိုးရှည်ရှည်နဲ့လှန်ထားခဲ့တာမဟုတ်လား... ငါ့ကိုတကယ်ချစ်ရင် နင်ခုလိုရှောင်ထွက်စရာအကြောင်းမှမလိုဘူးလို့ ငါထင်တယ်... အေးလေ နင်သူ့ကိုအတွေ့ထပ်ခဲ့တဲ့အတွက်တော့ အများကြီးကျေးဇူးတင်ပါတယ်ဟာ... အချစ်အတွက်စိတ်ညစ်လာရင် သောက်စရာဆေးမရှိဘူးဟ...

နင့်ကိုမှချစ်တဲ့ ဝါဆို

'ဖြူစင်' သက်ပြင်းချပြီး နောက်တစ်စောင်ထပ်ဖတ်သည်။

ဖြူစင်...

နင်မတွေ့ချင်လို့ရှောင်သွားမှန်းသိရတော့ ငါ့ စိတ်ထဲတစ်မျိုးကြီးဖြစ်သွားတယ်... သေချာနှုန်းစဉ်းစားကြည့်တော့နင့်မှာအပြစ်မရှိဘူးဟ... မိန်းကလေးတစ်ယောက်ကို အပြင်ခဏခဏခေါ်ချိန်းလို့ဘယ်ကောင်းပါ့မလဲ... ငါ့စိတ်ထဲမှာ နင့်ကိုတွေ့လိုက်ရတဲ့အတွက် အရာခပ်သိမ်းကိုမေ့သွားသလိုပဲ... ငယ်ငယ်တတွေ့ဆုံနေ





တြ ရေကန်နံဘေးမှာတုန်းကလို့ပဲ နင့်ကို မြင်မိသလိုငါ့ကိုယ်ငါလည်း ...ငယ်သွားမှန်းမသိငယ်သွားတယ် လွတ်ထွက်သွားတယ်ပေါ့ဟာ ...ာရီးပဲကွာ...

စစ်သားဆိုတာတိုင်းပြည်ကို အသက်ပေးလှူပြီးသားမို့ တစ်နေ့တစ်ချိန်မှာ ငါမသေသေးရင်ပြန်တွေ့ချင်ပါသေးတယ် နင်လည်း...တိုင်းပြည်နဲ့လူမျိုးအတွက် တကယ့်လိုအပ်ချက်ကိုဖြည့်ပေးနိုင်တဲ့ ...ရာဝန်မကြီးဖြစ်ပါစေလို့ ဆန္ဒပြုရင်းငါနှုတ်ဆက်သွားပါတယ်...

မမေ့သောခင်မင်မှုဖြင့် 'စာနည်'

စာနှစ်စောင်ကို ဆေးစာအုပ်ကြားညှပ်ပြီး အိပ်ယာထဲ...ဝင်အိပ်ချလိုက်မိသည်။

www.burmeseclassic.com



## ၂၇

'ဝါဆို' အုံ့ဆြရပြန်ပြီ။ ဒီလူသည်မိန်းမလှလေးများ၏ အတော်စိတ်ဝင်စားအောင် လုပ်နိုင်သောသူပဲ။ 'စန္ဒီ' တို့အထ မြန်မာပြည်အနှံ့ဘုရားဖူးသွားကြမည်ဖြစ်သည်။ 'ဝါဆို' တို့ဘကြ မိသားစုလည်း လိုက်မည်ဖြစ်၍ 'ဝါဆို' လာနှုတ်ဆက်ခြင်းဖြ သည်။

'စန္ဒီ' သည် မိမိကိုတွေ့လျှင် ယခင်ကပတ်ချွဲနပ်ချွဲနှင့် ယာမာယာတွေရှိသမျှ အကုန်ထုတ်သုံးပြီး သူ့ဘက်ပါအောင် ဆောင်ခဲ့သော်လည်း ယခုနောက်ပိုင်း မိမိကိုမြင်လျှင်ဆော အောင့်၍နေတတ်သည်။ သူနှင့်သဘောတူပါသည်။ ပေးစား မည်ဟုလွန်ခဲ့သည့်သုံးလေးနှစ်ကတည်းက လူကြီးတွေအတည အလင်းဖွင့်ပြောပြီးသား။

မိန်းကလေးကိုယ်တိုင်က လက်ခံပါလျက် 'ဝါဆို'က ဆ တည်တည်လုပ်နေသည်ကို အခံရခက်နေတာကြာပြီ။ တစ်နေ ချစ်လာနိုးရယ်နှင့် မျှော်ကိုးပြီးနေခဲ့သည်။ သို့သော် ဘယ်လို





လမ်းခင်းပေး၍မရ။ ယနေ့လည်း မိမိတို့ကို ဘူတာလိုက်ပို့ချင်၍ လိုက်ပို့ခြင်း မဟုတ်။ သူ့အမျိုးသမီးတွေ သွားမည်ဖြစ်၍သူ့အမေ ကိုယ်တိုင်ကပို့ခိုင်း၍သာ ဘူတာရောက်လာခြင်းဖြစ်သည်။

မိန်းမတို့၏သဘောကို အကဲခတ်ရသည်မှာလည်း မလွယ်ပါလား။ ဘူတာရောက်ခါစက 'စန္ဒီ' မိမိကို ပရောပရည် လုပ်သေးသည်။ ဟော ခုတော့လည်း ဟိုစစ်ဗိုလ်ထံတွင် စကား တွေရေပက်မဝင်ပြောနေသည်။ ထိုစစ်ဗိုလ်ကို အမှတ်မထင်တွေ့ လိုက်ရသော 'စန္ဒီ'သည် အလွန်အမင်း ဝမ်းသာသွားသောမျက်နှာ ပုံစံမျိုး ဖြစ်သွားပြီးခုန်ပေါက်၍ပင် နေသေးသည်။ သူမ ပါးစပ်မှ သည်း...

"'ဇာနည်' 'ဇာနည်'"

ဟုလှမ်းခေါ်သလို။ ထို 'ဇာနည်'ရှိရာသို့ပြေးလိုက်သွား သည်။ တစ်ခြားစစ်ဗိုလ်တစ်ယောက်ဆိုလျှင် စိတ်ဝင်စားချင်မှ ဝင်စားမည်ဖြစ်သော်လည်း 'ဇာနည်' ဆိုသော နာမည်ကြောင့် 'ဝါဆို' စိတ်ဝင်စားရခြင်းဖြစ်သည်။ 'စု' ပြောပြသဖြင့် 'ဇာနည်' ဆိုသော စစ်ဗိုလ်အကြောင်းကိုသိရသည်။

'ဖြူစင်'၏ ငယ်ပေါင်းသူငယ်ချင်း။ 'ဖြူစင့်' ကိုစိတ်ဝင် စားပုံရသည်ဟု 'စု'က ဆိုသည်။ 'ဖြူစင်' ကလည်း 'ဇာနည့်' ကိုအတော်လေး အလေးထားရသည်ဟုသိရသည်။ မိမိနှင့်သာ အပေးအယူမရှိလျှင် 'ဖြူစင်' သည် 'ဇာနည့်' ကိုလက်ခံတွေ့ဆုံဦး မှာမုချ။

ယခု ထို 'ဇာနည်' ဆိုသော စစ်ဗိုလ်နောက်သို့ 'စန္ဒီ' ဆို သော မိန်းမလှလေးတစ်ယောက် ပြေး၍ပြေး၍ လိုက်သွားသော

စကားတွေ ရွှန်းရွှန်းဝေအောင် ဆိုနေချေပြီ။ 'စန္ဒီ' ပြန်ရောက်လာ
ပြီး သူ့အမေကို ရယ်ကာမောကာဖြင့် ရှင်းပြနေသည်။

" 'ဓာနည်'က မော်လမြိုင်ကောလိပ်မှာတုန်းက 'စန္ဒီ'
နဲ့ အတန်းအတူတူပဲလေ... အခု သူက စစ်ဗိုလ်ကြီးဖြစ်ပြီ
ရှမ်းပြည်နယ်ရောက်နေတာတဲ့ မေမေ့ရဲ့ အဟောင်း ဟင်း"

'စန္ဒီ' အူမြူးနေသည်။ ရထားပေါ်တွင်ထိုင်နေသော ငိုး
'ဓာနည်' ထံသို့ လှမ်း၍လှမ်း၍ ကြည့်နေသေးသည်။ ရထားပေါ်
သို့ သူ့အမေ မတက်သေး၍ သူပါအောက်မှာရပ်နေခြင်းဖြစ်
သည်။ သူ့မျက်လုံးကတော့ 'ဓာနည်' ဆီသို့သာရောက်နေသည်
မာမီကတော့ သူ့ချွေးမလောင်းပုံစံကိုကြည့်ပြီး မျက်စိနောက်သ
လားမသိ။ သိပ်ကြည်ကြည်လင်လင်မရှိ။

ကားပေါ်တွင် ရှုပုပ်ပုပ်မျက်နှာဖြင့်ပါလာသည်။ ရထား
ပေါ်တွင် မျက်စိမသက်မသာသဖြင့် လိုက်လာခဲ့ရလေသည်။ 'စန္ဒီ'
တစ်ယောက်ဘေးလူတွေ မျက်စိနောက်လောက်အောင် မျက်
စောင်းထိုးခုံတွင်ထိုင်နေသော စစ်ဗိုလ်လေးထံ လက်ဖက်သုပ်
သွားကျွေးလိုက်၊ ကြက်သားကြော်သွားကျွေးလိုက်၊ လက်ဖက်
ရည်တိုက်လိုက်ဖြင့် အလုပ်ကိုရှုပ်နေသည်။ မိခင်ဖြစ်သူကခပ်တိုး
ကြိမ်းသည်။

" 'စန္ဒီ' ငြိမ်ငြိမ်လည်း ထိုင်ဦး... 'ဝါဆို' ဘကြီးလာတာ
လေ... ပြန်ပြောရင်မကောင်းဘူး"

"ပြောရင်လည်း ပြောပါစေပေါ့မေမေ... သူ့တူက လူပိ
ဝတာ... 'စန္ဒီ' နဲ့သဘောတူနေမှန်းသိလျက်... လူကြီးတွေကျေနပ်
ပါလျက်နဲ့ သူက 'စန္ဒီ' ကိုအဖက်တောင်လုပ်လို့လား... 'စန္ဒီ'က





မချစ်ဘူး မာမီ... သူကြိုက်နေတဲ့ကောင်မလေးရှိတယ်... အမေကို
ကြောက်လို့သာ 'စန္ဒီ' ဖြောင်ဖွင့်မငြင်းတာ... ကဲ ဟိုကောင်မလေး
နဲ့ယူရင် 'စန္ဒီ' သက်သက်အရှက်ရမှာ... ဒါကြောင့် ကိုယ့်ထွက်
ပေါက်တော့ ကိုယ်ရှာထားရမှာပဲ"

သူ့အပြောနှင့် သူတော့လည်း အဟုတ်သား။ 'စန္ဒီ' တစ်
ယောက်ဆတ်စလူးဖြစ်နေသည်ကို ကြည့်ပြီး 'ဓာနည်' ရယ်ချင်
သည်။ သူမ ကျွေးတာကိုစားပြီး၊ သူမ မကောင်းကြောင်းတွေစဉ်း
စားနေမိသည်။ သူမ မိမိကိုစေတနာရှိ၍၊ သံယောဇဉ်ရှိ၍၊ ကျွေး
နေခြင်းမဟုတ်မှန်း မိမိလောက်ဘယ်သူကပိုသိမည်နည်း။

လွန်ခဲ့သော ခြောက်နှစ်လောက်ဆီတုန်းက မိမိက သူမ
နောက်ကိုလိုက်ခဲ့သည်။ ထိုစဉ်က 'စန္ဒီ' မျက်နှာသည် ထိုကဲ့သို့
လှပရွှန်းလက်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

သူမကိုမြင်တော့ 'ဇာနည်' အံ့ဩရသလို၊ တစ်စုံတစ်ယောက်ကို သတိရမိသည်။ သူမသည် 'ဖြူစင်' နှင့်အတော်ဆင်သည့်မိန်းကလေးပါလား။ မျက်နှာကျပုံတော့ အနည်းငယ်ကွာသည်။ 'ဖြူစင်'က မျက်ခုံး မျက်တောင်လေးတွေ နက်မှောင်တောက်ပြောင်နေပြီး၊ မျက်နှာပေါ်တွင် ဘာမှလိမ်းချယ်ထားခြင်းမရှိ။အဝတ်အစားဆိုလည်း သားသားနားနားမရှိ။

ယခုကောင်မလေးကတော့ မျက်နှာပေါ်တွင်အကောင်းစားပစ္စည်းများဖြင့် ချယ်သထားသည်။ သူမ၏ ခန္ဓာကိုယ်အချိုးအစားသည် 'ဖြူစင့်' ထက်ဖွံ့ထွားပါသည်။ သူမသည် ယောကျ်ားသားများကိုတော့ အတော်ဆွဲဆောင်မှုရှိပါသည်။ သူမသည် မြေကဲ့သို့ပင် ပဲခူးမှကျောင်းလာတက်သည်ဟု သိရလေသောအခါ ပို၍စိတ်ဝင်စားစရာ၊ စိတ်ကူးယဉ်စရာဖြစ်လာပါသည်။

ဤနယ်မြေသည် ယခုတော့ မိမိကိုစိမ်းကားနေသလိုပင်





မိမိအတွက် ခင်မင်တွယ်တာစရာ၊ ကြည်နူးသာယာစရာဟူ၍ ရှာမတွေ့သယောင်။ ရှေးရေစက်လားတော့ မသိ၊ 'ဖြူစင်' နှင့်ခပ်ဆင်ဆင်တူသော မရှိုးသည် 'ဇာနည်' သင်ရမည့် စာသင်ခန်းတွင်ပင် တစ်နှစ်ပတ်လုံးအတူသင်ရမည်ဖြစ်သည်။

စဉ်းစားပြီး ကိုယ့်ကုသိုလ်ကံက မကောင်းပုံကိုတွေးပြီး အံ့ဩမိသည်။ မိမိသည် ယခုတော့ အဆောင်နေကျောင်းသားဖြစ်သည်။ လွန်ခဲ့သော သုံးလေးနှစ်ခန့်က မိမိနေထိုင်ရာအိမ်သည် ဤကျောင်းတော်ကြီးနှင့် ဘာမျှမဝေးလှသော တက္ကသိုလ်အရန်တပ်ရင်းထဲတွင်ရှိသည်။

ယခုတော့ ထိုအိမ်လေးဝယ် တခြားမိသားစုများနေထိုင်ကြသည်။ ဘာကြောင့်မှန်းမသိ ထိုအိမ်လေးကို မကြာခဏသွားကြည့်တတ်သလို တောအုပ်ထဲမှရေအိုင်ကြီးဆီသို့လည်း ရောက်သွားတတ်သည်။ အကယ်၍ ရေကန်ပိုင်ရှင်သခင်မလေး 'ဖြူစင်' သာရှိနေမည်ဆိုလျှင်...

ခြော် 'ဖြူစင်'။ လူတွေကခက်တယ်ဟာ။ ကိုယ့်ဘာသာအေးအေးနေပြန်တော့ စိတ်တိုအောင်လုပ်ကြပြန်ရော။ ငါ့လေသိပ်မပျော်တောနဲ့၊ စိတ်မကြည့်တာနဲ့၊ ကျောင်းဖွင့်ကာစရက်တွေတုန်းက ကျောင်းရှေ့ရွှေဟသာ်နှစ်ကောင် လှေကားရင်းမှာထိုင်ပြီး လှပတဲ့အမိပတိလမ်းမတစ်လျှောက်နဲ့ စိန်ပန်းပင်တွေနဲ့ ပင်ငယ်ဂမ္ဘီးပင်တွေကို ငေးမောကြည့်နေရတာကို အရသာလို့ထင်သာတယ်။

ဒါတွေကိုငေးရင်း ဆေးလိပ်ဖွာရတာဟာ အရသာပဲ 'ဖြူစင်' ရေ။ တစ်နေ့ငါ့ဘာသာငါ ရွှေဟသာ်အောက်မှာ ဆေးလိပ်

www.burmeseclassic.com



ထိုင်သောက်ရင်း စာအုပ်တစ်အုပ်ဖတ်လိုက်၊ အဓိပတိလမ်းမတစ်လျှောက် ငေးလိုက်လုပ်နေတုန်း...

"သူတို့အတန်းထဲက မဟုတ်လား"

"ဟုတ်တယ် 'စန္ဒီ' "

"စာမသင်ဘဲ ဒီမှာထိုင်ပြီးဘာလုပ်နေလည်း မသိဘူးနော်"

"ပြောမနေနဲ့ သူက ရာဇဝင်ဂျပိုး"

ထိုစကားကြောင့် 'ဇာနည်' စိတ်တိုသွားသည်။ 'ဖြူစင်' နှင့် တူသောကျောင်းသူ၏အမည်မှာ 'စန္ဒီ' ဟုသိရသည်။ 'စန္ဒီ' နှင့်တွဲသော ကျောင်းသူမှာ 'ဇာနည်' နှင့်ဆယ်တန်းတုန်းက အတူတူတစ်တန်းတည်းတက်ခဲ့ဖူးသော ကျောင်းသူတစ်ယောက်ဖြစ်သည်။

ယခု 'စန္ဒီ' နှင့်တွဲသော 'ချိုနွဲ့ရည်' မှာ 'ဇာနည်' နှင့် ကျောင်းတုန်းက ရန်စရှိဖူးသူ။ 'ချိုနွဲ့ရည်' သည် အလွန်စွာသူ၊ ပိုက်ဆံချမ်းသာပြီး အလွန်အဆင့်အတန်းခွဲခြားသူဖြစ်သည်။ သူ့ရုပ်ကဖြင့် သိပ်မလှ၊ သို့သော် သူနှင့်လိုက်သည်မလိုက်သည်မစဉ်းစားဘဲ အလှတွေစွတ်ပြင်သဖြင့် ပိုအရုပ်ဆိုးတတ်သည်။

ယခုတတိယကျောင်းသူဖြစ်လာသော်လည်း 'ချိုနွဲ့ရည်' ၏အကျင့်စရိုက်က မပြောင်းလွှဲ။ အပြင်အဆင်က မပြောင်းလဲ။ ငယ်ငယ်ကအကျင့်အတိုင်း ပိုက်ဆံရှိသူမှရွေးတွဲသည်။ယခုလည်း သူမကစ၍ ပြဿနာရှာသွားသည်။ တမင် မိမိကြားအောင်ပြောသွားခြင်းဖြစ်သည်။

စာသင်ခန်းထဲတွင် စာသင်ရင်းဖြစ်စေ၊ လမ်းတွင်သွားရင်းလာရင်းဖြစ်စေ၊ စားသောက်ဆိုင်တွင် အမှတ်မထင်တွေ့၍ဖြစ်စေ၊ 'စန္ဒီ' ဆိုသော မိန်းမလှကို 'ဇာနည်' ငေးမောကြည့်နေတတ်တာအမှန်။ ထိုအခါမျိုးတွင် 'စန္ဒီ'က မျက်စောင်းတထိုးထိုးနှင့်တလိုလိုနှင့်ရှိတတ်၏။



ဟသ်ာလေ့ကားရင်းတွင်ထိုင်ရင်း 'ဇာနည်' အတွက်အဖော်ကောင်းတစ်ယောက်ရလာသည်။ သူလည်း 'ဇာနည်' လိုပင် ဝတ်ဝန်းကျင်နှင့်အဆင်မပြေသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူ့အမည်ကား 'ကိုအေးမောင်'။ နာမည်နှင့်လိုက်အောင် အလွန်အေးပြီး အချိန်ရှိသရွေ့စာထိုင်ဖတ်နေတတ်သူ။

စကားကိုအပိုအပြောတတ်ဘဲ လိုရင်းတိုရှင်းသဘောကို ပြောပြီး စာအုပ်ကိုသာ မက်မက်မောမောဖတ်တတ်သူ။ ဒီလိုလူတိုတောင် လူဆိုးတဲ့။ လူတွေဟာ တယ်ခက်ပါလား။

"မင်း စာမသင်ဘဲ ဘာလို့ဒီမှာ လာထိုင်နေတာလဲ"

"ခင်ဗျား ကျတော့ရော"

'ဇာနည်' ကပြန်မေးခြင်းဖြစ်သည်။

"ငါက ကလပ်စ်မရှိလို့ကွ... မင်းကို ငါဒီမှာ အချိန်တိုင်းလိုလိုမှာတွေ့တွေ့နေရတယ်... အတန်းမတက်ဘူးလား"

"တက်ပါတယ်... ဒီနားမှာထိုင်လို့ကောင်းလို့ အဓိပတိလမ်းကိုငေးရတာ အရသာရှိလို့ဗျ... အဲဒါနဲ့ခင်ဗျားက ဘာစာအုပ်တွေဖတ်နေတာလဲ"

"တကြည့်တိုက်ကစာအုပ်တွေပါကွာ... လူတွေနဲ့မျက်နှာ စကားပြောရင် အမှားပါတတ်လွန်းလို့ စာအုပ်ပဲများများဖတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး သူ့စာအုပ်ကြီးကို ဆက်ဖတ်နေသည်။

"အမျိုးအစားတူတာချင်း တွဲမိသွားပြီ ကော"

"ကောင်းတာပေါ့... ခြသေ့်နှစ်ကောင်အတွက် အဖော်ရ တာပေါ့... ကျောင်းစောင့်လည်း ငှားစရာမလိုတော့ဘူးပေါ့"

ထိုအပြောကြောင့် ငေးနေသူကော စာဖတ်နေသူပါ လှည့်ကြည့်မိသည်။ 'ချိုနွဲ့ရည်' နှင့် 'စန္ဒီ' ဖြစ်နေသဖြင့်...

"အမျိုးအစားတူတာခြင်း တွဲတာတော့မဆန်းပါဘူး... ခင်ဗျားတို့နှစ်ယောက်လည်း ဓာတ်တူနံ့တူတွေမို့တွဲမိတာပဲ... မ ထူးပါဘူး... ခင်ဗျားတို့နှစ်ယောက်လည်း ကျုပ်တို့နှစ်ယောက်နဲ့ ပါ လာတွဲလိုက်ရင် ပိုပြီးအဆင်ပြေသွားမယ်ထင်တယ်"

"ဘာ..."

'ချိုနွဲ့ရည်' အလွန့်အလွန် ဒေါကန်သွားသည်။ 'စန္ဒီ'က မျက်စောင်းထိုး၍ ကြည့်သည်။

"ဒီမှာ 'ကိုအေးမောင်'... ခင်ဗျားက 'ကာလီယိုပါထရာ ဂျူနီး' ကိုယူ... ကျွန်တော်က 'စန္ဒီ' ပဲ... မည်းမည်းဆဲသဲ ပါးစပ် ပြဲပြဲဆို ကျွန်တော်က မကြိုက်ဘူးဗျ"

ထိုစကားကြောင့် ပို၍ပို၍ ဒေါကန်သွားသည်။ သူမ ပင်ပင်ပန်းပန်း ဝတ်စားပြင်ဆင်လာသမျှကို 'ကာလီယိုပါထရာ ဂျူနီး' ဆိုသော ကပ္ပလီမင်းသမီးနှင့် နှိုင်းခြင်းခံလိုက်ရသဖြင့် အတော်ခံရခက်သွားသည်။ 'စန္ဒီ' ကလည်း သူ့ကို 'ဇာနည်'က သဘောကျသည်ဟု ပြောခြင်းကိုမခံမရပ်နိုင်ဖြစ်ပြီး...

"ထွီး နင်လိုသူတောင်းစားသာသာ ကောင်မျိုးကို ထဲဘီ တောင်မလျှော်ခိုင်းဘူး"





"သိပါတယ်... မခိုင်းရက်တာကို"

"မခိုင်းရက်တာမဟုတ်ဘူးဟေ့... သနလို့ သနလို့"

"ဘာရယ် သနားလို့ဟုတ်လား"

"အောက်တန်းစားတွေ... ထွီ"

ထိုနေ့စပြီး သူမတို့နှစ်ယောက် 'ဇာနည်' ကိုဝေးဝေးက ရှောင်သည်။ တစ်တန်းတည်းကျောင်းတက်နေသူများမို့ လက် တွေ့ခန်းများတွင်လည်းဆုံကြသည်။ တွေ့ဆုံလေတိုင်း 'ချိုနွဲ့ရည်' က တထွီထွီ တထွမ်ထွမ်လုပ်စမြဲ။ 'စန္ဒီ' ကတော့ ရွံရှာသလို ကြည့်ဖြင့် ကြည့်တတ်သည်။ ဓာတုဗေဒကျောင်းသားများရှိရာ ကွေ့လာသော 'ဇာနည်' နှင့် တစ်စုံတစ်ဦး ဖြင်းထန်စွာဝင် တိုက်မိသည်။

"ဆောရီး... ဆောရီး"

"ဘာဆောရီးလဲ... နင်တမင်ဝင်တိုက်တာ မဟုတ်လား"

'စန္ဒီ' ကမီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် ပြောရင်း သူ့အင်္ကျီကို ဟိုခါဒီခါလုပ်သည်။

"နေပါဦး... ခင်ဗျားကို ကျုပ်ကို ဘာဖြစ်လို့ရန်သူလို့သ ဘောထားနေတာလဲ... ခင်ဗျားကို ကျုပ်ဘာလုပ်ဖူးလို့လဲ"

"နင် ငမ်းနေတာ တစ်တန်းလုံးသိတယ်"

"ဆန်းလားဗျ... အပျိုတစ်ယောက်ကို လူပျိုတစ်ယောက် ငမ်းတာ"

"အို နင် ဘာမှငမ်းစရာမလိုဘူး"

"ကိုယ့်မျက်လုံးနဲ့ကိုယ်ငမ်းတာဘာဖြစ်လဲ"

"တန်ရာ တန်ရာ ငမ်းရတယ်... သိလား"

www.burmeseclassic.com

www.burmeseclassic.com



"မတန်ဘူးလို့ ဘယ်သူကပြောလဲ"

"တူလား တန်လားဆိုတာ ကိုယ့်ဟာကိုယ်သိရတယ်... နားလည်လား... နောက်ကိုဟိုနားကြည့် ဒီနားကြည့်မလုပ်နဲ့ တို့မကြိုက်ဘူး"

ထိုသို့ပြောပြီး 'စန္ဒီ'က ခါကနဲ ထွက်သွားသည်။

" 'စာနည်' "

"ဩော် 'ကိုအေးမောင်' ပါလား... ဒီဘက်လာမထိုင်တာကြာပြီနော်"

"အေးကွာ... စာမေးပွဲက ဘာမှမလိုတော့ဘူးမဟုတ်လား... ဒါကြောင့် နာဂဝံသစမ်းချောင်းဘေးက အရိပ်ကောင်းတဲ့သစ်ပင်အောက်မှာ စာသွားကျက်နေတာ... မင်းကော စာတွေပိုင်ပြီလား"

"နည်းနည်းပါးပါး ပါ"

"စာကျက်ကွာ... စာကျက်... ငါတို့လိုဇမ္ဗွဲတွေက သူများတွေထက် ပိုပြီးကြိုးစားမှကွ... လွမ်းနေဆွေးနေလို့မပြီးဘူး"

"ကျွန်တော် မလွမ်းပါဘူး"

"လုပ်မနေပါနဲ့... မင်းဘာဖြစ်နေတယ်ဆိုတာ ငါသိတယ် ကိုယ့်လူ... မင်း ဟိုခပ်ပုံပုံကောင်မလေးကို လိုက်လို့မရလို့ စိတ်ဓာတ်ကျနေတယ်မဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"ဘာလုပ်မှာလဲကွာ... ကိုယ့်ကိုမြင်တာနဲ့ ခွေးဟောင်သလိုဟောင်နေတဲ့ မိန်းမမျိုးများ... မင်းမို့လို့စိတ်ဝင်စားတယ်... အဲဒီကောင်မလေးမျိုးရဲ့ မျက်လုံးဟာ အချစ်ကိုလည်းမကြည့်ဘူး



သူ့ကိုလည်း မကြည့်ဘူး... ဘာကိုကြည့်လည်း သိလား"

"ဟင့်အင်း"

"ဒါကိုကွ ဒါကို"

'ကိုအေးမောင်'က လက်ညှိုးနှင့်လက်မကို ပွတ်၍ ပြသည်။

"မှတ်ထား... သူတို့အသည်းနှလုံးဟာ ချစ်တာတွေ... အတ္တာတွေမသိဘူး... ကားတွေ... ငွေတွေပဲသိတယ်... ဒီတော့ အဲဒီမိန်းမမျိုးကိုကြိုက်ရင် သူတို့လိုချင်တာကို အရင်ရအောင်ရှာဖို့ကြိုးစားဦး ကိုယ့်လူ... ခုချိန်မှာ သူ့စိတ်နဲ့ လွမ်းဆွေးရင်း ဘယ်သူ့အရှုံးပေါ်မလဲ... ကိုယ်ပဲစိတ်ဆင်းရဲမယ်... စာမေးပွဲကျမယ်... စာမေးပွဲကျတော့ ကိုယ့်မိဘကော ကိုယ်ကော သနားစရာရုပ်စာဖြစ်တယ်... သူကတော့ ကိုယ့်ကို ဘာမှကောင်းကျိုးလာပေးတာမဟုတ်ဘူး... ဒီမှာ 'စာနည်' ကိုယ့်မှာ ငွေရှိအောင် အရင်ကြိုးစားရင်ကြိုးစား... အဲဒါတွေရှိလာရင် မင်းကောင်မလေးမျိုး ဆွမျိုးလွန်းလို့ ခါတောင်ချရဦးမယ်"

"ကိုအေးမောင်' ပြောတာ ကျွန်တော်အများကြီးသဘောပေါက်ပါတယ်... ကျွန်တော်ရှင်းပြတာလည်းနားထောင်ပါဦး"

"အင်း ရှင်းပါဦး"

"အဲ့ဒီ 'စန္ဒီ' ဆိုတဲ့အမျိုးသမီးကို ကျွန်တော်စိတ်ဝင်စားတယ်ဆိုတာအမှန်ပဲ... ဒါပေမဲ့ချစ်လှလို့ကြိုက်လှလို့တော့မဟုတ်ဘူး အစ်ကိုရ"

"မဟုတ်တာကွာ"

"ဟုတ်တယ် 'ကိုအေးမောင်'... သူ့ကိုကျွန်တော်စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားခဲ့မိတာကလည်း တောင်ပိုင်းနားက ရွာတစ်ရွာမှာနေသွားတဲ့ ကျွန်တော့်သူငယ်ချင်း 'ဖြူစင်' နဲ့တူလို့ လိုက်ကြည့်မိတာပါ"

"တူလို့ကြည့်လည်းတော်ယုံတန်ယုံပေါ့ကွာ... မင်းကိုအ မရှိုးသားတဲ့မျက်လုံးနဲ့ ခေါ်တောကြည့်သွားကြည့်နေတာကိုး"

"ဒါတော့ လှတော့ချောတာမြင်ရင် ကြည့်ချင်တာထ တော့ ယောကျ်ားလေးပဲဗျာ"

"ကြည့်မနေနဲ့ ကြည့်မနေနဲ့... သူငါတို့အခန်းထဲက ခ ထောထောကျောင်းသားနဲ့ ချိတ်မိသွားပြီ"

"တွဲတာလည်းမတွေ့ပါလား"

"မင်းခံစားရသလား"

"ဘာကိုလဲဗျ"

"သူ့ကိုခုလိုတွေ့တာ"

"ကိုယ်နဲ့ဘာမှမဖြစ်သေးတော့ ဘာမှသိပ်မဖြစ်ပါဘူး" 'ကိုအေးမောင်' က ရယ်သည်။

"'ကိုအေးမောင်' ဒီနှစ်နောက်ဆုံးနှစ်နော်... ကျောင်းပြီး ရင်ဘာလုပ်မလဲ"

"စစ်ထဲဝင်မယ်"

"ဗျာ စစ်ထဲဝင်မယ်ဟုတ်လား... 'ကိုအေးမောင်' ကတ မျိုးပဲ... စာတွေဖတ် ကဗျာတွေရေး နံရံကပ်စာစောင်မှာဝတ္ထုတို တွေရော ဆောင်းပါးတွေရောရေးပြီး စစ်ထဲဝင်မယ်ဆိုတော့"

"ဝါသနာပါရာပေါ့ကွာ... မင်းကောဘာလုပ်မယ်လို့ ရည်ရွယ်ထားလဲ"

"ကျွန်တော်လည်း စစ်ထဲဝင်ဖို့အစီအစဉ်ရှိတယ်... ဆယ် တန်းအောင်ကတည်းကဝင်ဖို့ပဲ... ဒါပေမဲ့အမေ့ဆန္ဒက ဘွဲ့ရစေ ချင်သလို အဖေကစစ်သားဆိုတော့ ကျားကျားလျားလျားအလုပ် ဲလုပ်စေချင်တယ်ဆိုတော့ ဘွဲ့ရမှစစ်ထဲဝင်ရမှာပဲ"

"ဒါဆိုရင် မင်းနဲ့ငါတစ်နေ့ဆုံရဦးမှာပေါ့"

"ကံကြုံရင်ဆုံမှာပေါ့ကွာ"

"ကံ ပြန်စို့"

"နေဦးလေဗျာ... 'ကိုအေးမောင်' မှာရေးအဆက်တွေ ဘာတွေ မရှိဘူးလား"

"ဟာသ်ရင်ခွင်ကို ငါလာခိုတာ အပိုအလုပ်လုပ်ဖို့မဟုတ် ဘူးကွ"

'ကိုအေးမောင်' က ခပ်ပြတ်ပြတ်ပြောပြီး ရေ့မှခြေလှမ်း ကျဲကြီးများဖြင့် လျှောက်သွားသဖြင့် 'စာနည်' လည်း စာသင်ခန်း ရာထွက်ခဲ့သည်။ ဘာပဲဖြစ်ဖြစ်ဟာသ်ခြေရင်းလှေကားထစ်မှ ိန်းစားလိုလူတစ်ယောက်၏ စေတနာထားပြောဆိုမှုကြောင့် 'စာနည်' စာသင်ခန်းသို့ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။

'စန္ဒီ' နှင့် 'ချိုနွဲ့ရည်' တို့အံ့အားသင့်သွားလောက်အောင် သူမတို့နှစ်ယောက်ကို ခပ်ဝေးဝေးကရှောင်ခဲ့သည်။ 'စန္ဒီ' သည် သိမ့်နေသောဘီးလို ဆက်၍လိမ့်နေသည်။ နောက်ဆုံးနှစ်တွင် သည်း ရည်းစားသစ်များနှင့် တွဲသည်ဟုသိရသည်။





www.burmeseclassic.com

www.burmeseclassic.com



## ၂၉

ယခင်ကတတွီထွီလုပ်ခဲ့သော 'စန္ဒီ' သည် ယခုအေး မိမိအေးရောက်နေလေပြီ။ တောင်ငူဘူတာရောက်တော့ 'ဓာနည် အေးရှိခရီးသည်ဆင်းသွားသဖြင့် ခုံလွတ်သွားသည်။ ထိုနေရာ 'စန္ဒီ' ကခပ်တင်းတင်းဝင်လာထိုင်ပြီး စကားတွေပြောမကုန်နို အောင်ဖြစ်နေသည်။

'ဖြူစင်' နှင့်ပတ်သက်ပြီး ထပ်မစဉ်းစားမိအောင်နေ တော့မည်ဟု ဆုံးဖြတ်မိကာမှ 'စန္ဒီ' က မိမိနားသို့ရောက်လာပြီ သည်။

"အခု 'ဓာနည်' ဘယ်တပ်မှာလဲဟင်"

"မြောက်ပိုင်းရှမ်းပြည်နယ် (---) မြို့ကတပ်မှာပါ"

"ဟင် ဟုတ်လား... အဝေးကြီးမှာပါလား... ပျင်းစရာ အရမ်းကောင်းမှာပဲနော်"

"ကျွန်တော်တော့ပျော်ပါတယ်"





"တကယ်ကွာ... 'စန္ဒီ' တော့လေ 'ဓာနည်' ကို စစ်ဗိုလ် ကြီးဖြစ်လာလိမ့်မယ်လို့ ဘယ်လိုမှမထင်ခဲ့ဘူး"

"ဒါပေါ့... 'စန္ဒီ' ထင်ခဲ့တာက သူတောင်းစားဖြစ်ဖြစ် ထလပ်စတစ်ကောက်မယ့်ကောင်ဖြစ်ဖြစ် မဟုတ်လား"

"အိုး အိုး... ဒီသဘောမျိုးပြောတာမဟုတ်ပါဘူးကွယ်... အဲဒီအချိန်တုန်းက ငယ်လဲငယ် ကောလိပ်ကျောင်းသူဖြစ်ကာစဆို တော့ နည်းနည်းဘဝင်လေဟပ်နေတဲ့အချိန်လေ... ပြီးတော့ 'ချို ရှဲ့ရည်' က သူ့မကောင်းကြောင်းတွေတစ်ချိန်လုံးလာပြောနေ တော့ 'စန္ဒီ' လည်းနားဝင်သွားတာပေါ့"

"ဩော် ဩော်"

"ဒါနဲ့ အဲဒီတုန်းက 'ဓာနည်' လည်းလွန်ပါတယ်နော်... သူ့ကိုဘာလို့ဟိုနေရာကကြည့်လိုက် ဒီနေရာကကြည့်လိုက်နဲ့ တစ်ချိန်လုံးကြည့်နေတာလဲ ပြော"

'စန္ဒီ' ကမျက်ခုံးလေးပင့်၊ မျက်လုံးလေးစွေရင်းမေးသည်။

"ပြောလေ..."

တစ်ခုခုတော့ပြောရတော့မည်။

"ကွဲကွာသွားတဲ့အချစ်ဟောင်းနဲ့ တူလို့ကြည့်မိတာပါ"

"အမယ် မယ်... သူကလည်းဓာတ်လမ်းတွေဘာတွေနဲ့ ကိုး... ဒါကြောင့် ဟသ်ာလေ့ကားရင်းမှာထိုင်ပြီး အမိပတီလမ်း ကြီးပေါ်က စိန်ပန်းပင်တွေနဲ့ ပင်လယ်ကဗွီးပင်တွေကို ငေးရင်း တွေးနေတာပေါ့လေ"

"ဒါပေါ့"

"ခုကော အချစ်ဟောင်းနဲ့တွေ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း တွေ့ပြီ"

"ဟင် ဟုတ်လား... ဒါဆို 'ဇာနည်' အရမ်းဝမ်းသာနေမှာပေါ့"

'စန္ဒီ' က စိုးရိမ်ပူပန်သောမျက်နှာဖြင့် မေးသည်။

"မသာပါဘူးဗျာ... ပြန်တွေ့တဲ့အချိန်မှာ သူကလူတစ်ယောက်ကိုလက်ထပ်ဖို့ ကတိပေးပြီးသားဖြစ်နေလို့ ဒုတိယအကြိမ်ထပ်ဆွေးရပြန်ပြီပေါ့လေ"

"အင်း ဖြစ်ရမယ်... 'စန္ဒီ' နဲ့တွေ့တဲ့အချိန်တိုင်း သူ့ဟာအဆွေးသမားကြီးပဲဖြစ်နေတော့တာကိုး... စိတ်မကောင်းပါဘူးကွာ"

"စိတ်မကောင်းစရာမလိုပါဘူးလေ... ကိုယ်ကစစ်သားပါ...ချစ်တာတစ်ကဏ္ဍ အလုပ်တစ်ကဏ္ဍပါ... ဒါနဲ့ 'စန္ဒီ' ကောဘယ်အဆက်နဲ့လက်ထပ်ဖြစ်လဲ"

ထိုစကားကြောင့် 'စန္ဒီ' မျက်နှာလေးနီရာမှ ညိုသွားသည်။

"'ဇာနည်' ပြောပုံကလည်းကွာ... လူကိုတန်ဖိုးမရှိတဲ့မိန်းကလေးဖြစ်အောင်ပြောလိုက်တာကိုး"

"ဩော် ဆောရီးကွာ... ဆောရီး... ကိုယ်မေးချင်တဲ့အနေနဲ့မေးလိုက်မိတာပါ... ခွင့်လွှတ်ပါနော်... ဟိုလေကျောင်းမှာ 'စန္ဒီ' ကိုကြိုက်တဲ့လူကများတယ်မဟုတ်လား... ဒါကြောင့်ပါ"

သူမကိုငဲ့ညှာပြီး မိမိကလျှော့ပြောရသည်။

"သူတို့တွေကြိုက်နေကြပေမယ့် 'စန္ဒီ' ဘယ်အမျိုးသားကိုမှအဖြေမပေးခဲ့ဘူး... ဘယ်သူ့အချစ်ကိုမှလက်မခံခဲ့ဘူး"





သူမက မိမိကိုအရှတ်တွင်းဖုံးကွယ်နေသဖြင့် ငြိမ်နေလိုက်ရသည်။

"နောက်တစ်ခါ ပြန်ဆုံနိုင်အောင် 'ဇာနည်' လိပ်စာနဲ့ 'စန္ဒီ' လိပ်စာတွေတစ်လှည့်စီ ရေးရအောင်လေ"

သူမက သူမလုပ်ချင်တာကိုလုပ်သည်။ 'ဇာနည်' လိပ်စာကို ကူးသည်။

"စိတ်မကောင်းဘူးကွာ"

"ဘာဖြစ်လို့လဲ 'စန္ဒီ'"

"ဩော် မနက်ဆို 'ဇာနည်' နဲ့လမ်းခွဲရတော့မယ်မဟုတ်လား... 'ဇာနည်' မန္တလေးမှာရှိဦးမှာလား"

"ဘယ်ရှိမလဲ 'စန္ဒီ'... လားရှိုးရထားပြောင်းစီးဖို့စီစဉ်ပြီးအစ်ခါလည်း ရှမ်းပြည်နယ်တက်ရမှာ"

"သူ 'စန္ဒီ' နဲ့ထပ်မတွေ့ချင်တော့လို့ ညာနေတာမဟုတ်လား"

"ဟာ မဟုတ်တာကွာ... ကိုယ်အဲ့သလိုလူမျိုးမဟုတ်ပါဘူး"

"ဒါဆို 'စန္ဒီ' စာရေးမယ် စာပြန်မလား"

"ပြန်မှာပါ"

မန္တလေးဘူတာရောက်တော့လည်း 'စန္ဒီ' က မျက်ရည်စနောက်အောင် ခပ်ကဲကဲ၊ ခပ်သဲသဲနှုတ်ဆက်သည်။

"'ဇာနည်' နောက်တစ်ခါ ရန်ကုန်ဆင်းခဲ့ဦးနော်"

"ခွင့်ရရင် လာခဲ့ပါ့မယ်"

တပ်ပြန်ရောက်ပြီး မကြာခင်မှာပင် 'စန္ဒီ' ထံမှစာတစ်



www.burmeseclassic.com

စောင်ပြီးတစ်စောင်ရောက်လာသည်။ သုံးလေးစောင်ရောက်... မကောင်းတတ်၍ 'ဓာနည်' စာပြန်သည်။ 'စန္ဒီ' စာက ဟိုလို... ဒီလိုလို အနှောင့်အသွားမလွတ်သော မရိုးသားသော စာမျိုးဖြ... သည်။ 'ဓာနည်' ကိုလည်း ရန်ကုန်လာရန်သာ ပူဆာနေသည်...

'ဓာနည်' ရှိရာလွှမ်းမော်ဖွယ်ရှမ်းတောင်တန်းကြီးများ... လည်း သူမ လာချင်ကြောင်းရေးထားသည်။ 'ဓာနည်' ရှေ့တ... စစ်စခန်းမှ လားရှိုးမြို့ပေါ် ပြန်နားခွင့်ရမည့် အချိန်ကျလျှင် ... ထံတယ်လီဖုန်းဖြင့်ဖြစ်စေ၊ သံကြိုးရိုက်၍ဖြစ်စေ အကြော... ကြားခိုင်းထားသည်။

မိမိတို့နှစ်ယောက်အခြေအနေတွင် မိမိကသာချစ်စ... ဖြေဖို့လိုတော့သည်။ သူမဘက်ကတော့ ကြိမ်းသေပြီးသာ... 'ဓာနည်' စေခွဲရခက်နေဆဲဖြစ်၍ အချိန်ဆွဲထားမိသည်။ ... ဘယ်လောက်အထိအဖြစ်သဲသနည်းဆိုလျှင် အကြောင်းပြ၍လာ... ရှိုးအထိတက်လာခြင်းဖြစ်သည်။ ကိုယ်ဆီလိုက်လာသည်ဆိုတော... လည်း အလိုက်အထိုက်တော့ ပြုစုဧည့်ခံရမည်။





၃၀

စာမေးပွဲတွေနီးလာပြီဖြစ်၍ စာကိုသာကျက်နေရသည်။ ...ည်းစားရှိသူများလည်း တစ်ယောက်နှင့်တစ်ယောက် မတွေ့နိုင် ...လောက်အောင် ကိုယ့်စာကို ဂရုစိုက်နေရသည်။ စာမေးပွဲကို 'ဖြူစင်' ဖြေဆိုနိုင်ပါသည်။ စာမေးပွဲဖြေပြီးသည်နှင့် 'ဖြူစင်' ...ယ်ပြန်ဖို့ပြင်သည်။

"'ဖြူစင်' ရေ... ငါတို့လည်း ဒီအဆောင်မှာနေလာတဲ့ ...နှစ်တွေမနည်းဘူးနော်... ကိုယ့်အိုးကိုယ့်အိမ်လိုပဲဖြစ်နေပြီး... အ...ြီးပြောင်းသွားရမှာတောင် စိတ်မကောင်းဘူး"

"မပြောင်းချင်သေးရင်လည်းရပါတယ်... စာမေးပွဲတစ် ...သာသာလောက်ကျအောင်ဖြေရင် နောက်လေးငါး ခြောက်လ... ...လောက်နေနိုင်ပါတယ် (Supple) ခ ပ်ပလီထပ်ဖြေ ရအောင် ...လ"

"ဟာ ဒီကလေးမပါးစပ်ပုပ်ကြီးနဲ့မပြောနဲ့... ...



www.burmeseclassic.com

www.burmeseclassic.com



စေ… ဖယ်ပါစေ"

ဟိုဘက်အခန်းကလည်း ပြန်ကာနီးမို့ အူမြူးပြီးအသံမျိုးစုံထွက်နေသည်။

"မင်းကိုချစ်ရတာ ကျူတိုရီယယ်ဖြေရသလိုပဲ ရင်ခုန်[illegible]တယ်ကွယ်" တဲ့။

"ဘွာလဲ 'သန်းသန်း'… နင့်ကို 'ကိုစိုး'က ပြောတဲ့စက[illegible]လား"

"ဟုတ်တယ်… နောက်ထပ်သူကပြောသေးတယ်[illegible] ကိုယ့်အချစ်ကို (Viva) ဗိုင်ဗာမေးသလို စိတ်ကြိုက်စစ်ဆေး[illegible]ကြည့်ပါတဲ့"

"ဒါပဲလား အချစ်စာမေးပွဲမှာ (Supplemen tary) မထိပါစေနဲ့လို့ကော မပြောဘူးလား"

"ပြောတယ် ပြောတယ်"

"ဟား ဟား"

"'မိဖြူ' နင်နဲ့ 'ဝါဆို'ကလည်း ဆေးတက္ကသိုလ်သ[illegible]တမ်းသာကုန်သွားတယ်ဘာမှလည်းအရမရောက်သေးပါလားဟ"

"ကျောင်းပြီးတာနဲ့လင်ယူဖို့ကိစ္စစဉ်းစားရင် ငါ့အစ[illegible]ကြီးက ဓားနဲ့နပ်နပ် စင်းပစ်လိမ့်မယ်… နင်တို့တွေသာယူ[illegible]ယူကြ"

"ယူနိုင်သေးပါဘူးဟယ်"

"ဒါဆို ဘယ်တော့လောက်ယူဖြစ်ကြမှာလဲ"

"အင်း ဒေသချာစဉ်းစားကြည့်လေ ခက်လေပဲဟ[illegible] (Posting) ကျမှပဲအခြေအနေကြည့်ရမှာပဲ… နင်နဲ့ 'ဝါး[illegible]





[illegible]တော်င် ငါတို့ထက်မြန်ချင်မြန်ဦးမှာပါ"

"လောလောဆယ်တော့ အိမ်ပြန်ဖို့သိမ်းဆည်းဖို့ပဲ စဉ်းစားနိုင်သေးတယ်ဟ"

အိပ်ယာလိပ်နှင့်အသုံးအဆောင် ပစ္စည်းများကို 'မမြင့်ရီ' အိမ်တွင်သွားအပ်ပြီး အဝတ်အစားများကိုသာ သားရေအိတ်ဖြင့် [illegible]ည့်ယူသဖြင့် 'ဖြူစင်' မစ္စည်းက သိပ်မများလှ။

"ဘာလို့ ချက်ချင်းပြန်လာတာလဲ 'ဖြူစင်'"

"အိမ်ကိုလွမ်းလှပြီလေဟယ်… ဒီနှစ်တစ်နှစ်လုံး ဘယ်[illegible]ပြန်ရလို့လဲ… နင်က မိဘတွေနဲ့အတူတူနေတော့ အထိသိဝ်ဖို[illegible]င်ဝင်မလဲ"

"ဒါတွေထားပါကွာ… နင် ချက်ချင်းပြန်တာ ငါ့ကိုမတွေ့[illegible]င်လို့မဟုတ်လား"

"မဆိုင်တာဟာ… ခုတွေ့နေတာပဲ"

"နင် ငါ့ကိုမချစ်ဘူးလား"

"မေးပြီနိုပြီကွာ"

"ဒါလေးတောင် မပြောချင်ဘူးလား"

"ပြောမှာပါ… ပြောမယ့်နေ့ထိသာ တို့ကိုချစ်ပါ… စောင့်[illegible]… ကြင်နာပါလို့နော်"

"ငါအချိန်ရရင်လာခဲ့ဦးမယ်"

"နေပါစေကွာ… တစ်လ နှစ်လလောက်ပဲ ဟိုမှာနေရမှာ[illegible]… အောင်ရင်ဘွဲ့ယူ… ဆေးရုံဆင်းတွေ့ကြဦးမှာပဲ"

"နင်က ငါ့လောက်မချစ်တဲ့သူဆိုတော့ပြောနိုင်[illegible]"

"နင့်အတွက် မပျင်းအောင် နင့်မာမိက စီစဉ်[illegible]

www.burmeseclassic.com



ကွာ 'စန္ဒီ' တို့ 'နန္ဒီ' တို့တွေလေ"

"တော်ကွာလျှောက်ပြောမနေနဲ့... ငါသူ့ကိုမချစ်တာသိလို့ စစ်ဗိုလ်တစ်ယောက်နဲ့ဖြစ်သွားပြီ... အဲဒီစစ်ဗိုလ်ဟာ ဘယ်သူလည်း သိလား"

"ဘယ်သိမှာလဲ"

"'ဖြူစင့်' သူငယ်ချင်း 'ဓာနည်' ပဲ"

"ဟုတ်လား"

'ဖြူစင်' တအံ့သြဖြစ်သွားသည်။

"ဘာလဲ စိတ်မကောင်းဖြစ်သွားပြီလား"

"မဖြစ်ပါဘူး... 'ဓာနည်' နဲ့ ငယ်သူချင်းပါ"

"ကဲ ရထားထွက်တော့မယ်... ဟိုကျရင် သစ္စာရှိရှိနေနော် ငါစာရေးရင်လည်း မပြန်ဘဲမနေနဲ့ဦး... နင်အမြန်ဆုံးပြန်ရောက်မယ့်ရက်ကို ငါစောင့်နေမယ်"၊

ရွာက ဝမ်းသာအားရ တပျော်တပါးကြိုဆိုကြသည်။ သမီးဖြစ်သူပြန်လာဖြင့် အဖေနှင့်အမေတို့ ဝမ်းသာနေကြသည်။ ကိုကြီးကလည်း သူဖြစ်ချင်တာဖြစ်သဖြင့် ကျေနပ်နေသည်။ ဤတစ်လနှစ်လအတွင်းမှာပင် စာကြည့်တိုက်တွင် ဆေးခန်းဖွင့်နိုင်ရန်ကြိုးစားကြသည်။

နားကြပ်၊ ဆေးအပ်နှင့် အတိုအထွာလေးလောက်သာရှိသဖြင့် ဘာမျှသိပ်ကုလို့မရ။ ထိုကြောင့် ရောဂါမဖြစ်အောင်ကာကွယ်နည်းနှင့် တတ်နိုင်သလောက် ပြုစုသည်။ အောင်စာရင်းမထွက်ခင်နှင့် ဘွဲ့တက်မယူခင် အချိန်ကာလသည် အဘယ်သို့ကုန်ဆုံးသွားမှန်း မသိလောက်အောင်မြန်ဆန်လှသည်။





သူများတွေဘွဲ့တက်ယူဖို့ ထောင်သောင်းချီ၍ အတုန်းအကြိုးစားနေချိန်တွင် 'ဖြူစင်' တို့မိသားစုအတွက် ထူးချွန်ကုန်သောအချိန်၌ ခပ်အေးအေးပင်နေလိုက်သည်။ မြို့တက်မြို့တွင်နေသော ခုံတာအထဲတွင်သူဘွဲ့ယူသောအခါ ဘယ်လိုဝတ်မည်၊ ဘယ်လိုဖြင့်ပြောဆွေရေးထားသလို 'ဖြူစင့်' ကိုကော ဘာတွေမှာဦးမလဲ၊ ဆံဝင်တွေဘာတွေ ဆိုင်မှာပြုပြင်မလားဟု မေးထားသေးသည်။

"ငါ့သမီးလေးဘွဲ့ယူတာတောင် အမေတို့မှာ ရွှေတာမှုန်တဆင်စရာမရှိဘူးကွယ်"

အမေက သမီးအလှကိုကြည့်ပြီး စိတ်မကောင်းစွာပြောသည်။ 'ဖြူစင်'က အမေ့ကိုဖက်၍...

"အမေတို့ အစ်ကိုတို့စေတနာက 'ဖြူစင်' အတွက် အခုနှလယ်တင့်ခဲ့ပြီပဲ မဟုတ်လားအမေရယ်... ဟော အခုကြည့်--ကျောင်းပညာတွေထဲမှာ အမြင့်ဆုံးအခက်ခဲဆုံးဖြစ်တဲ့ ဆေးပညာဘွဲ့ကို သမီးတက်ယူနိုင်တာဟာ အမေတို့ အဘတို့ အစ်ကိုတို့ရဲ့ကျေးဇူးတွေကြောင့်ပဲ မဟုတ်လားလို့"

ဘာပြောပြောအမေကတော့ မိန်းမတို့ထုံစံအတိုင်း သမီးဖြစ်သူအတွက် ဘွဲ့တက်ယူသောနေ့တွင် သူတို့လင်မယားပါတက်ယူရမည်ဖြစ်၍ ထမီ၊ ပုဆိုးကအစ၊ တိုက်ပုံ၊ ပုဝါအဆုံးတစ်စုံလုံးလှည့် ငှားနေသည်ဟုသတင်းရလေသည်။ အမေတို့စိတ်မကောင်း ဖြစ်မည်စိုး၍ 'ဖြူစင်' မပိတ်ပင်တော့ပါ။ သို့သော် ရွှေဆင့်တာကိုတော့ ပြောရသည်။ အမေရယ်ပေါ့၊ 'ဖြူစင်' လည်းတင်ဆွဲဖို့ဆိုပြီး 'အရီးမမြ' ဆီက ရွှေဘယက်ကြီး သွားယူ[illegible]ခြင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အမေကလည်းနော်... 'ဖြူစင်' အဲဒါမျိုးတွေ မကြိုက်ဘူးလို့ပြောထားပြီကော... သူများပစ္စည်းကြီး ဝတ်ထားရျာ 'ဖြူစင်'စိတ်မလုံဘူး... ပြီးတော့ ဝါသနာလည်းမပါဘူး... 'ဖြူစင်' ဘာမှမဝတ်ဘဲလည်း လှတယ်မဟုတ်လား အမေ"

"လှပါတယ်အေ... ဒါပေမဲ့ ငါ့သမီးလေးကို ဝတ်စေချင်တဲ့စေတနာနဲ့ယူခဲ့တာပါ"

"အမေ့စေတနာကို 'ဖြူစင်' သိပါတယ်... ဒါပေမဲ့ အဆေဝမရှိဘဲ ဝိမလုပ်တာအကောင်းဆုံးပဲ... တော်ကြာဒါကြီးပျောက်သွားရင် အမေတို့ 'ဖြူစင်'တို့မှာ လျော်စရာမရှိဘူးနော်... 'ဖြူစင်' အတွက်ဘာမှစိတ်မကောင်းလည်းမဖြစ်နဲ့... သနားလည်း မသနားနဲ့... 'ဖြူစင်' ဆင်းရဲတယ်ဆိုတာ အားလုံးသိပြီးသား... ဒီအတိုင်းရိုးရိုးသွားတာကမှ ကောင်းပါသေးတယ်... ကိုယ့်မှာရှိတာနဲ့ ရောင့်ရဲတင်းတိမ်တတ်ရင် အားလုံးပြည့်စုံပြီး စိတ်ချမ်းသာရပါတယ် အမေ"

"အင်း သမီးပြောတာလည်း မှန်တာပဲ... ဒါဆိုအမေငှားထားတာတွေ သွားပြန်ပေးလိုက်မယ်နော်"

"ပေးလိုက်ပါအမေ"

ထိုရက်နောက်ပိုင်းမှ အမေလည်း ဟိုအိမ်သည်အိမ်တက် ရှုပစ္စည်းငှားခြင်း အလုပ်များပြီးဆုံးသွားပြီး သနပ်ခါးအဖွေးသား ဆေးလိပ်အဖွာမပျက်၊ ကွမ်းယာအစားမပျက်တော့ပဲ ရွာထဲမှာ တခြားရွာမှ 'ဖြူစင့်' ဂုဏ်သတင်းလာမေးသွားသူများကို အကြီးအကျယ်ထိုင်ကြွားနေပါတော့သည်။

ရန်ကုန်မပြန်ခင်တစ်ရက် ရွာထဲမှအသိအကျွမ်းများကို





လိုက်နှုတ်ဆက်ရပါသည်။

"အေးကွယ်... ငါ့တူမကြီးခုလိုအခက်အခဲမတွေ့ဘဲ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး ဆရာဝန်မကြီး ဖြစ်လာတာကို 'ဦးလေးလှ' တို့လင်မယားနှစ်ယောက်လုံးက ကိုယ့်သားသမီးအရင်းခေါက်ခေါက်တစ်ယောက် ဆေးပညာတွေရသလိုကို ဝမ်းသာဂုဏ်ယူပါတယ်ကွယ်... 'ဦးလေးလှ' တို့ရွာအတွက်လည်း အားကျစရာဖြစ်ခဲ့ပြီကိုး... နောက်ပိုင်းဆယ်တန်းအောင်တဲ့ကလေးတွေထဲမှာ ကြိုးတော့ ကြိုးစားကြပါတယ်ကွယ်... ဒါပေမဲ့ သမီးလိုဆေးလိုင်းဝင်တဲ့ကလေးတစ်ယောက်မှမရှိဘူး"

"'ဖြူစင့်' တုန်းကလည်း 'ဖြူစင့်' ကြိုးစားမှုတစ်ခုတည်းကြောင့် ဆေးကျောင်းရောက်တာမဟုတ်ဘူး 'ဦးလေးလှ'... အစ်ကိုကြီးက တစ်ချိန်လုံးသတိပေးပြီး လိုအပ်သမျှကူညီနေလို့သာ ရောက်ခဲ့တာပါ... ဘာပဲဖြစ်ဖြစ် 'ဖြူစင်' ပြန်ရောက်လာတဲ့အချိန်ကျရင်တော့ ကလေးတွေကို ကြပ်ကြပ်မတ်မတ်လုပ်ပေးရင် ဖြစ်လာမယ်လို့ အာမခံပါတယ်"

"အေး အေး... ငါ့တူမပြန်လာမယ့်ရက်ကို မျှော်နေပါတယ်ကွယ်"

'ဖြူစင်' နှုတ်ဆက်ပြီး အိမ်ပေါ်မှအဆင်းတွင်...

"ကောင်မကိုက သူ့ကိုယ်သူဟုတ်လှပြီထင်နေတယ်... အဝင်မြင့်နေတာ... သူဆရာဝန်ဖြစ်မှပဲ တစ်ရွာလုံးကောင်းစားရတော့မယ့်ပုံစံမျိုးနဲ့ပြောနေလိုက်တာ... ဟွန်း သူ့ဆေးကျောင်းအတက်ကောင်းလို့ သူ့အဖေရဲ့ခြံကိုရောင်းပြီး အခစားနေထုပ်နေတာတို့... သူ့အစ်ကိုကြီးလည်ပင်းကြွေးခိုက်နေတာတို့

www.burmeseclassic.com



ကောသိရဲလားမသိဘူး... တစ်ကိုယ်ကောင်းဆန်တဲ့ ဒီလိုကောင်မမျိုးများအထင်လဲမကြီးဘူး... အားလဲမကိုးဘူး... ပိုက်ဆံပေးရင် ဘယ်မှာဖြစ်ဖြစ်ကုလို့ရတာယ်... ရန်ကုန်တက်ပြီး လင်ထောင်နေတာမသိဘူးမှတ်နေသလား ထွီ"

အိမ်၏ဘေးဘက်မြေပြင်ပေါ်ဝယ်ထိုင်၍ ဆန်ပြာနေသော 'ကြီးမြ' ၏သမီး 'မဘုတ်စုံ' က ပြောလိုက်ခြင်းဖြစ်သည်။ 'ဖြူစင်' ထွက်လာသောအခါ ဒေါသကိုပြန်၍ဖြေယူရသည်။သူ ရန်စလို့ရန်ဖြစ်လျှင် ဂုဏ်ရှိန်သတင်းသင်းနေသော မိမိသိက္ခာကျမည်ဖြစ်သလို၊ 'ဘုတ်စုံ' ၏မိဘများဖြစ်သော 'ဦးလေးလု' နှင့် 'ကြီးမြ' သည် မိမိတို့မိသားစုအတွက် ကျေးဇူးကင်းသူများ မဟုတ်။ ထို့ကြောင့်ပညာရှိအမျက်အပြင်မထွက်ရန် ကြိုးစားရသည်။

"ညည်းကို 'ဘုတ်စုံမ' ကရန်ထောင်လို့ဆို"

အိမ်မရောက်ခင်ရွာလယ်၌ အမေနှင့်ဆုံသည်။ အမေ့ဆီသတင်းရောက်တာ မြန်လှချည်လား။

"ကောင်မတော်များ ဘာအပြစ်မှမရှိတဲ့ငါ့သမီးကို ပျက်စီးသလေးဘာလေးနဲ့ ငါအခုသွားရှင်းမယ်"

"အမေရာလာစမ်းပါ... သူကအခုပြောပြော 'ကြီးမြ' တို့ကျေးဇူးတွေကရှိသေးတာယ်မဟုတ်လား... လာစမ်းပါ... ခွင့်လွှတ်လိုက်စမ်းပါ"

ကိုယ့်ဒေါသကို မနည်းဖြေယူရသည့်အထဲ အမေ့ကိုပါဆွဲခဲ့ရသေးသည်။ ဘွဲ့ယူခဲ့သောနေ့က 'ဖြူစင်' တန်ဖိုးမကြီးလှသော အဖြူအမည်းဖြင့်ယက်လုပ်ထားသော ချိတ်ထမီဖေါ့ရှန်



အင်္ကျီလက်ရှည်ဖြင့်ပဓ်တက်ယူခဲ့သည်။ လည်ပင်းတွင်အလုံးကြီးကြီးပုလဲကုံးလေးပတ်ဆွဲထားသည်။ မျက်နှာကောဆံပင်ကောဘာမျှမပြင်။

အနက်ရောင်ဘွဲ့ဝတ်စုံဖားဖားကြီး ဝတ်လိုက်သောအခါ အတွင်းမှဝတ်ထားသမျှသည် အားလုံးဖုံးလွှမ်းသွားသည်။

" 'ဖြူစင်' ရေ... ခဏလေးစောင့်ဦးနော်"

'ဝါဆို' က 'စု' နှင့် 'သန်းသန်း' ၏အလယ်တွင်ရပ်၍ ဓါတ်ပုံအရိုက်ခံနေသော 'ဖြူစင်' ကို ခေါ်လှမ်းရန်လာပြောခြင်းဖြစ်သည်။ 'စု' နှင့် 'မောင်မောင်' တွဲ၍ရိုက်သလို 'သန်းသန်း' နှင့် 'ကိုစိုး' လည်းရိုက်ကြသည်။ 'ဝါဆို' က အပြေးအလွှားရောက်လာပြီး...

"လာလေ... နင်နဲ့ငါလည်းတစ်ပုံလောက် တွဲရိုက်ရအောင်"

"ဟာ မရိုက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ... သူများတွေတောင်ရိုက်ပြီးကုန်ပြီ"

"အေးလေဟာ... 'မိဖြူ' ကလည်းရိုက်လိုက်ပါ... ဈေးတိုင်မနေစမ်းပါနဲ့..."

အားလုံးကတွန်းလိုက်၊ ဆိတ်လိုက်၊ ထိုးလိုက်လုပ်နေသဖြင့် 'ဝါဆို' နှင့်တစ်ပုံတွဲပြီး ရိုက်ဖြစ်သွားသည်။ သူငယ်ချင်းတွေနှင့်ပြီးတော့လည်း ရိုက်ဖြစ်သည်။ 'ဝါဆို' က 'ဖြူစင်' လက်ကိုဆွဲပြီးခေါ်နေသဖြင့်...

"လွှတ်စမ်းပါ 'ဝါဆို'... လူတွေရှေ့မှာဆွဲလားလွဲလားလုပ်မနေနဲ့ဟာ"





www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုပ်ပုပ်ဖြင့်အော်ပြီး သူ့လက်ကိုအတင်းတွန်းလွှတ်ပစ်လိုက်မိသည်။ မိမိတို့မိသားစုမြင်လျှင် မကောင်းသလို 'ဝါဆို' မိသားစုမြင်လျှင်လည်းမကောင်းပါ။

"မာမီ ဒါသားပြောတဲ့ 'ဖြူစင်' လေ… မာမီမှတ်မိသေးလား… ဒေသမှာတုန်းက မာမီတောင် 'ဖြူစင့်' ကို ဘယ်ကျူရှင်တက်လို့ဂုဏ်ထူးတွေအများကြီးရတာလဲလို့ လိုက်မေးသေးတယ်လေ"

"မာမီ မှတ်မိပါတယ်"

'ဝါဆို့' မာမီ 'ဒေါ်တင်တင်မြိုင်' က 'ဖြူစင့်' တစ်ကိုယ်လုံးကို အထက်အောက်အကဲခတ်သလိုကြည့်ရင်း မရယ်မပြုံးမျက်နှာဖြင့်ပြောသည်။ 'ဒေါ်တင်တင်မြိုင်' ၏လေသံနှင့်ဟန်ပန်သည် 'ဖြူစင့်' ကိုသိပ်အရောဝင်လိုဟန်မရှိမှန်းသိသာပါသည်။

'ဖြူစင်' ဆိုသည့်မိန်းမကလည်း အနိုင်ခံချင်သည့်အစားမျိုးမဟုတ်။ ထို့ကြောင့်…

"ငါသွားမယ် 'ဝါဆို'… ငါ့အမေအဖေတွေစောင့်နေတယ်"

"ဟုတ်လား… ငါလည်းလိုက်[illegible]တ်ဆက်ဦးမယ်"

"နေပါစေ 'ဝါဆို'… ငါ့အစ်ကိုယောက်ျားလေးမိတ်ဆွေထားတာမကြိုက်ဘူး"

'ဖြူစင်' ခြေလှမ်းကျဲများဖြင့်ပင် ထွက်ခဲ့သည်။





'ဖြူစင်' မြောက်ဥက္ကလာပဆေးရုံတွင် အလုပ်သင်ဆရာဝန်အဖြစ်ဆင်းနေသည်။ 'ဝါဆို' လည်းအတူတူဖြစ်သည်။

"'ဖြူစင်' က မာနသိပ်ကြီးတာပဲကွာ… မာမီ့ရှေ့မှာအဲ့သလိုလုပ်သွားတာ ဘယ်ကောင်းမလဲ"

"နင့်မာမီမျက်လုံးနဲ့ မျက်နှာကတော့ ငါ့ကိုအရောမဝင်ချင်သလို နှိမ်သလိုလိုလုပ်နေတာကော"

"ဘာပဲဖြစ်ဖြစ်[illegible]ယ့်နဲ့ယောက္ခမတော်ရမယ့်သူပဲ နည်းနည်းပါးပါးသည်းခံလိုက်ရင် ပြီးတာပဲ"

"နင်သိပ်စိတ်ကူးမယဉ်နဲ့ 'ဝါဆို'… ငါထင်တယ် နင့်မာမီဟာ ငါနဲ့နင့်ကိုလုံးဝသဘောတူမှာမဟုတ်ဘူး… ငါကလည်းနင့်သိအောင်ပြောထားမယ်… နင့်အမေတစ်နေ့ဒီလိုလုပ်လာခဲ့မယ်ဆိုတာသိလို့ကို နင့်အချစ်ကို ငါအချိန်တွေအကြာကြီးဆွဲထားခဲ့တာ… ငါနဲ့သဘောမတူရအောင် ငါကဘာဖြစ်နေလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့သားတတ်တဲ့ပညာကို တန်းတူသင်ထားနိုင်တဲ့မိန်းကလေးပါ"

"ဟာကွာ... နင်ကလည်းဒေါသကြီးပဲ... သူတို့သဘော တူထားမတူတာအရေးမကြီးပါဘူး...ငါကတော့နင့်ကိုပဲချစ်တယ်"

"ချစ်တာတစ်ခုတည်းနဲ့ မပြီးဘူးဆိုတာနင်မသိသေးဘူး လား"

"ဘာပဲဖြစ်ဖြစ် နင့်ကိုပဲငါလက်ထပ်မှာ"

နှစ်ယောက်စလုံး သက်ပြင်းချမိကြသည်။ အလုပ်သင် ဆရာဝန်သက်တမ်းပြည့်သွားသောအခါ 'ဖြူစင်' မော်လမြိုင်သို့ ပြန်ရောက်ခဲ့သည်။ ပိုစတင်စောင့်ရသည်။





"မာမီပြောတာလွန်သလား သား... မင်းမှာယူစရာမိန်းမ ဒီလောက်ရှားနေပြီလား... မော်လမြိုင်တစ်မြို့လုံး ရန်ကုန်တစ် မြို့လုံး ဆေးကျောင်းတစ်ခုလုံးမှာ မင်းအတွက်ဒီလောက်ကြိုက် စရာရှားနေပြီလား... မင်းတစ်ယောက်အတွက် မစဉ်းစားပါနဲ့ 'ဝါဆို'... လက်ထပ်ဖိတ်စာမှာ မိန်းကလေးအဖေအမေနာမည်နဲ့ လိပ်စာကမပါဘဲနေမှာမဟုတ်ဘူး... မာမီတို့အသိုင်းအဝန်းမှာ မျက်နှာမပြရဲအောင်မလုပ်ပါနဲ့သားရယ်... မာမီတောင်းပန်ပါ တယ်"

" 'ဖြူစင်' ဟာ ပညာတတ်မိန်းကလေးတစ်ယောက်ပါ မာမီ"

"ပညာတတ်ယုံ တစ်ခုတည်းကို ကြည့်လို့ပြီးတာမှ မဟုတ်ဘဲ... ဆွေမျိုးအသိုင်းအဝိုင်းလည်း တင့်တယ်မှပြီးတော် သား... သားနဲ့တော့ခက်ပါတယ်... 'စန္ဒီ' နဲ့စေ့စပ်မယ်လုပ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကောင်မလေးကိုတမင် ဖွတိုက်လွှတ်လိုက်တယ်... ခု ကောင်မလေးတောင် ဟိုစစ်ဗိုလ်နဲ့ယူဖြစ်တော့မယ်ပြောတယ်"

"ဝမ်းသာပါတယ်လေ... သူ့အတွက်အဖော်ရှိသွားတာကို... ကိုယ်နဲ့မယူဖြစ်ပေမယ့် ကောင်းကောင်းမွန်မွန်ဖြစ်စေချင်ပါတယ်"

"သားကကောဘယ်လိုလဲ... အဲဒီကောင်မလေးကိုဖြတ်မလား မဖြတ်ဘူးလား"

"မာမီရယ်... သူ့ကိုကျွန်တော် တကယ်စွဲလမ်းနေတာပါ မာမီပေးစားမယ့် တခြားမိန်းကလေးတွေကို ကျွန်တော်ချစ်နိုင်မှာမဟုတ်ဘူး... တခြားမိန်းကလေးတွေကိုယူရင် မာမီသားပဲတစ်သက်လုံးစိတ်ဆင်းရဲမှာပါ မာမီ... တခြား ကျွန်တော်တတ်နိုင်တာ အကုန်လုံးလုပ်ပေးပါ့မယ်... အဲဒါတစ်ခုတော့ ခွင့်လွှတ်ပါ မာမီ... သားတောင်းပန်ပါတယ်"

'ဒေါ်တင်တင်မြိုင်' ပြုံးသည်။

"ကောင်းပြီလေ... မင်းသိပြီးတဲ့အတိုင်း မင်းဒယ်ဒီနိုင်ငံခြားအပြီးအပိုင်သွားနေရင် မင်းလည်းလိုက်ရမှာ... ဒီတော့မင်းကောင်မလေးက အပြီးအပိုင်လိုက်နေနိုင်ပါ့မလား"

ထိုစကားကြောင့် 'ဝါဆို' ငိုင်တွေသွားသည်။ 'ဖြူစင်' လိုမျိုးချစ်စိတ်ရှိသော မိန်းကလေးမပြောနှင့်သာမန်မိန်းကလေးတစ်ယောက်မင်လျှင် ကိုယ့်ပြည်၊ ကိုယ့်ရွာကိုအပြီးစွန့်ပြီးသွားဖို့ဆိုတာ အတော်စဉ်းစားရမယ့်ကိစ္စဖြစ်သည်။

'ဝါဆို' စိတ်ညစ်ရသည်။

"မာမီတို့က တကယ်သွားမှာမို့လို့လား"





"မယုံရင် မင်းဒယ်ဒီဆေးရုံကပြန်လာတော့ မေးကြည့်ပေါ့"

ပြန်လာတော့ 'ဝါဆို' ချက်ချင်းမေးသည်။

"ဟုတ်တယ်သား... အရှေ့တောင်အာရှဆေးရုံတွေမှာ မြန်မာပြည်ကဆရာဝန်တွေ လူကြိုက်အတော်များနေတယ်... သားရောဒယ်ဒီရော မင်းကောင်မလေးပါသုံးယောက်အားဆိုရင် ဆိုးဘူးကွ... လိုက်အောင်နားလည်အောင် ပြောကြည့်ပေါ့ကွာ"

မာမီကလည်း စိတ်ပါဝင်စားစွာပြောသည်။

"သားရဲ့ 'ဖြူစင်' က မာမီတို့အစီအစဉ်ကို လက်ခံမယ်ဆိုရင် သားနဲ့အတူလိုက်ခဲ့မယ်ဆိုရင် သားအတွက်မာမီတို့ကသူ့မိဘတွေဆီမှာ လိုက်တောင်းရမ်းပေးမယ်"

"ကျွန်တော့်ကို သူနဲ့သွားဆွေးနွေးခွင့်တော့ပေးပါ"

"ဆွေးနွေးနိုင်တယ်သား... အဆင်ပြေရင်အကြောင်းကြားလိုက်... မာမီတို့ချက်ချင်းလိုက်ခဲ့မယ်"

'ဝါဆို' ချစ်သူရှိရာမြေသို့ ပေဟင်မှလေယာဉ်စီးကာ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃၁

"ဟယ် 'ဝါဆို' "

ဆေးရုံမှပြန်လာသော 'ဖြူစင်' ကို 'ဝါဆို' က ထွက်ကြိ
နေသည်။ မမြင်ရတာကြာပြီဖြစ်သော ချစ်သူကိုမြင်လိုက်ရ
ဖြင့် 'ဖြူစင်' ရင်များခုန်လာသည်။ 'ဝါဆို' လည်းထို့အတူပါပဲ

"နင်ဘာနဲ့လာလဲ"

"လေယာဉ်နဲ့"

"အကြောင်းမကြား ဘာမကြား"

"တမင် အံ့ဩစေချင်လို့ပါ... နင်ငါ့ကိုကောသတိရ
လား"

"ရတာပေါ့"

"တကယ်ကောရရဲ့လားဟာ... စာရေးလည်းလေး
စောင်ရေးမှ တစ်စောင်ပဲပြန်တယ်... ငါ့ကိုမချစ်လို့လား"

ထိုအမေးကြောင့် 'ဖြူစင်' က ခေါင်းလေးငုံ့ပြီးပြုံးသည်။





"ပြုံးမနေနဲ့အချစ်ရာ... တို့ကြားချင်တာကို ဖြေဖို့သင့်ပြီ
ထင်တယ်... ချိန်းဆိုထားတဲ့ရက်ကိုလည်း ရောက်ဖို့ဘာမှမလို
တော့ဘူး"

"အင်းလေ... ဘာမှမလိုတော့မှတော့ မထူးပါဘူးဟယ်
စောင့်လက်စနဲ့ စောင့်လိုက်ဦးနော်"

"ဟာကွာ... 'ဖြူစင်' အဲ့ဒီလောက်အထိဖြစ်နေတာ ချစ်
တယ်ဆိုတဲ့စကားကို ဘယ်သူ့အတွက်သိမ်းထားချင်လို့လဲ... ဘာ
လဲ ငယ်ငယ်ကရည်းစား စစ်ဗိုလ်အတွက်လား"

"မဟုတ်တာကွာ... 'စာနည်' နဲ့ 'စန္ဒီ' ဖြစ်သွားကြတာ
ငါကြားပြီးပြီ... ပေါက်ကရတွေလျှောက်ပြောမနေနဲ့"

"ဒါဆိုဘာလို့ ဒီစကားတစ်ခွန်းပြောဖို့ကို ဆယ်နှစ်
လောက်အချိန် ဆွဲထားချင်တာလဲ... ငါ့အချစ်ကိုစော်ကားတာ
လား... မယုံကြည်တာလား....ဒါမှမဟုတ်ဒီကောင်တော့ ငါ့ကို
အရူးအမူးဖြစ်နေတာပဲ... ငါကြိုးဆွဲသလိုကမှာပဲ... ငါလုပ်သမျှ
ရတာပဲဆိုပြီး အရူးလုပ်နေတာလား"

စိတ်တိုနေသော ရန့်ထောင်နေသော ချစ်သူလူချောကို
ကြည့်ပြီး 'ဖြူစင်' သနားသွားသည်။ တစ်နေ့တခြား 'ဝါဆို'
မိမိကို ဘယ်လောက်ချစ်မှန်းတွယ်တာလာမှန်း သိလာပါပြီ။

" 'ဝါဆို' "

'ဝါဆို' က မထူး။ ခေါင်းကိုငိုက်စိုက်ချ၍လျှောက်နေ
သည်။

"ဆရာဝန်ကြီးကလည်း စိတ်ကောက်တတ်သားပဲ...
အယာကောင်းလွန်းလို့ ရုပ်ရှင်မင်းသားလုပ်စားလို့ရောင်းရ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးကလည်းချောတော့ ကောင်မလေးတွေဝိုင်းနေမှာသေ ချာတယ်"

သူကစကားမပြောဘဲ ညှိုးငယ်သော မျက်နှာဖြင့် လျှောက်လာသည်။ တဖြည်းဖြည်း 'ဖြူစင်' တို့အိမ်ရှေ့နား ရောက်လာသည်။

"နင်ဘယ်မှာတည်းမှာလဲ 'ဝါဆို' "

" 'ဦးရွှေဘ' တို့ဆီမှာ ငါသွားမယ်"

ထိုမျှသာပြော၍ ခြေလှမ်းကျဲများဖြင့်ထွက်သွားသည်။ 'ဖြူစင်' စိတ်များတဖြည်းဖြည်းအရည်ပျော်လာသည်။ တင်းထား သောစိတ်များကိုလည်း လျှော့ချမိသည်။ သူ့အတွက် မိမိတစ် လှည့်ပေးရဦးမည်။

*ဝါဆို*

*စိတ်ကောက်နေတုန်းပဲလား... အတူနေတဲ့အခါ အဲ့သလိုစိတ်ကောက်ပြီး ငါ့ကိုတစ်ယောက်တည်းပစ်သွားရင် ဒုက္ခပဲ— နင့်ကိုငါမချစ်ဘဲလက်ထပ်ဖို့ နှစ်ရှည်လများ အချိန်ဆွဲထားပါ့မလားဟယ်... နင့်ကိုငါချစ်ပါတယ်... ကဲ ကျေနပ် တော့....*

*နင့်ရဲ့ ဖြူစင်*

ထိုစာကိုကလေးတစ်ယောက်နှင့် ပေးခိုင်းလိုက်ပြီးမှ မကြာ ပါ။ 'ဝါဆို' အိမ်သို့ရောက်လာသည်။

" 'ဖြူစင်' ရေ... သမီးသူငယ်ချင်းလာနေတယ်"

'ကိုကြီးဒေါင်းလွင်' က ရောင်ထွက်သွားသည်။ 'ဝါဆို' နှင့် 'ဖြူစင်' ကိစ္စကိုမတားမြစ်သလို အားလည်းမပေး။ 'ဖြူစင်'





အ ကိုကြီးချမှတ်ထားသောစည်းမျဉ်းကို တစ်ခုမျှမချိုးဖောက်သ ဖြင့် အပြစ်ရှာမရ။ အချိန်တန်အရွယ်ရောက်လာပြီဖြစ်၍ ခွင့်ပြု ရတော့မည်။

"ထမင်းစားမယ်မဟုတ်လား 'ဝါဆို' "

"ငါစားပြီးပြီ... 'ဦးရွှေဘ' ကျွေးတယ်"

'ဖြူစင်' မြင်ပါသည်။ 'ဖြူစင်' တို့အိမ်ဘေးပတ်ပတ် သည်တွင် ချောင်းနေသူများကို။ 'ဝါဆို' နှင့် မိမိတို့အကြောင်းကို သိချင်၍ လာချောင်းနေကြခြင်းဖြစ်မည်။ လူကြီးများရှေ့မှာဖြစ် ၍ ဆေးဝါးအကြောင်းကို ဟိုအကြောင်းသည်အကြောင်းပြောရင်း ရေနွေးကြမ်းနှင့်လက်ဖက်သုတ်စားရင်း အချိန်ကုန်သွားသည်။

နောက်တစ်နေ့ တွေ့ဆုံသောအခါတွင်မှ...

"စိတ်ဆိုးပြေသွားပြီလား ဆရာကြီး"

"တစ်ဝက်တော့ပြေသွားပြီ... တစ်ဝက်ကျန်သေးတယ်"

"နင်ကြားချင်တာသိပြီပဲဟာ... ဘာကိစ္စတစ်ဝက်ကကျန် နေသေးတာလဲ"

"နားကမကြားရသေးဘူး... ကဲ ပြော"

"နင့်မိဘတွေကို လာနားဖောက်ခိုင်းနိုင်ပြီ"

"ချစ်တယ်လို့အရင်ပြော"

"အေးပါဟာ"

"မရပါဘူး... ပြော"

"ချစ်ပါတယ် ဆိုနေမှပဲဟာ"

"နင့်ဆီကချစ်ပါတယ်ဆိုတဲ့ ရန်ထောင်ပြီးပြောတဲ့အသံ ကို ကြားချင်လွန်းလို့နှစ်ပေါင်းများစွာ စောင့်ခဲ့တဲ့ကောင်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ တော်တော်ပြောလို့ကောင်းနေနော်... နင်အဲဒီလောက်ချစ်မှန်းသိလို့လည်း ငါကပြန်ချစ်တာပေါ့"

'ဝါဆို' က 'ဖြူစင်' လက်ကလေးကို ယုယစွာကိုင်တွယ်ရင်းလျှောက်သည်။

"နက်ဖြန်တစ်ရက် ခွင့်ယူလိုက်ပါလား ကိုယ်တို့လျှောက်လည်ရအောင်လေ"

"ထူးထူးထွေထွေဘာများ လည်စရာရှိတော့လို့လဲဟယ် ဒီမြို့ထဲကဘုရားတို့ စက်စဲတို့ ကျိုက္ကသမီတို့ဆိုတာ ဘယ်နှစ်ခေါက်ရောက်မှန်းတောင်မသိဘူး"

"မှန်ပါတယ်... ချစ်သူအဖြစ်တစ်ခါမှမရောက်သေးလို့ပါ"

"ကဲ ဒါဖြင့်လည်းနက်ဖြန်အတွက် ခွင့်တစ်ရက်ယူခဲ့မယ်"

'ဝါဆို' ရှိုးထုတ်လာသည်။ ပုဆိုးအသစ်၊ ရှပ်အကျီလည်းအသစ်။ ကော်လာတွာတုံးနှင့်မို့ ကြည့်ရပိုကောင်းသလိုပင်။ သိက္ခာရှိလာသလိုလို၊ တိုက်ပုံမီးခိုးရောင်နှင့် မန္တလေးမြောက်ပြင် လုံချည်အနက်ရောင်၊ ကတ္တီပါသဲကြိုးဖိနပ်၊ ချိုင်းကြားတွင်ယော ကျားကိုင်သားရေပိုက်ဆံအိတ်ကို ညှပ်ထားသည်။

'ဖြူစင်' ကိုမြင်တော့ 'ဝါဆို' ပိုအံ့သြသွားသည်။ ကြည် ပြာရောင်မိတ်ကပ်ပန်းရောင်ပျော့ပျော့လေးလိမ်းကာ နှုတ်ခမ်း ဖျော့ဖျော့လေးဆိုးထားသည်။

"သွားမယ်လေ ဘာကြည့်နေတာလဲ"

"လှလွန်းလို့ပါ"





"ဟာ ငါ့ကိုအဲလိုရှက်စရာစကားတွေမပြောနဲ့"

"ကိုယ့်ချစ်သူကိုယ်လှတယ်ပြောတာ မပြောရဘူးလား"

"မပြောနဲ့ဆိုနေကွာ"

'ဖြူစင်' မျက်နှာနီနီဖြင့် ရှေ့မှလျှောက်သွားနှင့်သဖြင့် 'ဝါဆို' ပါးစပ်ပိတ်၍နောက်မှလိုက်ခဲ့ရသည်။

"အပြန်ဈေးကြီးထဲဝင်ရအောင် 'ဖြူစင်' "

"ဝင်လေ"

ဈေးကြီးထဲတွင် ဝယ်စရာပစ္စည်းတွေက စုံလင်လှသည်။ အသစ်အဆန်း အဆန်းအပြားတွေကလည်း များပြားလှသည်။ သားရေသေတ္တာဆိုင်ရှေ့တွင်...

" 'ဖြူစင့်' ကိုသေတ္တာတစ်လုံးနဲ့ ပစ္စည်းတချို့လက်ဆောင်ဝယ်ပေးသွားမယ်"

"မယူဘူး... ဝယ်ရင်ပိုက်ဆံကုန်ယုံပဲရှိမယ်"

" 'ဖြူစင်' ကလည်းကွာ... ခုထိသူစိမ်းဆန်နေတုန်းပဲလား... မကြာခင်အတူနေကြတော့မယ့်ဟာ၊ ရန်ကုန်နဲ့မော်လမြိုင်ဟိုကူးသည်ကူးလုပ်နေရတော့ ခရီးဆောင်အိတ်ကောင်းကောင်းလိုမှာပဲ"

"ခရီးဆောင်အိတ် မကောင်းဘဲလာတော့ ရှက်တယ်ပေါ့လေ ဟုတ်လား... နောက်တစ်ခါဆို ထန်းခေါက်ဖာနဲ့ကိုရွက်ပြီးသာခဲ့မယ်"

"ငါကတော့ဘာနဲ့လာလာ နင့်ကိုချစ်ပြီးသားပါ... ဝင်လိုက်မယ်နော်"

"ဟင့်အင်း မဝယ်နဲ့... နောက်မှဝယ်ပေး... အခု[illegible]



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး”

အဝတ်အစားဝယ်ပေးမည် လုပ်တော့လည်း...

“နောက်မှဝယ်ပေးဆိုကွာ... စိတ်ချ နင်ဒီလောက်ဝယ်ပေးချင်တာ အိမ်ထောင်ဦးစီးဖြစ်လာတဲ့အချိန်ကျရင် အိမ်ထောင်တစ်ခုအတွက် ဝယ်ရမှာတွေများလွန်းလို့ ဝယ်ချင်စိတ်တောင်ရှိမှာမဟုတ်တော့ဘူး”

“ကိုယ်ချစ်တဲ့သူရဲ့ အိမ်ထောင်ဦးစီးဘဝကို တစ်သက်လုံးမပျက်မကွက် ရှိသေလေးစားမြတ်နိုးကြင်နာချစ်ခင်...”

“အို ရှည်လိုက်တာ... လို့ရင်းတိုရှင်းပြောစမ်းပါ”

“ဒါ ကျောင်းစာသင်နေတာမဟုတ်ဘူးလေ... ရည်းစားစကားပြောနေတာ... အချစ်သင်တန်းတက်နေတာ”

‘ဖြူစင်’ ကိုဘာမျှဝယ်ပေး၍မရသဖြင့် သကြားလုံးထုပ်များ၊ မုန့်ထုပ်များ၊ ငါးသေတ္တာဗူး၊ ဖျော်ရည်ပုလင်းနှင့်ပလင်းတစ်ပစ္စည်းအချို့ကို ‘ဖြူစင်’ တို့အိမ်အတွက်နှင့် ရန်ကုန်အိမ်အတွက်ဝယ်၍ ပြန်ခဲ့သည်။

“ ‘ဖြူစင်’ ”

“ဟင်...”

အိမ်ရောက်ခါနီးတွင် ဖြစ်သည်။

“ညကျရင်တွေ့ချင်သေးတယ်”

“ဟာ တစ်နေ့လုံးလျှောက်လည်ပြီးပြီတော်ရောပေါ့... သူများမျက်စိနောက်အောင် သိပ်လုပ်တော့မကောင်းဘူးပေါ့ ညဘက်ဆိုရွာဆေးခန်းမှာ သွားထိုင်ရတာနင်အသိပဲ”

“ကောင်းပြီလေ... ဆေးခန်းကိုပဲငါလာခဲ့တော့မယ်”





ပစ္စည်းထုပ်များဖြင့်ရောက်လာသော ‘ဖြူစင်’ ကို ကိုကြီး ‘သောင်းလွင်’ က လှမ်းခေါ်သဖြင့်...

“ကိုကြီး ဘာလဲဟင်”

“နင့်အတွက်ပြောစရာရှိလို့ ‘ဖြူစင်’... ယောကျ်ားလေးတစ်ယောက်နဲ့ မယူဖြစ်သေးဘဲ လူတွေမြင်အောင်လျှောက်တွဲနေတာမကောင်းဘူးထင်တယ်... နင့်လူအကော ဘယ်တော့သူ့မိဘတွေကို လာတောင်းခိုင်းမှာလဲ”

“လာမှာပါ ကိုကြီး... သူအခုလာတာ ‘ဖြူစင့်’ သဘောကိုသိချင်လို့လာတာပါ... ‘ဖြူစင်’ သူ့ကိုလက်ထပ်ခွင့်ပေးနိုင်မပေးနိုင်လာမေးတာပါ... ‘ဖြူစင်’ က ခွင့်ပြုရင်သူ့မိဘတွေကိုခေါ်လာမှာပါ”

“အေးလေ ကိုယ်ကမိန်းကလေးရှင်မို့ ပြောနေရတာ... နင့်ဘာသာနင် နားလည်ရင်ပြီးတာပဲ”

ညဘက်ရွာဆေးခန်းတွင် သီစူးသောကလေး၊ ငှက်ဖျားလူနာရှင်နှင့် ရင်ကျပ်ပန်းနာရောဂါသမားသုံးဦးကို ကုသပေးပြီးသောအချိန်တွင်လူရှင်းသွားသည်။

“ကဲ ပြောလေ ‘ဝါဆို’... ဘာပြောမှာလဲ”

‘ဝါဆို’ မျက်နှာသည်မနက်ပိုင်းလျှောက်လည်ကြစဉ်ကလို ပြုံးပျော်မနေဘဲ မှိုင်းမှုန်နေသည်ကိုတွေ့ရသည်။

“လူရှင်းတုန်းပြောစရာရှိတာ ပြောလေကွာ”

“ပြောမှာပါ... ဘာကစပြောရမလဲ စဉ်းစားနေတာ”

‘ဝါဆို’ မျက်နှာကို ‘ဖြူစင်’ ငေးကြည့်နေမိသည်။

“ဒီလို ‘ဖြူစင်’... အခုဆိုရင် ‘ဖြူစင်’ ဟာ ရင်...



www.burmeseclassic.com

www.burmeseclassic.com



ကော 'ဖြူစင်' ကိုကြီးရဲ့ဆန္ဒတွေကိုပါ ဖြည့်ဆည်းသွားပြီနော်"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"တာဝန်တွေပြီးဆုံးပြီဆိုတော့ လက်ထပ်ပြီးရင်ငါနဲ့ လိုက်နေနိုင်မှာပေါ့"

"ငါပိုင်ပြီဆိုရင် ငါလုပ်ချင်တာလုပ်မယ်ဆိုတဲ့သဘော လား 'ဝါဆို'"

"မဟုတ်ဘူး 'ဖြူစင်'...ငါ့မှာအဲသလိုစိတ်မျိုးမွေးကတည်း က မရှိဘူး"

"ဒါဆိုဘာအဓိပ္ပါယ်နဲ့နင်ပြောတာလည်း နင့်နောက် လိုက်နေတော့ ငါ့ကိုဆရာဝန်ဖြစ်အောင် ပေါင်နှံရောင်းချပြီး ကျောင်းထားပေးခဲ့တဲ့ ငါ့မိသားစုကို ငါ့ကျေးဇူးစပ်ရာရောက်ဦး မလား... သူတို့ဘာနဲ့သွားစားမလဲ... ငါ့မိဘတွေကို ငါစိတ်ချမ်း ချမ်းသာသာ ကိုယ်ချမ်းချမ်းသာသာနဲ့ ထားချင်သေးတယ် 'ဝါဆို'"

"နင်ပြောတာမှန်တယ် 'ဖြူစင်'... ငါဟာတစ်ကိုယ် ကောင်းဆန်တဲ့လူစားမျိုးမဟုတ်ပါဘူး... ငါနဲ့ယူပြီးရင် 'ဖြူစင့်' ကိုငါရွာကျွေးမှာပဲ... 'ဖြူစင့်' လခကို မိဘတွေဆီ အားလုံးပြန်ပို့ ပါ... ငါကျေနပ်ပါတယ်"

"နင်ကျေနပ်တယ်ဆိုတာက အခုကျေနပ်တာ... ရေရှည် ဖြစ်နိုင်ပါ့မလား... နင့်မိဘတွေကကော ဘာပြောမလဲ"

"ဘာမှမပြောပါဘူး... ဒါပေမဲ့ ငါတို့မိသားစုတွေထဲမှာ နင်လည်း အဖါအဝင် ဆွေမျိုးတော်စပ်ရမှာမို့ ငါတို့ရဲ့အစီအစဉ် ကို နင့်ကိုဖွင့်ပြောပြမယ်"

'ဖြူစင်' မျက်ခုံးလေးတွန့်၍ နားထောင်နေသည်။





"မာမီနဲ့ ဒယ်ဒီက နင့်အတွက် စာတစ်စောင်ပေးလိုက် တယ်"

ထိုစကားကြောင့် 'ဖြူစင့်' သွေးတိုးနှုန်းတွေ အံ့ဩ လောက်မြန်လာသည်။ 'ဝါဆို' စာအိတ်လေးကို လှမ်းပေးသည်။

သမီး 'ဖြူစင်' ...

မာမီနဲ့ဒယ်ဒီစာရေးပြီး အကျိုးအကြောင်းကို ဆွေးနွေးလိုက်ပါတယ်... အောင်မြေမယ်ဆိုရင်တော့ မာမီတို့ ချက်ချင်းလိုက်လာပြီး သမီးရဲ့မိဘတွေဆီမှာ သားအတွက်တောင်းရမ်း ပေးမယ်လို့ စိတ်ကူးထားတယ်။

အကြောင်းကတော့ ဒီလိုပါသမီး...

မာမီတို့မှာ အကြံအစည်တစ်ခုရှိတယ်... သား အလုပ်ရှိရာ နိုင်ငံခြားမြို့မှာရှိနေ... အခုမှကြံစည်တာမဟုတ်ဘူး... လွန်ခဲ့သောနှစ်ပေါင်း များစွာကတည်းကပေါ်ခဲ့သော သမီးကို အိမ်တော်ချွေးမလေးအဖြစ်လမ်းနေတယ်ဆိုတာ မာမီတို့ကညီခဲ့တယ်... သမီးကတော့ အစီအစဉ်ပေါ်မှာ... သမီးတာ မာမီတို့ရဲ့ မိသားစုစာရင်းဝင်ဖြစ်တော့မို့ မာမီတို့နဲ့ တိုက်ရိုက် လိုက်နိုင်ကို သိချင်ပါတယ်... မာမီတို့နဲ့ အတူလိုက်နိုင်မယ်ဆိုရင်တော့ သားအတွက် သမီးကိုတောင်းရမ်းပေးပြီး ခမ်းခမ်းနားနား လက်ထပ်ပွဲလုပ်ပေးမယ်... ရန်ကုန်မှာ တစ်နှစ်လောက်နေပြီးရင်တော့ သူ့ကြေညာချက်တင်တယ်...

သမီးဆီက အကြွေရရှင် မာမီတို့ဆီသားတုန်းလက်ခေါ်ပို့ပြီးမယ်... သားကောသမီးကော အဆင်ပြေအောင် ညှိနှိုင်းတိုင်ပင်ပြီး မာမီတို့ဆီအကြောင်းကြားလိုက်ပါ... မာမီတို့လာခေါ်ပါ့မယ်။

သားတို့ သမီးတို့ပျော်ရွှင်နိုင်ပါစေ မာမီ

တင်တင်မြင့်

စာဖတ်နေသော 'ဖြူစင့်' ၏မျက်နှာဖြူဖြူလေး ဖြည်းဖြည်းနီရာမှ ညိုမည်းလာသလို၊ ခပ်ပြုံးပြုံးလေးအရှုံးသား မှ တင်းမာလာပြီး နှုတ်ခမ်းနှစ်လွှာမှာ တင်းတင်းစေ့ထားကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းတစ်ကြောင်းလိုတန်းနေသည်။ လက်တွေတုန်နေမှန်း၊ အသက်ရှူမမှန်းမှန်းသိသာသည်။ စာဖတ်ပြီးသောအခါ 'ဖြူစင်' ကမဲ့ပြုံးပြုံး၏။

"နင့်အမေဟာ တကယ်တော်တဲ့သူပဲ... နင့်နဲ့ငါ့ကိုမပေးစားချင်တာနဲ့ ပညာသားပါပါခွဲလိုက်တာပဲ"

"မာမိကို ဒီလိုမထင်ပါနဲ့ 'ဖြူစင်'... နင်နဲ့ ငါ့ကိုမပေးစားချင်လို့ ခုမှအကြောင်းပြပြီး တမင်ရေးလိုက်တာမဟုတ်ပါဘူး... တစ်နေ့သူတို့နိုင်ငံခြားသွားမယ်ဆိုတာ ငါငယ်ငယ်ကတည်းက ကြားဖူးနေတဲ့စကားပါပဲ"

"ဘာကိစ္စနိုင်ငံခြားသွားနေမှာလည်း 'ဝါဆို' "

"ဟိုမှာ ပိုအကျိုးရှိမယ်ထင်လို့တဲ့"

"နေပါဦးဟာ... နင်တို့မိသားစု အခုဆင်းရဲနေလို့လား... ငါသိသလောက်တော့ နင်တို့မှာ တိုက်တွေကားတွေ စိန်ရွှေရတနာတွေ ပုံလို့ပဲ... ဒါတောင် အကျိုးမရှိဘူးလို့ ထင်နေသလား... နင့်မိဘတွေက သွားမယ်ဆိုရင်တောင် နင်က ဖျက်ဖို့ကောင်းတယ်ဟာ"

"ငါ့ကို သူတို့ကမွေးထားတာဟာ... ပြီးတော့ နှစ်ယောက်လုံးက ပညာတတ်တွေဆိုတော့ ပိုပြီးပြောရခက်တယ်"

"နင်လိုက်မသွားနဲ့ပေါ့... ငါနဲ့လက်ထပ်ပြီး နေခဲ့ပေါ့"

'ဝါဆို' ခေါင်းမှဆံပင်များကို ကုတ်ဖွနေသည်။

"နင်တို့ ငါတို့ဘွဲ့နှင်းသဘင်မှာတုန်းက ရွတ်ဆိုခဲ့တဲ့စကားလုံးတွေကို မေ့သွားပြီလား 'ဝါဆို'... ဆရာတွေဆုံးမခဲ့တဲ့စကားတွေကိုကော မေ့ပစ်လိုက်ပြီလား... နင်တို့လိုသစ္စာမရှိတဲ့



လူတွေကြောင့် ဆရာဝန်တွေအားလုံးအပြောခံရတာ... ပညာတွေ တတ်ပြီး ဘာလို့မိုက်ချင်ရတာလဲ 'ဝါဆို' ရယ်... ငါတို့တိုင်းပြည်မှာပဲ အရင်တာဝန်ကျေအောင် ကျေးဇူးဆပ်ပါဦးတော့... သူများနိုင်ငံမှာသွားပြီး တိုးတက်မှုရှာချင်တာထက် ငါတို့ရဲ့မဖွံ့ဖြိုးသေးတဲ့ ပြည်နယ်တွေ...ရွာတွေက တစ်ပြည်တည်းသား ညီအစ်ကိုမောင်နှမတွေကို လက်တွဲခေါ်ယူပါဦးတော့လား... ခုတော့ နင့်ဟာက ဘယ်သူသေသေငတေမာရင် ပြီးရောဆိုသလို ဖြစ်နေပြီကော ဟာ"

"ငါ့ဆန္ဒမဟုတ်ပါဘူးဟာ... မာမီက နင်နဲ့ငါ့အတွက် တိုင်းပြည်ကိုလျော်ကြေးပေးပြီး ထွက်သွားရမှာတဲ့"

"တိုင်းပြည်အတွက် ငါတို့ကိုပညာသင်ပေးတဲ့ စရိတ်တွေကို ပြန်အစားထိုးလျော်ကြေးပေးနိုင်ပေမဲ့ ငါတို့တွေ ဆေးပညာအလုံးစုံကို တတ်မြောက်အောင် အနှစ်နှစ် အလလသင်ပေးခဲ့တဲ့ ဆရာတွေရဲ့ ကျေးဇူးတွေရယ်... တိုင်းပြည်ကဆရာဝန်ဖြစ်အောင် ခုနစ်နှစ်ဆိုတဲ့ အချိန်တွေကုန်အောင်သင်ပေးခဲ့တဲ့ ကျေးဇူးကိုတော့ နင်ပြန်ဆပ်လို့မရနိုင်ဘူးဟာ"

'ဝါဆို' ကော 'ဖြူစင်' စကားမပြောနိုင်။ ထိုင်ငိုင်နေကြသည်က အတော်ကြာသည်။

"နင်သဘောမပေါက်ပေမဲ့ ငါပေါက်ပါတယ် 'ဝါဆို'— နင့်အမေဟာ ငါနဲ့သဘောမတူလို့ အစီအစဉ်ပျက်သွား[illegible] ဒီစာကိုပေးလိုက်တယ်လို့ပဲ ငါထင်တယ်... ငါနောက်ဆုံး[illegible] မယ်ဟာ... နင် ငါ့ကိုချစ်ရင် မြန်မာပြည်ပဲနေပါ... ဒီ[illegible] ဒီမြေမှာကြီးပြီး ငါတခြားတိုင်းပြည်ကို အထင်ကြီး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘူး... ဒီပြည် ဒီမြေပေါ်မှာ ဘယ်နေရာကိုဖြစ်ပါစေ... ဘယ်လောက်ခေါင်ခေါင် ငါလိုက်မယ်... ဒါ ငါ့ရဲ့နောက်ဆုံးစကားပဲ"

"နင် ငါ့ကိုတကယ်ရောချစ်လို့လား"

"အေး နင်မေးသလို ငါမေးမယ် 'ဝါဆို'... နင် ငါ့ကိုတကယ် ချစ်ကောချစ်ရဲ့လားလို့... နင့်မာမီရဲ့ အစီအစဉ်ကို ငါ လိုက်လျောနိုင်တာ ခွင့်လွှတ်ပါ... ငါ့ကိုတကယ်ချစ်ရင် ငါ့ဆီပြန်လာပါလို့ပဲ ငါပြောချင်တယ်ဟာ"

'ဖြူစင်' အသံတွေတုန်နေသလို မျက်ရည်များရစ်ဝဲနေသည်။ ထို့အတူ 'ဝါဆို' လည်း ချစ်သူနှင့်ထာဝရခွဲရတော့မည်လာဟု တွေးပြီးခံစားမှုများဖြင့် ရင်ဝယ်အားငယ်နေမိသည်။





## ၃၂

'ဝါဆို'ကို လေယာဉ်ကွင်းလိုက်ပို့ပြီး လမ်းလျှောက်လာသော 'ဖြူစင့်' ပါးပြင်ပေါ်တွင် မျက်ရည်ဥများစွဲခို၍နေပါသည်။ 'ဖြူစင်' သိပါသည်။ 'ဝါဆို့' မာမီသည် 'ဖြူစင်' နှင့် ဘယ်လိုမှ သဘောမတူဘူးဆိုတာ၊ 'ဝါဆို' မိမိကိုအလွှန့်အလွန် မြတ်နိုးတွယ်တာသလို မိမိသည်လည်း 'ဝါဆို့' ကိုချစ်ပါသည်။

'ဝါဆို့' မာမီသည် သူ့သားကို မိမိဆီရောက်မလာရန် လေယာဉ်ပျံကြီးဖြင့် ဟို တစ်တိုင်းပြည်သို့ ခေါ်သွားတော့မည်ကိုပေါ့။ 'ဝါဆို့' ကိုမိမိဘက်က စောင့်မျှော်ယုံသက်သက်သာရှိပါ၏။ သူချစ်ရင် မိမိထံပြန်လာမည်ပေါ့။ ထို့ ရက် လများအတွင်းဝယ် မြိတ်မြို့မှ 'စု' နှင့် 'မောင်မောင်' တို့၏ လက်ထပ်ဖိတ်စာရောက်လာသလို 'သန်းသန်း' နှင့် 'ကိုစိုး' တို့၏ စေ့စပ်သတင်းကိုလည်း ကြားသိရသည်။

'စု' ကလူကိုယ်တိုင် မင်္ဂလာပွဲသို့ အရောက်လာရန်မှာထား



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့သော်လည်း 'ဖြူစင်' မသွားပါ။ တစ်သက်မှာ အိမ်ထောင်တစ်ခါသာ ပြုရိုးရှိသောမြန်မာတို့၏ ထုံးတမ်းစဉ်အလာရ သူငယ်ချင်းမင်္ဂလာပွဲကို အမှတ်တရရှိစေရန် အယ်လ်ဘမ်အကောင်းစားတစ်ခုနှင့် ဓာတ်မီးပူအကောင်းစားတစ်လုံး၊ စုထားသောပိုက်ဆံထဲမှ ထုတ်ဝယ်ပေးလိုက်သည်။

'စု'က ပစ္စည်းတွေအများကြီးပို့၍ အားနာကြောင်းနှင့် သူတို့ဇနီးမောင်နှံ အချိန်ရလျှင်လာလည်မည်ဟု အကြောင်းကြားစာရေးသည်။ 'စု'တို့လာမှာကို 'ဖြူ'ကြောက်သည်။ သူတို့မြင်ရင် 'ဝါဆို' ကိုသတိရမည်။ အဖြစ်ဟောင်းတွေ အသစ်ဖြစ်မည်။ 'ဝါဆို' မတွေ့ရတာ ခြောက်လပြည့်တော့မည်။ 'ဝါဆို' ဆီကစာများကို ဖတ်ယုံသာဖတ်ပြီး ပြန်စာမရေးဘဲနေလိုက်မိသည်။

" 'ဖြူစင်' နင်တို့ မင်္ဂလာကိစ္စက ဘယ်လိုလဲ"

'ဝါဆို'ပြန်သွားပြီးကတည်းက မင်္ဂလာကိစ္စကိုလုံးဝမေးတော့သော ညီမဖြစ်သူကို ကိုကြီးက ဖွင့်မေးသည်။

"သူနဲ့ ညီမနဲ့ကိစ္စ မဖြစ်နိုင်တော့ဘူးထင်တယ်"

"ဟင် ဘာကြောင့်တုန်းအေ့"

'ဝါဆို'နဲ့အလွန်ရစေချင်သော အမေက ဆေးလိပ်တိုကိုထိုးချေရင်းမေးသည်။ 'ဝါဆို' မာမီ၏ စာလေးကိုထုတ်ပြလိုက်သောအခါ 'ကိုကြီးသေဝင်းလွင်' ဒေါပွသည်။

"ဒီမိန်းမကြီး တကယ်လယ်တာငါ... နင်နဲ့ မပေးစားချင်လို့ တမင်ခွဲတာ... ဒါကြောင့် အစကတည်းက ငါ ဒီကိစ္စကိုမကောင်းမြစ်သလို အားလည်းမပေးဘူး... ဒီကောင်ဟာ ဟိုဆရာဝန်ရဲ့သားမှန်း ငါသိသားပဲ... နင့် အချစ်ရေးကိစ္စမှာ ငါဝင်မပြောချင်



လို့နေတာ... နင်နဲ့ သဘောမတူဘူးဆိုတာ ငါသိသားပဲ... သူတို့အလွှာက အချစ်ထက်ဂုဏ်ကိုကြည့်တာဟ"

"ကျုပ်သမီးကကော ဘာဖြစ်နေလို့လဲ... ချောချောလှလှ ဆရာဝန်မကြိုက်တာကို ခေါင်းခေါက်ယူလို့ရတယ်"

"ဆရာဝန်မကို သဘောမတူတာ မဟုတ်ဘူးအမေရေ့ အမေ့သမီးကိုတောသူမို့... တဲ့ပုတ်နဲ့နေရလို့... ကားမရှိလို့... အမေ့သမီးရဲ့အသိုင်းအဝိုင်းက အရာရှိ အရာခံမဟုတ်လို့ မပေးစားချင်တာ... သင်းတို့လို မျိုးချစ်စိတ်မရှိတဲ့ လူမျိုးတွေကိုလည်း ကျုပ်တို့က ပိုရွံသေးတယ်"

"ဟွန်း ကြီးကျယ်လို့တော်... မပေးစားချင်နေပါစေ... ကိုယ့်သမီးက ကြိုက်တာမဟုတ်ဘူး... သူ့သားက ငမ်းငမ်းတက်ဖြစ်နေတာ... သူ့သားပဲခံစားရမှာပဲ"

"အမေရယ် 'ဖြူစင်' လည်းခံစားရပါတယ်... လူမသိအောင်ကျိတ်ဆွေးရပါတယ်"

'ဝါဆို' ရယ်။

နင်နဲ့လက်ထပ်ရင် ဝယ်ဖို့ခြမ်းဖို့ စုထားတဲ့ပိုက်ဆံတွေသည်း ငါ ရွာအတွက်လှူပစ်လိုက်ပြီ။ 'ဖြူစင်' အလုပ်တာဝန်ကျ ဟသာ်ာတမြို့သို့ပြောင်းရွှေ့ခဲ့ရသည်။ အမေကို 'ဖြူစင်' နှင့်ကျက်နေသလို အဖေနှင့်ကိုကြီးက မော်လမြိုင်မှာပင်နေသည်။ သာ်ာတမှာ နှစ်နှစ်ခန့်နေပြီးလျှင် မော်လမြိုင်ဆေးရုံကြီးသို့ ပြန်ရောက်ရန်ကြိုးစားသည်။ ဆေးရုံတွင် ယခုတင်းစာဖတ်ရင်း ဇာတ်ပြီးသွားသည်။

လက်ထပ်ပြီးစီးခြင်း

www.burmeseclassic.com



မောင်ဝါဆို(အမ်ဘီဘီအက်စ်) Rgn

နှင့်

မစန္ဒီ B.Sc (Chemistry)

ဘယ်လိုမှမမျှော်လင့်ထားသော မင်္ဂလာသတင်းပါပဲ။ ဘယ်လိုဖြစ်တာလဲ။ 'စန္ဒီ' နဲ့ 'ဓာနည်' မယူဖြစ်ကြဘူးလား။ 'စန္ဒီ' နဲ့ 'ဓာနည်' လက်မထပ်ဖြစ်တဲ့ မိမိချစ်သော 'ဝါဆို' နှင့် အင်းလျားလိပ်ဟိုတယ်တွင် လက်ထပ်၍ပြီးသွားကြပြီပဲ။ ရင်ထဲမှာ ဘယ်လိုခံစားရမှန်း မဝေခွဲတတ်တော့။

မျက်ရည်များအလိုလို ဝဲတက်လာသည်။ မိမိနေထိုင်ရာ အိမ်ရောက်တော့ အမေကိုပြောသည်။

"ညည်းအကောင်လက်ထပ်လိုက်တာဖတ်လိုက်ရလား"

"ဖတ်ရတယ် အမေ"

"အလကားကောင်... ဘယ်မှာနိုင်ငံခြားသွားလို့လဲ... ညည်းကိုအပျော်တွဲတာ"

'ဖြူစင်' ပြုံးသည်။ မျက်ရည်တွေနှင့် ပြုံးခြင်းပါ။ နှစ်လ တစ်ခေါက် အမေ့ရွာသို့ပြန်သလို အဖေကလည်း တစ်လကြား တစ်ခါ ဟသ်ာတလိုက်လာသည်။ ကိုကြီး မိန်းမယူတော့မည်ဆို၍ သားအမိသားအဖသုံးယောက် ဝိုင်းဖွဲ့ရယ်ရသေးသည်။

"ဘယ်ကတဲ့လဲ အဘ"

"သူတို့ရုံးကပဲ... ချစ်စရာလေးပါပဲ... ငါ့ကိုလည်း အဖေ အဖေနဲ့ သဘောကောင်းသားပဲ... အိမ်မှာ စနေ တနင်္ဂနွေဆို ရောက်လာပြီး သားကြီးနဲ့ခြံရှင်းတယ်... အဝတ်တွေဝိုင်းလျှော် ပေးတယ်... တစ်ပတ်စာအတွက် ဟင်းကြော်လှော်ပေးသေး



တယ်"

"အင်း မဆိုးဘူး... မမြင်ရသေးတဲ့ယောင်းမက အတော် သား... ကိုကြီးတော့ ကံကောင်းတာပဲ"

"ကံကောင်းတယ်... ကံကောင်းတယ်... ကောင်မလေး ကမော်လမြိုင်ကောလိပ်က ဘွဲ့ရတာပဲ... ကျောင်းတုန်းက သူငယ် ချင်းပဲ... အခုရုံးမှာပြန်တွေ့ပြီး ကြိုက်ကြတာတဲ့... ဝတ်ထားတဲ့ အ ဝတ်အစားကိုကြည့်ရတာလည်း ချောင်ချောင်လည်လည်ပဲ"

"ချမ်းသာဖို့ထက် ကျုပ်တို့နဲ့သင့်မြတ်ဖို့ပဲ လိုတာပါ တော်"

"အဘညည်းတို့ကိုပြောရဦးမယ်... ဒီတစ်ခေါက်ရန်ကုန် သွားရင် သူ့မင်္ဂလာပွဲကို ရုံးတက်လက်မှတ်ထိုးပြီး ဟိုဘက်လူကြီး ဒီဘက်လူကြီးတွေခေါ်ပြီး ဧည့်ခံမယ်တဲ့... အဲဒီပွဲကျရင် သူ့ညီမ နှစ်ယောက်လုံးကိုလည်း ရှိစေချင်တယ်တဲ့"

"လာရမှာပေါ့... ချစ်သောအစ်ကိုကြီး စွံသွားလို့ 'ဖြူစင်' ဝမ်းသာနေတယ်လို့ ပြောပေးစမ်းပါ"

"ပြောပေးမယ်... ပြောပေးမယ်... ညည်းတို့ပြန်လာရင် ချည်အောင်ဆိုပြီး အိမ်ပြင်နေလေရဲ့"

"ဟင် အိမ်ပြင်နေတယ်ဟုတ်လား... ငွေလောက်ရဲ့လား"

"လောက်မှာပါ... ညည်းလစဉ်ပို့တဲ့ ငွေကိုစုထားတာပဲ"

"ဟာ အဘတို့ကလဲ... စားစရာရှိတာစားပါ... သုံးစရာရှိ တာသုံးပါ... အလကားနေရင်း စုမနေကြပါနဲ့ဆိုနေ"

"စားပါတယ်ဟဲ့... ဒီဗိုက်ဘယ်လောက်ဆံ့မလဲ... ဒီဘုန်း ကောင်းမှ... ကိုယ့်မရှိဘယ်သူမှပေးတာ မဟုတ်ဘူး"

www.burmeseclassic.com



အဘက သူ့မိန်းမကိုပါ အပြန်တွင်ခေါ်သွားပြီးသမီးကြီး ရှိရာ မြေးများရှိရာ ဝင်မည်ဟုပြောသွားသည်။ ‘ဖြူစင်’ ကတူ တူမလေးများအတွက် မုန့်ဖိုးထည့်ပေးလိုက်ပါသည်။ ဘဘလိုလို နှင့် မိမိဟာသိဘာရောက်သည်မှာ တစ်နှစ်ကျော်ပြီ။



# ၃၃

မင်္ဂလာဆွမ်းကျွေးအပြီး ရွာထဲမှဧည့်သည်များ ကိုကြီးတို့ ဇနီးမောင်နှံ၏ ရုံးမှမိတ်ဆွေများကို ဧည့်ခံကျွေးမွေးနေပြီးဖြစ်၍ ‘ဖြူစင်’ အိမ်မှထွက်ခဲ့သည်။ အလှူရှင်နေ့မို့ အဝတ်သစ် အစားသစ် များကိုဝတ်ထားသည်။ မြို့ပြင်ရောက်မှ မိမိတို့၏ဆိုက်ခံနှစ်ထပ် အိမ်လေးကို ပြန်လှည့်ကြည့်ပြီး ပီတိဖြစ်နေသည်။

သိပ်အကောင်းကြီးမဟုတ်သော်လည်း ကျယ်ဝန်းခြင်း ခန့်ညားခြင်းရှိသလို ဆေးဖြူများဖြင့် မွမ်းနေသည်။ သစ်ပင်အုပ် များအတိုင်းလျှောက်လာခဲ့မိသည်။ လူတွေ၏ဘဝတွေ ဘယ်လိုပဲ ပြောင်းပြောင်း ဤနေရာစိုက်သည်ကား ပြောင်းလဲခြင်းမရှိ လှပနေဆဲ၊ စိမ်းလန်းနေမြဲ၊ သာယာစမြဲပါ။

တောင်ဝိုင်းတစ်ဝိုက်ကိုကြည့်ပြီး ‘ဖြူစင့်’ ရင်ထဲတသိမ့်သိမ့် ခံစားရ၏။ လျှောက်လာရင်း ရေအိုင်လေးဆီသို့ရောက်လာ

www.burmeseclassic.com



သည်။ ဤရေအိုင်လေးကိုမြင်တော့ 'ဇာနည်' ကိုသတိရသည်။ 'ဇာနည်' ဆစ်ယောက်ကော ဘယ်မှာရောက်နေပါလိမ့်။

"ဟင်..."

'ဖြူစင်' လန့်၍ပင်သွားသည်။ တစ်ဖက်တောအုပ်ကြားမှ လူတစ်ယောက်တရွေ့ရွေ့လာနေသည်။

" 'ဇာနည်' "

'ဖြူစင်' ထိုစစ်သားကို ဘယ်သူဆိုတာ မှတ်မိသွားသဖြင့် ထိုင်နေရာမှထ၍ ကလေးငယ်လိုဝမ်းသာအားရ အော်လိုက်မိသည်။

"ဟာ 'ဖြူစင်' "

'ဇာနည်' ကလည်း 'ဖြူစင်' ကို အမှတ်မထင်တွေ့လိုက်ရသဖြင့် ဝမ်းသာပြီးပြေးလာသည်။

"အား..."

"ဟင်..."

'ဇာနည်' တစ်လှမ်းပဲပြေးရသေးသည်။ ပြိုလဲကျသွားသည်ကို မြင်လိုက်ရသည်။ တော်တော်နှင့်မထနိုင်။ 'ဇာနည်' သူ့ခြေထောက်ကို တော်တော်နှင့်ပြန်မမတ်နိုင်။ 'ဖြူစင်' ကန်းတို မတ်၍ ပြေးလာပြီး ထူမိသည်။

"ဟင် 'ဇာနည်' နင် နင့်ခြေထောက် ခြေထောက်"

"စေ့တ်တယ်... ခြေတစ်ဖက်ဖြတ်ထားရတယ်... ခြေတု တပ်ထားတာ"

"ဟယ် 'ဇာနည်' ရယ်"

'ဇာနည်' ၏ညာဖက်ခြေတုကို ကိုင်ရင်း 'ဖြူစင်' စိတ်



ကောင်းဖြစ်သွားသည်။ လွင့်စဉ်သွားသော 'ဇာနည်' ၏တုတ် ကောက်ကိုလည်း ပြေးကောက်ပြီးလက်ထဲထည့်ပေးမိသည်။

"လာ 'ဖြူစင်' ရေစပ်မှာထိုင်ပြီး စကားပြောရအောင်"

"သွားလေ"

'ဇာနည်' ကိုဖေးကူတွဲရင်း ရေစပ်တွင်ထိုင်ကြသည်။ ဘယ်လိုဖြစ်တာလည်းလို့ မမေးတော့ပါဘူးဟယ်... စစ်သားဆိုတော့ ဒါမျိုးနဲ့ဘယ်ကင်းပါမလဲ... ဒါပေမဲ့ စိတ်မကောင်းတာ တကယ်ပဲ... နင် ဟိုတစ်ခါဆေးရုံတက်တယ်ဆိုတာ ဒီကော့စ်လား"

"အင်း..."

"အခုကော ဒီကိုဘာလာလုပ်တာလဲ"

"ငါဒီမှာတာဝန်ကျတာ နှစ်လလောက်ပဲရှိသေးတယ်... ခြေတုတပ်ပြီးမှရောက်လာတာ"

"ဪ ဒါနဲ့ နင့်ရဲ့ 'စန္ဒီ' ကိုရောဘယ်လိုလဲ"

"နင်မေးသလို ငါကမေးရမှာပဲ... နင့် 'ဝါဆို' ဆိုတာ ကကော"

'ဖြူစင်' ပြုံးမိသည်။

"ငါနဲ့ 'စန္ဒီ' ဘာမှမဖြစ်ပါဘူး... နင့်ဆေးကျောင်းကို ငါတွေ့ဖို့ချိန်းတုန်းက နင်အတွေ့မခံဘူး... မှတ်မိသေးလား"

'ဖြူစင်' မျက်လွှာချထားသည်။

"ငါနောက်နေ့ အဆွေးမင်းသားအဖြစ် ရထားစီးသွားရ တာတောင် ကောင်းကောင်းမသွားရဘူး... ငါ့ကိုကျောင်းမှာ မတွေ့ဘူး... အတန်ဘူးဆိုပြီး တထွီထွီ တထွမ်ထွမ်နေခဲ့တဲ့ 'စန္ဒီ' က ရထားပေါ်မှာအတင်းကပ်ပြီး စကားတွေပြော ထိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



တွေတောင်း...အဆက်အသွယ်တွေလုပ်တယ်... လားရှိုးအထိ တောင် လိုက်လာတယ်... ငါကသာ ချစ်ခွင့်တောင်းရင် လက်ထပ် ဖြစ်အောင်ကြံပြီပေါ့ဟာ... 'စန္ဒီ' နဲ့တွေ့ပြီးတစ်နှစ်လောက်မှာ ငါ တိုက်ပွဲမှာ ဒဏ်ရာရလို့စစ်ဆေးရုံရောက်တယ်... နင် ဆေး ကျောင်းမှာမရှိတော့ဘူးဆိုတာ သိပေမယ့် နင့်ကိုမျှော်လင့်မိတာ အမှန်ပဲ... နင် ရောက်မလာပေမယ့် 'စန္ဒီ' ချောင်းပေါက်မတတ် ရောက်လာတယ်... ဒါပေမဲ့ ငါ့ခြေထောက် ဖြတ်လိုက်ရတဲ့နေ့က စပြီး သူ မလာတော့ဘူး... အခုတော့ 'ဝါဆို' ဆိုတဲ့ ဒေါက်တာနဲ့ လက်ထပ်သွားပြီလေ"

"အင်း..."

'ဖြူစင်' ကသက်ပြင်းချသည်။

"သူ့ကို ငါပြန်ကြိုက်လား... မကြိုက်လားသိချင်ရင် 'စန္ဒီ' ငါ့ဆီရေးတဲ့စာတွေ ဖတ်ကြည့်... နင်သိရလိမ့်မယ်"

"အို ငါနဲ့ဘာဆိုင်လို့လဲ"

"ငါ့စိတ်ထဲမှာ နင်နဲ့ပြန်တွေ့ရလိမ့်မယ်ဆိုတာ သိနေ တယ်... ဒါကြောင့် ဘယ်မိန်းမနဲ့မှ မပတ်သက်ဘူးဆိုတာ သက် သေပြဖို့ သိမ်းထားခဲ့တယ်"

သူ့စကားကြောင့် 'ဖြူစင်' အနေရခက်ပြန်သည်။

"ဒါပေမဲ့ အခုတော့ အလကားပါပဲဟာ... ငါနဲ့ နင်နဲ့ မတန်တော့ပါဘူး... 'စန္ဒီ' တောင်ခြေလည်းဖြစ်ရကော လစ်ပြေး တော့... နင်ဆိုရင်တော့ နဂိုကကြီးကျယ်ကျယ်မို့ ပိုဆိုးမယ်ထင် တယ်"

'ဖြူစင့်' ခပ်မဲ့မဲ့ မျက်နှာလေးဖြင့် 'ဓာနည့်'ကိုကြည့်သည်



အတန်ကြာမှ...

"နင့်ကို ငါငယ်ငယ်ကပြောခဲ့တာ မှတ်မိလား"

"ဘာကိုလဲ"

"ဝင်္ဂလိုက်တယ်ဆိုအားလေး... စာကလေးတို့... ကျီးကန်း တို့... ကြက်တို့ကို လေးခွနဲ့လျှောက်ပစ်တော့ ခြေတွေလက်တွေ ကျိုးကုန်တုန်းကလေ ဝင်္ဂလိုက်တတ်တယ်လို့... ဒါပေမဲ့ နင်က တိုင်းပြည်လုံခြုံရေးအတွက် အသက်ပေးကာကွယ်ရင်း ဖြစ်ရတာ မို့ ငါဂုဏ်ယူပါတယ်"

"အဟင်း နင်သာဂုဏ်ယူမယ် ဆိုရင် ငါနောက်တစ် ခေါက်တိုက်ပွဲမှာ ခြေတစ်ဖက်တောင် ထပ်အဖြတ်ခံရဦးမယ်"

"ဟယ် ဘာတွေလျှောက်ပြောနေတာလဲ 'ဓာနည်' ရယ်"

"ဒါပေမဲ့ ငါ့ကိုရှေ့တန်းမလွှတ်တော့ဘူး... စိတ်ချတော့"

"ဒီတပ်မှာ ကြာဦးမှာပေါ့"

"ဒါပေါ့... နင်ကော ဘယ်ရောက်နေလဲ"

"ဟသာတမှာ... ဒါပေမဲ့ ရှေ့နှစ်ဒီကိုပြန်ရောက်မှာပဲ"

'ဖြူစင့်' မျက်နှာလေး ကြည်လင်ရွှင်ပျနေသည်။

"နင်ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမှာလည်း ထမင်းစားချိန်မှမရောက်သေး တာ"

"ဒီနေ့ ငါ့အစ်ကိုကြီး မင်္ဂလာဆောင်ပွဲနေ့ဟ... အိမ်မှာ ဆွမ်းကျွေးတယ်... နင်လိုက်ခဲ့လေ"

"ဟာ ငါကြောက်တယ်"

"ဘာကိုကြောက်ရပြန်တာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"နှင့်အမေကိုကော... နှင့်ကိုကြီးကိုကောပေါ့"

"ဘာဖြစ်လို့တုန်း"

"ငါ့ကိုနှင့်အမေက ခါးထောက်ပြီး ငါ့သမီးနဲ့ တူသလား တန်သလား... အိမ်ရှေ့တောင်မဖြတ်နဲ့လို့ ဆီးအော်ရင်ကော"

"ဒီတော့နှင်က ပြန်ပြောလိုက်ပေါ့... ငယ်ငယ်ကလိုလူ ဆိုးမဟုတ်တော့ဘူးလို့... စစ်ဗိုလ်ကြီးဖြစ်နေပြီလို့"

"ဗိုလ်ကြီးပေမယ့် နှင်ကခြေပြတ်နေတော့ ငါ့သမီးနဲ့တန် သလားဆိုရင်ကော"

"တော်ပါ... ငါ့အဲမေကိုပြောသလိုလိုနဲ့ လူလည်ကျတဲ့ စကားတွေတော်တော်ပြောနေ၀်"

"မပြောပါဘူးဟာ... ငါခြေတစ်ဘက်ပြတ်ပြီးကတည်း က ဘယ်မိန်းမကိုမှ မယူတော့ဘူးလို့ဆုံးဖြတ်ပြီးသား... နှင်နဲ့ငါ နဲ့မတန်ဘူးဆိုတာ ငါနားလည်ပါတယ်"

"ဟယ် ဘာလို့အဲ့ဒီစကားကြီးကို ထပ်တလဲလဲပြောနေရ တာလဲ 'စာနည်း' ရယ်... နှင့်မှာခြေထောက်မရှိပေမယ့် ခြေတု တပ်ထားတော့လူကောင်းအတိုင်းပဲ... ဘာမှမသိသာဘူး... ပြီး တော့လက်ရှိဗိုလ်ကြီး ပခုံးပေါ်မှာအပွင့်သုံးပွင့်နဲ့... တိုင်းပြည် အတွက်တာဝန်ကိုထမ်းဆောင်နေတုန်း ဘာအားငယ်စရာလိုလဲ"

"တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ဖို့ကတော့ အ သက်ရှိသရွေ့ ရှိသမျှခြေလက်နဲ့ထမ်းဆောင်မှာပဲ... အားမငယ်ဘူး ငါအားငယ်တာက ငါငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့ကောင်မ လေးကို အဝေးကနေတစ်နေ့ပြန်တွေ့ပါစေလို့ဆုတောင်းနေခဲ့ ပေမယ့် တကယ်တမ်းပြန်တွေ့ရတော့ ငါ့ဘဝကမျက်နှာငယ်"



ရာဖြစ်နေလို့ပါ"

"ငါဟာ 'စန္ဒီ' လို့မိန်းမမျိုးမဟုတ်ပါဘူး 'စာနည်း'"

ထိုစကားကြောင့် 'စာနည်း' က 'ဖြူစင်' ကိုမျက်တောင် မခတ်စူးစိုက်ကြည့်နေသည်။ 'ဖြူစင်' က ပြန်ပြုံးပြပြီး...

"လာ တို့အိမ်မှာထမင်းသွားစားမယ်"

"ထမင်းက ဘယ်မှာစားစားပါဟာ... ငါကနှင်နဲ့တွေ့ရ ရင်ကျေနပ်နေတဲ့ကောင်"

"နှင်ဟာလေ သိပ်တုံးတာပဲ... အလွှနေ့မှာခပ်တင်းတင်း အိမ်ကိုလိုက်ခဲ့တော့ ဘယ်သူကဘာပြောမလဲ"

"ဒီလိုလား... နှင့်အမေက ကျေနပ်ပါ့မလား"

"မကျေနပ်လို့ကောဘာဖြစ်ကုတ်လို့ရမလား... သူ့သမီး ခေါ်လာတဲ့ သူသည်ကို"

'စာနည်း' ထိုစကားကြောင့် သဘောကျသွားသည်။

အိမ်ထဲသို့ဝင်လာသော ဗိုလ်ကြီးနှင့် 'ဖြူစင်' ကိုကြည့် ပြီးအားလုံး အံ့အားသင့်သွားသည်။ အထူးသဖြင့် 'ဖြူစင်' ၏မိ သားစုများ။ 'ဖြူစင်' အား 'စာနည်း' တို့နေသားတကျရန်စိစဥ်ပေးပြီး ထမင်းပွဲကိုကိုယ်တိုင်ပြင်သည်။ အမေကမီးဖိုထဲ အပြေးလိုက်လာ ပြီး...

"ဟဲ့ 'မိဖြူ'... ဘယ်ကဗိုလ်ကြီးတုန်း... ငါတို့လည်းမဖိတ် မိပါဘူး"

"သမီးရဲ့အထူးဧည့်သည်လေ အမေရဲ့... သူနဲ့သမီး နောက်နှစ်ကျရင်လက်ထပ်တော့မှာ"

"ဟယ်..."

www.burmeseclassic.com



အမေ့ဝါးစပ်ကြီး ဟောင်းလောင်းဖြစ်သွားသည်။ အ... တုန်းကအခေါ်လိုဖြစ်သွားပါလိမ့်ဟု စဉ်းစားနေသည့်ပုံစံမျိုးဖြ... သည်။

"အမေ မှတ်မိသေးလား... ဖြူစင့် ငယ်ငယ်တုန်းက... အိုင်ဘေးမှာ သွားသွားစွအားပြောရေးမြေဗိုက်ခေါက်လိမ်... တာလေ"

"သြော်... အေး"

"အဲဒါ သူပဲ"

"ဟယ် မှတ်လား... ငါအားနာလိုက်တာ... မျက်နှာ... လိုက်တာ"

အမေအိမ်ရှေ့မထွက်ဘဲ ... မီးဖိုချောင်အပေါက်မှချောင်း... နေသည်။ စစ်ဗိုလ်အဝတ်အစား၊ ရွှေပွင့်သုံးပွင့်နှင့် ဇာနည်' သည်... လည်းလူချောပါပဲ။ စစ်သားမို့လို့ အသားရောင်သည် နေလော... ပြီးညိုသွားသော်လည်း နှာတံပေါ်ပေါ်၊ မျက်နှာမျက်လုံးကောင်း... ပြီး အရပ်မြင့်၍ ကြည့်၍ကောင်းသူတစ်ယောက်ပင်။ 'မြင့်... တ' 'ဇာနည်' ကိုချောင်းကြည့်ရင်း ညှို့သည်များသိရန် ပြောပြသည်။

"နောင်နှစ်လည်းအစ်ခေါက် ...ကြရဦးမှာနော်"

"ဘယ်သူ့အတွက်လဲ"

"'ဖြူစင်' လေး... 'ဖြူစင်' က သူရဲ့နှစ်ကျရင်လက်... ထပ်တော့မယ်တဲ့"

"ဟယ် တယ်ဟုတ်ပါလား... ဘယ်သူနဲ့တုန်း"

"ဟောဟိုက ဗိုလ်ကြီး 'ဇာနည်' နဲ့"

အားလုံး 'ဇာနည်' ကိုလှမ်းကြည့်ကြသဖြင့် 'ဇာနည်'



ဖြူဖြူဖြုနီရဲရဲမျက်နှာကြီးဖြင့် အတင်းငုံ့၍ဆေးမင်းကိုသာ ကြိုးစား... အားနေသည်။ လူအလစ်တွင်ချောင်းကပ်နေသော 'ဖြူစင့်' ကိုလှမ်း... ကြည့်ပြီး သူကပင်ရှက်၍မျက်နှာကို မြန်မြန်စုကတ်ထားသေးသည်။

အပြန်လမ်းတွင် တစ်ယောက်ကိုတစ်ယောက်ရှက်ပြီး... တော်တော်နှင့်စကားမပြောဖြစ်ကြ။

"ငါ့ကိုတကယ်ချစ်လို့လား... တကယ်ယူရဲရဲလား 'ဖြူ... စင်'"

"တကယ်မလုပ်ရဲဘဲ ညှို့သည်တွေရှေ့မှာ ကြေငြာပါ... လားဟာ..."

"အဲဒါ နင်ကြေငြာချင်တာလား"

"အင်းပေါ့"

"ဖြူစင်ရယ် ငါအရမ်းဝမ်းသာသလို အရမ်းပျော်တာ... ဟာ... ငါ့ကိုနင်တစ်သက်လုံး ချစ်နိုင်ပါ့မလား"

"ဟဲ့ မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်... ယောက်က လက်ထပ်မယ်ဆိုတာ တခဏအတွက်လား တစ်ဘဝ... အတွက်လားဆိုတာ နင်မသိဘူးလား"

"နင့်ကိုခုလိုပြန်တွေ့ရပြီး တစ်နေ့အတူနေရမယ်လို့ စိတ်... ကူးယဉ်ခဲ့တာတွေဟာ တကယ်ဖြစ်နေလို့ ငါအရမ်းအံ့သြသလို... အရမ်းပျော်တာပဲဟာ... နင်မော်လမြိုင်အပြီး ပြန်လာမယ့်ရက်... နဲ့လက်ထပ်မယ့်ရက်ကို မြန်မြန်ရောက်အောင် ပြက္ခဒိန်တွေသာ... တစ်ရွက်ပြီးတစ်ရွက် လှန်ပစ်လိုက်ချင်တော့တာပဲ"

"အချိန်ဆိုတဲ့ကုန်လွယ်တဲ့ အရာပါ 'ဇာနည်'... ငါသည်း... နင့်ဆီကိုအမြန်ဆုံး ပြန်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာသိတတ်သွားရင် ငါလိုက်ပို့ပေးမယ်"

"ရပါတယ်ဟာ"

"မပို့စေချင်ဘူးလား"

"ပို့စေချင်ပါတယ် 'ဇာနည်' "

"ငါကားနဲ့လာခေါ်မယ်"

"ငါစောင့်နေပါ့မယ်"

စာဖတ်ပရိသတ်များ

ကြည်နူးပျော်ရွှင်နိုင်ကြပါစေ

စာရေးသူ

ဆွေဆွေအောင်



www.burmeseclassic.com